http://www.dhammadownload.com

U.S.A
ဇာတ်

ဝိပဿနာဘာဝနာ ရှုဆင်ခြင်ကျင့်သုံးနည်း

ပ–သုံးလုံး ဝိပဿနာပညာတက္ကသိုလ်

ပ – သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

ပဓာနနာယက ဆရာတော်

ဘဒ္ဒန္တကေတိက

သာသနဝေဒဝေယျာဓိပတိ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဝိပဿနာပညာတက္ကသိလာဒီကမ္မိက (ကျမ်းပြု)

ဘာသိတံ ရစိတံ

၁၃၇၂ခုနှစ် ၂၀၁၁ခုနှစ်

http://www.dhammadownload.com

"ဝ" သုံးလုံးဆရာတော်ရေးသားသောကျမ်းစာများမှာ

http://www.dhammadownload.com

ဒို့တာဝန်အစရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	-	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး	-	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	-	ဒို့အရေး

ပြည်သူ့သစ္စာထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံစရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားစရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုစရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

ဆွမ်းပဒေသာပင်ချိုကိုထူကြချို့

ဘုန်းကြီးအသက်ကြီးပြီ၊ . . . ဆွမ်းခံမထွက်နိုင်တော့ပြီ။

ရှေးအခါက သီရိလင်္ကာမြို့တွင်း၌

ယခုအခါ ရန်ကုန်မြို့ရပ်ကွက်များ၌ ဓမ္မာရုံများရှိသကဲ့သို့

ဆွမ်းစားဇရပ်များရှိကြ၏။

ဆွမ်းခံသံယာများဆွမ်းခံ၍ ဆွမ်းစားဇရပ်ဝင် ဆွမ်းစားခြင်း၊

တရားနလုံးသွင်း ရှုဆင်ခြင်ကျင့်သုံး ဆွမ်းစားခြင်းဖြင့်ပင်

ရဟန္တာဖြစ်ကြ၏။ ရဟန္တာမဖြစ်သော ဆွမ်းစားဇရပ်မည်သည်မရှိ။

တန်ဖိုးမဖြတ်နိုင်သောဆွမ်း၊

ဒုက္ခခပ်သိမ်းငြိမ်းစေနိုင်သောဆွမ်း၊

တရားနလုံးသွင်းကျင့်သုံး ဘုန်းပေးသောဆွမ်း၊

ဤရဟန်းသံယာမျိုးလှူဒါန်းရသောဆွမ်းမျိုး

ဆွမ်းပဒေသာပင်လှူကြစို့

အလှူရှင်အပေါင်း သူတော်ကောင်းတို့

http://www.dhammadownload.com

အမေရိကန်ခရီးစဉ် နှင့်ကျေးဇူးတင်လွှာ

၂၀၀၀ ခုနှစ် လော့စ်အိမ်ဂျလီမှ ဧည့်သည်တစ်ဦး ရွှေတိဂုံဘုရားလုံခြုံရေးရဲတစ်ဦးကို ခေါ်လာ၍ ပ-သုံးလုံး ဆရာတော်ကို လာရောက်ဖူးမျှော်ပါသည်။

ထိုမှစ၍ ဖရီးမောက်မြို့မှ ဘုန်းကြီး၏ တပည့်ဒကာ ဦးကြည်တိုး၏ အစီအစဉ်ဖြင့် ၂၀၀၉ ခုနှစ် သြဂုတ်လ(၃)ရက်နေ့တွင် အမေရိကန်ခရီးပြည်ပသို့ သာသနာပြုကြွရောက်တော်မူပါသည်။

ကျေးဇူးပြုကြသည်မှာ ဖရီးမောက်မြို့ မေတ္တာနန္ဒဝိဟာရ၌ ဝါကပ်တော်မူပါသည်။ ထိုကျောင်း၌ ဆရာတော် Dr ဘဒ္ဒန္တမေမွပိယ၊ ဘဒ္ဒန္တယောသိတာဘိဝံသ။ ဘဒ္ဒန္တ ဥာဏိကနှင့် ဒွိပိဋကဂရေအာဂန္တု အရှင်နေမိန္ဒတို့က တပည့်ဒကာ+မများ အထူးပြုစောင့်ရှောက်ပြုစုကြပါသည်။

ထို့ပြင်တဝ ။ လော့စ်အိမ်ဂျလီမြို့၊ လပ်ပွတ်တီးကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် တပည့် အရှင်သိလာစာရ၊ ဒကာမကြီး ဒေါ်မြင့်မြင့်စိန်၊ ဘုန်းကြီး၏ ရဟန်းဒကာ+မ ဦးလှဝေ+ဒေါ်လှလှမြင့် မိသားစုတို့ကလည်းကောင်း၊ ဝါရှင်တန် DC မြို့တော်၊ မင်္ဂလာရာမ မဟာစည် ကျောင်းဆရာတော် ဘဒ္ဒန္တအာသဖနှင့် တပည့်ဒကာ+မ များ ဆန်ဖရန် စစ္စကို ဒေလီ စတီး ထေရဝါဒမွမ္ဘအသင်းများက အထူးဂရုစိုက်စောင့်ရှောက်ကြပါသည်။

ဗုဒ္ဓမြတ်စွာမှ အစပြု၍ ကျေးဇူးရှင်တို့အား - - -

ဤ U.S.A တရားစာဖြင့် ကျေးဇူးဆပ်သည်မည်ပါစေသတည်း။

(ပ-သုံးလုံး)

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

ဤတရားစာအုပ် အလှူရှင်များ

၁။	ဦးဝင်းမြင့်+ဒေါက်တာဒေါ်ယဉ်ကြည် (ကန်တော်ကလေး၊ မန္တလေးလမ်း)	၁၁၁,၀၀၀/-
၂။	ဦးတုန်စိန်+ဒေါ်ရှင်ရှင် (ရေတာရှည်မြို့)	၁၀၀,၀၀၀/-
၃။	နာယကကြီးဦးလှမြင့်+ဒေါက်တာဒေါ်နုနု (အမှတ် -၄၅၊ ၂၂-လမ်း၊ လမ်းမတော်)	၁၀၀,၀၀၀/-
၄။	ပါမောက္ခဒေါက်တာဦးရဲမြင့်+ပါမောက္ခဒေါက်တာဒေါ်သိန်းမြင့် (ရွှေဂုံတိုင်၊ ဗဟန်း)	၁၀၀,၀၀၀/-
၅။	ဒေါက်တာသန်းထွဋ်+ဒေါက်တာတင်တင်အောင်	၁၀၀,၀၀၀/-
၆။	ဒေါ်ယဉ်	၁၀၀,၀၀၀/-
၇။	ဒေါ်ယဉ်ယဉ်	၁၀၀,၀၀၀/-
၈။	မောင်ဝေဖြိုးမြင့် (ရှင်ရေဝတ)(ခေတ္တစက်ပူ)	၈၀,၀၀၀/-
၉။	ဦးခင်မောင်+ဒေါ်ခင်ခင်ကြီး မောင်ကျော်သူဟိန်း၊ မောင်သူရ၊ မနှင်းဝတ်ရည် ဒေါက်တာထွန်းထွန်းသိန်း+ဒေါက်တာရည်မွန်ခင်	၆၀,၀၀၀/-
၁၀။	မောင်နေဦး (ရှင်နန္ဒက)	၅၀,၀၀၀/-
၁၁။	ဦးဒေးဗစ်ထွန်း+ဒေါ်သန်းဝေ၊ သမီးမခိုင်တင်ဇာသော် (ထီးတန်း၊ ကြည့်မြင်တိုင်)	၃၀,၀၀၀/-
၁၂။	ဦးမျိုးဝင်း+ဒေါ်ခင်မေသိန်း (လှိုင်မြို့နယ်)	၃၀,၀၀၀/-
၁၃။	ဒေါ်ဘုတ်ထုံ (သိမ်ကြီးဈေး)	၃၀,၀၀၀/-
၁၄။	ဦးသန်းမောင်+ဒေါ်ကြည်ကြည်ဌေး	၃၀,၀၀၀/-
၁၅။	ဒေါ်ချို (စပယ်ဓာတ်ပုံတိုက်)	၃၀,၀၀၀/-
၁၆။	ကိုကျော်လင်းရှိ+မခင်မိုးမိုးထွန်း၊ သမီးမချောပွင့်ထွန်း(ခ)ကူးကူး (စက်ပူ)	၂၀,၀၀၀/-
၁၇။	ဦးစိန်ထွန်း+ဒေါ်မြတ်မြတ်စိမ်း (ကံဘဲ)	၁၀,၀၀၀/-
၁၈။	ဦးကျော်ထွန်း+ဒေါ်သန်းသန်း(တောင်ဥက္ကလာ)	၁၀,၀၀၀/-
၁၉။	ဒေါ်နှင်းနှင်း (ကန်တော်ကလေး)	၁၀,၀၀၀/-
၂၀။	ဦးဥက္ကလင်း၊အစ်မ ဒေါ်ကြည်ကြည်တင့်(ပါမောက္ခ စိတ်ပညာဌာန) ဒေါ်ကြည်ကြည်အေး+ဒေါ်ကြည်ကြည်ထွေး(ပုဇွန်တောင်)	၆၀,၀၀၀/-
၂၁။	ဒေါ်စန်းစန်းမြင့် (မဟာဗန္ဓုလလမ်း)	၁၀,၀၀၀/-

http://www.dhammadownload.com

U.S.A ဝုတ္တံ့ ဝိပဿနာဘာဝနာရှုနည်း

၂၂။	ဒေါ်တင်ရွှေ	၁၀,၀၀၀/-
၂၃။	ဦးခင်မောင်ဝိုလ်+ဒေါ်မူမူအောင် (ဝိုလ်ချုပ်လမ်း)	၅,၀၀၀/-
၂၄။	ဦးမြင့်ဦး+(ဒေါ်စိန်ရွှေ)၊ သမီးမစန္ဒာနွယ်ဝင်း (မိုးကုတ်)	၅,၀၀၀/-
၂၅။	ဦးမြင့်သိန်းတင်+ဒေါ်ခင်ခင်ဝင်း (အထက်ပန်းဆိုးတန်းလမ်း)	၅,၀၀၀/-
၂၆။	ဒေါ်တင်မြ (အင်းစိန်)	၅,၀၀၀/-
၂၇။	မစန္ဒာလင်း (တောင်ဥက္ကလာ)	၅,၀၀၀/-
၂၈။	ဦးခင်မောင်မြင့်+ဒေါ်ခင်ဆွေဦး၊ သမီး မနန္ဒာကျော်(စမ်းချောင်း)	၅,၀၀၀/-
၂၉။	ဦးဝင်းဖေ+ဒေါ်တင်လှိုင်	၅,၀၀၀/-
၃၀။	ဦးစိုးမြင့်+ဒေါ်စောစောမြင့်	၅,၀၀၀/-
၃၁။	ဒေါ်စန်းစန်းဝေ (ရွှေဂုံတိုင်)	၃,၀၀၀/-
၃၂။	ဒေါ်တင်အောင်မြင့် (ပုဇွန်တောင်ဈေး)	၃,၀၀၀/-
၃၃။	ဒေါ်လှခင် (လသာ)	၃,၀၀၀/-
၃၄။	ဒေါ်မြင့်မြင့်ခိုင် (ကန်တော်ကလေး)	၃,၀၀၀/-
၃၅။	ဦးဖေအေး+ဒေါ်ခင်ဝင်းကြည် (သုဝဏ္ဏ)	၃,၀၀၀/-
၃၆။	ဒေါ်တင်ဝင်း (တာမွေ)	၃,၀၀၀/-
၃၇။	ဦးအောင်ငွေ+ဒေါ်မြ(ကန်တော်ကလေး)	၃,၀၀၀/-
၃၈။	ဒေါ်ခိုင်ဇင်မွန် (အင်းစိန်)	၃,၀၀၀/-
၃၉။	ဒေါ်တင်အေးနွယ် (ဆင်မလိုက်)	၃,၀၀၀/-
၄၀။	ဒေါ်ခင်အေးကြည်နှင့်အဖွဲ့. (သန်လျင်)	၃,၀၀၀/-
၄၁။	ဒေါ်နုနုအေး (အလုံ)	၃,၀၀၀/-
၄၂။	ဦးကျော်ထွန်း+ဒေါ်ခင်မြင့် (စမ်းချောင်း)	၃,၀၀၀/-
၄၃။	ဦးလှနိုင် (ကန်တော်ကလေး)	၃,၀၀၀/-
၄၄။	ဦးချန်သောင်း (တည်ငြိမ်ကုန်း)	၃,၀၀၀/-
၄၅။	ဦးသိန်းအောင် (ကန်တော်ကလေး)	၂,၀၀၀/-
၄၆။	ဦးသန်းဦး+ဒေါ်တင်ဝင်း (မဂ်လာဒုံ)	၁,၅၀၀/-
၄၇။	ဦးတင်မောင်ရီ+ဒေါ်လှလှဝင်း၊	၁,၀၀၀/-
	သားဒေါက်တာကောင်းဇော်၊ မောင်မင်းသူ	
၄၈။	မစန္ဒာနွယ်ဝင်း(ဆန်းသိန်ပုံနှိပ်တိုက်)မှ	
	ဖလင်ဖိုးကုန်ကျငွေ	၁၅,၀၀၀ /-

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၁၀၄၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၁၁၇၀၂၁၁

ပုံနှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ
၂၀၀၀
ထုတ်ဝေခြင်း
၂၀၁၁ ခုနှစ်၊ ဧပြီလ
ကွန်ပျူတာစာစီ
ကိုခင်မောင်ဦး
ထုတ်ဝေသူ
ဒေါ်ခင်မာချို
ပန်းဝေဝေ စာပေတိုက်
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း
ပုံနှိပ်သူ
ဒေါ်ကြည်ကြည်အေး (မြို - ၀၃၂၅၅)
ဆန်းသိန်ပုံနှိပ်တိုက်
B - ၁၈၊ အဏ္ဏဝါလမ်းသွယ် (၁)၊ ညောင်တန်းအိမ်ယာ၊
ပုဇွန်တောင်မြို့နယ်။
တန်ဖိုး

"ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၂၉၄.၃

ဖောတိက၊ ဘဒ္ဒန္တ
U.S.A ဝုတ္တ၊ ဝိပဿနာ ဘာဝနာ ရှုဆင်ခြင်ကျင့်သုံးနည်း / ဘဒ္ဒန္တ ဖောတိက။
- ရန်ကုန်၊
ပန်းဝေဝေ စာပေ၊ ၂၀၁၁။
၁၄၇- စာ၊ ၁၈ စင်တီ × ၂၅ စင်တီ။
(၁) U.S.A ဝုတ္တ၊ ဝိပဿနာ ဘာဝနာ ရှုဆင်ခြင်ကျင့်သုံးနည်း

http://www.dhammadownload.com

http://www.dhammadownload.com

မာတိကာ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တော်သလင်းလကွယ်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်။ သောကြာနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။ ထေရဝါဒမွေအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခ ခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာ အကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

မဟာသတိပဋ္ဌာနသုတ်အမွှန်း

မဟာသတိပဋ္ဌာနသုတ်ကို မူတည်တယ်ပေါ့၊ အဲဒီတော့ မဟာသတိပဋ္ဌာနသုတ်အမွှန်းလို့လည်း ခေါ်နိုင်ပါတယ်။

မဟာသတိပဋ္ဌာနသုတ် အလွန်ကောင်းကြောင်း၊ တကယ့်ကျင့်သုံးဖွယ်အဖြစ်၊ တကယ်ကို ကျင့်သုံးသင့်တဲ့အကြောင်း တိုတိုနဲ့လိုရင်းပြောရင် အဘိုးအနှင်္ဂ၊ တန်ဘိုးမဖြတ်နိုင်တဲ့ ရွှေသားသေတ္တာ၊ ဇရာမရွှေသားသေတ္တာကြီးကို ရတဲ့အခါကျတော့ ရတဲ့ပုဂ္ဂိုလ်က ရတဲ့သူက အဲဒီရွှေသေတ္တာကြီးထဲမှာ တန်ဘိုးမဲ့တဲ့ အမှိုက်သရိုက် အဝတ်အစား အစုပ်ပလုပ်တွေကို ထည့်သွင်းခြင်းငှာ မသင့်ဘူး။

တန်ဘိုးကြီးမားတဲ့ စိန်ကျောက်ရတနာ အစရှိတဲ့ ရတနာအမျိုးမျိုးကိုသာ ထည့်သွင်းခြင်းငှာသင့်တယ်လို့ ဒီလို ဘုရားရှင် ဥပမာပေးတယ်၊ အဲဒီတော့ ရွှေသေတ္တာကို ကောက်ရတဲ့ လုလင်ကတော့ မြတ်စွာဘုရားနဲ့တူတယ်။

ရွှေသေတ္တာကြီးက ကုရုတိုင်း ကမ္မာသမ္မနိုဂုံး ကုရုတိုင်းသား ရဟန်းအများကို တန်ဘိုးမဖြတ်နိုင်တဲ့ ရွှေသေတ္တာကြီးပဲလို့ ဒီလို တင်စားခေါ်ဝေါ်သုံးတယ်။ ဒါဟာ မြတ်စွာဘုရားမျက်မှောက်တော်မှာပေါ့၊ အဲဒီတော့ ဒီမဟာ

http://www.dhammadownload.com

သတိပဋ္ဌာနသုတ်ကို ကြားနာသင်ယူ ကျင့်သုံးတဲ့ ပုဂ္ဂိုလ်များ၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အဘိုးအနှုတ် တန်ဘိုး မဖြတ်နိုင်တဲ့ ရွှေသေတ္တာကြီးနဲ့ တူတယ်။ ဘုန်းကြီးတို့ ခန္ဓာ၊ ဒကာ၊ ဒကာမ သူတော်ကောင်းတို့ရဲ့ ခန္ဓာဟာ တန်ဘိုး မဖြတ်နိုင်တဲ့ ခန္ဓာဘဲ။

အဲဒီ တန်ဘိုးမဖြတ်နိုင်တဲ့ ရွှေသေတ္တာကြီးထဲကို ရာဂ ဒေါသ မောဟအစရှိတဲ့ အလွန်ဆိုးရွားတဲ့ သဘောသတ္တိတွေ မာနတို့ ဒိဋ္ဌိတို့ ဥဒ္ဓစ္စတို့ မောဟ အဟိရိက အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ဆိုတဲ့တရားတွေ အဲဒါ အလွန်ဆိုးရွားတဲ့တရားတွေပဲ၊ အဲဒါတွေကို ထည့်သွင်းခြင်းငှာ မသင့်ဘူးတဲ့၊ ဒါကြောင့် တန်ဘိုးရှိတဲ့ သေတ္တာကြီးထဲကို စိန် ကျောက် ရတနာ ရသရွှေကို တစ်ခါတည်း ထပ်ကာထပ်ကာ ထည့်ဘိသကဲ့သို့။

အခန်းပေါင်း (၂၁)ခန်းရှိတဲ့ မဟာသတိပဋ္ဌာန်

မဟာသတိပဋ္ဌာနသုတ်မှာတော့ အခန်းပေါင်း(၂၁)ခန်း ရှိတာကို အခု ကာယာနုပဿနာ(၁၄)ပါး ရှိတာကို ပြောကြစို့ အားလုံးသတိပဋ္ဌာန်လေးပါးရှိတာကိုး–

(၁) ကာယာ နုပဿနာ သတိပဋ္ဌာန်
(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်
(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်
(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ကာယာနုပဿနာသတိပဋ္ဌာန်က(၁၄)ခန်း၊ ဝေဒနာနုပဿနာသတိပဋ္ဌာန် (၁)ခန်း၊ စိတ္တာနုပဿနာသတိပဋ္ဌာန် (၁)ခန်း၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် (၅) ခန်း၊ (၁၆) နဲ့ (၅) နဲ့ ပေါင်းရင်(၂၁)ခန်း ၊ အခန်းပေါင်း(၂၁)ခန်း၊ ဒီတော့ သတိပဋ္ဌာန်၊ သတိပဋ္ဌာန်လို့ဆိုတယ်၊ ဘုရားဟော ဟုတ်ရဲ့လား၊ အတ္တနောမတိ ဆိုတဲ့ မိမိအယူအဆတွေ ပြောတာလား၊ မူရင်းကို မရလို့ရှိရင် သူများပြောတာ အဟုတ် ထင်ရတယ်။

ကြားရုံနဲ့နတ်ပြည်တက်တဲ့တရား

ဘုရားတရားတော်အတိုင်းကို နားမလည်သည့်တိုင် ကြားရုံနဲ့ ယုတ်နိမ့်သည့် ဘဝကနေပြီးတော့ မြင့်မြတ်တဲ့ ဘဝရတယ်၊ ဒုက္ခ ငြိမ်းတယ်၊ နိဗ္ဗာန်ကိုမြင်နိုင်တဲ့ ဘဝမျိုး ရသွားတယ်၊ မိမိရဲ့အဆင့်အတန်းက ဘယ်လောက် ပဲနိမ့်ကျ နေစေကာမူ မဟာဒတ္တ နွားလားကြည့်လေ၊ ဒီတရားတော်ရဲ့ သတ္တိဟာ တကယ့်ကို မဂ် ဖိုလ် နိဗ္ဗာန်တိုင်အောင် သယ်ဆောင်သွားတာပဲ၊ မြတ်စွာဘုရားက ဒီမဟာသတိပဋ္ဌာနသုတ်ကို အားလုံး ဝေနေယျသတ္တဝါတွေအတွက် ဒုက္ခ ခပ်သိမ်း ငြိမ်းဖို့ သူတော်ကောင်းတွေအတွက် ဟောခဲ့တာပဲ။ ဒီနေ့ အခန်းကိုပဲစရင် ဘုရားစကား တရားအသားကို နားထောင်ကြည့်မယ်။

http://www.dhammadownload.com

သမ္မဇဉ်=ရှုဆင်ခြင်နှလုံးသွင်း ကျင့်သုံးနည်း

ကထဠပနဘိက္ခဝေ ဘိက္ခု
ကာယေ ကာယနုပဿီ ဝိဟရတိ။

ဘိက္ခဝေ၊ အိုရဟန်းတို့ သံသရာဘေး လာမည့်ဘေးကို မျှော်တွေးရှုတတ် အိုရဟန်းမြတ်တို့။ ဘိက္ခု၊ ရဟန်းဖြစ်သောသူသည်။(ဘုရားက ရဟန်းတွေကို ဟောတာကိုး) ကထဠ၊ အသို့လျှင်။ ကာယေ၊ ဘူတရူပ ဥပါဒါရူပ်တည်းဟူသော ကာယ၌။ ဘူတရူပ်ဆိုတာ ဓာတ်ကြီးလေးပါး ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဒါကို ဘူတရူပ်ခေါ်တယ်။ အားလုံး ရူပ် (၂၈)ပါးမှာ ကျန်တဲ့ ရူပ် (၂၄)ခုကို ဥပါဒါ ရူပ်ခေါ်တယ်၊ ဘူတရူပ်ဓာတ်ကြီး လေးပါးက အကြောင်း၊ ကျန်တဲ့ရူပ်တွေက အကျိုး။ ကာယေ၊ ဘူတရူပ် ဥပါဒါရူပ်ဟူသော ရူပ်အပေါင်း၌။ ကာယာနုပဿီ၊ ဘူတရူပ် ဥပါဒါရူပ်ဟူသော ရူပ်အပေါင်းကို အဖန်တလဲလဲ ရှုလေ့ရှိသည်။ ဝိဟရတိ၊ နေသနည်း။

ကာယနုစ်ခု ခွဲ၍ရှု

ကာယဆိုတာ ဒီနေရာမှာ ကာယအရ တစ်ကိုယ်လုံး တစ်ကောင်လုံးမယူရဘူး၊ ဒီအတ္တဘောတည်းဟူသော ခြေဖျားမှ ဆံဖျားတိုင်အောင်၊ ဆံဖျားမှ ခြေဖျားတိုင်အောင် မိမိအရပ်သည် မိမိတစ်လံနှင့် ညီမျှ တယ်လို့ ဆိုတယ်။

အဲဒီတစ်လံမျှလောက်သော အတ္တဘောကို ကာယ လို့ဆိုတာ ဘုရား ပွင့် ပွင့် မပွင့် ပွင့် ဒါကိုယ်ပဲလို့ သူ့လူမျိုး သူ့ဘာသာ သူ့စကားနဲ့ ပြောကြတယ်၊ အများပြောမှန်တယ်၊ ဒါက ဘုရားရှင်လည်း သိတယ်၊ ဘုရားပွင့်လာတော့ ဘုရား အဖြစ်သို့ရောက်မှ ဘယ်သူမှ မသိတဲ့ ကာယ၊ ဘုရားအဖြစ် သို့ရောက်မှ ထူးသောတရားကို ထူးသောဉာဏ်နဲ့ သိတဲ့ ကာယကတော့ ဘူတရူပ် ဥပါဒါရူပ် အဲဒါကို ဘယ်လိုရှုပြီး နေကြမလဲ။

ဝိဟရတိ၊ သွား ရပ် ထိုင် လျောင်း လေးဝဏ္ဏရိယာ သာယာရှင်ပျော် သီတင်းသုံးနေတော်မူသနည်း။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းနဲ့ ချမ်းချမ်းသာသာ အားထုတ်ရတယ်၊ ဆင်းဆင်းရဲရဲ အားထုတ်ရတယ်ဆိုရင် ဒီအနက်နဲ့ မကိုက်ဘူး မှားတယ်၊ အဲဒီတော့ ဆရာကောင်းလိုတယ်၊ အဲဒီတော့ ကာယရဲ့အရုက အာနာပါနပဗ္ဗမှာ ထွက်သက် ဝင်သက်ကို ကာယလို့ ကောက်ယူရပါမယ်၊ ကျန်တာတွေက ကာယ မဟုတ်ဘူးလားဆိုတော့ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်နဲ့ကျက်စားရာ ဦးတည်ချက်က ထွက်သက် ဝင်သက် အဲဒီ ထွက်သက် ဝင်သက်ကို ကာယလို့ကောက်တယ်။

http://www.dhammadownload.com

ဉာဏ်ရှုကွက် စားကျက်

အခု ဘုန်းကြီးသင်ပေးမှာက အချိန်မရွေး အခါမရွေး၊ နေရာမရွေးမှာ ကောင်းကောင်း နားလည်ရင် အားထုတ်တတ်သွားပြီ၊ ဘုရားရှင်ကိုယ်တော်မြတ် ဒီမဟာသတိပဋ္ဌာန်တရားကို ကောင်းစွာကျင့်သုံးမယ့် ခန္ဓာစဉ်မှာ ပထမဆုံး အဆစ် အာနာပါန တစ်ဆစ်ရစ်ပြီး ထည့်မယ်၊ အာနာပါနကမ္မဋ္ဌာန်း အားထုတ်မဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ရဲ့ကျက်စားရာက ထွက်သက် ဝင်သက်ကို ကျက်စားရမယ်။ ဒါကြောင့် ကာယာနုပဿနာ (၁၄)ခုမှာ ထိပ်ဆုံးက အာနာပါနသည် ကာယာနုပဿနာထဲ ပါတယ်၊ အဲဒီ ကာယရဲ့အရ တစ်ကိုယ်လုံး တစ်ကောင်လုံးကို ကာယလို့ မယူရ ထွက်သက် ဝင်သက်ကို ကာယလို့ ယူရမယ်။ တကယ် ဒုက္ခခပ်သိမ်းငြိမ်းအောင် မဟာသတိပဋ္ဌာန် အစဆုံးအခန်း စအားထုတ်ပြီဆိုတော့ အားထုတ်မည့် ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ် သတိသမ္ဗဇဉ် ဆိုတဲ့ ဆင်ခြင်ဉာဏ်က ထွက်သက် ဝင်သက်မှာ ကျက်စားရမယ်၊ မိမိရဲ့စိတ် တစ်နည်း သတိဉာဏ်၊ ဒီအသိဉာဏ်က ထွက်သက် ဝင်သက်တည်း ဟူသော ကာယကို ရှုရမယ်။

သွားခြင်းစသည့်ရှုကွက်

အဲ ဒုတိယတစ်ဆင့် တက်လိုက်တော့ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လဲလျောင်းခြင်းကို ပြန်ပြီး ပုံဖော်ရမယ်၊ ဆင်ခြင်ပုံပြောမယ်၊ ဝါယောဓာတ်(၆)မျိုး၊ ဒီဝါယောဓာတ် (၆)မျိုးထဲက နံပါတ်(၅)ဖြစ်တဲ့ အင်္ဂမင်္ဂါနုသာရိ ဝါယော၊ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သည့် လှုပ်ရှားသည့် **သတ္တိ** ဒါကို အခေါ် အဝေါ် ပညတ်ဝါယောဓာတ် **လေ** လို့ခေါ်တယ်၊ ဒီဝါယောဓာတ် လုံးဝမဖြစ်ဘူးဆိုရင် သွားလို့၊ ရပ်လို့၊ ထိုင်လို့၊ လဲလျောင်းလို့ရဦးမှာလား၊ မရဘူး၊ ဒါဖြင့် သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လဲလျောင်းတယ် အမျှားအပြောမှန်တယ်၊ တရားသဘောအမှန်မှာ ငါ့ကိစ္စလား၊ ဝါယောဓာတ်ကိစ္စလားဆိုရင်၊ ဝါယောဓာတ်ကိစ္စ၊ ငါ့အလုပ်လား၊ ဝါယောဓာတ် အလုပ်လားဆိုရင် ဝါယောဓာတ်အလုပ်၊ ဝါယောဓာတ် ပျက်နေရင် သွားလို့ ရမလား၊ ရပ်လို့ ရမလား၊ ထိုင်လို့ရမလား၊ လဲလျောင်းလို့ရမလား၊ ဒါဖြင့်ရင် သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လဲလျောင်းတယ် အသွင်အပြင် အချင်းအရာကို အာကာရပညတ်လို့ ခေါ်တယ်၊ သွားပုံအချင်းအရာကို ဖြစ်စေတဲ့ သတ္တိက ဝါယောဓာတ်၊ ဝါယောဓာတ် လုံးဝမဖြစ်ဘူးဆိုရင် လှုပ်ရှားလို့ရမလား၊ ဒါဖြင့်ရင် လူကို ရှုရမှာလား၊ ဝါယောဓာတ်ကို ရှုရမှာလား၊ ဝါယောဓာတ်ကို ရှုရမယ်၊ ရှုတဲ့အခါ ငါက ရှုရမှာလား ဉာဏ်က ရှုရမှာလား၊ ဉာဏ်က ရှုရမယ်၊ ဉာဏ်ဆိုတာ ဆင်ခြင်ကြည့်ရမှာ၊

http://www.dhammadownload.com

သွားတယ်၊ သွားတယ် ဆိုတာ အမျှားအပြောမှန်တယ် တကယ့် တရားသဘော အမှန်မှာ ဝါယောဓာတ်ရဲ့ ကိစ္စပဲ၊ ဒါဖြင့် ငါကောင်ကို ရှုရမှာလား၊ ဝါယောဓာတ်ကို ရှုရမှာလား၊ ဝါယောဓာတ်ကို ရှုလိုက်တော့ ငါ ဟုတ်သေးရဲ့လား၊ ဝါယောဓာတ်ဆိုတာ စိတ်(၁၇) ချက်ပဲ ခံတယ်၊ ရုပ်တရားက စိတ်သက် (၁၇)ချက်ပဲ ခံတယ်၊ အဲဒါက သဣိုဟ်(၄)ပိုင်း မြောက်ဝိထိပိုင်း အစမှာလေ–

သတ္တရသ စိတ္တက္ခဏာနိ
ရူပဓမ္မာန မာယု။

ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ အာယု၊ အသက်တို့သည်ကား။ သတ္တရသစိတ္တက္ခဏာနိ၊ တစ်ဆယ့်ခုနစ်ချက်သော စိတ္တက္ခဏလျှင် ရှိကုန်၏။

အဲဒီတော့ ရုပ်တစ်ချက်ကို စိတ် (၁၇)ကြိမ်ပျက်ပြီးမှ ရုပ် (၁)ကြိမ်ပျက်တယ်၊ အဲဒါ တော့ ဘုရားရဲ့ ဉာဏ်တော်ကို ယုံကြည်ပြီး အဘိဓမ္မာသင်တာပေါ့၊ ဒီတော့ စိတ်သက် တစ်ချက် တစ်ချက်ကို စကေးက ခဏသုံးချက် ဖြစ်စကို ဥပါဒ်၊ ဥပါဒ်ပြီးတော့ ဖြစ်လိုက်တာနဲ့ ပျက်ကို ဘင်ခဏ၊ ပျက်ဘို့ရာ ညွှတ်နေတာကို ဌီခဏ စိတ်သက်ခဏကို ခဏငယ်သုံးခုလို့ ခေါ်တယ်၊ ရုပ်က ခဏနဲ့တွက်ရင် (၅၁) ချက် အသက် ရှည်တယ်၊ အဲဒီရုပ်က မျက်စိနဲ့လည်း မမြင်ရ လက်ညှိုးထိုးပြလို့လည်း မရ၊ ပြန်ပြီး သုံးသပ်ကြည့် ဘုရားစကား တရားအသားနားထောင်ကြည့်။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။

ဂစ္ဆန္တောဝါ၊ သွားတုံး သွားခိုက် သွားစဉ် မူလည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

သွားတယ်၊ သွားတယ်လို့ သိတာကတော့ အဟိတ် တိရစ္ဆာန်တွေလည်း သိပါတယ်၊ ဒီ အသိမျိုးကို မြတ်စွာဘုရား ရည်ရွယ်ပြီးဟောတာမဟုတ်ပါဘူး၊ မြတ်စွာဘုရားဟောတာက သွားတဲ့အခါ ဘယ်ဟာက နာမ်၊ ဘယ်ဟာက ရုပ်၊ ဒီရုပ်နာမ်နှစ်ပါးက ပုဂ္ဂိုလ် သတ္တဝါမဟုတ်ပါဘဲ၊ ဘာသာဟုတ်သလဲဆိုရင် ဖြစ်ပြီးပျက်တဲ့ အနိစ္စသာဟုတ်၊ ဒုက္ခသာဟုတ်၊ အနတ္တသာဟုတ်လို့ အဟုတ်ကို အဟုတ်အတိုင်းဉာဏ်ထဲမှာထင်ပြီး နှလုံးသွင်းသွားရမယ်၊ ယောဂီ ပုဂ္ဂိုလ်ရဲ့ဉာဏ်မှာ သိရမှာက ဒါရုပ်တရား၊ ဒါနာမ်တရား၊ ဒီရုပ်နာမ် နှစ်ပါးက စင်စစ်ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး၊ ဘာသာဟုတ်သလဲဆိုရင် မမြဲတဲ့ အနိစ္စသာဟုတ်တယ်၊ မမြဲတဲ့ တရားက သုခမဟုတ်ဘူး၊ ဒုက္ခသာဟုတ်တယ်၊ အနိစ္စ၊ ဒုက္ခတရားက ပုဂ္ဂိုလ် သတ္တဝါမဟုတ် ကိုယ်ကောင်ကြီး မဟုတ် အနတ္တသာဟုတ်တယ်လို့ အဲဒီလို လက္ခဏာယာဉ်သုံးပါး ထင်အောင် မြင်အောင် တစိမ့်စိမ့်ရှုပြီးတော့ သွားတဲ့နည်းကို သတိပဋ္ဌာန် ဣရိယာပထပဗ္ဗ၊ ဒုတိယ အဆစ်ကို မြတ်စွာဘုရား သတိပဋ္ဌာန်ကျင့်သုံးမဲ့ ခံယူမဲ့ ပုဂ္ဂိုလ်များရဲ့ သန္တာန်မှာ တစ်ဆစ်ရစ်ပြီးတော့ သွင်းလိုက်ပြီတဲ့၊ ဒုတိယအရစ်မှာလည်း ကာယအရ ကာယတွေများစွာထဲက တစ်ကိုယ်လုံး တစ်ကောင်လုံးကို ရှုရမည် မဟုတ်၊ လှုပ်ရှား တဲ့ ဝါယောဓာတ်(၆)ပါးထဲက အင်္ဂမဂ်ါနုသာရိ ဝါယောက အရှုခံတရား၊ ကာယအရ အင်္ဂမဂ်ါနုသာရိဝါယောကို

http://www.dhammadownload.com

ကောက်ယူရမည်၊ သိတာက နာမ်တရား၊ ဒီရူပ် နာမ်နှစ်ပါးက စင်စစ်ငါ လည်းမဟုတ်၊ သူလည်းမဟုတ် ပုဂ္ဂိုလ် သတ္တဝါလည်းမဟုတ်၊ ဘာသာဟုတ်သလဲ မမြဲတဲ့ အနိစ္စ ဒုက္ခ အနတ္တသာဟုတ်တယ်လို့ အဟုတ်ကိုအဟုတ် အတိုင်း တစိမ့်စိမ့် ဉာဏ်ထဲမှာ ထင်အောင် နှလုံးသွင်းပြီးသွားနေတာကို အဲဒါ ဒုတိယ ပဗွပဲ။

အချိန်မကုန် လူမပန်းတဲ့ ဝိပဿနာ

ဝိပဿနာက အချိန်လည်းမကုန်ဘူး လူ လည်း မပင်ပန်းဘူး၊ တတ်အောင်သင်ဖို့တော့ လိုတယ်၊ ဝိပဿနာ တတ်သွားပြီဆိုရင် သွား ရပ် ထိုင် လျောင်း ဘာကို ရှုရမလဲ ဆိုရင် လှုပ်ရှားတဲ့သတ္တိလေးကို ရှုရမယ်၊ ဉာဏ်ထဲမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်အောင် ရှုရမယ်။

ခန္ဓာထဲ တန်ဘိုးမဖြတ်နိုင်တဲ့ ရတနာထည့်နည်း

ဓမ္မ စက္ကဲ့ ဥဒပါဒိ တရားတည်းဟူ သော ဉာဏ် မျက်စိပေါ်တာ ဘုရားပွင့်တာပဲ မိမိခန္ဓာထဲကို တန်ဘိုးရှိတဲ့ ရတနာ စိန် ကျောက်တွေ ကောက်ထည့်လိုက်တာပဲ။

သမ္မဇညရှုဆင်ခြင်ရမည့်အချက်များ

တတိယအခန်းသွားမယ်၊ သမ္မဇညပဗ ရှုဆင်ခြင် နည်းလို့ခေါ်တယ်၊ ပထမအရစ် ဒုတိယအရစ်ကို ရစ်သွင်း ချိုးမြောက်တော်မူ ပြီး၍ တတိယအရစ်ကို ရစ်သွင်းချိုးမြောက် လိုရကား။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု။

ဘိက္ခဝေ၊ အိုရဟန်းတို့။ ဘိက္ခု၊ ရဟန်း ဖြစ်သောသူသည်။ ပုနစပရံ၊ တတိယအကြိမ် တစ်ပါးတုံလည်း။ သူ့ကျတော့(၂၂)ချက်ရှိ တယ်၊ မြန်မာလို(၁)ရှေ့တက် (၂)နောက်ဆုတ် (၃)တည့်တည့်ကြည့် (၄)စောင်းငဲ့ကြည့် (၅)ကွေးခြင်း (၆)ဆန့်ခြင်း (၇)နှစ်ထပ်သက်နှိုး (၈)သပိတ် (၉)ခါးဝတ် + ကိုယ်ရုံ (၁၀)စား (၁၁)သောက် (၁၂)ခဲ (၁၃)လျှက် (၁၄)ကျင်ကြီး စွန့် (၁၅)ကျင်ငယ်စွန့် (၁၆)သွားခြင်း (၁၇)ရပ် ခြင်း (၁၈)ထိုင်ခြင်း (၁၉)အိပ် (၂၀)နိုး (၂၁)စကားဆို (၂၂) ဆိတ်ဆိတ်နေ အားလုံး (၂၂)ချက် ပါဠိသွားနဲ့ တစ်ခေါက်ရေပြမယ်။

(၁)အဘိက္ကန္တေ (၂)ပဋိက္ကန္တေ (၃)အာ လောကိတေ (၄)ဝိလောကိတေ (၅)သမိဉ္ဇိ တေ (၆)ပသာရိတေ (၇)သင်္ဃာဋိ (၈)ပတ္တ (၉)စီဝရ ဓာရဏေ (၁၀)အသိတေ (၁၁)ပီတေ

http://www.dhammadownload.com

(၁၂)ခါယိတေ (၁၃)သာယိတေ (၁၄)ဥစ္စာရ (၁၅)ပဿာဝကမ္မေ (၁၆)ဂတေ (၁၇)ဌိတေ (၁၈)နိသိန္နေ (၁၉)သုတ္တေ (၂၀) ဇာဂရိတေ (၂၁)ဘာသိတေ (၂၂)တုဏ္ဍီဘာဝေ အားလုံး (၂၂)ချက် အချက်တိုင်း အချက်တိုင်းမှာ သမ္မဇာနကာရီ၊ ကောင်းစွာ ဉာဏ်ပညာဖြင့် ရှုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

မည်သူမဆို ဒီ(၂၂)ချက်နဲ့လွတ်နေလို့ မရဘူး၊ မည်သည့်ပုဂ္ဂိုလ်မဆို တစ်ချက်တစ်ချက်ထဲမှာသက်ဝင်နေတယ်။ ဘုန်းကြီးတို့ အခု နိသိန္နေဆိုတဲ့ ထိုင်တဲ့အချက်မှာ သက်ဝင်နေတယ်။

ဆင်ခြင်ပုံလေးက အားလုံး (၂၂)ချက်ရှိတယ်၊ ဒီ(၂၂)ချက်ထဲမှာ အခု ငါဘယ် အချက်ထဲမှာ သက်ဝင်နေသလဲလို့ ဆင်ခြင်ကြည့်ရမယ်။

နမူနာရေးရအောင် ထိုင်မည်ကြံလျှင် သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့် ရှုရမည်။ ဘုရားက သမ္မဇဉ်လို့ ဟောတာ၊ သမ္မဇဉ်ဆိုတာ ဉာဏ်နဲ့ ထင်အောင် ရှုရမယ်လို့ ဟောတာ၊ ဒါဖြင့် သူရော ငါပါ ထိုင်တယ်၊ ထိုင်တယ် သူပြော ငါပြော အများအပြောမှန်တယ်၊ အစ ရသွားပြီ ထိုင်တဲ့အခါမှာ အင်္ဂါမင်္ဂါနုသာရိဝါယောဆိုတဲ့ ကိုယ်အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်နေတဲ့ လှုပ်ရှားတဲ့ သတ္တိလုံးဝ မဖြစ်ဘူးဆိုရင် ထိုင်လို့ ရမလား၊ ဒါဖြင့် ထိုင်တာ ငါ့ကိစ္စလား ဝါယောဓာတ်ကိစ္စလား၊ ငါ့အလုပ်လား၊ ဝါယောဓာတ် အလုပ်လား၊ ငါကအတ္တ ဝါယောဓာတ်က အနတ္တ၊ ဝိပဿနာရှုရမှာက အတ္တဆိုတဲ့ ငါကိုရှုရမှာလား၊ အနတ္တတရားကို ရှုရမှာလား၊ ဒါ ဉာဏ်ရဲ့အလုပ်ပဲ (၂၂)ချက်လုံး ဒီဆိုရိုးလေးနဲ့ သွားရမယ်၊ ထိုင်မည် ကြံလျှင် သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့် ရှုရမည်။

အဲဒီတော့ ဆင်ခြင်ပုံ ဆင်ခြင်နည်းက ဘုန်းကြီးတာဝန် ဖြစ်သွားပြီ။

နားကြစို့။

သာဓု – သာဓု – သာဓု။



http://www.dhammadownload.com

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွင့်ရှိထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

သမ္မဇညအခန်းကျင့်သုံးပုံများ

မဟာသတိပဋ္ဌာန်ကျင့်သုံးနည်း အခန်းပေါင်း(၂၁) ခန်းတို့တွင် (၃)ခန်းမြောက်ဖြစ်တဲ့ သမ္မဇညအခန်းရောက်လာပြီ၊ သမ္မဇညအခန်းပြန်ရေတွက်ကြရအောင်နော် မှတ်မိအောင်–

ရေတွက်တဲ့ အခါကျတော့ ဘုန်းကြီးမြန်မာလိုပြောထားတယ်၊ ဘုရားစကား၊ တရားအသား သူ့သတိပဋ္ဌာန် ပါဠိတော်ရှိတဲ့ အတိုင်း ကြားရရုံလေးနဲ့ပဲ ဘယ်လောက်ပဲ ယုတ်နိမ့်စေကာမူ မြင့်မြတ်တဲ့အဖြစ်ရပြီးတော့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်တိုင်အောင် ဆိုက်သွားတဲ့ မဟာဒတ္တန္ဓားလားတို့ကို ထောက်ပြီးတော့ သတိပဋ္ဌာန်ပါဠိတော်ကို ကြားနာရတာကိုက အင်မတန်မှ မိမိတို့အတွက် မွန်မြတ်တယ်၊ ဒါကြောင့် အာရုံပြုပြီးတော့ (၂၂)ချက်ကို လိုက်မယ်။

ပုနစပရံ ဘိက္ခဝေ ဘိက္ခု။ ဘိက္ခဝေ၊ အိုရဟန်းတို့၊ ဘိက္ခု၊ ရဟန်းဖြစ်သောသူသည်။ ပုနစပရံ၊ တစ်ဖန်တစ်ပါးတုံလည်း။

အဘိက္ကန္တေ၊ ရှေ့သို့တက်သည်ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သည်ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာလောကိတေ၊ တည့်တည့်ကြည့်သည် ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာ ဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဝိလောကိတေ၊ စောင်းငဲ့ကြည့်သည် ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သမိဉ္ဇိတေ၊ ကွေးသည် ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာ ဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ပသာရိတေ၊ ဆန့်သည်ရှိသော်။ သမ္မဇာန

http://www.dhammadownload.com

ကာရီ၊ ကောင်းစွာ ဉာဏ်ပညာဖြင့် ရှုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အသိတေ၊ ပီတေ၊ ခါယိတေ၊ သာယိတေ၊ စားသည် ရှိသော်၊ သောက်သည်ရှိသော်၊ ခဲသည်ရှိသော်၊ လျှက်သည် ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဥစ္စာရ၊ ပဿဝကမ္မေ၊ ကျင်ကြီးကျင်ငယ် အမှုကိုပြုသည် ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဂတေ၊ ဌိတေ၊ နိသိန္နေ၊ သုတ္တေ၊ ဇာဂရိတေ၊ သွားသည်ရှိသော်၊ ရပ်သည်ရှိသော်၊ ထိုင်သည်ရှိသော်၊ အိပ်သည်ရှိသော်၊ နိုးသည်ရှိသော်။ ဘာသိတေ၊ တုဏှီဘာဝေ၊ စကား ဆိုသည်ရှိသော်၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အားလုံး (၂၂)ချက်။

ဝါယောဓာတ်ဆိုတာ ရူပ်တရား

အဲဒီ(၂၂)ချက်ထဲမှာ သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ အိပ်သည်(၄)ချက်၊ အခန်း(၂) ဣရိယာပထပဗ္ဗဆိုတဲ့ သွား, ရပ်, ထိုင်, လျောင်းမှာ ဘုရားဟောပြီးသားဖြစ်တယ်။ အခန်း(၃)မှာ သွား, ရပ်, ထိုင်, လျောင်း ပြန်ဟောတယ်။ အဲဒါ ဘယ်လိုကွာလဲ။ အခန်း(၂)ပါတာက ခရီးရှည်သွားတာ၊ ရပ်တာလည်း ကြာကြာရပ်တာ၊ ထိုင်တာလည်း ကြာကြာထိုင်တာ၊ ဒီအခန်း(၃)မှာ ပါတာကတော့ စဉ်းငယ်အခိုက်အတန့်သွားတာ ခရီးတိုပေါ့၊ အဲဒီလို ကွာတယ်၊ ကမ္မဋ္ဌာန်းဆိုတာ၊ ကမ္မ၊ အလုပ်။ ဋ္ဌာန်၊ ရှေ့ရှုတာ။ ဘယ်အလုပ်ကို ရှေ့ရှုတာလည်းဆိုတော့ ဒီမှာကာယာနုပဿနာ ဆိုတော့ ဝါယောဓာတ်(၆)ပါးထဲက အဂ်မဂ်ါနုသာရိဝါယောဆိုတဲ့ အဂ်ါကြီးငယ်သို့ အစဉ်လျှောက်တဲ့ဝါယော၊ ဒီကာယပဲ အဲဒါ ရှုကွက်ပဲ၊ ရှုတဲ့ဉာဏ်က ဒီကာယဆိုတဲ့ ဝါယောဓာတ် ကိုမပြတ်ထင်အောင် ရှုတဲ့အခါ ဝါယောဓာတ်က ဘယ်မှာပုဂ္ဂိုလ်သတ္တဝါ ဟုတ်လို့လဲ။ ဝါယောဓာတ်ဆိုတာ ရူပ်တရား မဟုတ်လား၊ ဝါယောဓာတ်က ရူပ်တရား ဆိုတာ ရှုပ်လေ။

ရှုပ်၊ ဖောက်ပြန်တတ်ငြား ရူပ်တရား မှန်သမျှသည်၊ နသတ္တော၊ သတ္တဝါမဟုတ်၊ နဇီဝေါ၊ အသက်လိပ်ပြာမဟုတ်။ နနရော၊ လူမဟုတ်၊ နမာဏဝေ၊ လုလင်မဟုတ်၊ နက္ကတ္ထီ၊ မိန်းမ မဟုတ်။ နပုရိသော၊ ယောကျ်ားမဟုတ်။ နအတ္တာ၊ ကိုယ်ကောင်ကြီးမဟုတ်။ နအတ္တနိယံ၊ ကိုယ်ကောင်၏ဥစ္စာ မဟုတ်။ နာဟံ၊ ငါ မဟုတ်။ နမမ၊ ငါ့ ဥစ္စာမဟုတ်။ နကောစိ၊ တစ်စုံတစ်ယောက်မဟုတ်။ နကဿစိ၊ တစ်စုံတစ်ယောက်၏ ဥစ္စာမဟုတ်။

http://www.dhammadownload.com

ဘုရားရှင်ဟောတဲ့ဒုက္ခ

ဘယ်တရားကို မဟုတ်ဘူး ပြောနေတာ လည်းဆိုတော့ သွားနေတဲ့အခါမှာ လှုပ်ရှားတဲ့ သတ္တိ ဝါယောဓာတ်ဟာ ကမ္မဋ္ဌာန်းဉာဏ်ဝင်စားတဲ့ ရှုကွက်ဖြစ်တဲ့ ဝါယောဓာတ်ကို၊ ရူပ်တရားကို သတ္တဝါမဟုတ်ဘူး၊ ဘာသာဟုတ်သလဲ ဖြစ်ပေါ်တိုင်း ပျက်တဲ့အပျက် တရားက မမြဲတဲ့ အနိစ္စတရားသာ ဟုတ်ပါသည်။ ဖြစ်ပြီး ပျက်တဲ့တရားက ဒုက္ခသာ ဟုတ်ပါသည်။ အဲဒီတော့ ဝါယောဓာတ်ကို ဒုက္ခလို့ ဟောတာ၊ ဘုရားရှင်ဟောတာ ဒီကာယာနုပဿနာ က လှုပ်ရှားတဲ့သတ္တိ ဝါယောဓာတ်ကို ဒုက္ခလို့ ဟောတာ။

ဒုက္ခ - ဒု + ခ ၊ 'ဒု' ရဲ့အနက်က စက်ဆုပ်ဖွယ်၊ 'ခ' ရဲ့အနက်က အချည်းအနှီး၊ ဝိပဿနာရှုတဲ့အခါ ဉာဏ်မှာ ဒုက္ခထင်လာရမယ်၊ ဒုက္ခထင်လာတယ်ဆိုတော့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ နေစရာ၊ ထိုင်စရာ မရှိတော့ တာကို ဒုက္ခဆိုတာ ဘုရားမပွင့်ခင် ကတည်းကရှိတာ၊ ဒီအသိမျိုးနဲ့ နိဗ္ဗာန် မရောက်နိုင်။ ဝိသုဒ္ဓိမဂ်၊ ဝိသုဒ္ဓိမဂ်ဆိုတာက၊ ဝိသုဒ္ဓိအရ နိဗ္ဗာန်၊ မဂ်အရ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကောင်းကို ခေါ်တယ်။ ပါဠိ နှစ်အုပ်ရှိတယ်။ ဒုတိယအုပ် စာမျက်နှာ (၁၅၂)၊ အပိုဒ် (၅၃၀) ဒုက္ခ၊ ဒုက္ခ ဆိုတာ ရှင်းထားတယ်။

ခန္ဓာသံသရာဝင်ဆင်းရဲဆိုတာ

ဒီခန္ဓာ သံသရာဝင်ဆင်းရဲဆိုတာ၊ ဒီစိတ်တရားတွေ၊ စေတသိက်တရားတွေ၊ ရူပ်တရားတွေကိုပဲ ခန္ဓာသံသရာ ဝင်ဆင်းရဲခေါ်တယ်။ ဒါဖြင့် သွားနေတဲ့အခါမှာ ဖြစ်တဲ့စိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေက သူ့အစုံ အစုံဖြစ်တာ၊ သံသရာဆိုတာ အဏ္ဏဝါနဲ့တူတယ်ဆိုတော့ အကုန်လုံးမြင်အောင် မကြည့်နိုင်ထင်ရှားတာပဲ ကြည့်ရမယ်။

ရူပ်(၂၈)ပါးထဲမှာ သြဇာရိကရူပ်၊ သုခုမရူပ်ဆိုတာ ရှိတယ်၊ သြဇာရိကရူပ်ဆိုတာ ဉာဏ်နဲ့ရှုတဲ့အခါ ထင်လွယ် မြင်လွယ်လို့ သြဇာရိက ရူပ်လို့ဆိုတာ။ ဉာဏ်နဲ့ရှုတဲ့အခါ ထင်ခဲ မြင်ခဲလို့ သုခုမရူပ်လို့ခေါ်တယ်၊ ဝါယောဓာတ်က ထင်လွယ်မြင်လွယ်တယ်၊ အာပေါက သိမ်မွေ့လို့ မထင်ဘူး၊ ဒါကြောင့် ရှေးဦးစွာ ဝါယောဓာတ်ကို ရှုရမယ်။

ဥပမာ – ကြည့်တယ်ဆိုတာ အောက်မျက်ခမ်းက အောက်ကိုချပြီးတော့ အထက်မျက်ခမ်းက အထက်ကို မြှောက်ချီတာလေ၊ အကယ်၍သာ အထက်မျက်ခမ်းက ပိတ်နေမယ်ဆိုရင် ကြည့်လို့ရအုံးမလား၊ မရဘူး ဒါဖြင့် ကြည့်လိုက်တဲ့အခါမှာ မြင်အောင်ကြည့်တာ

http://www.dhammadownload.com

အထက် မျက်ခမ်း၊ မျက်လုံး၊ မျက်ခုံးဆိုတာ အများပြောမှန်တယ်၊ ကြည့်လိုက်တဲ့အခါ မျက် လွှာကို အထက်သို့ချီတာဟာ ဝါယောဓာတ်၊ ဒါဖြင့်ရင် တစ်ခုသော တရားကို ရှုရင် လည်းရတယ်၊ အိပ်ရာကနိုးလာရင် စိတ်က အလေ့အကျင့်လုပ်ရတယ်၊ နိုးနိုးချင်း မျက်လုံး ကို ဖွင့်တော့မယ်ဆိုရင်၊ ဝါယောဓာတ်ကိစ္စ၊ ဓာတ်သဘောကို ထင်အောင်ရှုရမယ်။

ဒါလေးတွေသင်ထားရမယ်

မျက်လုံးမှာ စက္ခုပသာဒ အကြည်ဓာတ် ဆိုတာ ရှိတယ်။ ဒီအကြည်ဓာတ်က ရူပ်တရား ကိုး၊ ရူပ်တရားမှာ ဥပါဒ် ဌီ ဘင် ခဏသုံးချက် ရှိတယ်၊ စိတ်နဲ့ရေတွက်ရင် (၁၇)ချက်၊ ခဏနဲ့ တွက်ရင်(၅၁)ချက်၊ ဒီ(၅၁)ချက်က မျက် တောင် တစ်ခါခပ် မခံဘူး၊ ဒါလေး သဘော ကျထား၊ စက္ခုပသာဒ မကြည်ဘူးဆိုရင် မြင်ရ မလား၊ တိမ်သလ္လာလွှမ်း နေရင် သဲသဲကွဲကွဲ မမြင်ရဘူး၊ စက္ခုပသာဒ တော့ရှိတယ်၊ မြင် စရာ ရူပါရုံဆိုတဲ့ အဆင်းဓာတ်မရှိရင် မမြင် ရဘူး၊ မြင်စရာကို ပါဠိလို ရူပါရုံလို့ခေါ်တယ်။ ဒါဖြင့် စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်ရင် မြင်သိဆိုတဲ့ စက္ခုဝိညာဏ်ဓာတ်ဖြစ်လာ တယ်။ ဒီစိတ်မဖြစ်ရင် မြင်စရာ သိလို့ရမလား၊ ဒါလေးတွေ သင်ထားရမယ်၊ စက္ခုပသာဒ အကြည်ဓာတ်ကတစ်ခု၊ အဆင်းဓာတ် ရူပါ ရုံကတစ်ခု၊ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ် စိတ်ကတစ်ခု၊ ဒီသတ္တိသုံးမျိုး တွေ့ဆုံလိုက်တာ ကို ဖဿလို့ဆိုတယ်။ သတ္တိတွေက ကိုင်တွယ် လို့ မရဘူး။ အရာဝတ္ထုမဟုတ်ဘူး၊ ရှိလား မရှိလားလို့ ဆင်ခြင်ကြည့်လေ၊ ရူပါရုံ မရှိရင် မြင်ရမလား၊ စက္ခုပသာဒ မဖြစ်ရင်ရော မြင် ရမလား၊ စက္ခုဝိညာဏ်စိတ် မပေါ်ရင်ရော မြင်ရမလား၊ ဒါဖြင့် မြင်တယ် မြင်တယ် အများပြောမှန်တယ်။ တရားသဘောအမှန် မှာ မြင်တဲ့အခါ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခု ဝိညာဏ်သတ္တိ(၃)မျိုး မနေဘူးလား၊ အခေါ် အဝေါ် နာမပညတ်၊ နာမည်မပါဘဲ ထင်ရှား ဖြစ်ပြီး ထင်ရှားပျက်တာ ပရမတ်၊ ဝိပဿနာ ရှုတဲ့အခါ နာမပညတ်ကို မရှုရဘူး၊ အဲဒီ သတ္တိ (၃)မျိုးတိုက်ဆိုင်မှ မြင်တာနော်၊ ဒါဖြင့် ဖဿ ဆိုတဲ့ သတ္တိတစ်ခု ပါမလာဘူးလား၊ အာ လောကဆိုတဲ့ အလင်းရောင် ပါမလာဘူး လား၊ အာလောကရှိတော့လည်း မနသိကာရ ဆိုတဲ့ နှလုံးသွင်းမရှိရင်ကော သိပါ့မလား၊ မနသိကာရအကြောင်း နည်းနည်းပြောမယ်၊ နှလုံးသွင်း ဆိုတာက ဒီလိုလေ။

http://www.dhammadownload.com

အနောမဒဿီမြတ်စွာဘုရားနဲ့ သရဒရဟေ

ရှင်သာရိပုတ္တရာလောင်း လွန်ခဲ့တဲ့ (၉၂) ကမ္ဘာ အထက်က အနောမဒဿီဘုရား ပွင့်တော်မူတယ်။ ရှင်သာရိပုတ္တရာလောင်းက သရဒရသေ့ တပည့်ပေါင်း(၉)သောင်း ရှိတယ်၊ အကုန်လုံး ကောင်းကင်ပျံနိုင်တယ်၊ ဈာန်ရတဲ့ သူတွေချည်းပဲ၊ ဘုရားပွင့်နေတာ မသိကြဘူး၊ အဲဒီဟိမဝန္တာ မှာ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သရဒရသေ့တို့ သီတင်းသုံးနေစဉ် တပည့်ရသေ့တွေ ပြန်လာတော့၊ တပည့်ရသေ့တွေရဲ့ စိတ်မှာ ယခုရောက်နေတဲ့ပုဂ္ဂိုလ်က မြတ်သလား၊ ငါတို့ဆရာ ရသေ့က မြတ်သလားလို့ စိတ်ထဲကဖြစ်တာကို သရဒရသေ့ကြီးက သိတော့၊ သရဒရသေ့ကြီးက မြတ်စွာဘုရားခြေတော်ကို ဦးခိုက်ပြီး တပည့်တို့ မြတ်စွာဘုရားကို ပန်းနဲ့ပူဇော်ကြရအောင်ဆိုတော့၊ ရသေ့တို့ တန်ခိုးနဲ့ ပန်းတွေယူလာတာ ပန်းတောင်ကြီးဖြစ်သွားတယ်။ အဲဒီပန်းတောင်ကြီးပေါ်မှာ မြတ်စွာဘုရား (၇)ရက်လုံးလုံး ဖလသမာပတ် ဝင်စားတယ်၊ ဖလသမာပတ်ဝင်စားတယ်ဆိုတာ မိုးနဲ့မြေကြီး ညှပ်သတ်ရင် မသေဘူး၊ မိုးကြိုးအစင်း(၁၀၀) တစ်ချိန်တည်းပစ်ချ မကြားရဘူး၊ ဘုရားရှင်ကိုယ်တော်မြတ် (၇)ရက်လုံးလုံး နိဗ္ဗာန်ကို သိတဲ့စိတ်အစဉ်ဖြစ်နေတယ်၊ သရဒရသေ့က ဘုရားရှင် အပေါ်မှာ (၇)ရက်လုံးလုံး ပန်းထီး မိုးပေးထားတယ်၊ ဒါဖြင့် သရဒရသေ့ ဘယ်သတ္တိနဲ့ နေသလဲ၊ ပီတိသတ္တိနဲ့နေတယ်၊ ဘုရားရှင်အပေါ်မှာ တကယ့်ကို ကြည်ညိုတဲ့သတ္တိ ပီတိနဲ့ နေတယ်။ ဘုရားရှင် ဖလသမာပတ်ကထတော့၊ ဘုရားရဲ့ တပည့်သံယာနှစ်သိန်းခွဲ အရှင်နိပုဏာ လက်ျာရံမထေရ် ကြွစေသတည်းလို့ ဘုရားရှင် စိတ်အာရုံပြုလိုက်တာနဲ့ ရောက်လာတယ်၊ ဘုရားရှင် ရသေ့တွေကို တရားဟောတယ်၊ ဘုန်းကြီးပြောချင်တာ ဒီနေရာပဲ၊ ဘုရား တရားဟောတဲ့အခါ ဆရာသရဒရသေ့ မှတစ်ပါး ကျန်တပည့်ရသေ့ ကိုးသောင်းလုံး ရဟန္တာဖြစ်တယ်၊ ဆရာက ပိုတော်တာနော်၊ ဘုန်းကြီးတို့ ရှင်သာရိပုဏ္ဏာရာလောင်း သရဒရသေ့ကြီးက ဘာမှမဖြစ်လိုက်ဘူး၊ သောတာပန်လေးတောင် မဖြစ်လိုက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက စိတ်ပျံ့လွင့်နေတယ်၊ ဒီဘုရားရဲ့ သစ္စာတရားကို ကောင်းစွာ ဘယ်လိုပဲပြနေသော်လည်း သရဒရသေ့က ဘယ်လောက် ဉာဏ်ကောင်းကောင်း အာရုံကပြောင်းနေတယ်၊ မနသိကာရဆိုတဲ့ နှလုံးသွင်းကမလာဘူး၊ သူ့နှလုံးသွင်းက ဘုရားရဲ့လက်ျာရံ အရှင်နိပုဏာမထေရ် ဖြစ်ပုံကို အားကျနေတယ်၊ သူတရားကို မရောက်ဘူး၊ အဲဒီလို နှလုံးသွင်းပြောင်းနေတဲ့အတွက် အဲဒီရသေ့ တရားမရလိုက်ဘူး၊ ဒါကြောင့် ဒီတရားတွေကို စူးစူးစိုက်စိုက်နာရမယ်၊ အခြေခံရသွားမယ်၊ နောက်ဆုံး ဘယ်လောက်ပဲ နိမ့်ကျနေစေကာမူ မြင့်မြတ်တဲ့ အဖြစ်ရောက်မယ်၊ နောက်ဆုံး နိဗ္ဗာန်ဆိုက်မယ်။

http://www.dhammadownload.com

ဘုရားရှင် နဲ့ ဥတ္တရလုလင်

နောက်တစ်ထုံးပြောမယ်၊ ဘုရားရှင်ရဲ့ လက္ခဏာ တော်ကိုစစ်တဲ့ ဥတ္တရလုလင်လေ၊ ဘုရားရှင်နဲ့အရိပ်မကွာ နေပြီးတော့ လက္ခဏာ တော်ကြီး(၃၂)ပါး၊ လက္ခဏာတော်(၈၀)အကုန် သူသိတယ်၊ လောကဓာတ်ကျမ်းကို အကုန်သူ ကျွမ်းကျင်တယ် သိတယ်။ ဘုရား စင်စစ်မှန် တယ်လို့သိတယ်၊ ဘုရားရှင်က ဥတ္တရလုလင် ကို သင်တို့ရဲ့ဆရာက မြင်တာနဲ့ ပတ်သက်ပြီး ဘယ်လိုကျင့်သုံးရမယ်လို့ သင်ပြသလဲလို့ မေး တယ်၊ ရှင်ကြီးဂေါတမ မမြင်အောင်နေရမယ်၊ မကြည့်ဘဲနေရမယ်လို့ ဟောပြောတယ်၊ ကြည့်လို့ မြင်လို့ရှိရင် အကုသိုလ်ဖြစ်မယ်၊ မကြည့်ဘဲနေရင် အကုသိုလ် မဖြစ်ဘူးဆို တော့၊ ဥတ္တရလုလင်ပြောတာ မှန်တယ်နော်၊ လူပြိန်းတို့ အနေနဲ့ ဘုရားရှင်က ပြောချလိုက် တယ်၊ ဒီလိုဆိုရင် ကန်းနေတဲ့ပုဂ္ဂိုလ်၊ ပင်းနေ တဲ့ ပုဂ္ဂိုလ်ဟာ ဒီစက္ခုနွေ့၊ သောတိနွေ့ကို ရှုဆင်ခြင်ပွားများပြီးသား ဖြစ်နေလိမ့်မယ်၊ ကန်းနေတဲ့ပုဂ္ဂိုလ် သူမမြင်ဘူးလေ၊ မမြင်လို့ အကုသိုလ်မဖြစ်ဘူး ဆိုလို့ရှိရင် ဒီစက္ခုနဲ့ ပတ်သက်ပြီး ဝိပဿနာကျင့်သုံးပြီးသား ဖြစ် နေလိမ့်မယ်။ မကြားလို့ အကုသိုလ် မဖြစ်ဘူး ဆိုရင် ဒီနားနဲ့ပတ်သက်ပြီး ဝိပဿနာကျင့် သုံးပြီးသား ဖြစ်နေလိမ့်မယ်၊ ဘုရားပြောလိုက် တော့မှ ဘုန်းကြီးတို့ စဉ်းစားကြည့်တာ၊ ဟာ တယ်နက် နဲပါလား၊ ဘုရားရှင်က မမြင်အောင် မကြားအောင်နေရမှာ မဟုတ်ဘူး၊ မြင်လိုက် တဲ့အခါမှာ ငါမြင်တာလား၊ ဘယ်သဘော သတ္တိတွေ ဖြစ်တာလဲ၊

ကြည့်မည်ကြံလျှင် သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့်ရှုရမည်

ဒီသတိပဋ္ဌာန် အစစ်က သမ္မဇဉ်လေ၊ ဒီအခါကျတော့၊ ဆင်ခြင်ကြည့်လိုက်တော့၊ ငါကမြင်တာလား၊ ပရမတ္ထသတ္တိ ဆိုတဲ့ စက္ခု ဝိညာဏ်စိတ်က မြင်တာလား၊ စက္ခုပသာဒ အကြည်ဓာတ်၊ အဆင်းဓာတ်ရှုပါရုံ၊ စက္ခု ဝိညာဏ် မြင်သိစိတ် အဲဒီတရားသုံးမျိုးပေါင်း စုံတဲ့ ဖဿ၊ အာလောကဆိုတဲ့ အလင်းရောင်၊ မနသိကာရဆိုတဲ့ နှလုံးသွင်း ဒီတရားသဘော သတ္တိတွေ တစ်ချိန်တည်းမှာ တစ်ပြိုင်နက် စုပေါင်းတာ တစ်ခုခုချွတ်ယွင်းရင် မြင်ရဦး မလား၊ ဒီနေရာမှာ သရဒရသေ့က မနသိ ကာရ လိုလို့ သ္ဌနှလုံးသွင်းက တခြားဖြစ်နေပြီး ဘုရားတရား ဘယ်လောက်ကောင်းကောင်း တရားမရလိုက်ဘူး၊ အဲဒါမနသိကာရ လျော့နေလို့ မမြင်ရဘူး၊ နှလုံးမသွင်းရင် မသိဘူး၊ နှလုံးသွင်း မှသိတယ်။

http://www.dhammadownload.com

စေတသိက် (၇)လုံး လုံးဖြစ်ပါမှ မြင်ရတာ

စက္ခုဝိညာဏ် မြင်သိစိတ် ဖြစ်ရင် စေတသိက်(၇)လုံး ပါတယ်၊ စက္ခုဝိညာဏ် မြင်သိ စိတ်က အဆင်းဓာတ်ရှုပါရုံကို သွားတိုက်ဆိုင် လိုက်တာကို ဖဿ၊ သွားတိုက်ဆိုင်လိုက်တာနဲ့ တစ်ပြိုင်နက် ဒီရှုပါရုံ ဘယ်လိုသဘောရှိတယ်လို့ ခံစားတာ ဝေဒနာ၊ ရှုပါရုံကို မှတ်သားတာ သညာ၊ ဒီအာရုံကို နိုးဆော်ပေးတာ စေတနာ၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ ဒီတရားတွေ ဖြစ်ခိုက်မှာ မပျက်အောင် စောင့်စည်းပေးတာ ဇီဝိတိန္ဒြေ၊ ဒီရှုပါရုံကိုသာ သက်ဝင်သွားတာ ဇောဂ္ဂတာ၊ ဒီရှုပါရုံကို နှလုံးသွင်းတာ မနသိကာရ၊ အားလုံး(၇)လုံး၊ အဲဒီ(၇)လုံးက တစ်ချိန်တည်းမှာ တစ်ပြိုင်နက်တည်းဖြစ်တာ၊ ခုနက မနသိကာရ လျော့နေလို့ မမြင်ရဘူးနော်၊ မြင်လိုက်တဲ့အခါမှာ ဒီစေတသိက်(၇)လုံး၊ တစ်လုံးမှ လျော့လို့မရဘူးနော်၊ ပြန်ဆိုရအောင် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ ဇီဝိတိန္ဒြေ၊ ဇောဂ္ဂတာ၊ မနသိကာရ တစ်လုံး လျော့နေရင် မြင်လို့မရ ဘူးနော်။

'ပ' သုံးလုံးနဲ့ ချုပ်သည်မှာ

အဲဒီလိုကောင်းစွာ သုတမယညာဏ်ဆိုတဲ့ သင်ကြား မှတ်သားပြီး၊ 'ပ'သုံးလုံးနဲ့ ပြန်ချုပ်လိုက်တော့ –

နှုတ်ဖြင့် လေ့ကျက်၊ စိတ်ဖြင့် ကပ်ရှု ဉာဏ်အမြင် ထိုးထွင်းသိ၏။

အားလုံးမြင်လိုက်တဲ့အခါမှာ ဖြစ်ပေါ်တဲ့ စိတ်က (၁)ခု၊ စေတသိက်က (၇)ခု၊ ရုပ်က (၃)ခု၊ ဒီ(၁၁)ခုကို ရှေးဦးစွာ သင်ကြားထားရမယ်။ မြင်တဲ့အခါမှာ သတ္တိ(၁၁)ခု၊ ဒီ(၁၁)ခုက စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေ အဲဒီတရားတွေက ငါဟုတ်လို့လား၊ ဘာသာဟုတ်သလဲ၊

ဒုက္ခ မေဝဟိ သမ္ဘောတိ။ ဟိ၊ သစ္စာမှန်၏။ ဒုက္ခ မေဝ၊ ဒုက္ခအစုသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်၏။

အဲဒီတရားအစု ဖြစ်ပေါ်ပြီး ပျက်မသွားဘူးလား၊ ပျက်သွားတဲ့တရားကို စွဲလန်းခြင်းငှာ၊ သိမ်းပိုက်ခြင်းငှာ ထိုက်ပါ့မလား၊ တရားသဘောကို မြင်လိုက်ရင်လေ၊ အာရုံကို တပ်မက်တဲ့စိတ် မလာတော့ဘူး၊ အာရုံအပေါ်မှာ တပ်မက်တာ တဏှာမဟုတ်လား၊ အာရုံကျယ်လေ တဏှာအားကောင်းလေ၊ တဏှာအားကောင်းလေ ဒုက္ခပေါက်တိုးလေ မဟုတ်ဘူးလား၊ အဲဒါ ကမ္မဋ္ဌာန်းပျောက်နေတာ မဟုတ်ဘူးလား။

မြင်မြင်ခြင်း ရှုလို့မရဘူး၊ မြင်မြင်ခြင်း ရှုလို့ရတာ ဘုရားရဟန္တာတွေပဲ၊ တစ်နေ့လုံးမြင်ခဲ့တာတွေ ငါမြင်တယ်၊ အများပြောမှန်တယ်၊ ငါက အတ္တ၊ မြင်တဲ့အခါ ဖြစ်တဲ့စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေက အနတ္တ၊ ဒါဖြင့် ဝိပဿနာ ရှုရမှာက အနတ္တရှုရမယ်၊ ဒုက္ခ၊ ဒုက္ခဆိုတာ သူသူ ငါငါသိတဲ့ ဒုက္ခနဲ့ ဝိပဿနာ

http://www.dhammadownload.com

ဉာဏ်ဝင်စားတဲ့ဒုက္ခ မကွာဘူးလား၊ မထူးဘူးလား၊ တစ်ဆူသော ဘုရားရှင်ပွင့်မှ ထူးသော တရားကို ထူးသောဉာဏ်နဲ့ ရှုမြင်တာ၊ စက္ခုပသာဒ အကြည်ဓာတ်ကလည်း ဉာဏ်နဲ့ မှ မြင်ရတာ၊ အဆင်းဓာတ်ရှုပါရဲ့၊ ဖဿ အစရှိတဲ့ စေတသိက် (၇)ခု၊ စက္ခုဝိညာဏ်စိတ် ဒီတရားတွေက ထူးကို ထူးတယ်။

သဘောသတ္တိကိုရှုမှ ဝိပဿနာ

ဆင်ခြင်ပုံလေးပြောမယ်နော် အော် မြင်တယ်ဆိုတာ ငါ့ကိစ္စလား၊ ဒီစိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေကိစ္စလား၊ စိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေရဲ့ကိစ္စပဲမဟုတ်လား၊ ငါ့ကိစ္စလို့ စွဲလန်းသိမ်းပိုက်တော့ မှားမနေဘူးလား၊ ဒီအမှားနဲ့ ချည်းသွားရင် သံသရာဆုံးမလား၊ သံသရာဆိုတာ စိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေကိုပဲ သံသရာခေါ်တယ်၊ ခန္ဓာခေါ်တယ်၊ ဝဋ်ဆင်းရဲခေါ်တယ်၊ သံသရာလည်းမသိ၊ ခန္ဓာလည်းမသိ၊ ဝဋ်ဆင်းရဲလည်းမသိ၊ ဘယ်လိုလုပ်ဆုံးမလဲ၊ ခန္ဓာခေါ်ပုံလေးပြောမယ်၊ စက္ခုပသာဒနဲ့ ရှုပါရဲ့က ရူပ်တရားမဟုတ် လား၊ ရူပ်တရားမှန်သရွေ့ ရူပက္ခန္ဓာ၊ အဲဒီ ရူပက္ခန္ဓာက အတိုအရှည် အနိမ့်အမြင့် အလုံးအခဲရှိရဲ့လား သဘောသတ္တိ၊ အတိုအရှည် အနိမ့်အမြင့် အလုံးအခဲ ခန္ဓာရှုနေသရွေ့ ဝိပဿနာမဟုတ်ဘူး မှားတယ်၊ သဘောသတ္တိကိုရှုမှ ဝိပဿနာ။

စေတသိက် (၇)ခုထဲမှာ ဝေဒနာမပါဘူးလား ဝေဒနက္ခန္ဓာ၊ သညာမပါဘူးလား သညက္ခန္ဓာ၊ ကျန်စေတသိက် (၅)လုံးထဲမှာ တစ်လုံးချင်းလည်း သခ်ါရက္ခန္ဓာ၊ (၅)လုံးစလုံးလည်း သခ်ါရက္ခန္ဓာ။ ဒါဖြင့် စက္ခုဝိညာဏ်စိတ်က ဝိညာဏက္ခန္ဓာ၊ စိတ်မှန်သမျှ ဝိညာဏက္ခန္ဓာကိုး၊ ဒါဖြင့် မြင်လိုက်တဲ့အခါ မျက်တောင် တစ်ခါခတ်ကို မခံဘဲ တစ်ချိန်တည်း တစ်ပြိုင်နက်ဖြစ်တဲ့ ခန္ဓာငါးပါးတစ်စုံ မဖြစ်ဘူးလား၊ အဲဒီ ခန္ဓာငါးပါးသည် အတိုအရှည် အနိမ့်အမြင့် အလုံးအခဲရှိလား၊ အဲဒီ အတိုအရှည် အနိမ့်အမြင့် အလုံးအခဲဆိုတာ စွဲလန်းစရာ ဝိပဿနာရှုကွက်မဟုတ်ဘူး၊ ဝိပဿနာရှုကွက်က ပရမတ်ခန္ဓာ ရှုရမှာကိုး။

တစ်ခုသောတရားကို အာရုံပြုနေတာ တရားအားထုတ်တာ

အဲဒီ ပရမတ္တခန္ဓာငါးပါးကို တစ်ပါးခြင်း၊ တစ်ပါးခြင်း လက်ချိုးပြီးနေရင် တရားအာရုံပြုနေတာ မဟုတ်ပါဘူးလား၊ အလကားနေရင် အလကားပဲ၊ တစ်ခုသောတရားကို အာရုံပြုပြီးတော့နေရင် တရားအားထုတ်တာပါပဲ၊ တရားကို အာရုံပြုပြီးတော့ တရားသဘောကို မထင်ဘူးဘဲထား၊ ဝမ်းနည်းစရာ မရှိဘူး၊ တရားအာရုံပြုနေတာပဲ၊ ခန္ဓာတစ်ပါးခြင်းကို နှလုံး

http://www.dhammadownload.com

သွင်းနေတာ တရားနဲ့နေတာပါပဲ၊ ဒီခန္ဓာကို ကောင်းစွာရှုလိုက်တဲ့အခါမှာ ဖြစ်ပြီးပျက်နေ တာကိုပဲ မြင်ရရင် ဒါတွေဟာ စက်ဆုပ်ဖွယ် အချည်းအနှီးတွေပဲလို့ ဒီလိုရှုပါမျှားတော့ တဏှာလာသေးလား၊ တဏှာမလာတော့ **"တဏှာ ကုန်က နိဗ္ဗာန်ရ တောင်ရ ထွာရ"** ဦးမည်လား၊ တဏှာကုန်အောင် ဒုက္ခကို ထင်အောင် ရှုရမည်၊ အဲဒီတော့ မြင်တာ ဘယ်သဘော သတ္တိလဲ၊ စက္ခုဝိ ညာဏ် စိတ်ကို အာရုံပြုပြီးတော့ မြင်တာ ငါ့ကိစ္စလား၊ စက္ခုဝိညာဏ် စိတ်ရဲ့ကိစ္စလား၊ ငါ့အလုပ်လား၊ စက္ခုဝိညာဏ် စိတ်ရဲ့အလုပ် လား၊ ငါက စက္ခုဝိ ညာ ဏ် စိ တ် ဟု တ် လို့ လား၊ စက္ခုဝိညာဏ်စိတ်က ငါ ဟုတ်လို့လား၊ စက္ခု ဝိညာဏ်စိတ် ဖြစ်တဲ့အခါတော့ ငါမြင်တယ် လို့ မခေါ်ဘူးလား၊ ပါဠိတော်အတိုင်းသွား တော့မယ်၊ သဠာယတနသံယုတ်၊ အာဒိတ္တ ပရိယာယသုတ်၊ စာမျက်နှာ (၃၇၀) **ဟန္ဒာဟံ ဂ္ဂဝေမေဝမနသိကရောမိ**။ အဟံ၊ ငါ သည်။ ဟန္ဒ၊ ယခုပင်။ ဂ္ဂဝေမေဝ၊ ဤတရား ကိုသာလျှင်။ မနသိကရောမိ၊ နှလုံးသွင်းနေ ပေတော့အုံ့။

မြင်တဲ့အခါ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခု ဝိညာဏ် ဒီ(၃)ချက်ပဲ၊ စက္ခုပသာဒ အကြည် ဓာတ်ကို ရှုကွက်ထား၊ ဉာဏ်နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှု ပြီးတော့ အဆင်းဓာတ် ရူပါရုံကို ရူပါအနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ စက္ခုဝိညာဏ် အနိစ္စ၊ ဒုက္ခ၊ အနတ္တာလို့ရှု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တမှာ ပုဂ္ဂိုလ်၊ သတ္တဝါ ပါရဲ့လား၊ (၁၁)ခု ရှိတာမျှားတယ်၊ (၃)ခုလောက်ရှုရင်ရပြီ။ စက္ခုဝိညာဏ်စိတ်ကို မပြတ်နှလုံးသွင်းရင် ကျင့်တယ်၊ အားထုတ်တယ်လို့ခေါ်တယ်၊ နိဂုံး ချုပ်ရအောင်နော်၊ **အာလောကိတေ၊ ဝိ လောကိတေ၊ သမ္မဇ္ဇာနကာရီဟောတိ**။

ကြည့်မည်ကြံလျှင် သမ္မဇဉ် ဆင်ခြင် ဉာဏ်ဖြင့် ရှုရမည်။

နားကြစို့။

သာဓု – သာဓု – သာဓု၊

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်။ တနလင်္ဂနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။

ထေရဝါဒဓမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွင့်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

နမောတဿ ဖြစ်ပေါ်ရခြင်း

မဟာသတိပဋ္ဌာန်ကိုမစခင် နမောတဿ သုံးကြိမ် ရှိခိုးရခြင်း ဖြစ်ပေါ်လာရတဲ့ အကြောင်း တိုက်တွန်းခန်းပေါ့၊ ဒီဝိပဿနာ တရားကို ရပြီးတော့ တရားထူးတရားမြတ်ကို ရသွားလို့ရှိရင် သေတဲ့အခါ ငြိုငြိုငြင်ငြင် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း မသေရဘူး၊ အိပ်သောယောက်ျား နိုးသော်လားကဲ့သို့ မျှားသောအားဖြင့် ငြိုငြိုငြင်ငြင် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းသေရရင် ဂတိလည်းကောင်းခဲတယ်၊ မကောင်းတာမျှားတယ်။

ဒီတရားတော်တွေကို ယုံယုံကြည်ကြည် နှစ်နှစ်ခြိုက်ခြိုက် ကျေနပ်စွာ အားထုတ်ရပြီဆိုရင် "အိပ်သောယောက်ျား နိုးသော်လားကဲ့သို့" အဲဒါတစ်ထုံးပေါ့။

အခုပြောမှာက နမောတဿသုံးကြိမ်၊ နမောတဿ ဖြစ်ပေါ်ရခြင်းအကြောင်း။ သက္ကပညာသုတ် သုတ်မဟာဝါ ပါဠိတော်၊ အဲဒီမှာ သိကြားမင်းက ဘုရားမပွင့်ခင်ကတည်းက သိကြားမင်း၊ ဘုရားပွင့်လာတဲ့အခါ သိကြားကအိုပြီ၊ ဒီအိုတယ်ဆိုပေမဲ့လို့ နတ်တို့ကတော့ အရွယ်အဆင်း မပြောင်းဘူးလေ၊ ချောချောမောမော လှလှပပ နှစ်ပရိစ္ဆေဒသာ ကြာသွားတာ၊ ကြာသွားတော့ ဘုရားဆီကိုသူ သွားပါတယ်၊ သွားတိုင်းသွားတိုင်း၊ ဘုရားရှင် ဖလသမာပတ် ဝင်စားနေတာကြောင့်မတွေ့ရဘူး၊ အဲဒီလိုချည်းပြန်လာရတယ်၊ နတ်များသေခါနီး နိမိတ်ငါးမျိုးပြတယ်၊ သေရမဲ့အတူတူ ဘုရားရှင်ရဲ့ တရားနာ သေရတာကောင်းတယ်ဆိုပြီး သူကြိုးစားတယ်၊ ကြိုးစားတော့ ဘုရားရှင် တို့မည်သည် တရားဟောတယ်ဆို တာပရိတ်သတ်ထဲမှာ တစ်ဦးတစ်ယောက် မဂ်ဖိုလ် နိဗ္ဗာန်ရမယ့် အကြောင်းရှိမှ ဟောတာ။

မဂ် ဖိုလ် နိဗ္ဗာန်ရမဲ့ တစ်ဦးတစ်ယောက်ကို ဦးတည်ပြီး တရားဟောတဲ့အခါမှာ အများပရိတ်သတ်ကလည်း မဂ် ဖိုလ် နိဗ္ဗာန် ရအောင်ယူရတယ်။

မြတ်စွာဘုရား တရားဟောတဲ့အခါ သိကြားမင်းက ဘုရားရှင်ကို ပြဿနာပေါင်း

http://www.dhammadownload.com

(၁၄)ချက်ကို မေးတယ်၊ (၈)ချက်မြောက် ပြဿနာကတော့ ဝေဒနာကမ္မဋ္ဌာန်း၊ ဒီ ဝေဒနာကမ္မဋ္ဌာန်းက ထူးခြားတယ်၊ ဝေဒနာ ကမ္မဋ္ဌာန်းကို ဘုရားရှင် ဟောတာ မြန်မာလို လေးပဲ ပြောပြမယ်။

အကုသိုလ်တရား တိုးပွားရ၍ ကုသိုလ်တရား ဆုတ်ယုတ်သော ခံစားမှုမှန်သမျှကို မခံစားရ။ ဘုရားစကား တရားအသားလေး ချည်းပဲ နာယူကြည့်ကြဦးစို့။

အကုသလာဓမ္မာ အဘိဝဍ္ဎိ၊
ကုသလာဓမ္မာ ပရိဟာယန္တိ။
အကုသလာဓမ္မာ ပရိဟာယန္တိ၊
ကုသလာဓမ္မာ အဘိဝဍ္ဎိ။

အပြန်အားဖြင့် အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရားတိုးပွားသော ခံစားမှုကို ခံစားရမည်။ ဒါဖြင့် မိမိခံစားတော့မည် ဆိုရင် စဉ်းစားရမယ်။ ငါခံစားမယ့် ခံစားဖွယ်ဟာ အကုသိုလ်တရားတိုးပွားပြီး၊ ကုသိုလ်တရား ဆုတ် ယုတ်မယ်ဆိုရင် ဒီခံစားမှုမျိုးကို မခံစားရဘူး၊ ကုသိုလ်တရား တိုးပွားပြီး အကုသိုလ်တရား ဆုတ်ယုတ်မယ်ဆိုရင် ဒီခံစားမှုမျိုးကို ခံစားရမယ်။

ကုသလာဓမ္မာ အဘိဝဍ္ဎိ၊
အကုသလာဓမ္မာ ပရိဟာယန္တိ။

ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်၊ အဘိဝဍ္ဎိ၊ အလွန်တိုးပွားကုန်၏။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ တသ၊ ထိုသို့သဘောရှိသော ဝေဒနာခံစားမှုကို။ သေဝိ တဗ္ဗာ၊ မှီဝဲအပ် ကုန်၏။

အဲဒီလောက်ကလေး ဟောချလိုက်တာနဲ့ သိကြားမင်း သောတာပတ္တိမဂ်ဉာဏ်ဖြစ်တယ်၊ သောတာပတ္တိမဂ်ဉာဏ်ဆိုတာ နိဗ္ဗာန်ကို သွားသိတဲ့ဉာဏ်၊ အဲဒီဉာဏ်ကို သွား သိတဲ့အခါ သိကြားမင်းသေသွားတယ်။ သေပြီးတော့ သိကြားမင်းအသစ်ပြန်ဖြစ်လာတယ်။ ဒီအခါမှာ သိကြားမင်း သောတာပန်ဖြစ်တာကို သူကိုယ်တိုင်သိတာ၊ ငါအရင် သိကြားမင်းမဟုတ်ဘူးဆိုတာ၊ ကိုယ်တိုင်သိနေတယ်နော်၊ လိုက် ဆိုလိုက်ပါ၊

ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ဝိဒိတ ဓမ္မော၊ ဓမ္မာစက္ခုမှာ လာတာလေ၊ အဲဒီလို သိကြားမင်းအသစ်ဖြစ်တာကို ဆရာဖြစ်တဲ့ ဘုရားကလည်းသိတယ်၊ သိကြားမင်းကိုယ်တိုင်လည်း သိတယ်၊ ပရိတ်သတ်တို့ မသိဘူး၊ အဲဒီမှာ သိကြားမင်းက ဝမ်းသာလွန်းလို့ မြတ်စွာဘုရားကို လက်အုပ်ချီပြီးတော့ အာရုံပြုလိုက်တယ်၊ အဲဒီအခါမှာ ဗုဒ္ဓါနုဿတိ သမထပြီးသွားတယ်၊ သီလ လုံခြုံသွားပြီ၊ ဣန္ဒြေလည်း ငြိမ်သက်သွားတယ်။

အဲဒီမှာ သိကြားမင်းက နမောတဿ သုံးကြိမ်ဖြင့် မြတ်စွာဘုရားကို ရှိခိုးတယ်။

တရားကျင့်တယ်ဆိုတာ

အဲဒီမှာ တရားဆင်ခြင်ပုံ တစ်ကွက်ဝင်သွားတယ်။ ဘုန်းကြီးတို့ စားရင်ကော ခံစားမှု မပါဘူးလား၊ ဝတ်ရင်ရော၊ အရာရာမှာ နေထိုင်ရင်ရော၊ ခံစားတာ ပါဠိလို ဝေဒနာ ခေါ်

http://www.dhammadownload.com

တယ်။ ဝေဒနာဆိုတာ အခေါ်အဝေါ်က နာမ ပညတ်၊ ထင်ရှားဖြစ်တဲ့ ခံစားမှုက ပရမတ်၊ ဝိပဿနာရှုတဲ့အခါမှာ ပရမတ်ကို ရှုရမယ်။

ခန္ဓာငါးပါးရှိတယ်လေ၊ ခန္ဓာငါးပါးထဲမှာ ဝေဒနာကွန္ဓာမပါဘူးလား၊ ခန္ဓာငါးပါး ရထိုက်တဲ့ပုဂ္ဂိုလ်တိုင်းမှာ ဝေဒနာမဖြစ်တဲ့အခါ မရှိဘူး၊ လူက သိသိ မသိသိ ဝေဒနာကတော့ တစ်မျိုး မဟုတ် တစ်မျိုး ဖြစ်နေတယ်။

အဲဒီတော့ မိမိသန္တာန်မှာ ဘယ်ဝေဒနာ ဖြစ်နေလဲလို့ ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ အကုသိုလ်တရားတိုးပွားပြီး ကုသိုလ်တရား ဆုတ်ယုတ်တဲ့ ဝေဒနာကို မခံစားရဘူး။ ဆက်လက်ပြီး နှလုံးမသွင်းရဘူး၊ ကုသိုလ်တရား တိုးပွားပြီး အကုသိုလ်တရား ဆုတ်ယုတ်တဲ့ဝေဒနာကို ခံစားရမယ်၊ ဒါ မဆင်ခြင်ရင် မသိဘူးနော်၊ ဆင်ခြင်တဲ့ အလေ့အကျင့်လုပ်ပေးရမယ်။ တရားဆိုတာ ဆင်ခြင်ရတယ်၊ ဆင်ခြင်လို့ ထင်လာတဲ့တရားကို အမြဲမပြတ် နှလုံးသွင်းနေတာကို တရားကျင့်တယ် လို့ခေါ်တယ်။

အဲဒီတော့ ဣရိယာပုတ် ၄-ပါးလုံးမှာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လဲလျောင်းခြင်း ဆင်ခြင်ရင် မရဘူးလား၊ ဒါပေမဲ့ ဘယ်လို အလုပ်မဆို အစတော့ခက်တာပဲ၊ နောက်လုပ်ပါမျှားရင် နောက်တော့ လွယ်သွားတာပဲ၊ အဲဒီတော့ တရား တစ်ထုံး နှလုံးသွင်း ကျင့်သုံးနည်းရရော ဒါ နမောတဿ။

ဘုရားရှင်ကိုယ်တော်တိုင်ဖေးတဲ့ ကမ္မဋ္ဌာန်း

သတိပဋ္ဌာန်ကိုသွားကြ အခြေခံကို ပေးဦးမယ်၊ ကမ္မဋ္ဌာန်းပေးနည်း၊ ကမ္မဋ္ဌာန်းယူနည်း၊ ဘုရားရှင်ကိုယ်တော် တိုင် စတုက္ကနိပါတ်မှာ ပေးသွားတာ သောတာနုဂတသုတ်၊ ထိပ်ဆုံးက စကားကိုပဲ သုတ်အမည်ပေးလိုက်တာပဲ၊

(၁) သောတာနုဂတ၊ သင်ကြား နာယူရမယ်။

(၂) ဝစသာပရိစိတ၊ နှုတ်ဖြင့် တပြောင်းပြန်ပြန် ရွတ်ဆိုရမယ်။

(၃) မနသာနုပေက္ခိတ၊ မိမိရွတ်ဆိုတဲ့ ကမ္မဋ္ဌာန်းစာရဲ့ အနက်အဓိပ္ပါယ်ကို စိတ်ထဲ၌ ထင်အောင်နှလုံးသွင်း ရမယ်။

(၄) ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ၊ ဉာဏ်အမြင် ထိုးထွင်း သိလာပြီ။

အဲဒီတရားဉာဏ်အမြင် ထိုးထွင်းသိလာ လိမ့်မယ်။ သာဓက သီရိလက်ာ ကျမ်းဂန်တတ် မထေရ်သုံးပါး၊ ဒါ ဝိသုဒ္ဓိ မဂ်လာတာပေါ့၊ ဆရာတော်ကြီးတစ်ပါးထံ ကမ္မဋ္ဌာန်း လာတောင်းတယ်။ အဲဒီအခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတဲ့ ပါဠိစာပုဒ်တွေကို တစ်ဝါတွင်းလုံး ရွတ်ဆိုခိုင်းတယ်၊ ဥပမာ ဘယ်လို ဟာမျိုးလဲဆိုရင်–

သဗ္ဗေသခါရာ အနိစ္စာ၊
ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေသခါရာ ဒုက္ခာ၊
ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

http://www.dhammadownload.com

သဗ္ဗေမမ္ဘာ အနတ္တာ၊
ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊
ဧသမဂ္ဂေါ ဝိ သုဒ္ဓိယာ။

အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတဲ့ ပါဠိပုဒ်တွေကို ဝါတွင်းသုံးလလုံး ရွတ်ဆိုခိုင်းတယ်။ ဒါကမ္မဋ္ဌာန်းပေးတာပဲ၊ ဝါလဲကျွတ်ကော အရဟတ္တဖိုလ်ပေါက်တာပဲ၊ မိမိတို့ ရွတ်ဆိုတဲ့ ကမ္မဋ္ဌာန်းစာရဲ့ အနက်အဓိပ္ပါယ်ကို စိတ်ထဲမှာ မထင် ထင်အောင် နှလုံးသွင်းတာလေ၊ နှလုံးသွင်းတာများတော့ ဒီတရားထူးတရားမြတ်တွေ ဉာဏ်ထဲမှာ လာထင်တာပဲ။

အဲဒါကျမ်းဂန်မှာရှိတဲ့ ကမ္မဋ္ဌာန်းပေးနည်း၊ ကမ္မဋ္ဌာန်းယူနည်း ဘုရားရှင်ကိုယ်တော်တိုင် ပေးသွားတာ။ သောတာနုဂတသုတ်၊ အဂုံတ္တိရ်ပါဠိတော်၊ စာမျက်နှာ(၅၀၀)ကို အောက်ဆုံးနှစ်ကြောင်းကစ၊ အဲဒီတော့ ကျမ်းဂန်မှာလာတာ ခိုင်လုံတယ်။ အဲဒီနည်းအတိုင်း ကျင့်သုံးလိုက်တဲ့အခါ ကျတော့ အိပ်သောယောက်ျား နိုးသော်လားကဲ့သို့ တရားဆိုတာ ပါဠိ က သိကွတိ၊ ကျင့်၏။ ကျင့်၏ ဆိုသည်ကား လုံ့လပြု၏။ မပြတ်နှလုံးသွင်း၏။

မပြတ်နှလုံးသွင်းပုံလေး သွားရအောင် မဟာသတိ ပဋ္ဌာန်မှာရှိတဲ့ ဘုရားစကားတရားအသားလေး လိုက်ဆို–

အသိတေ၊ ပီတေ၊ ခါယိတေ၊
သာယိတေ၊ သမ္မဇနကာရီ ဟောတိ။

အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည် ရှိသော်။ ခါယိတေ၊ ခဲသည် ရှိသော်။ သာယိတေ၊ လျက်သည် ရှိသော်။ သမ္မဇနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကိုင်း–နားတောင်ကြည့် တရားရှုကွက်တွေ ရောက်လာပြီ၊ ဉာဏ်ဝင်ပုံ ရှုကွက်ကိုသက်ဝင်ပုံ လာတော့မယ်။

မဟာသတိပဋ္ဌာန်မှာ ဘုရားဟောတာ အဲဒီအတိုင်း ဟောတာ၊ စားမည်ကြံလျှင် သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့် ရှုရမယ်။ အဲဒီတော့ (၂၂)ချက်လုံး သမ္မဇဉ်နဲ့ချည်းသွားရမယ်။ ဉာဏ်နဲ့ချည်းသွားရမယ်။ ဉာဏ်ဆိုတာ လူတိုင်းမရဘူး၊ မရတော့ ယုတ်ဆွအဆုံး အားထုတ်ရမယ့် ကမ္မဋ္ဌာန်းရှိ သေးတယ်။

သနိမိတ္တနဲ့ အနိမိတ္တ

သမထ–သမထ၊ သမထရဲ့ အာရုံက သနိမိတ္တ၊ သနိမိတ္တဆိုတာ ပုံပန်းသဏ္ဌာန် အထည်ကိုယ်ဒြပ် အသွင်အပြင်ရောပေါ့၊ ဝိပဿနာရဲ့ အာရုံက အနိမိတ္တ ပုံပန်းသဏ္ဌာန် အထည်ကိုယ်ဒြပ် အသွင်အပြင် မရှိဘဲ သဘောသတ္တိကို ရှုတာ။

အဲဒီတော့ စားမယ့်စားမယ်ဆိုတဲ့ အခါကျတော့ စားစရာတွေ ပုံပန်းသဏ္ဌာန်ထင်လာတော့ ယုတ်ဆွအဆုံး မေတ္တာကမ္မဋ္ဌာန်းဝင်ရမယ် လိုက်ဆိုလိုက်ပါ။ ပုဂ္ဂိုလ် သတ္တဝါ မြင်လျှင် ပုံပန်းသဏ္ဌာန်ထင်လျှင် မေတ္တာဝင် ဆင်ခြင်ဆတ်ဆတ် ပရမတ်၊ ဝိပဿနာရှုရ၏။ ပုဂ္ဂိုလ် သတ္တဝါ တစ်ဦး တစ်ယောက်ကို မြင်လိုက်တယ်ဆိုရင် ချမ်းသာပါစေ၊ ချမ်း

http://www.dhammadownload.com

သာပါစေလို့ မေတ္တာပွားရမယ်။ ထမင်းဟင်းတွေ မြင်လိုက်ရင် ဘယ်လို မေတ္တာပွားမလဲ၊ ဒါ ဘုန်းကြီးတို့နည်းပဲ။ ကိုင်း – မေတ္တာပို့နည်းလေး လိုက်ဆို – ငါ့လိုစားနိုင်ကြပါစေ။ ငါ့ထက်သာအောင် စားနိုင်ကြပါစေ။ အဲဒါ လေ့ကျင့်ရမယ်။ ဒါလွယ်လွယ်ကူကူနဲ့ ကျင့်သုံးရမယ့်တရား။

ဒါဖြင့် ဝိပဿနာတက်ပြီဆိုရင် လွယ်သွားပြီ။ မေတ္တာပို့တဲ့အခါမှာ မေတ္တာပို့တဲ့စိတ် ဖြစ်တယ်နော်။ ရှိတာက စိတ်၊ စေတသိက်၊ ရူပ်၊ နိဗ္ဗာန်နော်၊ လိုချင်တာက နိဗ္ဗာန်၊ နိဗ္ဗာန်ကို လိုချင်ရင် စိတ်၊ စေတသိက်၊ ရူပ်ကို ဉာဏ်ထဲထင်အောင် ရှုရမယ်။ စိတ်၊ စေတသိက်၊ ရူပ်ကို ဉာဏ်ထဲထင်အောင် မရှုနိုင်ရင် နိဗ္ဗာန် မရောက်ဘူး။

ဓမ္မပဒပါဠိတော်ဆိုတာ ကမ္ဘာသုံး၊ ထိပ်ဆုံးကစာတန်း မနောပုဗ္ဗင်္ဂမာဓမ္မာ၊ စိတ်သာ ပြဌာန်းတယ်၊ အဓိက ကစိတ်၊ မေတ္တာပို့စားတဲ့အခါ၊ ဝတ်တဲ့အခါ တကယ်ကို အကျိုးကျေးဇူးများတဲ့ မေတ္တာကမ္မဋ္ဌာန်း ပြီးသွားတယ်။ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ ကျင့်လို့ ပြီးသွားတယ်။

ပညတ် နဲ့ ပရမတ်

မေတ္တာပို့တဲ့အခါမှာ ပို့တဲ့ပုဂ္ဂိုလ်ကပညတ်၊ ပို့တဲ့စိတ်က ပရမတ်၊ ဒါဖြင့် ဝိပဿနာရှုရမှာက စိတ်ဆိုတဲ့ ပရမတ်ကို ရှုရမယ်။ မေတ္တာပို့တဲ့ စိတ် မဖြစ်ဘဲ ပို့လို့ရမလား။ မေတ္တာပို့တဲ့ စိတ်ကို သင်ကြားပို့ပေးရာက အဒေါသ စေတသိက်၊ အဲဒါကို မေတ္တာလို့ခေါ်တယ်၊ အဲဒီ စေတသိက်မဖြစ်ဘဲ မေတ္တာပို့လို့ မရဘူး။ အဲဒီတော့ မေတ္တာပို့တဲ့ ပုဂ္ဂိုလ်က ပညတ်၊ စိတ်က ပရမတ်၊ ဒီစိတ်က ကုသိုလ်စိတ်၊ မေတ္တာပို့တဲ့အခါ စိတ်ထဲမှာ မကြည်လင်ဘူး လား၊ မေတ္တာပို့တဲ့ အခါ စိတ်ကိုကြည်လို့ အဲဒီကြည်တဲ့ အာရုံခံစားတာ ဝေဒနာ၊ ဝေဒနာက စေတသိက်၊ ကုသိုလ်စိတ် ဖြစ်တယ်။ ဒီဝေဒနာ ဖြစ်တယ်၊ ဒီစိတ်တွေ ဝေဒနာတွေက ငါဟုတ်လို့လား၊ ဝိပဿနာရှုတဲ့အခါ အဲဒီ စိတ်တွေ ဝေဒနာတွေရှုရတာ၊ ဒါအနတ္တတရား ပဲလို့ရှုတာ၊ အနတ္တဆိုတာ အနှစ်သာရမရှိဘူး။ ပိုင်ဆိုင်သူမရှိဘူး၊ အလိုသို့ မလိုက်ဘူး၊ သူ့သဘောသူ ဆောင်တယ်၊ အနတ္တ အနက်ကလေး ဘုရားစကားအတိုင်း နားထောင် ကြည့်မယ်လေ။

အနတ္တ (၄)မျိုး

အသာမိကဋ္ဌေန အနတ္တာ။ အသာမိကဋ္ဌေန၊ ပိုင်ဆိုင်သူမရှိသော အနက်သဘော သတ္တိကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

အသာရကဋ္ဌေန အနတ္တာ။ အသာရကဋ္ဌေန၊ အနှစ်သာရ မရှိသော အနက်သဘော သတ္တိကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

အဝသဝတ္တနဋ္ဌေန အနတ္တာ။ အဝသ

http://www.dhammadownload.com

ဝတ္ထုနဋ္ဌေန၊ အလိုသို့မလိုက်သော အနက်သဘော သတ္တိကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

နိဗ္ဗာပါရဋ္ဌေန အနတ္တာ။ နိဗ္ဗာပါ ရဋ္ဌေန၊ ကြောင့်ကြမစိုက်ခြင်း အနက်သဘော သတ္တိကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

အနတ္တသဘောကို ထင်အောင် မေတ္တာပို့တဲ့အခါမှာ ဖြစ်တဲ့စိတ်တွေ၊ စေတသိက်တွေကို အနတ္တသဘော မြင်အောင်ရှုရမယ်၊ မိမိက ရှုရှု မရှုရှု စိတ်ကတော့ မမြဲခြင်းသဘော အနိစ္စ၊ မမြဲတဲ့အနိစ္စသဘောဟာ သုခလား ဒုက္ခလား ဆိုတော့ ဒုက္ခ။

ပဌာန်းပါဠိတော်နဲ့ ဝိပဿနာ

အဲဒီတော့ အကုန်လုံးမမြင်သေးရင် တစ်ခုသောတရားကို နှလုံးသွင်းရမယ်၊ မေတ္တာဆိုတာ လေ့ကျက်ထားရမယ်၊ မေတ္တာပို့တဲ့စိတ်ကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရင် ဝိပဿနာဖြစ်သွားတယ်။ အဲဒါ ပဌာန်းပါဠိတော်ပဲ၊ လိုက်ဆိုလိုက်ပါ–

ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ အဲဒါ အထက်ပဌာန်းကျမ်းပဉ္ဘဝါရပဲ။ ဝိပဿနာ ရှုတဲ့အခါမှာ မိမိသန္တာန်မှာ ဘယ်ကုသိုလ် ဖြစ်နေသလဲလို့ ဆင်ခြင်ရမယ်။

တစ်နည်း တရားသင်တန်းရှိတယ် သွားမယ်လို့ စိတ်ကူးရုံရှိသေးတယ်၊ နားထောင်ကြည့်–

စိတ္တုပ္ပါဒမ္ပိ ခေါ် အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ။

စုန္ဒ၊ ချစ်သားစုန္ဒ။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ စိတ္တုပ္ပါဒမ္ပိ၊ စိတ်ကူးမျှ ဖြစ်ပေါ်ခြင်းကိုလည်း၊ ဗဟုပကာရံ၊ ကျေးဇူးများလှပြီဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

တရားသင်တန်းကို မလာရသေးဘူးနော်၊ လာမယ်ဆိုတဲ့စိတ် ဖြစ်တယ်၊ အဲဒီစိတ်က ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား၊ ကုသိုလ်စိတ်၊ ကုသိုလ်စိတ်ရဲ့သတ္တိက အကျိုးပေးတော့ အထက်တက်မှာ၊ အဲဒါ အနတ္တပဲ၊ သူ့သဘောသူဆောင်တယ်။

အဲဒီကုသိုလ်စိတ်ကိုပဲ လာတဲ့ပုဂ္ဂိုလ်က ပညတ်၊ စိတ်က ပရမတ်၊ ဆရာကောင်းရရင် လာတဲ့ အချိန်မှာပဲ မိမိသန္တာန်မှာဖြစ်တဲ့ စိတ်ကို ဆင်ခြင်လိုက်ရင် မထင်ဘူးလား၊ ထင်လာတဲ့စိတ်က ရှုကွက်၊ ရှုတဲ့ဉာဏ်နဲ့ ကြည့်လိုက်ရင် စိတ်က ငါဟုတ်လို့လား၊ ငါက အတ္တ၊ စိတ်က အနတ္တ၊ အနတ္တ တရားကို အနတ္တလို့ ရှုမြင်လိုက်ရင် ဒါဝိပဿနာပဲ။ မပြတ် နှလုံးသွင်းတာကို ကျင့်တယ်လို့ ဆိုတယ်၊ ဒါ ဘုန်းကြီးစကား မဟုတ်ဘူး၊ ကျမ်းဂန်စကားပဲ၊ သိကွတိ၊ ကျင့်၏။ ကျင့်၏ ဆိုသည်ကား အားထုတ်၏။ လုံ့လပြု၏။ မပြတ်နှလုံးသွင်း၏ ဟု ဆို၏။ ပါဠိတော် ကမ္မဌာန်းပေးနည်း အစီအစဉ် ပြန်ချုပ်တော့မယ်နော်။

http://www.dhammadownload.com

ပ သုံးလုံးဟူသည်

'ပ' သုံးလုံး၊ ပထမ 'ပ' က နှုတ်ဖြင့် လေ့ကျက်၊ ဒုတိယ 'ပ'က စိတ်ဖြင့်ကပ်ရှု၊ တတိယ 'ပ' က ဉာဏ်အမြင် ထိုးထွင်းသိ၏။ ကမ္မဋ္ဌာန်းပေးနည်းမှာ ကောင်းစွာ သင်ကြားနာယူ ရမယ်ဆိုတဲ့ နံပါတ်(၁) ပိုလာတယ်၊ နံပါတ် (၄)က ဒီအစီ အစဉ်အတိုင်း အားထုတ်ရင် တရားသဘောတွေ ဉာဏ်မှာ ထင်လာမယ်၊ ဒါ တရားရတယ်ခေါ်တယ်၊ တရားသဘောကို ကောင်းစွာရှုမြင်တာကို တရားရတယ်လို့ ခေါ်တာနော်၊ ဒါ အနတ္တတရားကို အနတ္တလို့ ကောင်းစွာရှုမြင်တာနော်။

ပထမအချိန်နားကြစို့။

သာဓု – သာဓု - သာဓု။

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

သတိပဋ္ဌာန်ဝိပဿနာ

သတိပဋ္ဌာန်အခန်း(၃)၊ ဒီအခန်းမှာတော့ အချက်ပေါင်း(၂၂)ချက်ရှိတယ်၊ အဲဒီ(၂၂)ချက်ကို ပြန်ပြီး တစ်ခေါက်ပြောမယ်။ ဘုရားစကားနဲ့ တွဲပြီးပြောမယ် ပြန်နားထောင်။

ပုနစပရံ ဘိက္ခဝေ ဘိက္ခု အာလောကိတေ၊ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ။

အာလောကိတေ၊ တည့်တည့်ကြည့်သည် ရှိသော်။ ဝိလောကိတေ၊ စောင်းငဲ့ကြည့်သည် ရှိသော်၊ သမ္မဇာနကာရီ၊ ကောင်းစွာ ဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

တည့်တည့်ကြည့်တာ တစ်ချက်၊ သေချာလိုက်အာရုံ ပြုထား၊ လက်ကလေးချိုးနိုင်ရင် ပိုကောင်းတယ်၊ သတိမလွတ်အောင်လေ၊ သမ္မဇဉ် ဆင်ခြင်ဉာဏ်လေးပါ၊ ခေါင်းစည်းလေးတပ်၊ ဆင်ခြင်ဉာဏ်လေးပါးကို ခုနက (၂၂)ချက်ကို (၄)နဲ့ မြှောက်ရင် (၈၈)ချက်၊ အဲဒီတော့ တရားအားထုတ်တယ်၊ တရားအားထုတ်တယ်ဆိုတာ၊ တစ်ချက်ပြီးတစ်ချက် ဆင်ခြင် သုံးသပ်သွားတာကို တရားအား

http://www.dhammadownload.com

ထုတ်တယ်ပြောတယ်။

အဲဒီတော့ ဘုရားစကား တရားအသား ဖြစ်တဲ့ မူရင်းဖြစ်တဲ့တရားအားထုတ်တာက သတိပဋ္ဌာန်၊ ဒီ သတိပဋ္ဌာန် တရားထဲက တစ်ခန်းခန်းကို အားထုတ်တော့မယ်၊ အချက်တိုင်း အချက်တိုင်းကို ဆင်ခြင်ဉာဏ်လေးပါးနဲ့ ဆင်ခြင်သွားတာကို သတိပဋ္ဌာန်ဝိပဿနာ တရားအားထုတ်တယ် ခေါ်တယ်။

သမ္မဇဉ်ဆင်ခြင်ဉာဏ် (၄)ပါး

ဆင်ခြင်ဉာဏ် (၄)ပါးက–

(၁) အကျိုးရှိ မရှိ၊ ပါဠိလို **"သာတ္ထက သမ္မဇည"** လို့ ခေါ်တယ်။

(၂) သင့် မသင့် **"သပ္ပါယသမ္မဇည"** ဒီလိုဘုရား ဟောတယ်။

(၃) ကမ္မဋ္ဌာန်းအာရုံနဲ့ လွတ်မျှားနေလား၊ မလွတ်ဘူးလား၊ အဲဒါ **"ဂေါစရ သမ္မဇည"** ခေါ်တယ်

(၄) ကမ္မဋ္ဌာန်းတရားဖြစ်တဲ့ ဤသည်ကား စိတ်၊ ဤသည်ကား စေတသိက်၊ ဤသည်ကားရူပ်၊

ပြန်နားထောင် ကြည့်မယ်နော်၊ စိတ်နဲ့ စေတသိက်ကို နာမ်တရားခေါ်တယ်နော်၊ ရူပ်ကို ရူပ်တရားခေါ်တယ်နော်၊ ခန္ဓာဖွဲ့တဲ့အခါ ကျတော့ ရူပ်က ရူပက္ခန္ဓာနော်၊ စိတ်က ဝိညာဏက္ခန္ဓာ၊ စေတသိက်က ခန္ဓာ(၃)ပါးရတယ်၊ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ကျန်တဲ့စေတသိက်တွေက တစ်ခုချင်းလည်း သခ်ါရက္ခန္ဓာ၊ အကုန်လုံးလည်း သခ်ါရက္ခန္ဓာ၊ အဲဒီတော့ သင်ထားမှရမယ်။

အဲဒါ ကမ္မဋ္ဌာန်းတရားတွေပဲ၊ ကမ္မဋ္ဌာန်းရှုရမယ့် တရားတွေက ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာလို့ဆိုထားတာကိုး၊ ချုပ်လိုက်တော့ ဒါစိတ်၊ ဒါ စေတသိက်၊ ဒါရူပ်၊ အဲဒီ တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်အောင် ရှုမိရဲ့လား၊ မရှုမိဘူးလားလို့ ဆင်ခြင်ရမယ်၊ ဒါကို **"အသမ္မောဟ သမ္မဇဉ်"** လို့ခေါ်တယ်၊ အသမ္မောဟသမ္မဇဉ် ဆိုတာ အဆုံးစကား မောဟပါပဲ၊ မောဟဆိုတာ အမှန်တရားကို မမြင်တာကို မောဟ၊ အမှန်တရားကို မြင်သွားတာ ဉာဏ်မို့လား၊ ဉာဏ်ကို သမ္မောဟလို့ ခေါ်တယ်။

အဲဒီတော့ ရှုတတ်တဲ့ဉာဏ်နဲ့ ရှုလိုက်ရင် စိတ်ကိုသွားတွေ့တယ် (သို့မဟုတ်) စေတသိက်ကိုသွားတွေ့တယ် (သို့မဟုတ်)ရူပ်ကိုသွားတွေ့တယ်။ ထင်လာတဲ့တရားဟာ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ ရှုမိရဲ့လား၊ မရှုမိဘူးလားလို့ ဆင်ခြင်တာ နံပါတ်(၄)ပဲ၊ အဲဒါ သမ္မဇဉ်(၄)ပါး။

တရားအားထုတ်ရင် (၂၂)ချက်နဲ့မလွတ်

တရားအားထုတ်တယ်၊ တရားအားထုတ်တယ်ဆိုတာ ဒီ(၂၂)ချက်နဲ့ လွတ်ကင်းပြီး ရှောင်ကွင်းနေနိုင်ရဲ့လားလို့ ဆင်ခြင်ရမယ်၊ ဘုရားရှင်က အကုန်လုံး ပိုက်စိပ်တိုက်ထားတာကို၊ ဒီ(၂၂)ချက်နဲ့ လွတ်နေလို့မရဘူး၊ တစ်ချက်ချက်တော့ သက်ဝင်နေတယ်။

http://www.dhammadownload.com

ကိုင်း ဒီနေရာမှာ စားတာကို ပြောတာဆိုတော့ စားတဲ့အခါ ဒီဆင်ခြင်ဉာဏ်(၄)ပါးနဲ့ ဆင်ခြင်စားမှ သတိပဋ္ဌာန်ဝိပဿနာ၊ ဒီဆင်ခြင်ဉာဏ်(၄)ပါးကလွတ်နေလို့ရှိရင် လွတ်နေတာပဲ၊ ဒီ(၂၂)ချက်ကို ဆင်ခြင်ဉာဏ်(၄)ပါးနဲ့ ဆင်ခြင်လိုက်ရင် (၈၈)ချက်၊ အဲဒါကို တစ်ခုပြီး တစ်ခု ပေါက်အောင် ရှုရမယ်၊ အဲဒီလိုရှုလို့ နောက်ဉာဏ်က ရင့်ကျက်လာတော့ ဒီ(၂၂)ချက်ထဲက တစ်ခုခုသောတရားကို ဥပမာ စားတယ် သောက်တယ် မျိုတယ် လျှက်တယ်၊ ဒီအခါမှာ သတိထားပြီးတော့ သတိဆိုတာ မှတ်တာမဟုတ်ဘူးနော်၊ တရားကို မထင်ထင်အောင် နှလုံးသွင်းတာ သတိပဲ။

တရားအားထုတ်တဲ့အခါ သတိနဲ့ ပညာ၊ ဥပမာ ငါ့ရဲ့သန္တာန်မှာ ဘယ်စိတ်တွေဖြစ်သလဲ၊ ဘယ်စေတသိက်တွေ ဖြစ်သလဲ၊ ဘယ်ရုပ်တွေဖြစ်သလဲလို့ သတိနဲ့အောက်မေ့လိုက်တာ၊ အဲဒီလို မိမိရရ သတိနဲ့ အောက်မေ့ထားတဲ့တရားကို သတိမှာလာထင်ထားတဲ့ တရားတွေ ပျက်ကုန်ပြီနော်၊ အဲဒီတော့ ဉာဏ်ကနေပြီးတော့ ဉာဏ်ပညာထင်တဲ့ စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေက အကုန်လုံး အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ ထင်အောင်ရှုတာကို ဉာဏ်။

ဝိပဿနာကို ဘယ်လိုလုပ်သလဲဆိုရင်

အဲဒီတော့ ဝိပဿနာအလုပ်ဆိုတာ ဘယ်လိုလုပ် တာလဲဆိုရင် သတိနဲ့ ပညာရဲ့အလုပ်ပဲ၊ သတိပညာကလွတ် နေရင်တော့ ဝိပဿနာ မဟုတ်ဘူး။ ဒါကြောင့် ဝိပဿနာဟာ လူရဲ့ အလုပ်မဟုတ်ဘူး၊ သွားနေတာ၊ ရပ်နေတာ၊ ထိုင်နေတာက ပဓာနမဟုတ်ဘူး၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်းမှာ သတိပညာရဲ့ကိစ္စပါ အောင်သွားရမယ်၊ ရပ်ရမယ်၊ ထိုင်ရမယ်၊ လဲလျောင်းရမယ်၊ စားရမယ်၊ သောက်ရမယ်၊ သတိပညာရဲ့ကိစ္စ သတိဆိုတာ အောက်မေ့ရမယ်၊ နှလုံးသွင်းရမယ်၊ ပညာက ထင်လာတဲ့ တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်အောင် ရှုရမယ်၊ တစ်ဆူတစ်ဆူသော ဘုရားရှင်ပွင့်မှ ဟောတဲ့တရား ကိုတော့ ကောင်းစွာသင်ကြား နာယူရမယ်။

၁။ **သောတာနုဂတ**၊ သင်ကြားနာယူ ရမယ်။

၂။ **ဝစသာပရိစိတ**၊ နှုတ်ဖြင့် အဖန်ဖန် လေ့ကျက်ရမယ်။ လေ့ကျက်တော့ အများကြီး မလိုပါဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးမျိုးပဲ၊ သုံးမျိုးက မျှားနေသေးတယ်၊ ဥပမာ-ဒုက္ခ တစ်ခု ဒုက္ခဆို ကျက်စရာဘယ်လိုမလဲ၊ ပထမ အကြိမ်မှာ နောက်ဆုံးပြီးသွားတာ စကား(၅) ခွန်းလေ၊ တစ်ခေါက်ပြန်ဆိုရအောင်-

ကုသလ် အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

အဲဒီတော့ ပါဠိသွားအတိုင်းမရဘူးထား၊ အလကားနေ အလကားပဲ၊ လက်ချိုးရေကြည့်ရမယ်၊ ရေကြည့်တဲ့အခါကျတော့ တစ်ခုလိုနေတယ်၊ ဘာပါလိမ့်မလဲလို့ စဉ်းစားနေတာကိုက တရားကို အာရုံပြုနေတာပဲ၊ ဒါ တရား အားထုတ်တာပဲ။

http://www.dhammadownload.com

ကြိုက်ရင်ဇလာဘ

စားနည်းသောက်နည်းထဲက စားမယ်လို့ ဆိုတဲ့အခါ ကျတော့ ဒီနေရာမှာ ကမ္မဋ္ဌာန်း လွတ်နေခဲ့ရင် ကြိုက်ရင် လောဘ၊ မကြိုက်ရင် ဒေါသ၊ အမှတ်တမဲ့စားရင် မောဟ၊ အဲဒီတော့ စားတဲ့အခါကျတော့ လောဘနဲ့လား၊ ဒေါသနဲ့ လား၊ မောဟနဲ့လား၊ အဲဒီလို စဉ်းစားဆင်ခြင် လိုက်ရင် အများဆုံး ဘာနဲ့စားသလဲ၊ မောဟနဲ့ အများဆုံးစားတာလေ၊ ခုနက ဆင်ခြင်ဉာဏ် (၄)ပါးက လွတ်နေတယ်လေ။

၁။ အကျိုး ရှိ မရှိ၊ ဒီအစာကို စားသဖြင့် အကျိုးရှိ မရှိ၊ စားရင် ကျန်းမာရေးအတွက် အကျိုးရှိတယ်၊ ဒီအစားကတော့ မသင့် အကျိုးပင်ရှိသော်လည်း သင့် မသင့်၊ အဲဒီ တော့ မိမိ ကြိုက်တဲ့အစာ စားမယ်လို့ဆိုပါ တော့ မြင်လိုက်တာနဲ့ စိတ်ထဲက တပ်မက် လိုက်တာ လောဘ မဟုတ်ဘူးလား။

ဒီတော့ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း အားထုတ် တဲ့ ပုဂ္ဂိုလ်က မိမိသန္တာန်မှာ ဘယ်စိတ်ဖြစ် သလဲ၊ ဘယ်စေတသိက်ဖြစ်သလဲ၊ ရူပ်တရား က ဘယ်တရားလဲ၊ တစ်ခုခုကို သတိနဲ့ အောက်မေ့ပြီး ဉာဏ်နဲ့ထင်အောင် ရှုရမယ်။

ကိုင်း မကြိုက်တာနဲ့တွေ့တော့ ဒေါသ၊ အမှတ်တမဲ့ စားရင် မောဟ၊ ကမ္မဋ္ဌာန်းက လွတ်တိုင်းလွတ်တိုင်း မောဟ ဖြစ်နေတယ်၊ ဒါဖြင့်ရင် စားတဲ့အခါ ဆင်ခြင်ရတယ်၊ ကမ္မဋ္ဌာန်းလွတ်စားရင် အကျိုးရှိပါ့မလား၊ ဖြည်းဖြည်း စဉ်းစားကြည့် ဒါတရားစစ် တရား မှန်တွေပဲ။

ဝိပဿနာမတတ်ရင် ရှုံးတယ်

ဆရာတော် ဦးဗုဒ္ဓ ရှေ့တည့်တည့် တစ် ခွက်ပဲနှိုက်တယ်၊ ကျော်နှိုက်ရင် လောဘ၊ လောဘနဲ့သေရင် ပြိတ္တာသွား ဖြစ်တယ်။ ရေးလိုက်ပါ **"ပေးသူ ယူသူနှစ်ဦးလူ ယူသူ သတိ ရှိစေမင်း"** ဒကာ၊ ဒကာမဘက်က လှူမယ်လို့ စိတ်ကူးတာနဲ့ အမြတ်ရနေပြီ။

ဘုန်းကြီးတို့ဘက်က ကမ္မဋ္ဌာန်းလွတ်နေ ရင် အကျိုးမရှိဘူး၊ ဝိပဿနာမတတ်ရင် သိပ် ရှုံးတယ်နော်။ မောဟရဲ့ သတ္တိက တိရစ္ဆာန် သွားဖြစ်မယ်၊ ဒေါသရဲ့သတ္တိက ငရဲကျမယ်၊ လောဘရဲ့သတ္တိက ပြိတ္တာ ဖြစ်မယ်ဆိုတာ သဘာဝကျတယ်။ အလွန်ဆိုးဝါးတဲ့ သတ္တိ တွေပဲ။

၂။ အကျိုးပင်ရှိသော်လည်း သင့် မသင့် တရားနဲ့ ဆင်ခြင်ပြီးရင် သင့်တာပေါ့၊ တရားနဲ့ မဆင်ခြင်ရင် မသင့်ဘူးပေါ့၊ အဲဒီတော့ စားနေ တဲ့အခါမှာ လောဘဖြစ်သလား၊ ဒေါသဖြစ် သလား၊ မောဟဖြစ်သလား ဒီသုံးမျိုးထဲက ဘယ် တရားဖြစ်သလဲလို့ ဆင်ခြင်ရင်သိတယ် နော်၊ မဆင်ခြင်ရင် မသိဘူးနော်၊ ဝိပဿနာ အပယ်တံခါးပိတ်တဲ့ နည်းရှုရမယ်။

၃။ ကမ္မဋ္ဌာန်းများ လွတ်နေလား၊ မလွတ်ဘူးလားလို့ ဆင်ခြင်ရမယ်၊ ကမ္မဋ္ဌာန်း လွတ်နေပြီ ငါ့သန္တာန်မှာ ကြိုက်တဲ့ လောဘ ဖြစ်ပြီ၊ လောဘဖြစ်ပြီလို့သိရင် အဲဒီလောဘက ပျက်သွားပြီ။ သိလိုက်တဲ့စိတ်က ကုသိုလ်စိတ်၊

http://www.dhammadownload.com

လောဘက အကုသိုလ်စိတ်။ သိလိုက်တာနဲ့ တစ်ပြိုင်နက်တည်း လောဘက ပျက်သွားပြီ နော်၊ ဒီပျက်သွားတဲ့စိတ်ကို ရှုကွင်းရှုကွက်ထား ပြီး၊ ငါ့ရဲ့သန္တာန်မှာ ဖြစ်နေတဲ့လောဘက ဖြစ်တိုင်းပျက်တဲ့ တရား၊ မမြဲတဲ့ အနိစ္စတရားပဲ၊ အနိစ္စကို အနိစ္စလို့ ဉာဏ်က ရှုမြင်လိုက်တာ ဝိပဿနာဉာဏ်၊ ဒီဉာဏ်ဖြစ်လိုက်တဲ့အခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်လို့ခေါ်တယ်။ ကုသိုလ် ရိုးရိုး မဟုတ်ဘူး၊ နိဗ္ဗာန်တံခါးပွင့်သွားတယ်၊ ဝိပဿနာအပါယ် တံခါးပိတ်တယ် ဆိုတာ ဒီဉာဏ်ရမှ ပိတ်တာ။

စားရင်း အပါယ်တံခါးပွင့်နေတယ်လေ၊ ဒီလောဘကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမြင်လိုက်ရင် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဒီစိတ်က နိဗ္ဗာန်တံခါးပွင့်သွားတယ်။ မျှားသော အားဖြင့် စားတယ်၊ မောဟနဲ့စားတယ်၊ ကမ္မဋ္ဌာန်းကလွတ်တိုင်း မောဟနဲ့စားတာ မဟုတ်ဘူးလား၊ အဲဒီ မောဟတွေကို ဉာဏ်နဲ့ ရှုလိုက်တဲ့အခါကျတော့ နိစ္စလား၊ အနိစ္စလား၊ ပျက်တဲ့ တရားတွေက သုခလား၊ ဒုက္ခလား၊ ပိုင်ဆိုင်သူရှိရဲ့လား အတ္တလား၊ အနတ္တလား၊ ဒီလက္ခဏာသုံးပါး ထင်အောင်ရှုလိုက်တာ၊ လောဘ ဒေါသ မောဟတွေက ပျက်ကုန်ပြီလေ၊ ပျက်တဲ့အပျက်ကိုပဲ ဒါအနိစ္စပဲ၊ ဒါဒုက္ခပဲ၊ ဒါအနတ္တပဲလို့ ဉာဏ်မှာ ထင်အောင်ရှုလိုက်ရင် နိဗ္ဗာန်တံခါးပွင့်သွားတယ်။ ထပ်တလဲလဲရှုရင် နိဗ္ဗာန်နဲ့နီးလာတာပေါ့။ နောက်ဆုံး မဂ်ဉာဏ်ဆိုတဲ့ ဒီရှုတဲ့ဉာဏ်က ဒီကရိယာ ပြည့်သွားရင် နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်ပေါ်လာမယ်။ ဒီဉာဏ်ကို လေ့ကျင့်ရမယ်။ နိဗ္ဗာန်ကို စိတ်တစ်ချက်တည်းနဲ့ သွားသိတာ၊ သိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အပါယ်လေးပါး တံခါး လုံးဝပိတ်သွားတယ်။ အဲဒီတော့ စားတိုင်း စားတိုင်း လွတ်တဲ့အခါမျှားပါစေ၊ ဒီဝိပဿနာဉာဏ် တစ်ချက်တော့ မိအောင်လုပ်။ ဒီဝိပဿနာဉာဏ် တစ်ချက်လောက် ကောင်းစွာရှုမြင်လိုက်ရင်–

ဝေလာမသုတ်၊ အံ-/၉/၁၉၇/၌

အစ္ဆရာ သယ်တ မတ္ထမ္ပိ
အနိစ္စ သညံဘာဝေယ္ယုံ
ဣဒံတတော မဟပ္ဖလတရန္တိ။

အစ္ဆရာ သယ်တ မတ္ထမ္ပိ၊ မျက်တောင်တစ်ခါခတ်ခန့် သို့တည်းမဟုတ်၊ လျှပ်တစ်ခါလက်ခန့် သို့တည်းမဟုတ်၊ လက်ဖျစ်တစ်တွက်ခန့်မျှ သုံးမျိုးဆိုပေမယ့်လို့ အချိန်က အတူတူပဲ၊ အဲဒီ အခိုက်လောက်မျှား၊ အနိစ္စ ဆိုတဲ့ ဝိပဿနာ တရားကို ပွားမျှားလိုက်မယ်ဆိုရင်။ တတော၊ ထိုပြုပြု သမ္ပကောင်းမှုထက်။ ဣဒံ၊ ဤဝိပဿနာ ရှုခြင်းသည်။ မဟပ္ဖလတရန္တိ၊ သာလွန်၍ အကျိုးကြီး၏ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ ဒါ ဝေလာမသုတ်-အဂုံတ္တိရ်ပါဠိတော်၊ နဝကနိပါတ်၊ စာမျက်နှာ (၁၉၇) အဆုံးမှာ ရှိတယ်။

အပါယ်တံခါးပိတ်တဲ့ ဝိပဿနာ

ဘုန်းကြီးပြောချင်တာက ဝိပဿနာ၊ ဝိပဿနာ(၇) ရက်၊ (၇)လ၊ (၇)နှစ် လုပ်နိုင်ရင် လုပ်ပါဗျာ မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ မဆုံးရှုံးရအောင် စားရင်လည်း မလွတ်ရဘူး။ ဝတ်ရင်

http://www.dhammadownload.com

လည်း မလွတ်ရဘူး။ ဝတ်စရာတွေဝတ်တယ် ကြိုက်ရင် လောဘ၊ မကြိုက်ရင် ဒေါသ၊ အမှတ်တမဲ့နဲ့ ဝတ်ရင် မောဟ၊ ဒါဖြင့်ဘုန်းကြီးတို့က ဘာနဲ့အဝတ်များသလဲ၊ မောဟနဲ့ အဝတ်များတာ။

ဒါဖြင့် မိမိသန္တာန်မှာ မောဟဖြစ်တယ်ဆိုတာ မဆင်ခြင်ရင် သိပါ့မလား။ ဆင်ခြင်ရင် သိတယ်၊ ဖြစ်တဲ့မောဟက အပါယ်တံခါးပွင့်တယ်နော်။ ဒီမောဟက အကုသိုလ်နော်၊ ဒီမောဟကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဉာဏ်ထဲမှာ ရှုလိုက်ရင် နိဗ္ဗာန်တံခါးပွင့်သွားတယ်၊ အပါယ်တံခါးပိတ်သွားတယ်၊ ဝိပဿနာ အပါယ် တံခါးပိတ်တယ်ဆိုတာ အဲဒီနည်းနဲ့ ပိတ်တာ။

ဒါကြောင့် သတိသမ္ဘဇဉ် ဆင်ခြင်ဉာဏ်ရဲ့ အလုပ်၊ ဆင်ခြင်ဉာဏ်(၄)ပါး ပြန်ကြည့်လေ (၁)အကျိုးရှိ မရှိ၊ (၂)သင့် မသင့်၊ (၃)ကမ္မဋ္ဌာန်းလွတ်မလွတ်၊ (၄)ကမ္မဋ္ဌာန်းတရားဖြစ်တဲ့ စိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေ တစ်ခုခုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမိရဲ့လား၊ မရှုမိဘူးလား၊ ဒီဆင်ခြင်ဉာဏ်(၄)ပါး နဲ့ (၂၂)ချက်ကို ပိုက်စိပ်တိုက်ပြီး မပြတ်သတိပညာနဲ့ ကျင့်သုံးနေတာကို သတိပဋ္ဌာန်အားထုတ်တယ်။

ကိုင်း ပဋ္ဌာန်းပါဦးတော်ဆိုကြဦးစို့။

အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

အဲဒီလိုချည်း မပြတ်နှလုံးသွင်းနေ။ သူတော်ကောင်း ပညာရှိက ဒီဆင်ခြင်ဉာဏ်(၄)ပါး မလွတ်ဘူး။ အလေ့အကျက်အားကောင်းတော့ နောက်ဆုံးသေရာ ညောင်စောင်းရောက်ပြီ၊ သေရာညောင်စောင်းရောက်တဲ့ အခါကျတော့၊ မိမိ လေ့ကျက်ထားတဲ့ အာရုံ လာထင်တယ်၊ သတိသမ္ဘဇဉ်တွေ လာထင်တယ်၊ ဉာဏ်တွေလာထင်ပြီး ချမ်းချမ်းသာသာ သေရတယ်။

ဒုတိယဆိုတဲ့ဘဝ ရောက်တော့ နတ်ပြည်မှာ နတ်ဖြစ်နေတယ်လို့ သိတဲ့အသိက နောက်ကျနေတယ် ဘဝသစ်ရောက်တော့ ဆင်ခြင်တဲ့ တရားတွေက ဦးနေတယ်၊ တစ်ဆင့် တစ်ဆင့် မြင့်သွားတယ်၊ အဲဒီလို တစ်ဆင့် တစ်ဆင့် မြင့်သွားတာ ဘယ်သတ္တိတွေကလည်းဆိုရင် သတိသမ္ဘဇဉ်တွေက သယ်ဆောင်သွားတာပဲ။

ဒါကြောင့် နေ့စဉ်ပုံမှန်လေး အိပ်ရာဝင် အိပ်ရာထ လေ့ကျက်ရတယ်၊ ဒီလိုလေ့ကျက်မှ စိတ်ချရတယ်။ ဒကာ ဒကာမတွေကို စိတ်ချရတဲ့တရား **"အိပ်သောယောက်ျား နိုးသော်လား"**ကဲ့သို့ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝေနေယျသတ္တဝါကို သစ္စာလေးဆင့် ငွားငွား စွင့်လျက် အမှန်တရားကို ထင်ထင်ရှားရှား ဟောကြားတော်မူခဲ့လေပြီတကား။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်။ အင်္ဂါနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။ ထေရဝါဒဓမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွင့်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ဒီဝိပဿနာ အကျင့်မြတ်တရားတော်ဟာ မူရင်းကတော့ ဓမ္မစက္ကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသတိပဋ္ဌာနသုတ်တို့ကို လက်လှမ်းမီသရွေ့ ဒီသုံးသုတ်က မူရင်းပါပဲ။

ဓမ္မစက္ကြာဆိုတာက အားလုံးသိထားတဲ့ အတိုင်း သစ္စာလေးပါးတရား၊ သိအပ်တဲ့ တရားတွေ အနတ္တလက္ခဏာသုတ်ဆိုတာက အဲဒီသိအပ်တဲ့ တရားတွေကို သိဖို့ကို ရှုအပ်တဲ့ တရားတွေကို ရှုတော့ ဉာဏ်မှာထင်ပြီးတော့ ရှုမြင် တဲ့အခါကျတော့ သိအပ်တဲ့တရားတွေ ကိုသိတယ်။ မဟာသတိပဋ္ဌာနသုတ်ဆိုတာ ရှုအပ်တဲ့တရားတွေရဲ့ တစ်ခုပြီး တစ်ခု အစဉ်အတိုင်း ကျင့်သုံးအပ်တဲ့တရားတွေ၊ ဒီသုံးသုတ်ကို အကျဉ်းအားဖြင့် ဒီလိုဝေဖန်ရတယ်။

အဲဒီတော့ ဘုန်းကြီးက ဘုန်းကြီးသိထားတဲ့ တရားထူး တရားမြတ်တွေကို ဒကာ ဒကာမတွေကို သိစေချင်တယ်။ သိစေချင်တာကတော့ အလွယ်ဆုံးနဲ့ အကောင်းဆုံးလည်းဖြစ်ရမယ်။ ယုံယုံကြည်ကြည်နဲ့ စိတ်ချပြီးတော့ အားထုတ်နိုင်အောင် ရှေ့ပိုင်းမှာ တိုက်တွန်းခန်းလေး ပြောမယ်။

ဝိပဿနာနဲ့ အဘိဓမ္မာ

ဝိပဿနာဆိုတာက အဓိက အနိစ္စ ဒုက္ခ အနတ္တ ဒီသုံးမျိုးပါပဲ အဲဒါမူရင်းကတော့ အရှင်ဘုရား ဘယ်ကျမ်းမှာလည်းဆိုရင် အဘိဓမ္မာ၊ အဘိဓမ္မာနဲ့ ပြောကြတယ်။ အဘိဓမ္မာ ခုနစ်ကျမ်းကို လွယ်လွယ်ကူကူနဲ့ သွားနိုင်အောင် သင်ကြားသင်ရတယ်။ သင်ကြားမသင်ဘဲ အဘိဓမ္မာ (၇)ကျမ်းကို မသွားနိုင်ဘူး။ သင်ကြားက (၉)ပိုင်းရှိတော့ နောက်ဆုံး (၉)ပိုင်းမြောက်မှာ တီကဝိပဿနာတိ။ ဝိပဿနာတိ၊ ဝိပဿနာတို့သည်။ တီကဝိ၊ သုံးပါးတို့ပေတည်း။ ကတမာနိတီကဝိ၊ တီကဝိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ အနိစ္စာနုပဿနာ၊

http://www.dhammadownload.com

ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ ဟူ၍ တီဏိ၊ သုံးပါးတို့ပေတည်း။ အဲဒီသုံးပါးကို လက္ခဏာ ယာဉ် သုံးပါးလို့ခေါ်တယ်။

နိဗ္ဗာန်ကို သွားတဲ့အခါမှာ ဒီအနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာသုံးပါးနဲ့သွားရတယ်။ သွားတော့ သာဓကလေး တစ်ခု ပြောပြမယ်၊ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံသွားတယ်၊ ကဿပဘုရားရှင်က လူတို့သက်တမ်း အနှစ် နှစ်သောင်းတန်းမှာ ပွင့်တော့ဘုရားရှင်တို့မည် သည် ပွင့်ရိုးထုံးစံက **"ရာတန်းအထက် သိန်းတန်းအောက်မှာ ဘုရားပွင့်ထ ဗုဒ္ဓ ကာလ"**။ ဘုရားပွင့်ရမယ့်ကာလသည် လူတို့ အသက် (၁၀၀)တန်းကနေပြီးတော့ တစ်သိန်း တန်းအတွင်း ဘုရားပွင့်ရမယ့် ကာလ။

ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရားကတော့ အသက် တစ်ရာတန်းမှာပွင့်တယ် ရှေးက ကဿပဘုရားရှင်ကတော့ လူတို့အသက် နှစ် သောင်းတန်းမှာပွင့်တယ်၊ တရားဟောတော့ လည်း သုံးနှစ်မှတစ်ကြိမ်ဟောတယ်၊ သုံးနှစ် တစ်ကြိမ် ဟောတော့(၇)ရက်လုံး ညလုံးပေါက် ဟောတယ်၊ သက်တမ်းရှည်တဲ့ ဘုရားတွေက သာသနာမထားခဲ့ဘူး၊ ဘုရား ပရိနိဗ္ဗာန်စံတယ် ဆိုရင် တစ်ခါတည်း သာသနာကွယ်သွားတယ်။

အဲဒီတော့ ကဿပဘုရားရှင်က သက် တော် ဘယ်လောက် နေသွားလဲဆိုရင် ဓမ္မနီ ယာမအားဖြင့် လူတို့သက်တမ်း ငါးပုံတစ်ပုံ ရတယ်။ တစ်ပုံချန်ပြီးတော့ ပရိနိဗ္ဗာန်စံတယ်၊ ဘုန်းကြီးတို့ ဂေါတမ မြတ်စွာဘုရားက အသက်တစ်ရာတန်း ပွင့်တော့ သက်တော် (၈၀)မှာ ပရိနိဗ္ဗာန်စံတယ်။ ရှေးက ဘုရားက သက်တော်တစ်သောင်းနဲ့ ခြောက်ထောင်မှာ ပရိနိဗ္ဗာန်စံတယ်။ ဘုရားရဲ့တရားတွေ လုံးဝ ကွယ်သွားတယ်။ ဘုန်းကြီးတို့ ဂေါတမမြတ်စွာ ဘုရားက သက်တမ်းတိုတဲ့အတွက် ဘုရားရှင် ကိုယ်တော်မြတ် ဓာတ်တော်တွေဖြစ်ပေါ်စေ သတည်းလို့ မိဌာန်ခဲ့လို့ ဘုရားရဲ့ကိုယ်စားစေတီ ပုထိုးတွေကို ကိုးကွယ်ရတယ်၊ အဲဒီတော့ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံသွားတဲ့အခါကျ မီးပူဇော်တဲ့အခါမှာ တစ်လုံးတစ်ခဲ ဓာတ်တော် ကျတယ်။ ဓာတ်တော်က တစ်လုံးတစ်ခဲတည်း အသံဘိန္နလို့ခေါ်တယ်။ စေတီတစ်ဆူပဲတည် ရတယ်။ ဘုရားပရိနိဗ္ဗာန်စံ သွားတော့ ဘုရား စကားတော်တွေ ကွယ်ပျောက်ကုန်တယ်။

မြတ်စွာဘုရားသာသနာဘယ်တော့ကွယ်မလဲ

ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား သာသနာ ဘယ်တော့ကွယ်မလဲလို့ ရှင်မဟာ ကဿပမထေရ်ကြီးက လျှောက်ထားတယ်။ မြတ်စွာဘုရားရဲ့သာသနာ ဘယ်တော့ ကွယ် မလဲလို့ မေးတယ်။

"ယတောစ ခေါကဿပ"၊ နိဒါန ဝဂ္ဂ၊ ကဿပသံယုတ်၊ သဒ္ဓမ္မပတိရူပကသုတ်။ သဒ္ဓမ္မဆိုတာ သူတော်ကောင်းတရား၊ ပတိ ရူပက ဆိုတာကတော့ အတူအစားအတု၊ တရားတုတွေမပေါ်သေးသရွေ့ တရားစစ် တရားမှန် မကွယ်ပျောက်သေး။ တရားအတု တွေ ပေါ်လာရင်တော့ တရားစစ် တရားမှန်

http://www.dhammadownload.com

တွေ ကွယ်ပျောက်မယ်။ ဒါကြောင့် တရားစစ်တရားမှန်ရဖို့ သိပ်အရေးကြီးတယ်။ သာသနာတော်မှာ တရားတုတွေပေါ်လာရင် သာသနာ ကွယ်ပျောက်မယ်။

ဒီတော့ ကဿပဘုရားရှင် သာသနာ ကွယ်ပျောက် သွားတော့ လူငါးရာတစ်စု၊ နောက်လူငါးရာတစ်စု၊ နောက် ငါးရာတစ်စု၊ သုံးစုပေါ့။ ဘုရားရှင်ရဲ့စကားတော် အဆုံးအမ စကားကို သိပ်သိချင်တယ်။ ဘုရားရှင်ဆုံးမ တဲ့စကားကို လည်းမေးနေကြတယ်။ ဒီအခါမှာ ဘုရားကိုမှီတာ သိကြားမင်းပဲ ဖြစ်တာ ကြောင့် သိကြားမင်းက အဖိုးယောင်ဆောင်ပြီး ပထမလူတစ်စုကို ဘုရားရှင် "**သဗ္ဗေ သခ်ါရာ အနိစ္စာ**"လို့ ဟောသွားတယ်။ ဒီသဗ္ဗေသခ်ါရာ အနိစ္စာဆိုတဲ့ စကားလုံးပဲသိတယ်။ အဓိပ္ပါယ် ဘာမှမသိဘူး။ ယုံယုံကြည်ကြည်နဲ့ပဲ နှုတ်ကနေ တတွတ်တွတ် ရွတ်ဆိုတယ်။

ဒုတိယတစ်စုကိုတော့ "**သဗ္ဗေသခ်ါရာ ဒုက္ခာ**"လို့ဟောတယ်။ တတိယတစ်စုကျတော့ "**သဗ္ဗေမ္မာ အနတ္တာ**" လို့ဟောတယ်။ ရွတ်ဆိုကြတယ်။ ဘုန်းကြီးတို့ မြတ်စွာဘုရား ပွင့်လာတဲ့အခါကျတော့ ရဟန်း(၅၀၀)၊ (၅၀၀) အားလုံး တစ်ထောင်ငါးရာ လာဖြစ်တယ်။

ယုတ်နိမ့်တဲ့ဘဝကို မရောက်ခြင်းငှ

အဲဒီတော့ ဘုရားရှင်က ပထမတစ်စုကို–

သဗ္ဗေသခ်ါရာ အနိစ္စာ၊
ယဒါ ပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ သေမဂ္ဂေါ
ဝိသုဒ္ဓိယာ။

ဒုတိယတစ်စုကို လိုက်ဆိုရအောင်–

သဗ္ဗေသခ်ါရာ ဒုက္ခာ၊
ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ သေမဂ္ဂေါ
ဝိသုဒ္ဓိယာ။

တတိယတစ်စုကို–

သဗ္ဗေသခ်ါရာ အနတ္တာ၊
ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ သေမဂ္ဂေါ
ဝိသုဒ္ဓိယာ။

ပထမဂါထာကို ဟောချလိုက်တယ်၊ ပထမ ရဟန်း(၅၀၀) တစ်ခါတည်း ရဟန္တာဖြစ်တယ်။

ဒုတိယဂါထာကိုဟော၊ တတိယဂါထာ ကိုဟော ဒီအခါကျတော့ အားလုံး ရဟန္တာ တွေဖြစ်ကုန်တယ်။ ရဟန်း တစ်ထောင့်ငါးရာ တို့က ဘာမှမသိခဲ့ဘူး။ ဒီဂါထာတွေ အစဉ် ရွတ်ဆိုခဲ့တာကြောင့် ဒီလိုလာဖြစ်တယ်လို့ ပြောတယ်။

ဘုရားစကားဆိုတာ ယုံယုံကြည်ကြည် နဲ့လာခဲ့တာ ငရဲ တိရစ္ဆာန်ဆိုတာ တစ်ခါမှမဖြစ်ခဲ့ဘူး၊ ဘုရားတစ်ဆူနဲ့တစ်ဆူကြားမှာ လူပြည်နဲ့ နတ်ပြည်ပဲကူးနေတယ်။ ယုတ်နိမ့်တဲ့ ဘဝကို မရောက်ဘူးတဲ့။ အဲဒီတော့ အနိစ္စ ဒုက္ခ အနတ္တဆိုတာ ဝိပဿနာပါပဲ။ ဒါကြောင့် အနိစ္စ ဒုက္ခ အနတ္တကို ဝိပဿနာပေါက် အောင်ရှုရမယ်။ ဘုရားစကား တရားအသားလေး လိုက်ဆို ရအောင် **အသိတေ၊ ဝိတေ၊**

http://www.dhammadownload.com

ခါယီတေ၊ သာယီတေ သမ္မဇနကာရီ ဟောတိ။ ဆောင်ပုဒ်ကလေး ဆိုလိုက်ဦး၊ စားမည်ကြံလျှင် သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့် ရှုရမည်။

အဲဒီတော့ အချက်(၂၂)ချက် အချက်တိုင်း အချက် တိုင်းမှာ အားလုံးဆင်ခြင်ဉာဏ်(၄)ပါး၊ ဒီ(၄)ပါးကို ပြန်ပြောပြမယ်။

(၁) အကျိုးရှိရဲ့လား၊ မရှိဘူးလား၊

(၂) သင့်ရဲ့လား၊ မသင့်ဘူးလား၊

(၃) ကမ္မဋ္ဌာန်းလွတ်ရဲ့လား၊ မလွတ်ဘူးလား။

(၄) ကမ္မဋ္ဌာန်းတရားဖြစ်တဲ့ ဒါက စိတ်၊ ဒါက စေတသိက်၊ ဒါက ရူပ် တစ်ခုခု သော တရားကို အနိစ္စ ဒုက္ခ အနတ္တ လို့ ရှုမိရဲ့လား။ မရှုမိဘူးလား။

အစဉ်သဖြင့် အားထုတ်လာတဲ့အခါ ကျတော့ နံပါတ် (၄)ဝင်သွားတယ်။ ဒီတရားတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုမိရင်တော့ (၁) အကျိုးရှိသွားပြီ (၂) သင့်သွားပြီ (၃) ကမ္မဋ္ဌာန်းက မလွတ်တော့ဘူး။

သတိပဋ္ဌာန်သမ္မဇဉ်နဲ့ ဓမ္မသင်္ဂီ

အခုရှင်းပေးမှာကတော့ သတိပဋ္ဌာန်၊ သမ္မဇဉ်အခန်း ကို အဘိဓမ္မနည်းနဲ့ရှင်းပေးမှာ အဘိဓမ္မာက အားလုံးသိထားတဲ့အတိုင်း အဘိဓမ္မာ(၇)ကျမ်းက၊ ဓမ္မသင်္ဂီဝိဘင်း ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း (၇)ကျမ်း၊ (၇)ကျမ်းမှာ ထိပ်ဆုံးကျမ်းက ဓမ္မသင်္ဂီ၊ ထိပ်ဆုံးက ကုသလာဓမ္မာ၊ ဒုတိယက အကုသလာဓမ္မာ၊ တတိယက အဗျာကတာဓမ္မာ၊ တရားတော်ရဲ့အဓိပ္ပါယ်ကို အကျဉ်းချုပ်ပြောမယ်။ မြတ်စွာဘုရားက တာဝတိံသာမှာ ရက်ပေါင်း(၉၀)ဟောတယ်။

ဘုန်းကြီးပြောချင်တာက ဝိပဿနာတရားအား ထုတ်တဲ့အခါမှာ ဝိပဿနာ၊ ဝိပဿနာ ဆိုတာ ပစ္စဝေက္ခဏာ ဆင်ခြင်တာကိုပြောတာ၊ ဆင်ခြင်တဲ့အခါကျတော့ အဘိဓမ္မာနည်းနဲ့ ဆင်ခြင်နည်းလေးကို သင်ပေးမလို့လေ။

ရူပ်တရားမှန်ရင် အကုန်လုံး အဗျာကတ

သတိပဋ္ဌာန်မှာ စားတယ်၊ သောက်တယ်၊ ခဲတယ်၊ လျှက်တယ် (၄)ချက် ဒီ(၄)ချက်လုံးကို ဆင်ခြင်ရမယ်။ အဘိ ဓမ္မာမှာ အဗျာကတကို ကြားကိုမကြားဘူးဘူးထား။ ရှိသေစွာ နာယူလိုက်ရင် အမြင့်ကို တက်သွားမှာပဲ။ ဘုရားစကား တရားစစ်စစ်ကို ရှိရှိသေသေ နာယူလိုက်။ အဗျာကတဆိုတာ ကုသိုလ်လည်းမဟုတ်။ အကုသိုလ်လည်း မဟုတ်။ စားစရာမှန်သမျှ အဘိဓမ္မာနည်းနဲ့ကြည့်ရင် ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ် ရသာရုံလေ၊ စားဖွယ်သောက်ဖွယ်တွေ ဘယ်လောက်များများ၊ သမုတိသစ္စာလေ၊ ပရမတ္ထသစ္စာ ကတော့ ရသာရုံ၊ ရသာရုံဆိုတာ ရူပ်တရား၊ ရူပ်တရားဆိုတာ အဗျာကတ၊ ရူပ်တရား

http://www.dhammadownload.com

မှန်ရင် အဗျာကတ၊ ရသာရုံကို ရှုပ်တရား လို့ နှလုံးသွင်းရမယ်။

ဝိပဿနာဉာဏ် ရတဲ့ပုဂ္ဂိုလ်ရဲ့ ဆင်ခြင်ပုံကလေးက စားစရာမှန်သမျှ ရသာရုံ၊ ရသာရုံက ရှုပ်တရား၊ အဗျာကတကစိတ် လို့ကောင်းစွာ နှလုံးသွင်းလိုက်တည်းက ကုသိုလ်စိတ်၊ ဒီနေရာမှာ အဘိဓမ္မာနည်းနဲ့ ရသာရုံဆိုတာ ရှုပ်တရားပဲ။ ဒီရသာရုံကို တပ်မက်လိုက်ရင် လောဘ ဖြစ်သွားပြီ၊ နှလုံးမသာယာရင် ဒေါသဖြစ်သွားပြီ၊ အမှုမဲ့ အမှတ်မဲ့နေရင် မောဟ ဖြစ်သွားပြီ၊ ဆင်ခြင်တဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟ ဘယ်ဟာဖြစ်မလဲ၊ ဒီသုံးမျိုးဟာ အကုသိုလ်နော်၊ အကုသိုလ်ဆိုတာ အပြစ်နဲ့ တကွ မကောင်းကျိုးကိုပေးတယ်။

ဒါဖြင့်ရင် ဘုရားရှင်ကအပါယ်တံခါးပိတ်အောင် သင်ပေးတယ်၊ စားနေရင်းနဲ့ကိုပဲ၊ လောဘ၊ ဒေါသ၊ မောဟ ဒီသုံးမျိုး တစ်မျိုးမျိုး ဘယ်မျိုးဖြစ်လည်းလို့ စဉ်းစားလိုက်ရင် တစ်ခုခုတော့လာထင်တယ်မဟုတ်လား၊ အမှုမဲ့ အမှတ်မဲ့ စားရင်မောဟ၊ မောဟအမျှားဆုံးဖြစ်မနေဘူးလား၊ ဖြစ်တဲ့တရားက ဖြစ်တိုင်းပျက်နေပြီ၊ ဒီတရားကို ငါ့သန္တာန်မှာ အကုသိုလ် ဖြစ်ပြီလို့သိ၊ အကုသိုလ်ဖြစ်ပြီလို့ နောက်စိတ်က သိလိုက်တာနဲ့တစ်ပြိုင်နက် ရှေ့စိတ်က ပျက်သွားပြီ၊ နောက် ကုသိုလ်စိတ်ဖြစ်လာတယ်။ အဲဒါ အကုသိုလ်ကို အာရုံပြုပြီးတော့ ကုသိုလ်စိတ်ဖြစ်လာတယ်။

အကုသိုလ်စိတ်နဲ့ ဝိပဿနာ

အဲဒီတော့ ပဌာန်းပဋ္ဌာဝါရလိုက်ဆိုလိုက်ပါ အကု သလောဓမ္မော၊ ကုသလသမ္ဘဝ အာရမ္မဏပစ္စယေန ပစ္စယော။ နားထောင်ကြည့် စားရင်းသောက်ရင်းနဲ့ လောဘ ဒေါသ မောဟ တစ်ခုခုဖြစ်နေတယ်၊ ဒါကို ပုထုဇဉ် လူပြိန်း ကမသိဘူး၊ ဝိပဿနာဉာဏ်ရှင်ကတော့ သိနေတယ်၊ ငါ့ သန္တာန်မှာ လောဘဖြစ်နေပြီကိုး၊ အဲဒီလောဘက အကုသိုလ် စိတ်၊ အကုသိုလ်စိတ်ကို အကုသိုလ်စိတ်လို့ သိတာက ကုသိုလ်စိတ်၊ ရှေးရှေးကဖြစ်တဲ့စိတ်က နောက်စိတ်ပေါ် လာတော့ ပျက်သွားပြီ၊ အဲဒီ ပျက်သွားတဲ့စိတ်ကို ရှုကွင်း ရှုကွက်ထားပြီး၊ ကိုင်း လိုက်ဆိုလိုက်ပါ။

အကုသလ် အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

အကုသလ်၊ အကုသိုလ်ကို။ အနိစ္စတော၊ အနိစ္စ အားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တ အားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာရှုကြကုန်၏။ ဝိပဿနာဆိုတာ ပကတိမျက်စိနဲ့ မမြင်ရဘူး၊ ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကသာ အော် စောစောက စားနေရင်းနဲ့ မောဟဖြစ်နေတာကိုး၊ ဒီဖြစ်တဲ့မောဟဟာ အကုသိုလ်တရားဘဲ၊ ဒီတရားက ဖြစ်တိုင်းပျက်နေတဲ့အတွက် မမြဲတဲ့တရား ဒီမမြဲတဲ့ တရားက အနိစ္စတရားလို့ဟောတယ်၊ ဒီမမြဲတဲ့ အနိစ္စ တရားက၊ ဒုက္ခပဲ၊ ကိုယ်မပိုင်တဲ့

http://www.dhammadownload.com

အနတ္တတရားပဲလို့ အဲဒီသုံးချက်ကို နှလုံးသွင်းနေတာကို ဝိပဿနာခေါ်တယ်။

အကုသိုလ်ဖြစ်ရင်လည်းပဲ အကုသိုလ် အကျိုးကို မရဘဲနဲ့ အပါယ်လေးပါးတံခါးပိတ်တဲ့နည်းက တစ်ဆူသော ဘုရားရှင်ပွင့်မှ ထုတ်ဖော်ဟောတာ။ အဲဒီတော့ မိမိသန္တာန်မှာ လောဘဖြစ်ဖြစ်၊ ဒေါသဖြစ်ဖြစ်၊ မောဟဖြစ်ဖြစ် ဘယ်တရား ဖြစ်သလဲဆိုတာ စဉ်းစားဆင်ခြင်မှ သိတာ၊ နောက်တစ်မျိုး လေးထည့်လိုက်, ထိတဲ့အခါ ဒကာ ဒကာမတွေ အတွက်ကျတော့ အကျိုးလုံချည်တွေက တွေ့ထိစရာ ဖောဌဗ္ဗာရုံတွေ မဟုတ်ဘူးလား၊ ဖောဌဗ္ဗာရုံက အဗျာကတ၊ ဒါဖြင့် ဖောဌဗ္ဗာ ရုံနှင့်တိုက်ဆိုင်တိုင်း ကြိုက်ရင်လောဘ၊ မကြိုက်ရင်ဒေါသ၊ အမှတ်တမဲ့နေရင်မောဟ၊ မဆင်မခြင်ရင် မသိဘူး၊ ဆင်ခြင်မှ သိတာ၊ သိလိုက်တာနဲ့ တစ်ပြိုင်နက် ရှေ့စိတ်ကပျက်သွားပြီ။

ဒါကြောင့် ငါ့သန္တာန်မှာ အကုသိုလ်ဖြစ်ပြီလို့သိတယ်၊ အဲဒီအကုသိုလ်တရားကို လက္ခဏာသုံးပါးတင်ပြီးရှုမှ ဒုက္ခ ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုရမှာ။ ဒါကြောင့် ဝိပဿနာ အပါယ် တံခါးပိတ်တယ်။

ကုသိုလ်စိတ်နဲ့ ဝိပဿနာ

ကိုင်း ကုသလာဓမ္မာ သွားရအောင် ငါ့လို စားနိုင်ကြပါစေ၊ ငါ့ထက်သာအောင် စားနိုင်ကြပါစေ၊ နှုတ်က ဆိုနိုင်ရင် ဆိုစား၊ ဒါမှမဟုတ် စိတ်ထဲကဆိုစား၊ စိတ်ထဲကဖြစ်တာလည်း ကုသိုလ်ပဲ၊ ကုသိုလ်က နှစ်မျိုးရှိတယ်၊ သမ္မယုတ် ကုသိုလ်နဲ့ ဝိပွယုတ်ကုသိုလ်၊ မေတ္တာပို့ဆို ပို့တာပဲ၊ ဒါဉာဏ်မပါတဲ့ ဝိပွယုတ်ကုသိုလ်၊ ဉာဏ်ပါမှ သမ္မယုတ်ကုသိုလ်။ ဘယ်လို ဉာဏ်ပါသလဲ၊ မေတ္တာပို့တဲ့အခါ အဒေါသစေတသိက်ဖြစ်မှ မေတ္တာပို့လို့ရတယ်၊ တစ်နည်း ကုသိုလ်မဖြစ်ပဲ မေတ္တာပို့လို့ ရမလား။

ဒါဖြင့် ကုသိုလ်က မေတ္တာပို့တဲ့လူဟုတ်လို့လား၊ ပုဂ္ဂိုလ်ကကော ကုသိုလ်ဟုတ်လို့လား၊ ပုဂ္ဂိုလ်ကတစ်ခြား၊ ကုသိုလ်ကတစ်ခြား၊ ပုဂ္ဂိုလ်က ပညတ်၊ ကုသိုလ်က ပရမတ်၊ ဒီပညတ်နဲ့ ပရမတ်ကို ပိုင်းခြားပြီး၊ ရှုမြင်တာက ဉာဏ်ဟုတ်ရဲ့လား၊ ကုသိုလ်ဖြစ်လာတယ် မေတ္တာပို့တယ်ဆိုရင် ဝိပဿနာဉာဏ်အထိ တက်လာရတယ်၊ မေတ္တာပို့ရုံပဲဆိုရင် ဉာဏ်မပါတဲ့ အတွက် လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာပဲလာရမယ် ဒုက္ခခပ်သိမ်းမငြိမ်းဘူး၊ ဉာဏ်ဆိုတာ ဝိပဿနာ အလုပ်နားလည်အောင် ပြောပြတာ ကြာတယ်လေ၊ အသိဉာဏ်ပေါက်ပြီး လက္ခဏာသုံးပါးတင်တာ မြန်တယ်။

ကဲ ပါဠိတော်ဆိုပေတော့ ကုသလံအနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ။ ဝိပဿနာရှုတဲ့အတွက် ဉာဏ်ပါလာတော့ ဉာဏသမ္မယုတ်၊ ဒီဉာဏသမ္မယုတ် ကုသိုလ်ဟာ ဉာဏ်ပါတဲ့အတွက် လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာကို ခံစား စံစားရင်းဖြင့် ဒုက္ခခပ်သိမ်း အစဉ် ငြိမ်းတဲ့ နိဗ္ဗာန်တိုင်အောင် ရတယ်။

ဒါကြောင့် မိမိသန္တာန်မှာ စားတဲ့ သောက်တဲ့ နေတဲ့ ထိုင်တဲ့အခါ မေတ္တာပို့ရမယ်၊ အဲဒီလို

http://www.dhammadownload.com

မေတ္တာပို့တဲ့အခါ မေတ္တာပို့ခိုက် ဖြစ်တဲ့စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေက ဖြစ်တိုင်းပျက်နေတယ်။ အဲဒီစိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေကို အနိစ္စ ဒုက္ခ အနတ္တလို့ရှု၊ ဒီလက္ခဏာသုံးပါး ထင်အောင်ရှုရင် ဉာဏ်ပါသွားပြီ။

ဝိပဿနာဉာဏ်ရပြီး ဤနည်းကို တစ်ဆူတစ်ဆူသော ဘုရားရှင်ပွင့်မှ ထုတ်ဖော်ဟောကြားတော်မူတယ်။ ကြိုးစားကျင့် သုံးနိုင်ကြပါစေသတည်း။

သာဓု – သာဓု – သာဓု

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

စားတဲ့အခါ ဝိပဿနာ

အဲဒီစားတဲ့နည်းက တစ်နည်းကျန်နေတယ်၊ စားတဲ့အခါ ဝိပဿနာအားထုတ်တတ်အောင် သင်ပေးတာနော်။ စားတဲ့နည်းနောက်တစ်နည်းပြောမယ်။

ကိုင်း– လိုက်ဆို "စားမည်ကြံလျှင် သမ္မဇဉ် ဆင်ခြင် ဉာဏ်ဖြင့် ရှုရမည်"။ ဘုရားစကားနားထောင်ကြည့်ပါ။ လိုက်ဆိုလိုက်ပါ **အသိတေ၊ ပီတေ၊ ခါယိတေ၊ သာယိတေ၊ သမ္မဇာနကာရီဟောတိ**။

အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည် ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ (၄) ချက်လုံး သမ္မဇာနကာရီမှာ သွားစပ်၊ သမ္မဇာနကာရီ၊ ကောင်းစွာဉာဏ်ပညာဖြင့် ရှုဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

မိမိဆရာက မိမိကိုစားနည်း သတိပဋ္ဌာန်သင်ပေးတယ်ဆိုကြပါစို့၊ ဆင်ခြင်ဉာဏ်နဲ့ ရှုနည်းပါရဲ့လားလို့၊ အခု ဓါတ်ကြီးလေးပါးထဲက ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ ဓါတ်ကြီးလေးပါးထဲက တေဇောဓါတ်၊ တေဇောဓါတ်က လေးမျိုးရှိတယ်။

သန္တာပနတေဇော အတွင်းဘောထဲမှာ တင်ပြင်ပြင်ပူတဲ့ ဓါတ်ရှိတယ်။ အဲဒီတင်ပြင်ပြင်ပူတဲ့ဓါတ် မရှိဘူးဆိုရင် အာပေါလွန်ကဲပြီး အရေပျော်သွားမယ်။

ဇုဟတေဇော ပြင်းစွာပူတယ် နာမကျန်းဖြစ်တဲ့အခါ အပူလွန်ကဲတာပေါ့၊ နောက် **ဇီရဏတေဇော** တရွေ့ရွေ့ တမြေ့မြေ့နဲ့ အိုမင်းယိုယွင်းလာတာ၊ **ဇီရဏတေဇော** တရားဆိုတာ နှလုံးသွင်းရတယ်။

http://www.dhammadownload.com

ဇိရဏာတေဇောတရား နှလုံးသွင်းနည်း

ဥပမာနွားသတ်ရုံကိုပို့တဲ့နွား၊ နွားသတ်ရုံကိုပို့တဲ့ နွားဟာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ သေဖို့နီးလာသလို နေ့စဉ်သေဖို့ တစ်ရက်တစ်ရက်နီးလာတယ်၊ မိုးလင်းတိုင်း မိုးလင်းတိုင်း တစ်ရက်နီးလာတယ်၊ တဖြည်းဖြည်း တရွေ့ရွေ့ တမြွေမြွေနဲ့ အိုမင်းလာတာ၊ ဘယ်သတ္တိလဲဆိုရင် ဇိရဏာတေဇော၊ အဲဒါငါ့သန္တာမှာ ဇိရဏာတေဇောထင်ရှား ဖြစ်ရဲ့လား၊ မဖြစ်ရဲ့လားလို့ ဆင်ခြင်လိုက်ရင် သိပ်ထင်ရှားတာပေါ့၊ အလကားနေရင် အလကားပဲ၊ တောတွေး တောင်တွေး တွေးနေရင် အကုသိုလ်တွေဖြစ်တယ်၊ ဘုရားတရားတော်တွေ အာရုံပြုနေရင် ကုသိုလ်ရတယ်၊ နေရင်း ထိုင်ရင်းနဲ့ ရတယ်။

ငါ့သန္တာန်မှာ ပါဠိလိုမရဘူးထား တရွေ့ရွေ့ တမြွေမြွေနဲ့ အိုမင်းလာပါပကော။ အဲဒါ တေဇောခါတ်လေးပါးထဲက ဇိရဏာတေဇော၊ တရားဆိုတာနှလုံးသွင်းရတယ်။

ပါစကတေဇောနဲ့ ဝိပဿနာ

နံပါတ်(၄)က ပါစကတေဇော၊ ပါစကတေဇောဆိုတာ ဝမ်းဌ်အစာကိုကြေညက် စေခြင်း၊ ဘုန်းကြီးပြောချင်တာက အဲဒီပါစကတေဇောကို ပြောချင်တာ၊ လိုက်ဆိုလိုက်တာပေါ့ ပိုးစာလောင်မီး၊ ကျင်ကြီး၊ ကျင်ငယ် တသွယ် သွေးသား ငါးပါးခွဲလျက် ခွေးစာခွက်ဝယ် တွေးဟက် စွန့်လတ် ခွေးအန်ဖက်တရှိ အစာသစ်ဖြင့် ရွှံ့ဖွယ်လိလိ ပြည့်၍နေ၏။

အစာသစ်တွေစားချလိုက်တော့ သာယာဖွယ် တပ်မက်ဖွယ် အစာသစ် အိမ်ထဲရောက်တော့ ခွေးအန်ဖတ်တွေလိုပဲ။ ဒီလက်ဝမှာ နှစ်ဆယ့်ငါးကျပ်သား စားချလိုက်ရင် ပိုးစာကငါးကျပ်သား၊ ဝမ်းမီးလောင်သွားတာက ငါးကျပ်သား၊ ကျင်ငယ် ငါးကျပ်သား၊ ကျင်ကြီး ငါးကျပ်သား၊ အသွေးအသားက ငါးကျပ်သား၊ ခွဲတမ်းမှန်ရင် ကျန်းမာရေးကောင်းတယ်၊ ခွဲတမ်းမမှန်ရင် ကျန်းမာရေး မကောင်းဘူး၊ အဲဒါလေးကို စဉ်းစဉ်းစားစားကောင်းစွာသင်ကြားပြီးတော့၊ အခု ကမ္မဋ္ဌာန်းပေးထားပြီ၊ ပေးနည်းအစဉ်ကို ပြန်နားထောင်ကြည့်၊ နံပါတ်(၁)က ကောင်းစွာသင်ကြားနာယူရမယ်၊ နံပါတ်(၂)က ဒီတရားတော်ကို နှုတ်ကဆောင်ရမယ်၊ ဥပမာ အနိစ္စ ဒုက္ခ အနတ္တ ဒါတော့ရအောင် ဆောင်ရမယ်။ ယုံယုံကြည်ကြည်နဲ့ ဒီသုံးခွန်းသောစကားကို ငါးရာတစ်စု၊ ငါးရာတစ်စု သုံးစု ဆောင်လိုက်တာ ရဟန္တာတွေဖြစ်ကုန်ပြီ။ ဒါသေချာပေါက်၊ အဲဒီတော့ ဝိပဿနာမှာ ဒီသုံးခုမပါရင် ဝိပဿနာ မဟုတ်ဘူး။ ဒီသုံးခွန်းသော လွယ်ကူတဲ့ တရားစကားကို နှုတ်ကရွတ်ဆိုပြီးတော့ ရှေးက လူတွေ၊ ဒါပဲ အာရုံပြုနေတယ်။ အခုလူ တွေက **မင်ဖိုလ် နိဗ္ဗာန်**တော့ လိုချင်တယ်၊ အနိစ္စ ဒုက္ခ အနတ္တ မပါဘူး၊ အခြေခံဖြစ်တဲ့ အဓိက အနိစ္စ ဒုက္ခ အနတ္တ။

ဒါလေးကို အနိစ္စ ဘယ်သဘောလဲ၊ ဒုက္ခဆိုတာ ဘယ်သဘောလဲ၊ အနတ္တဆိုတာဘယ်သဘောလဲ၊ အနိစ္စ ဆိုတာ လူကိုပြောတာလား ဘာကိုပြောတာလဲ၊ ဟုတ်ကဲ့လား အနိစ္စ

http://www.dhammadownload.com

ဒုက္ခ အနတ္တမှာ လူပါရဲ့လား၊ ဒီတော့ စားချလိုက်တဲ့ အစာက ပိုးစာကတစ်စုပြီးတော့ ဝမ်းမီးလောင်သွားတာက တစ်စု၊ ကျင်ကြီးတစ်စု၊ ကျင်ငယ်တစ်စု၊ အသွေးအသားက တစ်စု၊ ဒီငါးမျိုးကွဲသွားတာ ငါ့သတ္တိလား၊ တေဇောဓာတ်ရဲ့ သတ္တိလား။ ဒါဖြင့် ဆင်ခြင်လိုက်တဲ့အခါမှာ ငါ့သန္တာန်မှာ တေဇောဓာတ်ဖြစ်ရဲ့လားလို့ ဆင်ခြင်ကြည့်ရင် ငါက သိသိမသိသိ သူက မဖြစ်ပဲနေရဲ့လား၊ မသိခဲ့ဘူး၊ အဲဒါ မသိတာ အဝိဇ္ဇာပဲ။

အဝိဇ္ဇာ ဖြစ်ရင် ဒုက္ခပေါက်တိုးတာပဲ၊ ပဋိစ္စသမုပ္ပဒ် တစ်ခုခြင်းလှည့်တာက လည်တာ၊ ဘုန်းကြီးတို့ သင်ပေးတာက ပြတ်တာသင်ပေးတာ အစာသစ်တွေက ငါးမျိုးကွဲသွားတာ ငါ့သတ္တိမဟုတ်ဘူး တေဇောဓာတ်ရဲ့သတ္တိ။

ဒီတေဇောဓာတ်ဟာ ရူပ်လား နာမ်လား ဆိုရင် ရူပ်တရား၊ ရူပ်ကို ရူပ်မှန်းမသိတာ အဝိဇ္ဇာ၊ ရူပ်ကို ရူပ်မှန်းသိတာ ဝိဇ္ဇာ၊ အဝိဇ္ဇာနဲ့ ဝိဇ္ဇာဟာ တစ်ချိန်တည်းမှာ တစ်ပြိုင်နက်တည်း မဖြစ်ဘူးနော်၊ အဝိဇ္ဇာမဖြစ်ရင် သခ်ါရ ဝိညာဏ် နာမ်ရူပ်ဆိုတာ တစ်ခုမှ မဖြစ်တော့ဘူး၊ ဒုက္ခလည်း မဖြစ်တော့ဘူး၊ ဟုတ်ကဲ့လား ပဋိစ္စသမုပ္ပဒ် ပြတ်တဲ့တရားကို သွားရတယ်။

အဲဒီတော့ ငါ့သန္တာန်မှာ တေဇောဓာတ်ဆိုတဲ့ ပါစက ဝမ်းမီးဖြစ်မဖြစ်လို့ ဆင်ခြင်လိုက်ရင် ဆင်ခြင်တဲ့ဉာဏ်ဝမ္ဘာ မထင်ဘူးလား၊ ထင်လာတဲ့တရားဟာ တေဇောဓာတ်၊ တေဇောဓာတ်ဟာ ရူပ်လားနာမ်လား၊ ရူပ်ကို ရူပ်လို့သိတာ ဝိဇ္ဇာ။ အဲဒီရူပ်က ငါဟုတ်လို့လား၊ ငါ့ဥစ္စာကောဟုတ်လို့လား၊ ငါကိုယ်ကောင်ကြီးကော ဟုတ်လို့လား၊ ဒီငါမဟုတ်တဲ့ တရားကို ဘုရားက ငါမဟုတ်ဘူးဟောတာ၊ ငါ့ဥစ္စာမဟုတ်တဲ့တရားကို ငါ့ဥစ္စာမဟုတ်ဘူးလို့ ဟောတာ၊ ငါကိုယ်ကောင်မဟုတ်တဲ့ တရားကို၊ ငါကိုယ်ကောင်မဟုတ်ဘူးလို့ ဟောတာ။

ဒီတေဇောဓာတ်ဟာ အရာဝတ္ထုလို ပုံပန်းသဏ္ဌာန် မရှိဘဲ သဘောသတ္တိသက်သက်၊ အဲဒါလေးလိုက်ဆိုလိုက်–

တေဇောဓာတ်ဆိုတာ သဘောသတ္တိသက်သက်

ဂရုတ်စေ့၍ စိတ်တွေ့သတ်သတ် အစပ်ကို တည့် ရှုကြည့်ဘိသို့ သတ္တိကိုမျှ ရှုကြည့်ရ ပရမတ္ထမှာ သူ့အဓိပ္ပါယ်က ရှင်းပါတယ်၊ ဟုတ်ရဲ့လား၊ ဒီဆောင်ပုဒ်က ဘုန်းကြီးတို့ ဆောင်ပုဒ်မဟုတ်ဘူး၊ မကြာမီက နေတစ်ဆူ လတစ်ဆူ ထင်ရှားသွားတဲ့ တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ အဲဒီ ဆရာတော်ဘုရားရဲ့ ဆရာရင်း မင်းကွန်း ဓမ္မနာဒ တိုက် **ဆရာတော်ဦးပညာစက္ကရဲ့** ဆောင်ပုဒ်။

အဲဒီဆောင်ပုဒ် ဂရုတ်သီးကို စားကြည့်လိုက်တဲ့အခါ သတ္တိလာထင်တဲ့အခါ ဂရုတ်သီး ထင်သလား၊ စပ်တာထင်သလား၊ အဲဒီ ဝိပဿနာရှုတာ ပရမတ်သဘောဆိုတာ စိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေ ပရမတ်တွေ၊ အဲဒီ သဘောလေးရဲ့ သတ္တိကိုရှုရတာ ဟုတ်ရဲ့လား၊ သတ္တိဆိုတော့ အခုအစာ ငါးမျိုးကွဲသွားတာ ငါ့သတ္တိလား၊ တေဇောဓာတ်ရဲ့ သတ္တိလား၊ အဲဒီသတ္တိလေးကို ထင်ရှားဖြစ်လား မဖြစ်ဘူးလားလို့ ဆင်ခြင် ကြည့်လိုက်ရင် ဖြစ်ကိုဖြစ်တယ်၊ ဖြစ်တိုင်း ပျက်ပျက်နေတဲ့

http://www.dhammadownload.com

တရားမို့ မမြဲတဲ့ အနိစ္စ၊ ပျက်နေတဲ့တရားက သုခ မဟုတ်ဘူး ဒုက္ခ၊ ပိုင်ဆိုင်သူမရှိဘူး အတ္တ မဟုတ်ဘူး အနတ္တ၊ နားလည်အောင် ပြောတာ ကြာတယ်လေ၊ ဉာဏ်နဲ့ဒါ အနိစ္စ ဒုက္ခ အနတ္တလို့ နှလုံးသွင်းလိုက်တာမြန်တယ်။ လူမပါဘူးနော် အနိစ္စ ဒုက္ခ အနတ္တထဲမှာ လူမပါဘူးနော်၊ သဘောသတ္တိ လေးပဲ။

ဒီနေရာမှာ စားပြီးတဲ့အစာကို စားပြီးမှ ဖြစ်စေ၊ အိပ်ယာဝင်မှဖြစ်စေ၊ တစ်ချိန်ချိန်မှာ ဆင်ခြင်ရင် မရဘူးလား၊ အော် ဒီအစာတွေဟာ ငါးမျိုးကွဲသွားတာ ငါ့ကိစ္စမဟုတ်ဘူး၊ တန်ခိုးရှင်ဖန်ဆင်းတာလည်းမဟုတ်ဘူး၊ ဘယ်သတ္တိလဲဆိုရင် ပါစက၊ တေဇောဓာတ်ရဲ့သတ္တိ၊ ဒါဖြင့်ရင် ဆင်ခြင်ပုံလေးက ငါ့သန္တာန်မှာ ပါစက တေဇောဓာတ်ဖြစ်ရဲ့လား၊ မဖြစ်ရဲ့လားလို့ ဆင်ခြင်ကြည့်လိုက်ရင် ဆင်ခြင်တဲ့ ဉာဏ်ဝမှာ မထင်ဘူးလား၊ မဆင်ခြင်ရင် မထင်ဘူးနော်၊ အေး-ထင်လာတဲ့ တေဇောဓာတ်ဟာ ရူပ်တရားလား၊ နမ်တရားလားဆိုရင်၊ ရူပ်တရား ရူပ်ကို ရူပ်မှန်းသိတာ ဝိဇ္ဇာဉာဏ်၊ ရူပ်ကို ရူပ်မှန်း မသိတာ အဝိဇ္ဇာ၊ ဘုရားစကား အမေးအဖြေလေး နားထောင်ကြည့်ရ အောင် သိပ်ကောင်းတယ်။

ရူပ်ကို ရူပ်မှန်းမသိတာ အဝိဇ္ဇာ

အဝိဇ္ဇာ အဝိဇ္ဇာတို့ ဘန္တေ ဝုစ္စတိ၊

ဘန္တေ၊ ရှေဘုန်းတော်သခင် ရှင်ပင်မြတ် ဘုရား။ အဝိဇ္ဇာ အဝိဇ္ဇာတို့၊ အဝိဇ္ဇာ အဝိဇ္ဇာ ဟူ၍။ ဝုစ္စတိ၊ ဆူဆူပွင့်ငြား ဘုရားရှင်တို့ မိန့်ကြားတော်မူခဲ့ပါ၏။

ကတမာနုခေါ် ဘန္တေ အဝိဇ္ဇာတို့၊

ဘန္တေ၊ ရှေဘုန်းတော်သခင် ရှင်ပင်မြတ် ဘုရား။ အဝိဇ္ဇာတို့၊ အဝိဇ္ဇာဟူသည်။ ကတမာနု၊ အဘယ်ပါနည်း။ မြန်မာလိုကတော့ အရှင်ဘုရား အဝိဇ္ဇာ အဝိဇ္ဇာလို့ ဆိုကြပါသည်အရှင်ဘုရား။ အဝိဇ္ဇာဟူသည် အဘယ်ပါနည်းဘုရား။ အော် ရူပ်ဆိုတာ ရူပ်မှန်သရွေ့ ရူပကွန္ဓာ မဟုတ်လား၊ ခန္ဓာဆိုရင် ခန္ဓဝဂ္ဂ သံယုတ်ကြည့်လိုက်၊ သုတ်က အဝိဇ္ဇာသုတ်။

ယံခေါ် ဘိက္ခုရူပံ နပဇာနာတိ၊

ဘိက္ခု၊ ရဟန်း။ ယံရူပံ၊ အကြင်ရူပ်ကို။ နပဇာနာတိ၊ ပိုင်ပိုင်ကြီး သဘောကျအောင် မသိ။

ရူပ်ကို ရူပ်မှန်းမသိဘူး။ ဘိက္ခု၊ ရဟန်း၊ ဣဒံ၊ ဤသို့ ရူပ်ကို ရူပ်မှန်းမသိခြင်းကိုပင်။ အဝိဇ္ဇာ အဝိဇ္ဇာတို့၊ အဝိဇ္ဇာ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆူဆူပွင့်ငြား ဘုရားရှင်တို့ ငြိမ့်ငြောင်းသံသာ မိန့်ဆိုတော်မူခဲ့ပါပေ၏။ ရူပ်ကို ရူပ်မှန်းမသိတာ အဝိဇ္ဇာ။ ဒါဖြင့် ဝိဇ္ဇာသုတ်ကျတော့ **'အ'**လေး ဖြုတ်လိုက်ရုံပဲ။

ရူပ်ကို ရူပ်မှန်းသိတာ ဝိဇ္ဇာ

ဝိဇ္ဇာ ဝိဇ္ဇာတို့ ဘန္တေ ဝုစ္စတိ၊

ဘန္တေ၊ ရှေဘုန်းတော်သခင်ရှင်ပင် မြတ် ဘုရား။ ဝိဇ္ဇာ ဝိဇ္ဇာတို့၊ ဝိဇ္ဇာ ဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ မိန့်ဆိုအပ်ပါ၏။

ကတမာနုခေါ် ဘန္တေ ဝိဇ္ဇာတို့၊

ဘန္တေ၊ ရှေဘုန်းတော်သခင် ရှင်ပင်မြတ်

http://www.dhammadownload.com

ဘုရား။ ဝိဇ္ဇာတိ၊ ဝိဇ္ဇာဟူသည်။ ကတမာနု၊ အဘာယ်ပါနည်းဘုရား။

ယ်ခေါ် ဘိက္ခုရှုပ် ပဇာနာတိ၊

ဘိက္ခု၊ ရဟန်း။ ယ်ရှုပ်၊ အကြင်ရှုပ်ကို။ ပဇာနာတိ၊ ပိုင်ပိုင်ကြီးသဘောကျအောင်သိ၏။

ဣဒံ ဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ၊

အချုပ်က ဘိက္ခု၊ ရဟန်း။ ဣဒံ၊ ဤသို့ ရှုပ်ကို ရှုပ်မှန်း သိခြင်းကိုပင်။ ဝိဇ္ဇာ၊ ဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ မိန့်ဆိုအပ်ပါ၏။

ဒါဖြင့် တိုတိုလေးက ရှုပ်ကို ရှုပ်မှန်း မသိတာ အဝိဇ္ဇာ၊ အဝိဇ္ဇာဖြစ်လိုက်ရင်တော့ ပဋိစ္စသမုပ္ပာဒ်ဆိုကြည့်လိုက်၊ ဟုတ်ရဲ့လား အဆုံးကျတော့ ဘာတွေ့မလဲ။ ဒုက္ခကွေ့ခန္ဓသ သမုဒယော ဟောတိ။ အဝိဇ္ဇာဖြစ်လိုက်ရင်တော့ ဒုက္ခ ပေါက်တန်းတိုးတာပဲ။ ရှုပ်ကို ရှုပ်မှန်းမှ မသိဘဲ။

ဝိဇ္ဇာဉာဏ်ကို သမ္မာဒိဋ္ဌိခေါ်တယ်

ဒီမှာ ဘုရားရှင်ဟောတာက ရှုပ်က ပုံသဏ္ဌာန်မရှိဘူး။ သဘောသတ္တိလေး၊ ဘယ်ရှုပ်မှ ပုံသဏ္ဌာန်မရှိဘူး။ အခု ထင်ရှားပြီလေ၊ နမူနာထုတ်ပြတယ်နော်၊ ပါစကဝမ်းမီး အစာကို ကြေညက်စေတယ်။ အစာသစ်မှ အစာဟောင်းသို့ ပြောင်းလဲတာ တစ်စုံတစ်ဦးက ပြုလုပ်တာလား၊ တေဇောဓာတ်က ပြုလုပ်တာလား၊ ငါ့ကိစ္စလား၊ တေဇောဓာတ်ကိစ္စလား။ ငါ့ အလုပ်လား၊ တေဇောဓာတ်အလုပ်လား။ ဒါဖြင့် ငါ့သန္တာန်မှာ ပါစကဝမ်းမီးဆိုတဲ့ တေဇောဓာတ်ဖြစ်ရဲ့လား၊ မဖြစ်ရဲ့လားလို့ ဆင်ခြင်လိုက်ရင် မထင်ဘူးလား၊ မထင်သမျှ ကာလပတ်လုံး ဘာနဲ့နေသလဲဆိုရင် အဝိဇ္ဇာနဲ့ နေတယ်၊ အဝိဇ္ဇာနဲ့နေလို့ ဘုန်းကြီးတို့ ဒုက္ခ မလွတ်တာ၊ ဒီတေဇောဓာတ်ဟာ ရှုပ်တရားပဲလို့ သိလိုက်တာ ဝိဇ္ဇာ၊ ဝိဇ္ဇာဖြစ်လိုက်ရင် အဝိဇ္ဇာမချုပ်ဘူးလား၊ အဝိဇ္ဇာအကြောင်းချုပ်ရင် ဒုက္ခမငြိမ်းဘူးလား ဒီလို တစ်စ တစ်စ ငြိမ်းအောင်က တစ်ဆူသောဘုရားရှင်ပွင့်မှ ဝိဇ္ဇာဉာဏ်ကို ရတယ်။ ဝိဇ္ဇာဉာဏ်ကို သမ္မာဒိဋ္ဌိခေါ်တယ်။ ဝိပဿနာခေါ်တယ်။ အခေါ်ကွဲတယ် အတူတူပဲ အဲဒီတော့ တေဇောဓာတ်ဟာ ပါစကဝမ်းမီးကို ကောင်းစွာနှလုံးသွင်းပြီးတော့၊ အော် ဒါရှုပ်တရား ရှုပက္ခန္ဓာပဲ ဒီရှုပ်တရားဟာ စင်စစ် ငါလည်းမဟုတ်ဘူး၊ သူလည်း မဟုတ်ဘူး။ ပုဂ္ဂိုလ် သတ္တဝါလည်း မဟုတ်ဘူး။ ဘယ်သူမှလည်း မပိုင်ဘူး။ အဟုတ်သော်ကား အနိစ္စ ဒုက္ခ အနတ္တ ဟုတ်တယ်လို့ အဟုတ်ကို အဟုတ်အတိုင်း ရှုဆင်ခြင်တဲ့ ဉာဏ်သည် ဝိပဿနာဉာဏ်၊ ဒီဉာဏ်ကို မပြတ် နှလုံးသွင်းနေတာ ဝိပဿနာ အားထုတ်နေတာပဲ။

အဲဒီတော့ အိမ်သာတက်ရင်း နှလုံးသွင်းရင် မရဘူးလား၊ တစ်နေရာမှာ အေးအေးဆေးဆေး နေရင်ကော နှလုံးသွင်းရင် မရဘူးလား၊ ဒါကြောင့်ကောင်းစွာ သင်ကြားနာယူရမယ်။ တရားကိုဆောင်ရမယ်။ အနိစ္စ ဒုက္ခ အနတ္တ ဘာမှမသိဘဲ ဆောင်တာတောင်မှ အပါယ်မကျဘူး ရဟန္တာတွေ ဖြစ်ကုန်ပြီ ဟုတ်ကဲ့လား၊ ခုသိတာပဲနော်။

http://www.dhammadownload.com

ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ

အဲဒီတော့ ဘုရားရှင်က သတိပဋ္ဌာန်မှာ ဟောထားတာ ကျင်ကြီးစွန့်တယ်။ ကျင်ငယ် စွန့်တယ် ဆိုတာ ဆင်ခြင်ရမယ်၊ ဆင်ခြင်တော့ ဓာတ်ကြီးလေးပါးထဲမှာ အစာသစ်က ဒီအစာ ဟောင်းအထိ ငါးစုကွဲသွားတာ ငါ့ကိစ္စလား။ တေဇောဓာတ်ကိစ္စလား။ ရှင်းလို့ မဟုတ်လား။ ဒီတေဇောဓာတ်က အရှေ့ခံနော်၊ သိတတ်တဲ့တရားက ရှုတဲ့ဉာဏ်နော်၊ ရှုတဲ့ဉာဏ်က တေဇောဓာတ်ကို ကောင်းစွာ ထင်လိုက်ရင် နောက်ဉာဏ်က ဒီတေဇောဓာတ်ဟာ၊ အနိစ္စ ဒုက္ခ အနတ္တပဲလို့ ဒီလို လက္ခဏာ ယာဉ်သုံးပါးနဲ့ နှလုံးသွင်းတာ ဝိပဿနာပဲ။

အဲဒီလို အစာသစ်ကနေ အစာဟောင်း အထိ ငါးစုမှ တစ်စုပြောင်းသွားပြီး ပြောင်းသွားတဲ့အခါမှာ ဘယ်သတ္တိကြောင့် ခန္ဓာကိုယ်၏ အကျိုးဆက်ဖြစ်တဲ့ ကျင်ကြီးကျင်ငယ်ဟာ အပသို့ရောက်သလဲဆိုရင် ဝါယောဓာတ်တဲ့၊ ဝါယောဓာတ်က ခြောက်မျိုးရှိတယ်လေ၊ ခြောက်မျိုးထဲက အဓောဂမဝါယော၊ အောက်သို့စုန်သောလေ၊ အောက်သို့စုန်သောလေ သဘောသတ္တိက လှုပ်ရှားတွန်းကန်တဲ့သတ္တိ၊ လှုပ်ရှားတွန်းကန်တဲ့သ တ္တိလုံးဝမဖြစ်ဘူးဆိုရင် ကျင်ကြီးစွန့်မှန်းလဲမသိ၊ ကျင်ငယ်စွန့်မှန်းလည်းမသိ ဟုတ်ရဲ့လား။

ဒါဖြင့် ကျင်ကြီး ကျင်ငယ်စွန့်တယ်ဆိုတာ ငါ့ကိစ္စလား။ ဝါယောဓာတ်ကိစ္စလား။ ဒီနေရာမှာ ဝါယောဓာတ်ဟာ ပရမတ်၊ ပရမတ်ဆိုတာ စာစကားပဲ၊ မြန်မာလိုက သရုပ်တရားကိုယ် ရစကောင်းဖြစ်တဲ့တရား၊ သရုပ်တရားကိုယ် ဆိုတာ ဝါယောဓာတ်၊ ကျင်ကြီးစွန့်တဲ့ အခါ ဝါယောဓာတ် လုံးဝမဖြစ်ရင် စွန့်လို့ မရဘူး အဲဒီတော့ မိမိသန္တာန်မှာ ခန္ဓာကိုယ်ရဲ့ အကျိုးဆက်ဖြစ်တဲ့ ကျင်ကြီးကျင်ငယ်ဟာ အပသို့ ထွက်လာတာ ငါ့ကိစ္စလား။ ဝါယောဓာတ်ကိစ္စလား။ ဒါဖြင့် အဲဒီ ဝါယောဓာတ်ကို မထင်ထင်အောင် ဆင်ခြင်ရင် မထင်ဘူးလား။ ထင်လာတဲ့ ဝါယောဓာတ်ဟာ လှုပ်ရှား တွန်းကန်တဲ့ သတ္တိ ဒီသတ္တိလေးကို ရူပ်တရား ဒီရူပ်တရားဟာ ငါမဟုတ်ဘူး၊ သူမဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့အလိုသို့ လိုက်တဲ့တရား မဟုတ်ဘူးလို့ ဘုရားကဟောတာ။ ငါကို ငါမဟုတ်ဘူးလို့ ဘုရားကမဟော ဘူးနော်၊ ဘုရားဟောတာက ဒီသဘောသတ္တိလေးတွေကို ရှုလိုက်တော့ ပါစကဝမ်းမီးက ရူပ်တရားနော်၊ ဒီရူပ်တရားက ပုံသဏ္ဌာန်မရှိဘူး သဘောသတ္တိကို ရှုရတာ၊ အခုကျင်ကြီး စွန့်တဲ့အခါ ငါ့ကိစ္စလား။ ဝါယောဓာတ် ကိစ္စလား။ ဒါလေး သဘောကျသွားရင် ကျင်ကြီးစွန့်တဲ့ ကိစ္စလဲပြီးတယ်၊ ဝိပဿနာရှုရင်လည်းပြီးတယ်၊ ရူပ်ကို ရူပ်မှန်းသိနေတာ ဝိဇ္ဇာဉာဏ်နော်၊ ဝိဇ္ဇာဉာဏ်ပေါ်နေတဲ့အခါ ပဋိစ္စသမုပ္ပဒ် ရပ်နေတယ်၊ သံသရာပြတ်နေတယ်။ ဒုက္ခငြိမ်းနေတယ်။ အဲဒါကို အလေ့အကျင့်လုပ်ရတယ်။

အဲဒီတော့ အဲဒီတရားတွေ မမြင်လို့ရှိရင်၊ ရူပ်ကို ရူပ်မှန်းမသိရင် အဝိဇ္ဇာဖြစ်မနေဘူးလား၊ အဝိဇ္ဇာအကြောင်းခံလိုက်ရင် ဒုက္ခ အကျိုး မပေါ်ဘူးလား၊ ဒါဖြင့်ရင် ကျင်ကြီး ကျင်ငယ် စွန့်တာသည် အမျှားအပြောမှန်တယ်၊ တရားသဘောအမှန်မှာ ဝါယော

http://www.dhammadownload.com

ဓါတ်ရဲ့ ကိစ္စပဲ ဝါယောဓါတ်က ရုပ်တရား ရှုပက္ခန္ဓာ၊ အဲဒီ ခန္ဓာမျိုးကို ဝိပဿနာရှုရတာ၊ ဒီအကောင်ကို ရှုရတာ မဟုတ်ဘူး၊ ဒါကြောင့် စည်းကမ်းလေး ပေးတယ်လေ သမထရဲ့ အာရုံက ပုံပန်းသဏ္ဌာန်ကိုရှုရတယ်။

ပညာနဲ့ ဉာဏ်

အာနာပါန မှန်မှန်ကြီးရှုရှိုက်တဲ့ ပုဂ္ဂိုလ်တွေ စိတ်ဘယ်မှ မသွားတော့ဘူး၊ မိုးတိမ်အဆင်းလို့လဲထင်တယ်၊ ကြယ်တွေလတွေ လို့လဲ ထင်တယ်၊ အဲဒီလိုထင်လာတာ သညာရဲ့ အာရုံ၊ ဝိပဿနာရဲ့ အာရုံမဟုတ်ဘူး၊ ဝင်လေထွက် လေကိုရှုရင်းနဲ့ နမိတ်တွေ ထင်လာတယ်။ အမျိုးမျိုးထင်လာတယ်။ ဝိသုဒ္ဓိမဂ်က ဒီအတိုင်းပြောတယ် ဝိပဿနာပညာရဲ့ အာရုံ ပညာနဲ့ ဉာဏ်တောင်မတူဘူး၊ ဉာဏ်နဲ့ ပညာကို တူတယ်လို့ တစ်ချို့ကပြောတယ်။ အဲဒါက ပဋိသမ္ဘိဒါမဂ်မှာလာတယ် သိစရာကို တန်းသိတာဉာဏ်၊ သိစရာကို ကွဲကွဲပြားပြား ခြားခြားနားနား ပိုင်ပိုင်နိုင်နိုင် သိတာကို ပညာ ဒီလိုဘုရားရှင် ကဟောတယ်၊ ဝိပဿနာရှုတာက ပညာရဲ့ကိစ္စ၊ သညာရဲ့ကိစ္စမဟုတ်ဘူး။ ဒီ အာနာပါနရှုလို့ ဘာတွေညာတွေ ထင်လာတာ သညာရဲ့အာရုံ အဲ့ဒါလေးသေချာမှတ်ထား ဝိပဿနာကတော့ ပညာနဲ့ရှုရတာ ဒါကြောင့် သမထက ပုံသဏ္ဌာန် ရှုရတာ ဝိပဿနာက သတ္တိလေးရှုရတာ ဟုတ်ရဲ့လား။

ဥစ္စာရေပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ

အခုပြန်ဆိုရအောင် **"ဥစ္စာရ ပဿာဝကမ္မေ သမ္မ ဇာနကာရီ ဟောတိ"** ဒါ သတိပဋ္ဌာန်ပါဠိတော် ကျင်ကြီး စွန့်ရင်လည်း ဆင်ခြင်ဉာဏ် သမ္မဇဉ်နဲ့ရှုရမယ်။ ကျင်ငယ် စွန့်ရင်လည်း ဆင်ခြင်ဉာဏ် သမ္မဇဉ်နဲ့ရှုရမယ်။ မှတ်မိအောင် ပြောမယ်။ ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ ရှောရှောရှူရှူနဲ့ စွန့်လို့ ကြိုက်ရင် လောဘ။ နှလုံးမသာမယာနဲ့စွန့်ရင် ဒေါသ။ အမှတ်တမဲ့နဲ့စွန့်ရင် မောဟ။ ဒီတရားသုံးမျိုး ဘယ်စိတ်ဖြစ်သလဲ၊ ဆင်ခြင်ကြည့်ရင် ဒီသုံးမျိုး ဘယ်မျိုးဖြစ်ဖြစ် အကုသိုလ် မဟုတ်ဘူးလား၊ အကုသိုလ်ဆိုရင် အကျိုးပေးက အောက်မဆင်းဘူးလား၊ ဟော မဆင်းခြင်ဘူးဗျာ၊ ကောင်းချင်တယ်၊ ဒါဖြင့် ဝိပဿနာရှုရတယ်။

ဝိပဿနာမှာ အဲဒီအကုသိုလ်သုံးမျိုးကို အကုသိုလ်ကြီးဘဲ အော် ဖြစ်ပေါ်လာတဲ့ တရားဟာ ပျက်ခြင်းအဆုံးရှိတာ မမြဲတဲ့ တရား အနိစ္စ အနိစ္စလို့ နှလုံးသွင်းရင် ဝိပဿနာ ဖြစ်သွားတယ်။ အဲဒီနှလုံးသွင်းက ကုသိုလ်စိတ်ဖြစ် သွားတယ်၊ အပါယ်တံခါးလည်းပိတ်တယ်၊ နိဗ္ဗာန်တံခါးလည်း ပွင့်တယ်၊ လူချမ်းသာ နတ်ချမ်းသာလည်း လျော့မသွားဘူး ကုသိုလ်ဆိုတာ အကျိုးပေး အောက်ဆင်းမှာလား အထက်တက်မှလား၊ အဲဒီတော့ စွန့်တတ်ဖို့လိုတယ်၊ စွန့်တဲ့ အခါမှာ ဆင်ခြင်ရမှာနော်၊ ပြန်ဆိုလိုက်ပါ။ စွန့်မည်ကြံလျှင်

http://www.dhammadownload.com

သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့် ရှုရမည်။

ဒီနည်းတွေဟာ မရရှာကြဘူးခင်ဗျာ။ မရတော့ ဘာနဲ့ချည်း စွန့်သလဲ အမျှားဆုံးလောဘနဲ့ စွန့်ရင် စွန့်မယ်။ ဒေါသနဲ့စွန့်ရင် စွန့်မယ်၊ အမျှားဆုံး မောဟနဲ့ ချည်းစွန့်တယ်။ မောဟကို အဝိဇ္ဇာခေါ်တယ်မို့လား၊ အဝိဇ္ဇာနဲ့ ချည်း စွန့်ရင် ဒုက္ခနဲ့မတိုးဘူးလား၊ အကြောင်းက အဝိဇ္ဇာ၊ အကျိုးက ဒုက္ခ၊ အကျိုးသစ္စာ ဒုက္ခ၊ အကြောင်းသစ္စာက ဆင်းရဲဖြစ်ကြောင်း အမှန်၊ အကျိုးသစ္စာက ဆင်းရဲအမှန် ဒီအမှန်တရားနှစ်ပါးကို မသိတာ အဝိဇ္ဇာတွေ ထပ်ဖြစ်တာ အမှန်တရားနှစ်ပါးကို သိတာ ဝိဇ္ဇာ။

တစ်ဆူသောဘုရားရှင် ပွင့်မှ ထုတ်ဖော်ဟောတဲ့တရား

ဝိပဿနာရှုတယ် ရှုတယ်ဆိုတာ အမှန်တရားနှစ်ပါးကို ပိုင်းခြားပြီးရှုတယ်၊ ဘယ်အခါရှုသလဲ အိမ်သာထဲမှာတောင်ရတယ်၊ ဆင်ခြင်ဉာဏ်ပဲ၊ နှလုံးသွင်းပဲ ဟုတ်ရဲ့လား။ ပြန်ပြောမယ်နော် တစ်ခုသော တရားကို မရှုမမြင်ရင် အဝိဇ္ဇာနော်၊ အော် ကျင်ကြီးကျင်ငယ်စွန့်တယ်ဆိုတာ ငါ့ကိစ္စလား၊ ဝါယောဓာတ်ကိစ္စလား၊ ငါ့အလုပ်လား၊ ဝါယောဓာတ်အလုပ်လား၊ ဆင်ခြင်ကြည့်လိုက်ရင် ဝါယောဓာတ်ပျက်နေလို့ရှိရင် စွန့်မှန်းသိသေးရဲ့လား ဒါဖြင့် ဝါယောဓာတ်ကိစ္စ တန်ခိုးရှင် ဖန်ဆင်းတာ မဟုတ်ဘူး၊ ဒီဝါယောဓာတ်ဟာ ခန္ဓာအားဖြင့် ရှုပက္ခန္ဓာ ခန္ဓာကိုရှုရတယ်ဆိုတာ အဲဒီ ခန္ဓာမျိုးကို ရှုလိုက်တဲ့အခါ ပုဂ္ဂိုလ်သတ္တဝါဟုတ်သေးရဲ့လား၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့တရားကို ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးလို့ ဘုရားရှင်ကဟောတာ၊ ဝိပဿနာအလုပ်ဆိုတာ လူရဲ့ အလုပ် မဟုတ်ဘူး။ ဉာဏ်ရဲ့အလုပ် ဒီလောက်ဆိုရင်တော့ စားလည်း စားတတ်ကောပေါ့၊ အပါယ်တံခါးလည်းပိတ် နိဗ္ဗာန်တံခါးလည်းပွင့် ဟုတ်ရဲ့လား။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ်စွန့်တာကစ အိမ်သာထဲမှာတောင် အပါယ်တံခါး လည်းပိတ် နိဗ္ဗာန်တံခါးလည်းပွင့်ရင်း စားလည်းမလျှော့ဘူး လေ၊ လူချမ်းသာ နတ်ချမ်းသာကို ခံစားရင်ဖြင့် ဒုက္ခခပ်သိမ်းအစဉ်ငြိမ်းတဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တိုင်အောင် တစ်ဆူသော ဘုရားရှင်ပွင့်မှ ဒုက္ခလို့ဟောတယ်။ ပါစကတေဇောဓာတ်၊ ဝါယောဓာတ် ဒါတွေဟာ ဒုက္ခတွေပဲ၊ လူကို ဒုက္ခလို့ပြောတာမဟုတ်ဘူး ပရမတ္ထသတ္တိလေးတွေကို ဒုက္ခလို့ ဘုရားရှင်ကဟောသွားတာ။ ဘုရားရှင်ပေးတဲ့နည်းနော်။ စားတတ်ပြီ၊ စွန့်တတ်ပြီ၊ လေ့ကျင့်တော်မူကြပါ။ အားလုံး ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြင့် တရားထူး တရားမြတ်ရတဲ့သူများ ဖြစ်ကြပါစေ။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်။ ဗုဒ္ဓဟူးနေ့။ ညနေချမ်းအချိန်။
အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။
ထေရဝါဒဓမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှံသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

အဓိကအကျဆုံးမူရင်း

ဒီဝိပဿနာ အကျင့်မြတ်တရားတော်ထဲက အဓိက အကျဆုံးမူရင်းကိုပြောမယ်၊ လက်လှမ်းမီရာ ပြောရရင် သတိပဋ္ဌာန်၊ ဒီမဟာသတိပဋ္ဌာန်သုတ်ကို အထောက်အကူပြုတာကတော့ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ အဲဒီသုံးသုတ်ကို မူတည်ပြီးတော့ ဆိုင်ရာ ဆိုင်ရာ ဘုရားရှင်ဟော ထားတဲ့ ထိုထိုသော ကျမ်းဂန်ထဲမှ လက်လှမ်းမီသရွေ့ နဲ့ဟတ်ပြီးတော့ ဝိပဿနာတရားကျင့်သုံးပုံ ကျင့်သုံးနည်း၊ ဒီနေ့ ဓာတ် ၆-ပါး ကမ္မဋ္ဌာန်း အဲဒီ ဓာတ် ၆-ပါးကို မစခင် နမော တဿကို အာရုံပြုရှိခိုးပုံလေးပြောမယ်၊ နမောတဿ ဖြစ်ပေါ်ပုံ အကြောင်းပြောပြီးပြီ။

ရှေးဦးစွာ **အရဟံ**- ပူဇော်အထူးကို ခံတော်မူထိုက်ထသော မြတ်စွာဘုရားသည်လူ၊ နတ်၊ ဗြဟ္မာအားလုံးတို့၏ ပူဇော်အထူးကို ခံထိုက်တဲ့ ပုဂ္ဂိုလ်၊ အဲဒီလို ရှိခိုးလိုက်သဖြင့် မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးကို အာရုံပြုလိုက်သဖြင့် မိမိသန္တာန်မှာလည်း အဲဒီဂုဏ်ကျေးဇူး ကိန်းဝပ်သွားမယ်ဆိုရင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်တဲ့အတွက် ပူဇော်ထိုက်သွားတယ်။

အရဟံ-ပူဇော်အထူးကို ခံတော် မူထိုက်ထသော ဒုတိယ အချက်ကျတော့၊ **အ, ရဟံ**- မကောင်းမှုကိုပြုဖို့ရာ ဆိတ်ကွယ် ရာအရပ်ရှိတော်မမူထသော၊ တတိယ အချက်ကျတော့ **အရ, ဟံ**- ကိလေသာ တည်းဟူသော ရန်သူတို့ကို သတ်ဖြတ်တော် မူပြီးထသော ကိလေသာစက် သုံးထောင်ဝက်ကို အရဟတ္တမဂ်စိန်သံလျက်ဖြင့် ပယ်ဖြတ် ခုတ်ထွင် သုတ်သင်ရှင်းလင်း တော်မူပြီးထသော ဘုရားစကားတရားအသားက အလွန် လေးနက်တယ်၊ ရှေ့ပိုင်းမှာ တိုက်တွန်းခန်းလေး ဖြည်းဖြည်းပြောမယ် ။

http://www.dhammadownload.com

ဘုရားရှင်နဲ့ဝက္ကလိရဟန်း

ဓမ္မံ ပဿန္တော မံပဿတိ၊

ခန္ဓဝဂ္ဂသံယုတ်၊ ထေရဝဂ်၊ ဝက္ကလိသုတ် ဝက္ကလိမထေရ်ကို ဦးတည်ဟောသော်လည်း သတ္တဝါအများ တရားရဘို့ ဟောတဲ့တရား။ ဓမ္မံ၊ တရားစစ်တရားမှန်ကို။ ပဿန္တော၊ ရှုမြင်သောသူသည်။ မံ၊ ငါဘုရားစစ် ဘုရားမှန်ကို။ ပဿတိ၊ ဖူးမြင်ရသည်မည်၏။

သူ့အကြောင်းအရာလေးက ဝက္ကလိမထေရ်က ဘုရားရှင်ရဲ့ အသရေတော်ဆိုတဲ့ ကိုယ်လုံးတော်ကြီးကို မခပ်သော မျက်တောင်မမှိတ်သောမျက်လုံးနဲ့အရိပ်ပမာ အစဉ်သဖြင့် ကြည့်တယ်၊ ဘုရားရှင် ဝက္ကလိရဟန်းရဲ့ ဣရိယာပုထ်ဆိုတဲ့တရားကိုသိနိုင်တဲ့ဉာဏ် မရင့်ကျက်သေးလို့ သည်းခံတော်မူတယ်၊ နောက်ဆုံးရင့်ကျက်တဲ့အခါကျမှ အနားကနေ မောင်းထုတ်တယ်၊ ဘယ်လိုမောင်းထုတ်သလဲ၊

ကိုတေ၊ ဣမိနာပူတိကာယေန ဒိဋ္ဌေန၊

ဣမိနာပူတိကာယေန၊ ဤတစ်လံမျှ လောက်သော ကိုယ်ကောင်ပုပ်ကြီးကို။ ဒိဋ္ဌေန၊ ကြည့်ရှုခြင်းဖြင့်။ တေ၊ သင့်အား။ ကိ၊ အဘယ်အကျိုးရှိအံ့နည်း။

ဘုရားရှင်ရဲ့သန္တာန်မှာလည်း စိတ်တွေ၊ စေတသိက် တွေ၊ ရူပ်တွေ၊ ၃၂-ကောဋ္ဌာသ အစုအဝေးကြီး စုဝေးနေတာပဲ၊ ဒါကို ဘုရားရှင်က ဣမိနာပူတိကာယေန၊ ဤတစ်လံမျှ လောက်သော ကိုယ်ကောင်ပုပ်ကြီးကို။ ဒိဋ္ဌေန၊ ကြည့်ရှုခြင်းဖြင့်။ တေ၊ သင့်အား။ ကိ၊ အဘယ်အကျိုးရှိအံ့နည်း။ အဲဒီတော့ တရားအားထုတ်တာမူရင်းပဲ၊ ဒီတစ်လံမျှလောက်သော ကိုယ်ကြီးက သစ္စာနှစ်ပါးလို့ ဒီနေ့ အခြေခံနည်းနည်းပေးမယ်၊ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာဆိုတာ ဘာတွေလဲဆိုရင်၊ စိတ်၊ စေတသိက်၊ ရူပ်၊ နိဗ္ဗာန် ဘယ်နှစ်ခုလဲ၊ လေးခု၊ အဲဒီလေးခု ကလွဲရင် ကျန်တာအကုန်လုံး သမုတိသစ္စာ၊ သစ္စာဆိုတာ အမှန်တရား။

ဝိပဿနာရဲ့အဓိကစည်းကမ်း

အဲဒီအမှန်တရား နှစ်ပါးထဲက ဝိပဿနာ ရှုတော့မယ် ဆိုရင် သမုတိသစ္စာကို မရှုရဘူး၊ ပရမတ္ထသစ္စာကို ရှုရမယ်၊ ဒါဖြင့် ဒီတစ်လံမျှ လောက်သော ကိုယ်ကောင်ကြီးက သမုတိသစ္စာထဲပါတယ်၊ ဒါကြောင့် ဝိပဿနာရှုတယ် ရှုတယ် တစ်ကိုယ်လုံး တစ်ကောင်လုံး ရှုတယ်၊ တစ်ကိုယ်လုံး တစ်ကောင်လုံးရဲ့ အစိတ်အပိုင်းတွေ ရှုတယ်ဆိုရင် ရှုကွက်လွဲနေပါတယ်၊ အဲဒါ ဝိပဿနာရဲ့ အဓိကစည်းကမ်းတစ်ချက်ပဲ။ ကျမ်းဂန် ပါဠိကိုးရင်–

ကိုတေ၊ ဣမိနာပူတိကာယေန၊ ဒိဋ္ဌေန၊

ဣမိနာပူတိကာယေန၊ ဤတစ်လံမျှ လောက်သော ကိုယ်ကောင်ပုပ်ကြီးကို၊ ဒိဋ္ဌေန၊ ကြည့်ရှုခြင်းဖြင့်၊ တေ၊ သင့်အား။ ကိ၊ အဘယ်အကျိုးရှိအံ့နည်း။

http://www.dhammadownload.com

ဘုရားက အလိုမရှိဘူးဆိုရင် ဝက္ကလိ အနားမနေရဲတော့ဘူး၊ အဲဒီတော့ ဘုရားရှင်က ဟောတဲ့ ပါဠိတော်မှာ-

ဓမ္မံ ပဿန္တော မံပဿတိ။

ဓမ္မံ၊ တရားစစ်တရားမှန်ကို။ ပဿန္တော၊ ရှုမြင်သော သူသည်။ မံ၊ ငါဘုရားစစ် ဘုရားမှန်ကို။ ပဿတိ၊ ဖူးမြင်ရသည်မည်၏။

ပြောချင်တာကတော့ ဝက္ကလိရဟန်းက အစဉ်သဖြင့် ဘုရားကို အရိပ်သဖွယ်ဖူးမြော်နေတာ ဒါပေမယ့် တရားကို မမြင်တဲ့အတွက် ဘုရားစစ်ကို သူမဖူးရဘူး။ တရားကို မြင်မှ ဘုရားကိုဖူးမြင်ရတယ်၊ ဒါကြောင့် တရားစစ် တရားမှန်ကို ရှုမြင်မှ ဘုရားစစ် ဘုရားမှန်ကို ဖူးမြင်ရတယ်။

ဝက္ကလိရဟန်းက ဘုရားနဲ့တွေ့နေတာပဲ၊ တွေ့နေပေမယ့်လို့ ဘုရားစစ်ကို သူမတွေ့ဘူး။ တရားမမြင်လို့၊ အဲဒီတော့ ပါဠိလေးကို ပြင်ရမယ်။

ဓမ္မံ အပဿန္တော မံ နပဿတိ။

ဓမ္မံ၊ တရားစစ်တရားမှန်ကို။ အပဿန္တော၊ မရှုမမြင် သောသူသည်။ မံ၊ ငါဘုရားစစ် ဘုရားမှန်ကို၊ နပဿတိ၊ မြင်သည်မမည်။

ဘုရားကို တွေ့နေပေမယ့်လို့ ဝက္ကလိက တရားကို မမြင်တဲ့အတွက် ဘုရားအစစ်ကို မဖူးရဘူး၊ဒါတစ်ထုံးပေါ့။

မြတ်စွာဘုရားနဲ့ ပဉ္စဝဂ္ဂိငါးဦး

အားလုံးသိထားတာ ဝါဆိုလပြည့်နေ့ ဓမ္မစကြာဟောရအောင်ကြွတယ်၊ ကြွတဲ့အခါကျတော့ **"ဒွေမေ ဘိက္ခ ဝေအန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ"** စသည်ဖြင့် ဓမ္မစကြာဟောတော့မယ်၊ ဒီအခါမှာ ပဉ္စဝဂ္ဂိ ငါးဦးဟာ ဟိုခပ်လှမ်း လှမ်းက ဘုရားရှင် ကြွလာတာမြင်တယ်၊ အနားရောက်ရင် ခရီးဦးမကြိုစတမ်း၊ ကတိထားကြတယ်၊ အခုတို့ နောက်လိုက်လာပြီ၊ ဘာဖြစ်လို့လဲ၊ ၆-နှစ်လုံးလုံး အစာရေစာ ပြတ်ခံပြီးကျင့်လိုက်တာ ဘုရားမဖြစ်ဘူး၊ အခု ဆွမ်းစားပင့်လည်း ကြွတယ်၊ ဆွမ်းလည်းခံစားတယ်၊ ကောင်းကောင်းမွန်မွန် ဘုဉ်းပေးတယ်။ အခုသူ့ချည်းနေရလို့ တို့ဆီလိုက်လာတယ်၊ မခေါ်စတမ်း၊ မပြောစတမ်း ကတိထားတယ်။

အနားရောက်လာတော့ ဘုရားရှင်ရဲ့ဘုန်းတန်ခိုးကြောင့် အလုအယက် ကြိုဆိုကြတယ်၊ အဲဒီအချိန်လေးမှာ သိဒ္ဓတ္ထမင်းသား ကြွလာတယ်လို့သာသိတာ၊ ဘုရားအစစ် ကြွလာတယ်လို့ သူတို့မသိဘူး ပဉ္စဝဂ္ဂိငါးဦးဟာ ဘုရားကိုမမြင်ဘူးလား မြင်တယ် မြင်ပေမယ့်လို့ ဘုရားအစစ်မှန်း သိရဲ့လား မသိဘူးဘာကြောင့်မသိလဲ တရားမနာရသေးလို့၊ ဓမ္မစကြာတရားမနာရသေးလို့ တရားမနာရသေးတော့ သူတို့ ဘုရားအစစ်မှန်းကို မသိတာလေ၊ တရားစစ် တရားမှန်ကို မြင်အောင် ရှုရတယ် မြင်ရင် ဘုရားစစ် ဘုရားမှန်ကို ဖူးမြင်ရတယ်။ ဒါနှစ်ထုံး ရရောနော်။

http://www.dhammadownload.com

ဘုရားရှင်နဲ့ ပဏ္ဏာသာတိ

နောက်တစ်ထုံး ဓာတ်(၆)ပါးဟောတဲ့ အခန်းမှာ တိုတိုလေးက ပဏ္ဏာသာတိမင်းကြီး၊ မြတ်စွာဘုရားနဲ့ အိုးထိန်းသည်ရဲ့ အိုးတင်းကုတ်မှာ ဆုံဆည်းကြတယ်၊ ဆုံဆည်းပုံလေးက ပဏ္ဏာသာတိမင်းကြီးက ဘုရားတည်းဟူသော ဂုဏ်ကျေးဇူးကို ကြားသိပြီး မိမိကိုယ်ကို ရဟန်းပြုတယ်၊ ဒါကို ပရိုဇ်ရဟန်း ခေါ်တယ်၊ ပရိုဇ်ရဟန်း ဘုရားဆီကို လာတဲ့အခါကျတော့ ဘုရားဆီမရောက်ဘဲ ခရီးတွေဘာတွေ လွန်သွားတော့ အချိန်ကုန်တဲ့အခါကျတော့ ဘဂ္ဂဝအမည်ရှိတဲ့ အိုးထိန်းသည်ရဲ့ အိုးတင်းကုတ်မှာ တစ်ညတာတည်းခိုပါရစေလို့ နေရာတောင်းပြီးတော့ နေနှင့်တယ်။

ဘုရားရှင်တို့မည်သည် မနက်အရုဏ်တက်တာနှင့် တစ်ပြိုင်နက် လောကဓာတ်တစ်ခုလုံးကို ဖြန့်ကျက် လေ့ကျင့်တယ်။ ဥပမာ။ တံငါသည်က ပိုက်ကွန်ကို ရေထဲပစ်ချတဲ့အခါ ပိုက်ကွန်မှာပါလာတဲ့ ငါးသည် တံငါသည်၏ ငါးဖြစ်သလို ဘုရားရှင်ရဲ့ ဉာဏ်တော်ကွန်ယက်မှာဝင်လာတဲ့သူသည် ဘုရားရှင်ရဲ့တပည့်သာဝက တရားထူးရတော့မယ်၊ ဒီအခါမှာ အကုန်ကြည့်တယ်၊ သူငါ့ဆီ ရောက်အောင်လာမှာလား၊ ငါကသွားရမှာလား၊ ဟိုကြတော့ ဘယ်လိုစကားပြောရမှာလည်း၊ သူဘယ်လိုနားလည်မှာလည်း၊ အကုန်လုံး ကြည့်တယ်။

ဒီအခါတော့ ဘုရားရှင်ကြွတယ်၊ ကြွတဲ့အခါ နေအဝင်မှာ ဘုရားရဲ့ အသရေတော်ကို ရှုပ်သိမ်းပြီးတော့ ခရီးသွား ရဟန်းတစ်ပါး အသွင်နဲ့ကြွတယ်။ အဲဒီအိုးထိန်းသည်ထံမှာ တည်းခိုခွင့်ပေးပါလို့ ဘုရားရှင်ခွင့်တောင်းတယ်။ နေရာရတော့ ပဏ္ဏာသာတိမင်းကြီးက ခရီးပန်းတော့ အိပ်တာပေါ့၊ ဘုရားရှင်က ဖလသမာပတ်ဝင်စားနေတယ်။

ဘုရားရှင် ဖလသမာပတ်ဝင်စားတယ်ဆိုတာ

ဖလသမာပတ် ဝင်စားတယ်ဆိုတာက ဘုရားရှင်ရဲ့ စိတ်အစဉ်က တစ်ချက်ပြီးတစ်ချက် နိဗ္ဗာန်ဆိုတဲ့သတ္တိကို ကြားထဲမှာ ဘဝင်မခြားဘဲနဲ့၊ တစ်ခြားအာရုံမရောက်ဘဲ၊ နိဗ္ဗာန်ကိုချည်းပဲ သွားသိသိနေတာ၊ အဲဒါ ဖလသမာပတ် ဝင်စားတယ်ခေါ်တယ်၊ အဲဒီတော့ ပဏ္ဏာသာတိမင်းနိုးလာတဲ့အခါ ကျတော့ ဘုရားရှင်ကပဲ စပြီး မိတ်ဆက်တယ်ပေါ့။

ဘုရားရှင်။	။ငါ့ရှင်ဘယ်သူလဲ။
ပဏ္ဏာသာတိ။	။ ပဏ္ဏာသာတိပါ။
ဘုရားရှင်။	။ငါ့ရှင် ရဟန်းပြုလာတာ ဘယ်သူကို ဆရာအဖြစ် ရည်ညွှန်းပြုသလဲ။
ပဏ္ဏာသာတိ။	။သုံးလောကထွဋ်ထား ရှင်တော်ဘုရားကို ရည်ညွှန်းပြုပါတယ်။

http://www.dhammadownload.com

ဘုရားရှင်။ ။ဒါဖြင့် သုံးလောကထွဋ်ထား ရှင်တော်ဘုရားကို တွေ့ဖူးရဲ့လား

ပဏ္ဍိုသာတိ။ ။ မတွေ့ဘူးဘူး။

ဘုရားရှင်။ ။တွေ့ရင်ကော သိမလား။

ပဏ္ဍိုသာတိ။ ။ မသိဘူး။

အဲဒီလို စကားစပြောရင်းပြောရင်းနဲ့ ဓာတ် (၆)ပါး ကမ္မဋ္ဌာန်းကို ဟောတာ၊ ဓာတ် (၆)ပါး ကမ္မဋ္ဌာန်းကို မနာကြားရခင်က ဘုရားနဲ့စကားပြောနေတာနော်၊ တွေ့နေတယ်နော်၊ ဘုရားမှန်းသိရဲ့လား၊ မသိဘူး။

ဒီဓာတ် (၆)ပါး ကမ္မဋ္ဌာန်းကို တစ်ခုချင်းတစ်ခုချင်း ကျင့်သုံးပုံ ဘုရားရှင်ဟောချလိုက်တော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အထိဖြစ်သွားတော့မှ တရားကို သိလိုက်တော့မှ မြင်လိုက်တော့မှ ဉာဏ်နဲ့မြင်တာ၊ ဒီအခါကျတော့ အော် သုံးလောကထွဋ်ထား ရှင်တော်ဘုရား ငါ့ဆီကြွလာပြီး ချီးမြှောက်တော်မူတာပဲ ဆိုပြီး ဘုရားရှင်ရဲ့ ခြေတော်အစုံကို ဦးခေါင်းနဲ့အားရအောင်ပွတ်တိုက်ပြီး ရှိခိုးတောင်းပန်တယ်။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားမှန်း မသိလို့ တပည့်တော် ဝတ်ကြီးဝတ်ငယ် မပြုမိ ပါဘုရား၊ ခွင့်ပြုတော်မူပါဘုရားလို့ အကြိမ်ကြိမ်တောင်းပန်တယ်။ အဲဒီတော့ ဒီနေရာမှာ လည်းပဲတရားမသိရင် ဘုရားကို မမြင်ဘူးနော်။ ဒါဖြင့် ဘုန်းကြီးပြောတာက တရားကို ကောင်းကောင်းသိဖို့လိုတယ်။ တရားကို ကောင်းစွာရှုမြင်ဖို့ ဘုန်းကြီးတို့ အရေးကြီးတယ်။ ဒီတရားတော်တွေ ရှုမြင်မှပဲ မိမိတို့ အလိုမရှိတဲ့ ဒုက္ခဇြိမ်းသွားမယ်။ ဒုက္ခဇြိမ်းကြောင်းက တရားကို မြင်ရမယ်လေ။

ဒါဆို သုံးထုံးပေါ့၊ ဝက္ကလိရယ် ပဠဝဂ္ဂိ ငါးဦးရယ် ခု ပဏ္ဍိုသာတိရယ်။ နောက် တစ်ထုံးက ပိုစိတ်ဝင်စားစရာ ကောင်းတယ်။

၆ ကျိပ် တစ်ဦး

ဘုရားရှင်ကိုယ်တော်မြတ် မိဂဒါဝုန်ဆိုတဲ့ ဗာရာဏသီမှာ တစ်ဝါတွင်းလုံး သီတင်းသုံးပြီး၊ တစ်မိုးတွင်းလုံး ပဠဝဂ္ဂိ ငါးဦးတည်းရှိတယ်။ မိုးကုန်လို့ ဆောင်းဦးပေါက်လာတဲ့အခါကျတော့ ယသ သတို့သားနဲ့သူငယ်ချင်းသူအဖေနဲ့တကွ (၅၅)ယောက်ရတယ်၊ ရတော့ အားလုံး ပဠဝဂ္ဂိ(၅)ဦးနဲ့(၆၀) ယောက်၊ အဲဒါ (၆)ကျိပ်လို့ခေါ်တယ်၊ မြတ်စွာဘုရားနဲ့ဆိုရင် (၆)ကျိပ်နဲ့တစ်ဦးလို့ ဒီလိုသုံးတယ်။ (၆)ကျိပ် တစ်ဦးရတော့ မြတ်စွာဘုရားက "**စရထ ဘိက္ခဝေ**" ဘိက္ခဝေ၊ အိုရဟန်းတို့။ စရထ၊ ခရီးလှည့်လည်ကြကုန်လော့။

တစ်ကြောင်းတည်းသော ခရီးကို တစ်ဦးတည်းသွားရတယ်။ လောကကြီးမှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာဆိုတာ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ် ဖြစ်ပေါ်လာပြီဆိုတာကို လောကလူသားတို့ သတ္တဝါအများတို့ ဖူးတွေ့ရအောင် သံဃာတော်များသည် ဒကာ၊ ဒကာမတို့ အပေါ်၌ အများကြီး ကျေးဇူးရှိတယ်။

http://www.dhammadownload.com

ဘယ်လောက်ကျေးဇူးရှိလည်းဆိုရင် တစ်ကြောင်းတည်းသောခရီးကို တစ်ဦးတည်းသွားရမယ်။ သာသနာပြုကြွတာလေ၊ ငါဘုရားလည်းပဲ ငါဘုရားသပိတ်ကိုယူ၍ ငါဘုရားတစ်ဆူတည်း ဥရုဝေလတောမှ ရှင်တစ်ထောင်ဆီ ကြွမယ်။ ဥရုဝေလတောဆိုတာက ဗောဓိပင်နဲ့ဆို ဒီဘက်ကမ်း ဟိုဘက်ကမ်းပေါ့။ ဘာဖြစ်လို့ တစ်ကြောင်းတည်းသော ခရီးကို တစ်ဦးတည်း ကြွခိုင်းသလဲ၊ လောကကြီးမှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ အစစ်ကို မတွေ့ကြရသေးဘူး။ သံဃာတော်များကို မျက်စိထဲမှာ မြင်လိုက်လို့ရှိရင် မဂ်လသုတ်မှာလေ မဂ်လာဆိုတာ မကောင်းမှုတွေပျောက်ပြီး ကောင်းကျိုး ချမ်းသာရောက်တာ လိုက်ဆိုလိုက်ပါ။

သံဃာတော်တွေရဲ့ကျေးဇူး

သမဏာနဉ္စ ဒဿနံ။ မဂ်လာသုတ်ကလေ၊ သမဏာနံ၊ ရဟန်းတို့ကို။ ဒဿနံ၊ ဖူးမြင်ရခြင်းသည်။ ဥတ္တမံ၊ မြတ်စွာ သော။ မဂ်လာ၊ မဂ်လာမည်၏ဟူ၍။ တွံ၊ သင်။ ဂဏ္ဍာဟိ၊ မှတ်လေလော့။

ဒါ ဘုရားသား သံဃာတွေပါလားလို့ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီသံဃာကို ကြည်ညိုတဲ့စိတ် ဖြစ်ပေါ်လာတာ လူချမ်းသာမက နတ်ချမ်းသာကိုရတယ်။ ဒီချမ်းသာ ဘယ်သူပေးတာလည်းဆိုတော့၊ သံဃာတော်များရဲ့ ကျေးဇူးကြောင့်ရတာ။ ဒါဖြင့် လူချမ်းသာနဲ့ နတ်ချမ်းသာ ဘယ်လောက်ကွာသလဲဆိုတော့၊ ဥပနိဓာယ ထောက်ဆကြည့်မယ်ဆိုရင် လူတွေရဲ့ချမ်းသာက စကြာဝဠာတေးမင်းရဲ့ ချမ်းသာက အချမ်းသာဆုံးပဲ၊ နတ်တို့ရဲ့ ချမ်းသာက အချမ်းသာဆုံးပဲ၊ နတ်တို့ရဲ့ချမ်းသာ မြင့်မိုရ်တောင်ကြီးလောက် ရှိတယ်။ လူတွေရဲ့ ချမ်းသာက လူဖြစ်တဲ့ စကြာဝဠာတေးမင်းရဲ့ ချမ်းသာက ဇီးကင်း လောက်ပဲရှိတယ်။ အဲဒီလောက်ကွာတယ် ဘုရားသားတော် သံဃာတော်တွေပါလားလို့ မြင်လိုက်တာနဲ့ ကြည်ညိုတဲ့စိတ်ဖြစ်ရင် မဂ်လာတရားဖြစ်ပါတယ်။ အဲဒီ မဂ်လာတရားက ဘယ်သူ့ရဲ့ ကျေးဇူးလဲဆိုရင် သံဃာတော်တွေရဲ့ကျေးဇူး၊ ဒါကြောင့် ဒကာ၊ ဒကာမတို့အပေါ်မှာ သံဃာများက ကျေးဇူးများတယ်။

ဘုရားရှင်နဲ့ ရဟေ့ညီနောင်ရှင်တစ်ထောင်

ဒါကြောင့်ပြောလိုတာက တစ်ကြောင်းတည်းသော ခရီးကို တစ်ဦးတည်းကြွခိုင်းတာ ဘုရားရှင်ကိုယ်တော်မြတ် ဥရုဝေလတောရောက်တဲ့အခါ ဥရုဝေလအမှုဆောင်ပြုတဲ့ ညီနောင် ရဟေ့ပေါင်း (၅၀၀)ရှိတယ်။ နဒီကဿပ အမှုဆောင်ရှိတဲ့ ရဟေ့အပေါင်း(၃၀၀)၊ ဂယာကဿပ အမှုဆောင်ရှိတဲ့ ရဟေ့အပေါင်းက (၂၀၀)၊ ဒီရဟေ့ကြီး ညီနောင်သုံးဦး ဦးဆောင် လိုက်

http://www.dhammadownload.com

တာ အားလုံးကို ရှင်တစ်ထောင်လို့ခေါ်တယ်။

အဲဒီရသေ့ရှင်တစ်ထောင်က ဘုရားမပွင့်ခင်ကာလကတည်းက အစဉ်လာ တောထွက်ကျင့်ကြတာ သူတို့ရဲ့ အကျင့်က ဘယ်လောက်များ ဘုရားမပွင့်ခင်က ဝိပဿနာ မရှိဘူးနော်။ သမထတွေပဲရှိတယ်။ အဲဒီသမထရဲ့စွမ်းအားနဲ့ ငါတို့ရဟန်းအစစ်ဖြစ်ပြီ ကိလေသာဆိုတဲ့ ညစ်နွမ်းတဲ့ ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့စိတ်စိုးစဉ်မျှ သူတို့သန္တာန်မှာ မပေါ်တော့ဘူး။ ဒီလောက်ဝုပ်ကွယ်နေတာ ဒါနဲ့ ဘုရားရှင်ကြွရောက် ညဉ့်ဦးယံရောက်တော့ ဥရုဝေလ ငါ့ကို တစ်ညတည်းခိုဖို့ ကျိန်းစက်ဖို့နေရာပေးပါလို့ ဘုရားရှင်က တောင်းတယ်။

ဘုရားရှင်နဲ့ နဂါး တန်ခိုးပြိုင်

အဲဒီတော့ မီးတင်းကုတ်ထဲမှာ အင်မတန်အဆိပ်ပြင်းတဲ့ နဂါးရှိတယ်။ အဲဒီမှာနေရတယ်။ တစ်ညလုံး မီးဟုန်းဟုန်း တောက်နေတယ်။ နဂါးနဲ့ ဘုရားနဲ့ တန်ခိုးပြိုင်နေတာ။ မနက် အာရုံတက်တဲ့ အချိန်ကြတော့ ခုနက အရှင်တစ်ထောင်က ဆွမ်းကျောင်းမှာ ဆွမ်းစားတုန်း ဘာပြောသလဲဆိုတော့ ရှင်ကြီး ဂေါတမတော့ ညကကြွသွားပြီ သေပြီ နဂါးအခိုးလွှတ်တာ တစ်ညလုံး မီးဟုန်းဟုန်း တောက်နေတယ်။ အဲဒီ စကားမဆုံးမီ ပြုန်းကနဲဆို ဘုရားက ဆွမ်းကျောင်းပေါ် တက်လာပြီး သပိတ်ထဲက နဂါးကို ကိုင်ပြီး ဥရုဝေလရော့ဒီမှာ သင်တို့နဂါးလို့ဆိုတော့ ရှင်ကြီး ဂေါတမ တန်ခိုးတော့ကြီးတယ်။ ငါတို့လို ရဟန္တာ မဖြစ်သေးဘူး။

ဘာဖြစ်လို့လဲဆိုတော့ ရာဂ၊ ဒေါသ၊ မောဟ အလွန်ဆိုးရွားတဲ့ တရားတွေ သူတို့မှာ မပေါ်ဘူး။ သမထဘာဝနာ အားကောင်းတာ သူတို့ကိုယ်သူတို့ ရဟန်းအစစ်လို့ပြောနေကြတာ။ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် ဒီလိုတရားပွဲကြီး ဘယ်ကျင်းပနေမလဲ။ ဒီရှင်တစ်ထောင်ရဲ့ အားဓာတ်ကလည်း စိုစဉ်းအနည်းငယ် ကိလေသာ မပေါ်တော့ဘူး ဆိုပြီး ဝုပ်ကွယ်နေတာလေ။ လုံးဝတော့ မငြိမ်းပါဘူး။ ဝိပဿနာဉာဏ်မရသေးလို့ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြုတယ်၊ မဂ်ဉာဏ်သည် ဖိုလ်ဉာဏ်သို့ ကျေးဇူးပြုတယ်။ ဖိုလ် ဉာဏ်ကိုတော့ နိဗ္ဗာန်က ပြန်ကျေးဇူးပြုတယ်။

အဲဒါကျတော့ ပြောင်းပြန် ဖြစ်တယ်။ ဝိပဿနာ ရင့်သန်ရင် မဂ်ဉာဏ်ပေါ်တယ်။ မဂ်ဉာဏ်ပေါ်ပြီးရင် ဖိုလ်ဉာဏ် ပေါ်တယ်။ တစ်နည်း ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်ရခြင်းရဲ့အကြောင်း၊ မဂ်ဉာဏ်သည် ဖိုလ်ဉာဏ်ရခြင်းရဲ့အကြောင်း၊ ဒီလို အကြောင်းက တစ်ဆင့်တစ်ဆင့်သွားတယ်။ နိဗ္ဗာန်ကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကအကြောင်း၊ နိဗ္ဗာန်က အကျိုးလို့ ဒီလိုမလာဘူး။ နိဗ္ဗာန်ကအကြောင်း ခံလိုက်တယ်။ ဒီအခါကျတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပေါ်လာတယ်။ အခုဒီမှာ ပြောလို

http://www.dhammadownload.com

တာက ဒီရှင်တစ်ထောင်ဆိုတဲ့ ရသေ့တစ်ထောင်ဟာ ရှင်ကြီးဂေါတမကို တွေ့နေတာပဲ၊ ဘုရားမှန်းမသိဘူးခင်ဗျာ။ ဟုတ်ကဲ့လား။

ရဟန်းပြုခွင့်ဓတာင်းတဲ့ ရှင်တစ်ထောင်

အဲဒီဆွမ်းဝိုင်းမှာပဲ မိုးတိုးမတ်တတ်သစ္စာတရားဆိုတာကို ပြောချလိုက်တာပေါ့ ဘယ်အရှည်ကြီးဟုတ်မလဲ ဘာလို့လဲ ဆိုတော့ သူတို့ကလည်း သိနိုင်တဲ့အခံက သိပ်ကောင်းတယ်။ သစ္စာတရားဆိုတဲ့ သစ္စာလေးပါးလည်း ပြောချလိုက်ရော အားလုံးရဟန္တာတွေ ဖြစ်သွားတော့မှ ဝိုင်းပြီးတော့ ဘုရားကို ပူဇော်ပြန်တယ်။ ဟိုအချိန်ခါက ငါတို့ကိုငါတို့ရဟန်းအစစ်လို့ အောက်မေ့တယ်။ ယခုမှ ဘုရားစစ် ဘုရားမှန်ကို ဖူးတွေ့ရလို့ တရားစစ် တရားမှန်ကိုရသောကြောင့် ငါတို့ရဟန်းဖြစ်ပြီ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့ကို ရဟန်းပြုခွင့် ပေးတော်မူပါဘုရား။

တပည့်တော်တို့ကို ရဟန်းပြုခွင့် ပေးပါဆိုတော့မှ မြတ်စွာဘုရားက **"ဧဟိဘိက္ခု"** ဘိက္ခု။ ရဟန်းတို့။ ဧဟိ၊ လာခဲ့ကြ။ ငါဘုရား၏ အဆုံးအမဖြင့်နေကြ ဘုရားရှင်က အဲဒီလိုလက်ကညွှန်ပြီးတော့ ရဟန်းတို့ကို ခေါ်လိုက်တာနဲ့ ရဟန်းအစစ်တွေ ဖြစ်ကုန်တယ်။ တရားကို မြင်တော့ ဘုရားစစ် ဘုရားမှန်ကို ဖူးရပါသည်။

တရားကို မမြင်လျှင် ဘုရားနဲ့တွေ့နေသော်လည်း ဘုရားမှန်းသိရဲ့လား မသိဘူး၊ ဘယ်နှစ်ထုံးရှိသွားပြီလဲ၊ (၄)ထုံး ရှိသွားပြီတော်ရောပေါ့ဗျာ။

အဲဒီတော့ တရားစစ်တရားမှန်ကို ရဖို့အရေးကြီးတယ်။ ဒါမှ မိမိအတွက်စိတ်ချရတယ်။ အခု ဓာတ်(၆)ပါး ဆိုတာကိုစမယ်။ ဓာတ်(၆)ပါးတဲ့။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်လေးခု နောက်နှစ်ခုတော့ အာရုံပြုရမယ်။ နံပါတ်(၅)က အာကာသဓာတ်၊ နံပါတ်(၆)က ဝိညာဏဓာတ် အဲဒီတော့ ပရမတ္ထသစ္စာက စိတ်၊ စေ တသိက်၊ ရူပ်၊ နိဗ္ဗာန်လေးမျိုးနော် အဲဒီလေးမျိုး ကလွဲရင် ကျန်တာအကုန်လုံး သမုတိသစ္စာ။ ဝိပဿနာရှုတဲ့အခါ ပရမတ္ထသစ္စာကို ရှုရမယ်။

ဝိပဿနာရှုကွက်ထဲမှာ လူမပါ

ဝိပဿနာရှုကွက်ထဲမှာ လူမပါဘူးနော်။ လူကိုရှုရင် ရှုကွက်လွဲနေတယ်။ လူရဲ့အင်္ဂါအစိတ်အပိုင်းတွေ ရှုရင်လည်း ရှုကွက် လွဲနေတယ်။ ပရမတ်သတ္တိလေးရှုရမယ်၊ ကမ္မဋ္ဌာန်းအားထုတ်တယ်၊ အားထုတ်တယ်ဆိုတာ ပါဠိလို ဘာဝနာ မဟုတ်လား ဘာဝနာဆိုတာ ပါဠိလေးနည်းနည်းပြင်တော့ ဘာဝိတာ၊ ပွားများအပ်ကုန်ပြီ၊ ပွားများတယ်ဆိုတာ ဒီကမ္မဋ္ဌာန်းတရားကို အမြဲမပြတ် နှလုံးသွင်းနေတာကို ပွားများတာ မြန်မာလို အားထုတ်တယ်။

http://www.dhammadownload.com

ဘာဝိတာကို တစ်ခါ ဘုရားရှင်ရဲ့စကားနဲ့ ပြောမယ်ဆိုရင် ဘုရားရှင်က ထပ်ဟောတယ်။ သိပ်သေချာတယ်။ ဘုရားရှင်က **"ဗဟုလီကတာ"** ကြိမ်ဖန်များစွာ လေ့ကျက်အပ်ကုန်သည်။ ကြိမ်ဖန်များစွာ လေ့ကျက်တဲ့အခါမှာ အာဇာနည်သိန္ဓောမြင်းလို လျင်လျင် သွက်သွက် အဟုန်ဖြင့် ပြေးသကဲ့သို့ ဒီဉာဏ်ရှင်ရဲ့သန္တာန်မှာ ဝိရိယဆိုတဲ့အားက ဒီဓာတ် (၆)ပါး ကမ္မဋ္ဌာန်းရှုရမယ်ဆိုရင် ဒီဓာတ်(၆)ပါး ကမ္မဋ္ဌာန်းကို တစ်ခါတည်း စူးစူးစိုက်စိုက်ဉာဏ်က အဟုန်နဲ့ဝင်သွားတာ ဒါကို အားထုတ်တယ်လို့။ ပါဠိလေး လိုက်ဆိုရအောင် ဘုရားစကား။

"ဘာဝိတာ ဗဟုလီကတာ" ပြန်နားထောင်ကြည့်။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့ကျက်အပ်ကုန်သည်။ ဗဟုလီကတာ၊ အာဇာနည် သန္ဓောမြင်းတို့ လျင်လျင်သွက်သွက် ဉာဏ်အမြင် အဟုန်ထက်သဖြင့် ဝိရိယအားဖြင့် အဟုန်များစွာ လေ့ကျက်အပ် ကုန်ပြီ။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဲဒီလို ဉာဏ်ရဲ့အလုပ် ဉာဏ်သိပ်ထက်တော့ ဒီတရားသဘောတွေ ဝင်နေတယ်။ အဲဒီတော့ ဒီဓာတ်(၆)ပါး ကမ္မဋ္ဌာန်းဟာ ဖြစ်ရင်တော့ ပဏ္ဍိုသာတိမင်းကြီး၊ ဘုရားမှန်းကိုမသိတာ ဘုရားရှင်ဓာတ်(၆)ပါး ကမ္မဋ္ဌာန်းဟောချလိုက်တော့မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်တော့မှ ဘုရားမှန်းသိတာ၊ ဒါကြောင့် တရားမြင်ရရင် ဘုရားမြင်မယ် တရားမမြင်ရရင် ဘုရားမမြင်ရဘူး။ ဟုတ်ရဲ့လား ဒါဖြင့် ရတနာသုံးပါးမှာ ဘုရားရှင်တရားကို မမြင် မြင်အောင် လေးအသခ်ေါ်နဲ့ ကမ္ဘာတစ်သိန်း ဆည်းပူးအားထုတ်ရတာနော်၊ တရားတော်လည်းမြင်လိုက်ရော ဘုရားဖြစ်သွားတယ်။ ဘုရားဖြစ်သွားတော့ ဘုရားပေးတဲ့နည်းနဲ့ သံဃာတော်တွေ ပေါ်လာတယ်။ ဒါဖြင့် တရားက ဘယ်တရားလည်း ချုပ်လိုက်တော့၊ စကားက (၆)ခွန်းပဲရှိတယ်။

ပိဋ္ဌကတ်သုံးပုံမှာ စကား(၆)ခွန်းပဲရှိ

ဒါအလွန် မှတ်သားစရာကောင်းတယ်။ ဘုန်းကြီးပြောတဲ့စကားမဟုတ်ဘူး ဒီပဲရင်းဆရာတော်ဘုရားရေးခဲ့တဲ့ ပရမတ္ထစက္ခုကျမ်းနောက်ဆုံးမှာ ဂါထာစီထားတယ်။ ပိဋ္ဌကတ်သုံးပုံမှာ စကား(၆)ခွန်းပဲရှိတယ်။ ပထမ(၃)ခွန်းက ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဒုတိယ (၃)ခွန်းက အနိစ္စ ဒုက္ခ အနတ္တ။

ဒီ(၆) ခွန်းနဲ့သိမ်းလိုက်ရင် အကုန်လုံး ပိဋ္ဌကတ်သုံးပုံ ဘုရားဟော အဲဒီထဲ အကုန်ဝင်တာပဲ။ ဒါဖြင့် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က အကျဉ်းဆုံးကို နှလုံးသွင်းရတယ်။

အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးကို ဆရာမရှိဘဲ ထန်ကုန်အောင် အစွမ်းကုန်မြင်လိုက်တော့ ဘုရားဖြစ်သွားတယ်လေ။ ဖြည်းဖြည်းလေး ပြန်ပြောမယ်။ ရှိတဲ့တရားက လောကဓာတ်ကြီးတစ်ခုလုံး

http://www.dhammadownload.com

အနိစ္စ ဒုက္ခ အနတ္တပဲ ရှိတာ။

ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ် အနိစ္စ ဒုက္ခ အနတ္တကို မမြင် မြင်အောင်ဟော ပြောသွားတာကို ပိဋကတ်သုံးပုံ နိကာယ် ငါးရပ် ဓမ္မဂ္ဂနှာ ရှစ်သောင်းလေးထောင် လို့ဆိုတယ်။

ဘုရားရှင်ကိုယ်တော်မြတ် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အခါကာလပတ်လုံး ဆည်းပူး တော်မူတဲ့ ဉာဏ်တော်အဟုန် ရင့်ကျက်တော် မူတော့ တရားဥဿုံအလုံးစုံ ကမ်းကုန်အောင် မြင်လိုက်တော့ ဘုရားဖြစ်သွားရော တရား ဥဿုံ အလုံးစုံကို ပြန်ချုပ်လိုက်ရင် အနိစ္စ ဒုက္ခ အနတ္တ။

အဲတိုတိုလေးက အနိစ္စ ဒုက္ခ အနတ္တကို တစ်စမကျန် ကမ်းကုန်အောင် သိလိုက်ရင် ဘုရားဖြစ်သွားရော ဗုဒ္ဓရတနာ ရသွားရော၊ အနိစ္စ ဒုက္ခ အနတ္တက ဓမ္မရတနာ ဓမ္မရတနာ ကို ဘုရားပေးတဲ့နည်းလမ်းအတိုင်း ကျင့်သုံး လိုက်တော့ သံဃာ တော်တွေဖြစ်လာတယ်။ ဒါကြောင့် ပိဋကတ်သုံးပုံမှာ စကား (၆)ခွန်းပဲ ရှိပါတယ်။ အားမလျှော့ပါနဲ့တဲ့ ဆရာကောင်း လိုတယ်။ ဒါဖြင့်ရင် ဓာတ်(၆)ပါးထဲမှ ပထဝီ ဓာတ်ကိုပဲ စကြစို့။

ပထဝီဓာတ်ကိုစတော့ အဲဒါတော့ ကျက် ထားမှရမယ်။ တစ်နည်း သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကွဲမှ ဟုတ် ရဲ့လား။

တော်ရိုလျော်ရိုနဲ့ မရတဲ့တရား

(၃၂)ကောဋ္ဌာသ၊ (၃၂)ကောဋ္ဌာသလို့ ပြောကြတယ် မဟုတ်လား။ တစ်ချို့ အဲဒီ(၃၂) ကောဋ္ဌာသကိုပဲ ရွတ်ဆိုနေရတယ်။ ဒီ(၃၂) ကောဋ္ဌာသ ရွတ်ဆိုရင်းနဲ့ ရဟန္တာဖြစ်သွားတာ ရှိတယ်လေ၊ ဘယ်သူလဲ ညီတော်နန္ဒလေ။

ကမ္မဋ္ဌာန်းပေးတဲ့စနစ်မှာ ပြန်ကြည့်လိုက် နံပါတ်(၁) သောတာနုဂတ၊ သင်ကြားနာယူ ရမယ်။ နံပါတ်(၂) ဝစသာ ပရိစိတ၊ နှုတ်ဖြင့် တပြောင်းပြန်ပြန်ရွတ်ဆိုရမယ်။ အဲဒါ ကမ္မဋ္ဌာန်း စီးဖြန်းတယ်လို့ ဆိုတယ်။ နံပါတ်(၃)မိမိရွတ် ဆိုတဲ့ ကမ္မဋ္ဌာန်းစာရဲ့ အနက်အဓိပ္ပါယ်ကို စိတ် ထဲမှာ မထင် ထင်အောင် နှလုံးသွင်းရတယ်။ **"မနသာနုပေက္ခိတ"**။ နံပါတ် (၄) ဒိဋ္ဌယာ သုပ္ပဋိပဒ္ဓ၊ ဒီတော့မှ တရားဉာဏ်တွေ ကောင်း စွာ ရှုမြင်လာမယ်။

အဲဒီလေးချက်အစဉ်အတိုင်း အားထုတ် ရင် ဟိုနေ့က ပြောခဲ့တယ် မဟုတ်လား "အိပ် သောယောက်ျား၊ နိုးသော်လားကဲ့သို့"။

ပြန်အာရုံပြုကြည့်ပေါ့ ဘုန်းကြီးပြောလို တာက (၃၂) ကောဋ္ဌာသကိုပဲ ရွတ်နေတယ်။ နောက်ဆုံး ဒီ(၃၂)ကောဋ္ဌာသကို ရှုမြင်ပြီးတော့ ရဟန္တာဖြစ်သွားတာ အဲဒီတော့ (၃၂)ကောဋ္ဌာ သ အကုန်လုံးမဟုတ်ဘူး ရနိုင်သရွေ့တော့ လုပ်ရမယ်လေ။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ရှာဖွေလို့ရ တဲ့တန်ဖိုး အရင်းစိုက်ထားတဲ့ တရားထူးတရား မြတ်ကို တော်ရိုလျော်ရိုနဲ့တော့ မရဘူး။ လိုက် ဆို ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဟု အဲဒီလောက်နဲ့ မရသေးဘူး။ တရားကို ယုံယုံ ကြည်ကြည်နဲ့ သက်ဝင်ထားမှ ဟုတ်ကဲ့လား။

http://www.dhammadownload.com

တစပဋ္ဌာန ကမ္မဋ္ဌာန်းဆိုတာ

တစ ပဋ္ဌာန ကမ္မဋ္ဌာန်းလို့ခေါ်တယ်။ တစ ဆိုတာ စက်ဆုပ်ဖွယ် ရွံရှာဖွယ် အော့ဖွယ် အန်ဖွယ် တကယ်ကို စက်ဆုပ်စရာ။ ပဋ္ဌာန ဆိုတာ (၅)မျိုးရှိတယ် အဲဒီ(၅)မျိုးကို ဘာလုပ်ရမလဲဆိုရင် ကမ္မဋ္ဌာန၊ ကမ္မက အလုပ်။ ဋ္ဌာနက နေရာ အဲဒီ(၅)မျိုးကို အလုပ်လုပ်ရမယ်။ ဒါအခြေခံအကျဆုံး ကမ္မဋ္ဌာန်း ပြန်ဆိုရအောင် ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဝ။ ဟော ကေသာဆိုတာ ဆံပင်၊ လောမာဆိုတာ မွေးညှင်း၊ နခါ ဆိုတာ ခြေသည်းလက်သည်း၊ ဒန္တာဆိုတာ သွား၊ တစောဆိုတာ အရေထူ အရေပါး (၅)မျိုး၊ အဲဒီ(၅)မျိုးလောက် အရကျက်တား အားအားရှိ အဲဒါပဲ ဆိုနေရမယ်။

သံကိစ္စသာမဏေ(၇)နှစ်သားနဲ့ ရဟန္တာဖြစ်တယ်။ ဘယ်လိုမျှားဖြစ်သလဲ။ ဦးခေါင်းပေါ်မှာ သင်တုံးမားတင်ရုံနဲ့ ရဟန္တာဖြစ်တယ်။ သမ္ဘိဒါလေးပါးရတယ်။ ဘုရားစကား တွေကို မသင်ဘဲ အနက်လည်းရတယ်။ အဓိပ္ပါယ်လည်းရတယ်။ အကြောင်းလည်းသိတယ်။ အကျိုးလည်းသိတယ်။ မဂ်စိတ်တစ်ချက်ထဲနဲ့ အဲဒါ (၇)နှစ်သားလေး ခေါင်းပေါ်သင်တုံးမား တင်ပြီး ဆံချကာမျှနဲ့ ပဋိသမ္ဘိဒါ ပတ္တရဟန္တာ ဖြစ်တယ်။

ဘယ်ကိစ္စမဆို ချက်ချင်းတော့ မဖြစ်ဘူးနော်။ ရှေးရှေး ဘုရားလက်ထက်က ဒီကမ္မဋ္ဌာန်း သူတို့စီးဖြန်းတယ် စီးဖြန်းတယ်ဆိုတာ ရှေးဦးစွာ ရွတ်ဆိုတာ။ ဝိပဿနာမှာ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ ခွဲလိုက်တဲ့အခါကျတော့ ပရမတ္ထသစ္စာမှာ စိတ် စေတသိက်၊ ရူပ်၊ နိဗ္ဗာန် လေးခု အဲဒီလေးခုကလွဲရင် ကျန်တာအကုန်လုံး သမုတိသစ္စာ။

ဒါဖြင့်ရင် ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဆိုတဲ့ ငါးမျိုးကို သမုတိသစ္စာထဲ ထည့်မယ်။ ဒါဖြင့်ရင် ဝိပဿနာ ရှုတဲ့အခါကျတော့ သမုတိသစ္စာ မရှုရဘူး။ ပရမတ္ထသစ္စာ ရှုရမယ်။

သမုတိသစ္စာလည်း ပညတ်၊ ပရမတ္ထသစ္စာလည်း ပညတ်

နောက်တစ်ခါ ပညတ်နဲ့ ပရမတ် ထပ်ခွဲရမယ်။ ပညတ်နဲ့ ပရမတ် ထပ်ခွဲရမယ့်အခါကျတော့ သူက သမုတိ သစ္စာလည်း ပညတ်၊ ပရမတ္ထသစ္စာလည်းပညတ် အဲဒါကျတော့ မကြားဘူးကြဘူး။

သမုတိသစ္စာက အဝိဇ္ဇမာနပညတ်၊ ပရမတ္ထသစ္စာက ဝိဇ္ဇမာနာပညတ်၊ မြန်မာလိုက သမုတိသစ္စာက ထင်ရှားမရှိတာကို သိစေထားတာ။ နောက်ပညတ်ဆိုတာ သိစေတာ။ ပညတ်မရှိ ရင်လည်း ဘာမှမသိတော့ဘူး ပရမတ္ထသစ္စာက အထင်အရှားရှိတာကို သိစေထားတာ။

ဥပမာ၊ နိဗ္ဗာန်ဆိုတဲ့တရားက ဘုရား ပွင့်ပွင့် မပွင့်ပွင့် ရှိတယ်။ အတိတ် အနာဂတ်

http://www.dhammadownload.com

ပစ္စုပ္ပန်မှ လွတ်ပြီး အစဉ်သဖြင့် ရှိတဲ့တရား။ ဒါပေမယ့်လို့ ဘယ်သူမှ မသိဘူး။ တစ်ဆူသော ဘုရားရှင်ပွင့်လာတော့မှ နိဗ္ဗာန်ကို သွားသိတာ၊ ဘုရားသိတော့မှ ဘုရားကဟော ပြောပြီး ကျင့်သုံးမှ အရိယာတွေဖြစ်ကုန်ကြတယ်။ အရိယာတွေဖြစ်မှ နိဗ္ဗာန်၏ သဘာဝသတ္တိ ကို သိတာ။

နိဗ္ဗာန် နိဗ္ဗာန်ဆိုတဲ့ သဘောသတ္တိက တစ်ခြား၊ နိဗ္ဗာန်ဆိုတဲ့ အမည်နာမ အခေါ် အဝေါ်ကတစ်ခြား ထင်ရှားရှိတဲ့ တရားကို သိစေထားလို့။ ပါဠိလို ဝိဇ္ဇမာနပညတ်။

တစ်ခေါက် ပြန်ပြောမယ်နော်။ ဒီအခြေခံကိုရမှ မဟုတ်ရင် ရှုကွက်လွဲနေရော။ ဒီအခြေခံကိုရမှ နိဗ္ဗာန်ဆိုတဲ့ တရားက ဘုရား ပွင့်ပွင့် မပွင့်ပွင့် ထင်ရှားရှိတယ်။ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးက လွတ်နေတယ်။ အခုမှ နိဗ္ဗာန်ကို တွေ့တယ်။ နိဗ္ဗာန် ဖြစ်ပေါ်လာတယ်ဆိုရင် မှားတယ်။ ဟိုတုန်းကလည်း နိဗ္ဗာန်ရှိတယ်ဆိုရင် မှားတယ်။ ကျင့်ပြီးမှ နိဗ္ဗာန်ဖြစ်ပေါ်လာတယ်ဆိုရင်လည်း မှားတယ်။ ဘယ်ဘုရားပွင့်ပွင့် သူ့ရဲ့ပင်ကိုယ် အမည်နာမက နိဗ္ဗာန်ဆိုတဲ့ နာမည် နိဗ္ဗာန်ဆိုတဲ့အမည်နာမက ပညတ် အဲဒီအမည်နာမဖြင့် ပြပြီး သိရတဲ့ သဘောသတ္တိက ပရမတ်။

ထို့အတူပဲ စိတ် စိတ်လို့ပြောလိုက်ရင် သိတယ်။ စိတ် ဆိုတာ အမည်နာမပညတ်၊ တကယ့်သဘောသတ္တိကတစ် ခြား၊ ဒါဖြင့်ရင် စိတ်ကို တစ်ခြားလူမျိုးက တစ်မျိုးခေါ်တာပေါ့ အခေါ်ချင်းကကွဲတယ်၊ သဘောသတ္တိက အတူတူပဲ။ သဘောသတ္တိက ပရမတ်၊ အမည်နာမက ပညတ်။

စေတသိက်ကျတော့ အခုဝေဒနာ ကမ္မဋ္ဌာန်းတဲ့ ဝေဒနာဆိုတဲ့ အခေါ်အဝေါ်ကနာမ် နာမပညတ်၊ တကယ် ခံစားတဲ့ သဘောသတ္တိက ပရမတ် ဟုတ်ကဲ့လား။

ထို့အတူပဲ ဒီနေရာမှာ ပထဝီဓာတ်(၂၀) ရှိတာ။ (၅) မျိုးပြထားတယ်။ သမုတိသစ္စာမှာ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဟုတ်တယ်။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး မှန်တယ်နော်။ ပရမတ္ထသစ္စာကျတော့ ပထဝီ။

သုံးဆယ့်နှစ်မျိုးစုဝေးနေတာ လူလို့ခေါ်တယ်။

ဒါကြောင့် သမုတိသစ္စာဟူသည် အဟုတ်မရှိ သမုတ်ရှိမျှသာဖြစ်၏။ ဉာဏ်ဖြင့်ရှာကြည့်မတွေ့ရ မသိရသော တရားဖြစ်၏။ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ သရုပ်တရားကိုယ်မရှိဘူး။ ဥပမာ–လူတစ်ကိုယ်လုံးကို ရှာကြည့် လိုက်တဲ့အခါကျတော့ (၃၂)မျိုး စုဝေးနေတာ တွေ့တယ်။ (၃၂)မျိုး စုဝေးနေတာကို လူလို့ခေါ်တယ်။ ပုဂ္ဂိုလ်လို့ခေါ်တယ်။ ခေါ်သာခေါ်တယ် တစ်ခုစီ စုထားတာနော်။ တစ်ခုစီ စုထားတာကို ဖြည်းဖြည်းလေး စဉ်းစားကြည့် အခု(၅)မျိုးကိုပဲ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေးပါး တကယ်ကို အခိုင်အမာ မရှိဘူး။ တကယ်ကို အခိုင်အမာ မရှိတဲ့တရားတွေက

http://www.dhammadownload.com

စုဝေးပြီး ပေါင်းဆုံထားတာ။ သေချာ (၃၂)မျိုးလုံးကို စစ်ဆေး ကြည့်လိုက်တော့ "(၃၂)ကောဋ္ဌာသကို အလှဘယ်မှာ ရှာမရဘဲ" (လယ်တီ)

တစမဉ္ဇကကို သစ္စာ(၂)ခု ခွဲရှု

တစ ပဉ္စက၊ တစက စက်ဆုပ်ဖွယ်၊ ပဉ္စက (၅)ခု ကမ္မဋ္ဌာန်း ဒါဖြင့် ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဆို တာက သမုတိသစ္စာ။ ပရမတ္ထသစ္စာက ပထဝီ ဟုတ်ရဲ့လား။

ပထဝီဓာတ်ဆိုတာ ဒီထက်ပိုပြီး အဌကလာပ်ရုပ်(၈)ခုဆိုတာ ရှိတယ်။ ပထဝီဓာတ်က တစ်ခုတည်းသာ ဟုတ်တယ်။ဒါပေမယ့် ခင်ဗျားတို့သိထားတဲ့ ပဌာန်းမှာ သဟဇာတ လေ၊ သဟ၊ အတူ။ ဇာတ၊ ဖြစ်တယ်။ ဒီဓာတ်ကြီးလေးပါးဆိုတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်၊ အဲဒီဓာတ်ကြီးလေးပါးက သဟဇာတဖြစ်တယ်။ ဒီဓာတ်ကြီးလေးပါးက တစ်ခုစီတော့ ဟုတ်တယ် ဖြစ်ရင် အတူတူဖြစ်တယ်။

နောက် အညမညဆိုတာ ဒီလေးခုမှာ တစ်ခုအကြောင်း သုံးခုအကျိုး၊ နှစ်ခု အကြောင်း နှစ်ခုအကျိုး၊ သုံးခုအကြောင်း တစ်ခုအကျိုး၊ ဒါကို အညမညပစ္စည်း၊ ပစ္စည်းဆိုတာ ပိုင်ရှင်ကို ကျေးဇူးပြုတာ အဲဒီတော့ ဆံပင်ကို ကြည့်လိုက် လို့ရှိရင် ဓာတ်ကြီးလေးပါး စုဝေးနေတယ်။ ပထဝီလို့ဆိုတာက ထင်ရှားတာကို ပြောပြတာ။ အဲဒီတော့ ဓာတ်ကြီးလေးပါး စုဝေးနေတယ်။

နောက်ထပ်(၄)မျိုး ထပ်ဝင်လာတယ် အဌကလာပ်။ အဌက ရှစ်၊ ကလာပ်က ပေါင်းစည်းထားတယ်။ ပါဠိလို ဝဏ္ဏော ဂန္ဓော ရသော သြဇာ။

ဆံပင်က သမုတိသစ္စာ၊ ဓာတ်(၈)မျိုးက ပရမတ္ထ သစ္စာ၊ ဒါဖြင့် ဆံပင်ကိုရှုရင် ရှုကွက်လွဲသွားတယ်။ ပရမတ္ထ ဖြစ်တဲ့ ဓာတ်(၈)မျိုးကို ရှုရမယ်။ ဓာတ်(၈)မျိုးလုံး မရှုနိုင်ရင် တစ်ခုခု ရှုရမယ်။

ဒါဖြင့် လောမာကိုရှုရှင် လောမာက သမုတိသစ္စာ၊ ဓာတ်(၈)မျိုးက ပရမတ္ထသစ္စာ။

နခါက သမုတိသစ္စာ၊ ဓာတ်(၈)မျိုးက ပရမတ္ထသစ္စာ။

ဒန္တာက သမုတိသစ္စာ၊ ဓာတ်(၈)မျိုးက ပရမတ္ထသစ္စာ။

တစောက သမုတိသစ္စာ၊ ဓာတ်(၈)မျိုးက ပရမတ္ထသစ္စာ။

ကဲနားကြစို့နော်။

သာဓု – သာဓု – သာဓု၊

http://www.dhammadownload.com

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ကဋ္ဌိကာရ နဲ့ ဇောတိပါလ

တိုက်တွန်းခန်းလေးတစ်ခု ပြောရမယ်၊ ကဿပ ဘုရားရှင်လက်ထက်တုန်းက သ-သခ်ါရိက ကုသိုလ်ဆိုတာ ကုသိုလ်ရအောင် သူတစ်ပါးကို တိုက်တွန်းတယ်။ ကဋ္ဌိကာရဆိုတဲ့ အိုးထိန်းသည် မိဘနှစ်ပါး မျက်စိမမြင်ဘူး၊ သူ့မိတ်ဆွေက ဇောတိပါလဆိုတာ သူ့ဌေးသားပေါ့၊ ငယ်ငယ်ကတည်းက ကစားဘက်၊ ကဋ္ဌိကာရအိုးထိန်းသည်က ဘုရားရှင်ထံမှာ အရိယာဖြစ်နေတယ်။ သာမန်အရိယာ မဟုတ်ဘူး ဘုရားရှင်ရဲ့ အလုပ်အကြွေးဆင်းရဲတာကတော့ ပြောမနေနဲ့ တစ်နေ့ လုပ်မှ တစ်နေ့စားရတယ်။ သူ့မိတ်ဆွေဖြစ်တဲ့ မြေမှုန့် ကစားဘက် သူဌေးသားကို ကျောင်းကိုခေါ်တယ်၊ ခေါ်လို့မရဘူး။ ဘယ်လို ခေါ်ခေါ် ခေါ်လို့မရဘူး။ နောက်ဆုံးကျတော့ ဥပါယ်တံမျဉ်နဲ့ခေါ်တယ်။ ဘယ်လိုလှည့်ခေါ်သလဲ၊ ရေကူးသွားရအောင်၊ ကျောင်းတော်နား ရောက်အောင်သွားပြီး ကူးတယ်၊ အားရအောင်ကူးတယ်၊ ကူးပြီးကုန်းပေါ်လည်း တက်ရော လာပါကွာ ကျောင်းဝင်ရအောင် ဆိုတော့၊ ဟင့်အင်း မလိုက်ဘူးတဲ့၊ မလိုက်ဘူးဆိုတော့၊ ဥသ္ဟောင်ဆိုတဲ့ ရောင်ထုံးကို ဖမ်းဆွဲလိုက်တယ်၊ ရောင်ကိုကိုင်တဲ့အခါမှ စဉ်းစားသွားတယ်၊ အမြဲတမ်း ငါ့ကိုခေါ်တာ အခု ငါ့ရောင်ကိုကိုင်တယ်၊ လွှတ်ပါကွာ၊ ငါလိုက်ပါတော့မယ်၊ မလွှတ်ဘူး လွှတ်လိုက်ရင် ပြေးမှာစိုး လို့၊ လိုက်လည်း ဆံပင်ဆောင့်ဆွဲခေါ်လာတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း အဲဒီ ဇောတိပါလ သူဌေးသားကို အကြောင်းပြုပြီး ကျောင်းဥပစာမှာ တရားပွဲကြီး ကျင်းပတယ်၊ အစွန်ကနေ နားထောင်ရတယ်၊ တရားပွဲလည်းပြီးရော ပြန်ကြစို့ဆိုတော့ ဇောတိပါလ သူဌေးသားက သူငယ်ချင်း ဆင်းရဲသား ကဋ္ဌိကာရကို ဘာပြောလဲဆိုတော့ ငါ့ကို အိမ်ပြန်မပို့ပါနဲ့ကွာ၊ ကျောင်းထဲပို့တော့တဲ့၊ ရဟန်းပြု တော့မယ်။ ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေလေ၊ အခုဘုန်းကြီးပြောသွားတာ တရားစစ် တရားမှန်ကို မမြင်ရင် ဘုရားစစ် ဘုရားမှန် မဖူးရသေးဘူးလို့ သာဓက လေးမျိုးပြောသွားတာနော်။

http://www.dhammadownload.com

ပထဝီဓာတ်ထဲက တရား ၅ မျိုး

နောက်ပိုင်းလေးမှာ တရားစစ် တရားမှန် ဓာတ်(၆)ပါး မှာ ပထဝီဓာတ်(၂၀)ရှိတဲ့အနက် (၅)မျိုးပြောတယ်နော်၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဟု။ ဟုတ်ကဲ့လား ဒီအခေါ် အဝေါ်တွေက အတုံးအခဲတွေက သမုတိ သစ္စာ။ ပရမတ္ထသစ္စာက ဓာတ်(၈)ပါးဖြစ် သွားတယ်၊ ဓာတ်(၈)ပါးက ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ရှစ်ခုမှာလည်း ဖြည်းဖြည်းစဉ်းစားကြည့် ဓာတ် ရှစ်မျိုးကျတော့ ပုံသဏ္ဌာန်မရှိဘူး သဘော သတ္တိ။

အဲဒီတော့ မိမိဉာဏ်က မှီမှီ မမှီမှီ ဒါက သမုတိသစ္စာ။ ဒါက ပရမတ္ထသစ္စာ။ အဲဒီသစ္စာ ဆိုတာအမှန် ဒီအမှန်တရား နှစ်ပါးကို ပိုင်းခြား ပြီး အာရုံပြုတာ ဖြည်းဖြည်းလေး စဉ်းစားကြည့် အဲဒီဟာ ကုသိုလ်စိတ်လား အကုသိုလ်စိတ် လားဆိုရင် ကုသိုလ်စိတ် ကုသိုလ်စိတ်ဖြစ်ရင် အကျိုးပေးက အထက်တက်မှာ။

ဒီကုသိုလ်တွေကို ဆည်းပူးရတယ်၊ နေရင်း ထိုင်ရင်းနဲ့လေ၊ ဒါက သမုတိသစ္စာ၊ ဒါက ပရ မတ္ထသစ္စာ၊ ဒီအမှန် တရား(၂)ပါးကိုပဲ အာရုံ ပြုပြီးနေတဲ့ စိတ်က ဘာစိတ်လဲ ကုသိုလ်စိတ်။

ဒီ ကုသိုလ်စိတ်က မိမိအတွက် ကောင်း ကျိုးချမ်းသာ ရနေပြီ ဒီလိုယုံကြည်ရတယ်။

တရားနဲ့ကျေးဇူးဆပ်တာအကောင်းဆုံး

ရှေးရှေး သူတော်ကောင်းတို့ မိမိရရှိတဲ့ မိတ်ဆွေသင်္ဘောကို လည်းကောင်း၊ ကျေးဇူးရှိ တဲ့ကျေးဇူးရှင်ကိုလည်းကောင်း၊ တရားနဲ့ကျေး ဇူးဆပ်တာ အကောင်းဆုံးပဲ၊ ကျေးဇူးအရှိဆုံး ကတော့ မိဘနှစ်ပါးက ကျေးဇူးအရှိဆုံးနော်။ ဒီကျေးဇူးတွေကို ဆပ်တဲ့အခါမှာ ဒီသား သမီး က ရှင်ဘုရင်ဖြစ်နေတဲ့အခါ ငါ ဒီရှင်ဘုရင် အဖြစ်ကို မယူပါဘူး။ ငါ့မိ ငါ့ဖကိုပဲ ပေးမယ်ဆို ပေးသော်လည်းပဲ မိဘရဲ့ကျေးဇူးကိုအကောင်း ဆုံးဆပ်ရာ မရောက်သေးဘူးတဲ့၊ လက်ဝဲ လက်ယာ ပုခုံးထက်မှာ မိဘကို တင်ပြီးတော့ အနှစ်တရာပတ်လုံးလုပ်ကျွေး၊ အဲလောက် လုပ်ကျွေးသော်လည်း မိဘရဲ့ကျေးဇူးကို အကောင်းဆုံးဆပ်ရာ မရောက် သေးဘူးတဲ့။

တရားဓမ္မကို ဥပမာ သီလအားနည်းတဲ့ ပုဂ္ဂိုလ် သီလ ရှိအောင်၊ ကုသိုလ်အားနည်းရင် ကုသိုလ်အားရှိအောင်၊ ဥပမာ– အမေဘုရား ရှိခိုးပြီးပြီလား ပုတီစိပ်နော် အိပ်ရာဝင် ဆရာ တော်တွေသင်ပေးတဲ့တရား အားထုတ်နော်၊ ဟုတ်ရဲ့လား တရားအာရုံပြုရဲ့လား။ အိပ်ခါနီး တရားနှလုံးသွင်း၊ အိပ်သောယောက်ျား နိုး သော်လားကဲ့သို့ ဆိုတာလေးတွေ သတိပေး၊ တရားနဲ့ ကျေးဇူးဆပ်တာ အကောင်းဆုံးပဲ။

တကယ်ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေ ကျေးဇူး ဆပ်ချင်ရင် မိတ်ဆွေများကို ကျေးဇူးဆပ်ချင် ရင်၊ မိတ်ဆွေများကို ကျေးဇူးပြုချင်ရင် ဒီတရားတော်ဟာ ကျေးဇူးအများဆုံး တရားတော် ပဲ။

http://www.dhammadownload.com

ဓာတ်(၆)ပါးက လွယ်ကူတဲ့နည်း

အဲဒီတော့ ဓာတ်(၆)ပါးက လွယ်ကူတဲ့နည်းကို သွားတော့မယ်၊ သတိပဋ္ဌာန်လေးလိုက်ဆိုတယ်။

အသီတေ၊ ဝီတေ၊ ခါယီတေ၊ သာယီတေ သမ္မဇေ နကာရီဟောတိ၊

စားမည်ကြံလျှင် သမ္မဇဉ် ဆင်ခြင်ဉာဏ်ဖြင့် ရှုရမည်။ စားတဲ့အခါ ဆင်ခြင်ဉာဏ်နဲ့ ရှုရမယ်၊ အခု သူသူငါငါ အားလုံး စားနေကြတယ်နော်၊ စားရင်းနဲ့ကို ဒီသတိပဋ္ဌာန် ဝိပဿနာ ဖြစ်ရမယ်၊ ဘုရားဟောထားတာနော်။

လယ်တီဆရာတော် ဘုရားကြီးရဲ့တပည့် လယ်တီဦးနန္ဒိယ ရဟန်း(၈)ဝါမှာ ဝိပဿနာ ဒီပနီကို ရေးခဲ့တာ၊ ဝိပဿနာကိုအချိန် မရွေး အားထုတ်နိုင်တဲ့ ခေါင်းစဉ်က နားထောင်ကြည့်ပေတော့။

ဝိပဿနာ အားထုတ်ရသောအမှုသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ပင်ပန်းကြီးစွာအားထုတ်ရသော အမှုအမျိုးမျိုးမဟုတ်၊ ဒါဖြင့် ဝိပဿနာအားထုတ်တဲ့အခါ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ အားထုတ်ရင် ဝိပဿနာလွဲသွားပြီ၊ သတ္တိလေးတွေ ရှုရတာ။

ဝိပဿနာ အားထုတ်ရသောအမှုသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် အားထုတ်ရသော အမှုအမျိုး မျိုးမဟုတ်၊ ဒါဖြင့် ဝိပဿနာအားထုတ်တဲ့အခါ ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ အားထုတ်ရင် ဝိပဿနာလွဲသွားပြီ၊ သတ္တိလေးတွေ ရှုရတာ။

မိမိသန္တာန် သူတစ်ပါးသန္တာန်၌ ဖြစ်ပျက်၍နေသော နာမ်ရုပ်၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ထင်အောင်မြင်အောင် ရှုကြည့်ရသော ဉာဏ်ဝိရိယတို့ အလုပ်ဖြစ်ပေသတည်း။

ထို့ကြောင့် သွားရင်း လာရင်း နေရင်း ထိုင်ရင်း လုပ်ရင်း ကိုင်ရင်း စားရင်း သောက်ရင်းနှင့်ပင် ဖြစ်နိုင်လေသည်။

အဲဒီတော့ စားရင်း သောက်ရင်း ဆိုတာလေး ပြန်ပြောမယ်၊ ဓာတ်(၆)ပါးနည်းနဲ့ ဆင်ခြင်ပြီး စားမယ်၊ ထမင်း အလုပ်ကိုယူတယ်နော်၊ ယူတယ် ယူတယ်၊ ခွန့်တယ် ခွန့် တယ်၊ ဟတယ် ဟတယ်၊ ဝါးတယ် မျိုတယ် အများပြော မှန်တယ်၊ ဒီအတိုင်း မှန်တယ်မို့လား။

ဝါဒယာဓာတ်က ပို့ဆောင်ရေးကိစ္စ ဆောင်ရွက်တယ်

ယူတယ် ခွန့်တယ် ဟတယ် ဝါးတယ် မျိုတယ်၊ မျိုလေ ဆင်းသက် ဓာတ်မီးချက်၍ မျိုချလိုက်တဲ့အစာကို ပါစက ဝမ်းမီးက ကျိုချက်လိုက်တာနော်၊ ပဂပ္ပတ်အူ ကျိုက်ကျိုက်ဆူ ကအမြှုပ်ထကာ အစာသစ်တွေက အစာအသစ်အိမ်မှာ ပါစကဝမ်းမီးက ကျိုက်ကျိုက်ဆူ အောင် ကျိုချက်ပစ်လိုက်တာပဲ၊ ဒီတော့ ယူတယ် ယူတယ်ဆိုတာဟာ ထမင်းလုပ်ကို ယူတယ်၊ ခွန့်တယ်၊ ဟတယ်၊ ဝါးတယ်၊ မျိုတယ် ထောင်းထုဝါး ချေတယ်၊ အများပြော

http://www.dhammadownload.com

တာမှန်တယ်၊ တရားသဘောအမှန်မှာ ထမင်းအလုပ်ကို ယူတဲ့အခါမှာ လှူပ်ရှားတဲ့ ဝါယောဓာတ် ပျက်နေရင် ယူလို့ရဦးမှာလား၊ ဒါဖြင့်ရင် ယူတယ်ဆိုတာ ဘာနဲ့ယူသလဲ၊ လက်နဲ့ယူတယ် အမျှားပြောမှန်တယ်နော် တရားသဘောမှာ အမှန်ကို ဆင်ခြင်ကြည့်ရင် လက်ကို ရှုရမှာလား၊ ဝါယောဓာတ်ကို ရှုရမှာလား။

အော် လက်က သမုတိသစ္စာ၊ ဝါယောဓာတ်က ပရမတ္ထသစ္စာ၊ ဒါဖြင့် လက်ကိုရှုနေရင်တော့ ရှုကွက်လွဲမသွား ဘူးလား၊ ရှုကွက် အမှန်က ပရမတ္ထသစ္စာ၊ ဒါဖြင့် ယူပြီးတော့ ခွန်လိုက်ပြီ ခွန်လိုက်တဲ့အခါကျတော့ ပါးစပ်ကမဟာဘဲနဲ့ ရမလား၊ မဆိုင်းရဘူး အဆင်သင့်ပဲ၊ ဟာတယ် ထောင်းထုဝါးချေတယ်၊ အောက်သွားကဆုံ၊ အပေါ်သွားက ကျည်ပွေ့၊ ထောင်းထုဝါးချေတဲ့အခါမှာ လျှာက လှန်လှောပေးရတယ်။ လှန်လှောပေးတဲ့ အခါကျတော့ ထောင်းထုတာတို့ ဝါးချေတာတို့ ဝါယောဓာတ်ပျက်နေရင် ထောင်းထုဝါး ချေလို့ရမလား၊ ဝါယောဓာတ်ပျက်နေရင် မျိုလို့ရမလား၊ ဒါဖြင့်ရင် ထောင်းထု ဝါးချေတယ် စားတယ် စားတယ် အမျှားပြောမှန်တယ်၊ သမုတိသစ္စာ၊ ပရမတ္ထသစ္စာမှာ ဝါယောဓာတ်ကို ရှုရမယ်၊ ဒါဖြင့် ဝါယောဓာတ်က ပို့ဆောင်ရေးကိစ္စ ဆောင်ရွက်ပါသည်။ ဒါထင်ရှားတာနော်။

ဝါယောဓာတ်က ပို့ဆောင်ရေးကိစ္စ ဆောင်ရွက်သော်လည်း အကယ်၍ ခရီးလမ်းမရှိဘူးဆိုရင် လမ်းပေါက်ပိတ်နေရင် ပို့ဆောင်လို့ရဦးမှာလား၊ အာကာသဓာတ်က လမ်းခရီးကိစ္စကို ဆောင်ရွက်ပါတယ်။

အာကာသဆိုတာ ကြားခြားနေတာကိုခေါ်တယ်

အာကာသဆိုတာ ရေးခြစ်လို့မထင်အောင် ကြားခြားနေတာကို အာကာသခေါ်တယ်၊ ဥပမာ– ကောင်းကင်ကြီးကို အာကာသခေါ်တယ်၊ ကောင်းကင်ခေါ်တယ် ပါဠိလို ဒါက တင်စားပြီးတော့ တကယ်ထင်ရှားတာကိုပြောတာ၊ အာကာသဆိုတာ တစ်ကိုယ်လုံးမှာ မွှေးညှင်းပေါက်ကလေးတွေ၊ အဲဒီမွှေးညှင်းပေါက်ကလေးတွေ ပိတ်နေလို့ရှိရင် အထဲက အပုပ်အသိုးတွေ မထွက်ရတဲ့အတွက် အောင်းနေလို့ရှိရင် အနာရောဂါဖြစ်လာတာပဲ၊ အာကာသဖွင့်ရတယ် အာကာသဆိုတာ ကြားခြားနေတာကို ခေါ်တယ်။

ဥပမာ– လက်ငါးချောင်းထောင်လိုက် ငါးချောင်းဆိုတာ တစ်ချောင်းနဲ့တစ်ချောင်း ခြားမနေဘူးလား၊ အဲဒီကြား ခြားနေတာကို အာကာသ၊ ဒါဖြင့် အစာသစ်တွေ စားသမျှ မျိုသမျှကို အစာတွေ ဟိုး အစာသစ်အိမ်ကို ရောက်သွားတာ အဲဒီလမ်းကြောင်းကို အာကာသဓာတ်၊ အာကာသဓာတ်က လမ်းခရီးကိစ္စကို ဆောင်ရွက်ပါသည်။

ဝါယောဓာတ်က ပို့ဆောင်ရေးကိစ္စကို ဆောင်ရွက်ပါသည်။

http://www.dhammadownload.com

အာပေါဓာတ်က ကူညီခြင်း

ပို့ဆောင်တဲ့အခါ အာပေါဓာတ်က စွတ်စိုတဲ့ကိစ္စ မဟုတ်လား၊ ဒီပို့ဆောင်လိုက်တဲ့အခါမှာ ရှောရှောရှုရှု လမ်းခရီးမှာ ဘယ်ဓာတ်က ကူညီသလဲဆိုရင် အာပေါဓာတ်က ဆောင်ရွက်ပါသည်။ အာပေါဓာတ်သည် စွတ်စိုခြင်း ကူညီ ခြင်းကိစ္စကို ဆောင်ရွက်ပါသည်။

ပထဝီက အမာခံ

ဒီအစာသစ်တွေ အစာသစ်အိမ်ထဲမှာ ထည့်နေတာ တစ်စုံတစ်ယောက်က အခင်းခင်းပြီး ခုခံတာ မဟုတ်ဘူးတဲ့၊ ပထဝီဆိုတာက အမာခံခေါ်တယ် အောက်ခြေကို ပထဝီခေါ်တယ်နော်၊ ပထဝီဆိုတာ အခံဓာတ်က ဒီအစာသစ်တွေကို ခုခံတာ ဘယ်အရာက ခုခံသလဲဆိုရင် ပထဝီဓာတ်က ခုခံပါသည်။ ပထဝီဓာတ်က အစာသစ်တွေကို ခုခံခြင်းကိစ္စကိုဆောင်ရွက်ပါသည်။

အစာကို ကြေညက်စေတာ

တေဇောဓာတ်က အစာကို ကြေညက် ခြင်းကိစ္စ ဆောင်ရွက်ပါသည်။

ဝိညာဏ်ဓာတ်ဆောင်ရွက်ချက်

ဝိညာဏဓာတ်သည် အသီးသီးသော ဓာတ်(၅)ပါး တို့ အသီးသီး ကိစ္စကို တစ်ခုချင်း၊ တစ်ခုချင်း ခွဲခြားသိတဲ့ကိစ္စ ကို ဆောင်ရွက်ပါသည်။

တိုတိုကတော့ ဝိညာဏဓာတ်သည် သိခြင်းကိစ္စကို ဆောင်ရွက်ပါသည်။ ဝိညာဏဓာတ်သည်–

(၁) ပထဝီဓာတ်ရဲ့ကိစ္စကို သူသိတယ်နော်၊ ပထဝီဓာတ်က တည်ခြင်းကိစ္စ၊ ခုခံခြင်းကိစ္စ၊

(၂) အာပေါဓာတ်က စွတ်စိုခြင်းကိစ္စ၊

(၃) တေဇောဓာတ်ကကြေညက်ခြင်းကိစ္စ၊

(၄) ဝါယောဓာတ်က ပို့ဆောင်ခြင်းကိစ္စ၊

(၅) အာကာသဓာတ်က လမ်းခရီးကိစ္စ

အသီးသီးသော ဓာတ်တို့ဆောင်ရွက်သွားပုံကို သိတာက ငါကသိတာလား၊ ဝိညာဏဓာတ်ကသိတာလား၊ ဝိညာဏဓာတ်က သိတာ၊ ဒါဖြင့် ငါသန္ဓာန်မှာ ဝိညာဏဓာတ်မရှိဘူးဆိုရင် သိဉီးမလား၊ အေး အတ္တနည်းအားဖြင့် ငါကသိတယ်၊ အနတ္တနည်းအားဖြင့် ဝိညာဏ

http://www.dhammadownload.com

ဓာတ်က သိတယ်၊ လောကကြီးမှာတော့ အတ္တနည်းနဲ့ ချည်းသွားတယ်။

အတ္တနည်းနဲ့ သွားတဲ့အခါမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာ့ချမ်းသာအထိ အတ္တနည်းနဲ့သွားတာ၊ ဥပမာ စျာန်သမာပတ်တွေ ကျင့်တယ်၊ စျာန်ဇောတွေစောတယ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန် အစရှိသဖြင့် မဟာဂျုတ်စျာန်အထိ အကုန်လုံး အတ္တနည်းချည်းပဲ၊ ပြဟ္မာ့ပြည်အထိ အတ္တနည်းနဲ့သွားတာ။

နိဗ္ဗာန်ကို သွားမယ်ဆိုရင်တော့ အတ္တနည်းနဲ့ မရောက်ဘူး၊ အနတ္တနည်းနဲ့မှရောက်တယ်၊ သိတယ်ဆိုတာ ဓာတ်ငါးပါး သူ့ကိစ္စသူ ဆောင်ရွက်နေတာ ငါက သိတာလား၊ ဝိညာဏဓာတ်ကသိတာလား၊ ဝိညာဏဓာတ်က သိတာ၊ ဒါဖြင့် ဝိညာဏဓာတ်က သိခြင်းကိစ္စကို ဆောင်ရွက်တယ်။

စားတဲ့အခါ ဆင်ခြင်ရမယ့်နည်း

ဒါဖြင့်စားတဲ့အခါ အတ္တနည်းအားဖြင့် ဘယ်သူစားသ လဲ၊ ငါစားတယ်၊ သူစားတယ် မမှန်ဘူးလား၊ အနတ္တနည်းအား ဖြင့် ဒီဓာတ် (၆)ပါး လုံးဝမဖြစ်နိုင်ဘူးဆိုရင် စားလို့ရဦးမလား၊ ကိုင်း ဝါယောဓာတ်ပျက်နေလို့ရှိရင် စားလို့ရအုံးမလား၊ အာကာသ ဓာတ်ပျက်နေရင်ကော၊ ပါစကဝမ်းမီးဆိုတဲ့ တေဇောဓာတ်ပျက်နေရင်ကော၊ ထို့အတူပဲ ကျန်တဲ့ဓာတ်တွေပျက်နေရင် စားတဲ့ကိစ္စပြည့်စုံပါဦးမလား၊ ဖြစ်နိုင်ပါအုံးမလား။

ဒါဖြင့်ရင် အတ္တနည်းမှာ ဘယ်သူစားလဲ၊ ငါစားတယ်၊ သူစားတယ် အမျှားပြောမှန်တယ်၊ အနတ္တနည်းဆိုတာက စားတဲ့အခါမှာ ဘယ်သတ္တိတွေက ဘယ်ကိစ္စတွေကို ဆောင်ရွက်သလဲလို့ ဆင်ခြင်ရပါတယ်။ ဆင်ခြင်ဉာဏ်က သမ္မဇဉ် (၄)ပါး-

(၁) အကျိုး ရှိ/မရှိ၊

(၂) သင့် မသင့်၊

(၃) ကမ္မဋ္ဌာန်းနဲ့ လွတ်နေလား မလွတ်ဘူးလားလို့ ဆင်ခြင်ရပါမယ်။

(၄) ကမ္မဋ္ဌာန်းတရားဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တကို ရှုမိရဲ့လား၊ မရှုမိဘူးလားလို့ ဆင်ခြင်ရမယ်၊ စလုပ်တာကတော့ (၁)ကနေ (၄)အထိ လုပ်ရမယ်၊ နောက်ဆင်ခြင်ဖန်များတဲ့ အခါကျတော့ နံပါတ်(၄)က တန်းအာရုံထဲဝင်သွားတယ်၊ ဓာတ်(၆)ပါးလုံးကို ဘေးချိတ်ထား၊ တစ်ပါးကို ရှုမိရင်လည်းပဲ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာပေါ်တာပဲ။

ဥပမာ ဝါယောဓာတ်က ထမင်းလုပ်ကို ယူတယ် ခွန့်တယ်၊ ဟတယ် ထောင်းထုဝါးချေတယ် မျိုတယ် ဒီအခါမှာ ဝါယောဓာတ်ပျက်နေလို့ရှိရင် ဒီကိစ္စတွေ ဆောင်ရွက်လို့ရဦးမလား၊ ဒါဖြင့်ယူတယ် ခွန့်တယ်၊ ထောင်းထုဝါးချေတယ် ဆိုတာက ငါ့အလုပ်လား၊ ဝါယောဓာတ်အလုပ်လား၊ ငါက အတ္တ၊ ဝါ

http://www.dhammadownload.com

ယောဂတ်က အနတ္တ၊ ပြီးတော့မှ အတ္တရှုမှာလား၊ အနတ္တရှုမှာလား၊ ဒီဝါယောဂတ်က ငါဟုတ်လို့လား၊ ငါ့ ဥစ္စာ ဟုတ်လို့လား၊ ငါ့အလိုသို့ လိုက်တဲ့တရားဟုတ်လို့လား၊ ဘာသာဟုတ်သလဲ ဖြစ်တိုင်းပျက်တဲ့ အနိစ္စသာ ဟုတ်ပါသည်။

အပျက်ကြီးပျက် အပျက်သေးပျက် တစ်ပျက်တည်း ပျက်တဲ့တရားက သုခလား၊ ဒုက္ခလား၊ (ဒု)စက်ဆုပ်ဖွယ် (ခ) အချည်းအနှီး၊ ဒုက္ခလို့ဆိုရင် နေမကောင်းတာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတာ ဒုက္ခဆိုရင် မှန်တယ်၊ ဘုရားမပွင့်လည်း သိတယ်၊ တစ်ဆူသော ဘုရားပွင့်လာတော့ ဘဝများစွာသံသရာမှာ ဝါယောဂတ်မပါဘဲနဲ့ စားလို့ရအုံးမလား၊ ဒီ ဝါယောဂတ်ဖြစ်ပေါ်သမျှ ဘဝအနမတဂ္ဂ သံသရာဆိုသည် ဒီဝါယောဂတ်ပဲ၊ ဝဋ်ဆင်းရဲဆိုလည်း ဒီဝါယောဂတ်ပဲ ဒီဂတ်တွေကို သံသရာခန္ဓာ ဝဋ်ဆင်းရဲက လွတ်မြောက်ချင် တယ်ဆိုရင် ဘယ်ဟာ ဝဋ်ဆင်းရဲမှန်း မသိဘဲနဲ့လွတ်မလားလို့၊ ဘဝများစွာ သံသရာမှာ စားလေသရွေ့ ဝါယောဂတ်ရဲ့ကိစ္စတွေလို့ ရှုမြင်လိုက်တော့ ဒီဝါယောဂတ်တွေရဲ့အပေါ်မှာ ငါပဲ၊ ငါ့ဥစ္စာပဲ ငါ့အလိုသို့ လိုက်တဲ့တရားပဲလို့ စွဲလန်းတက်တဲ့ တဏှာ ဥပါ ဒါန် လာသေးရဲ့လား။ မလားတော့ဘူး၊ ဘာလို့မလာလဲ ဖြစ်တိုင်း ပျက်နေတဲ့တရားက အနိစ္စ၊ တစ်ပျက်တည်းပျက်နေ တဲ့တရားက သုခလား၊ ဒုက္ခလား၊ ပိုင်ဆိုင်သူရှိသလား။

အနိစ္စ ဒုက္ခ အနတ္တကို ထင်နေအောင် နှလုံးသွင်းပြီး စား၊ အရှုခံတရားက ဝါယောဂတ်၊ ရှုတတ်တာကဉာဏ် ဒီ အရှုခံနဲ့ ဒီအရှုဉာဏ်နဲ့ စားတာက စားလို့ ဟုတ်ကဲ့လား၊ ရှေးရှေး သူတော်ကောင်းတို့ သပ်သပ်ကြီးတရားထိုင်နေတယ်ဆိုတာ မရှိဘူး၊ ဒီတရားတွေကိုပဲ သင်အံလေ့ကျက်ပြီးတော့ ဆင်ခြင်ဉာဏ်နဲ့ စားလည်းမလွတ်၊ သွားလည်းမလွတ်၊ နေလည်း မလွတ်၊ ထိုင်လည်းမလွတ်၊ ပြန်နားထောင်ကြည့်လိုက်လေ၊ ထိုင်တာတော့ အာနာပါနကတော့ ထိုင်ကိုထိုင်ရမယ်နော်။

ကျန်တဲ့တရားက ထိုင်ရင်းလည်း အားထုတ်လို့ မရဘူးလား၊ သွားရင်းလည်းရတယ်၊ ဝိပဿနာကို အချိန်မရွေး အားထုတ်နိုင်ခြင်း၊ ဝိပဿနာကို အားထုတ်ရသော အမှုသည် ဆင်းရဲပင်ပန်းကြီးစွာ အားထုတ်ရသော အမှု အမျိုးမျိုးမဟုတ်။

ဒါဖြင့် စားနေတဲ့အခါ ဝါယောဂတ်ကို ရှုကွက်ထား ပြီးတော့ ရှုတဲ့ဉာဏ်က ဝါယောဂတ်က အနိစ္စ ဒုက္ခ အနတ္တ ထင်နေအောင် နှလုံးသွင်းပြီးစားရင် မရဘူးလား၊ တစ်ခြားစိတ်ကူးလို့မှ ရရင် လူမှုရေး၊ စီးပွားရေးမှ စိတ်ကူးလို့ရရင် ဒီဝိပဿနာဉာဏ်ကို စိတ်ကူးစားရင် ရတယ်ပေါ့၊ ပင်ပန်းသေးရဲ့လား၊ မပင်ပန်းဘဲနဲ့ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ ကျင့်လို့ရတဲ့တရား မိမိသန္တာန် သူတစ်ပါးသန္တာန်၌ ဖြစ်ပျက်၍နေသော နာမ်ရူပ်၏ ဒီနေရာမှာ ရူပ်ကမ္မဋ္ဌာန်းနော် အရှုခံတရားက ရူပ်တစ်ခုခု ရှုရတာ၊ ရူပ်ကလည်း အကုန်ရှုရတာ မဟုတ်ဘူး၊ ဓာတ်ကြီးလေးပါးက တစ်ခုခု ရှုရတာ၊ ဘယ်ဓာတ်လဲ ဒီနေရာမှာ ဝါယောဂတ်၊ ဘယ်သူစားစားပေါ့ဗျာ စားတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

တိုင်းရဲ့ သန္တာန်မှာ ဝါယောဓာတ် မဖြစ်ဘူးလား။

ဒါဖြင့် တစ်လောကလုံး "**သဗ္ဗလောကေ အနဘိရတိ သညာ**" ဆိုတာ ဟုတ်ရဲ့လား၊ တစ်လောကလုံးကို ငြီးငွေ့တယ်ဆိုတာ အဲဒီလို ပရမတ္ထသတ္တိက လောကဓာတ်ကြီး တစ်ခုလုံး ဒီဓာတ်တွေပဲဖြစ်နေတယ်ဆိုတာ သွားမြင်တော့ ဘယ်မှာမှ မတပ်မက်တော့ဘူး။

မိမိသန္တာန် သူတစ်ပါးသန္တာန်၌ ဖြစ်၍ပျက်နေသော နာမ်ရုပ်၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ရှုကြည့်ရသော ဉာဏ်ဝိရိယတို့ အလုပ်ဖြစ်ပေသတည်း။ ထို့ကြောင့် သွားရင်း လာရင်း နေရင်း ထိုင်ရင်း စားရင်းနှင့်ပင် ဖြစ်နိုင်လေသည်။ ဝိပဿနာဒီပနီ လယ်တီဦးနန္ဒိယ ရေးတယ်၊ လယ်တီဆရာတော်ဘုရားကြီးရဲ့တပည့်လေ၊ ကိုင်းဒါဖြင့် ဝါယောဓာတ်ရဲ့ ရှုကွက်ရပြီးနော်။

အာကာသဓာတ်

ဒါဖြင့်ရင် ဝါယောဓာတ်ပြီးတဲ့အခါကျတော့ အာကာသဓာတ်ကို ကြည့်လိုက် ဝါယောဓာတ်က ပို့ဆောင်ရေးကိစ္စကို ပို့ဆောင်ငြားသော်လည်းပဲ လမ်းခရီးဆိုတဲ့ အာကာသဓာတ်ကြီးကပိတ်ဆို့ကြီး ဖြစ်နေလို့ရှိရင် ရောက်ဦးမလား၊ မရောက်ဘူး၊ အခုဝါယောဓာတ်က ဒလဟော ပို့ဆောင်လိုက်တော့ အာကာသဓာတ်က ဒလဟော မဆင်းဘူး၊ အစာတွေ ဒလဟောဆင်းသွားရင် သီးတယ်ခေါ်တယ်မို့လား၊ သူ့အထိန်းအကွပ်နဲ့ သူ့ထိန်းမသွားဘူးလား၊ မျိုတဲ့အခါလေ အဲဒါ အနတ္တသဘောဆိုတာ အဲဒီမှာပေါ်တာ၊ သူ့သဘောသူ့ဆောင်တာ ဒါဖြင့် အာကာသဓာတ် မရှိဘူးဆိုရင် မျိုလို့ရမလား၊ ဒါဖြင့် ငါ့သန္တာန်မှာ ဝါယောဓာတ်ထင်ရှားဖြစ်မဖြစ်၊ အာကာသဓာတ် ထင်ရှားဖြစ်မဖြစ်၊ အဲဒီ အာကာသဓာတ်သည် အနိစ္စလား၊ နိစ္စလားဆိုရင် အနိစ္စ၊ သုခလား၊ ဒုက္ခလားဆိုရင် ဒုက္ခ၊ အတ္တလား၊ အနတ္တလားဆိုရင် အနတ္တ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ထင်အောင်မြင်အောင် ရှုကြည့်ရသော ဉာဏ်ဝိရိယတို့ အလုပ်ဖြစ်ပေသတည်း။

ဝိရိယဆိုတာ စားတိုင်း စားတိုင်း သတိထားပြီးတော့ သတိပဋ္ဌာန်ဆိုတာ သတိကနှလုံး သွင်းရတာ၊ မလွတ်အောင် နှလုံးသွင်းပါ မျှားတော့ စားရင် မမေ့တော့ဘူး၊ စားနေတုန်းလွတ်နေရင်လည်း စားပြီးတော့ ဒီကမ္မဋ္ဌာန်းအားထုတ်တော့ နေ့စဉ်နှင့်အမျှ မှန်မှန်လုပ်သွားတာ ဝိရိယခေါ်တာ၊ ဒီလို ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ပင်ပန်းကြီးစွာ အား ထုတ်ရသော အမှုအမျိုးမျိုးမဟုတ် ပင်ပန်းတယ်ဆိုရင် မှားတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနဲ့ဆိုရင် လွဲနေပြီ၊ ကမ္မဋ္ဌာန်းက ဝိပဿနာ မဟုတ်တော့ဘူး။

http://www.dhammadownload.com

တေဇောဓာတ်

ဒါဖြင့် အာကာသဓာတ်ပြီးတဲ့အခါ ကျတော့ တေဇောဓာတ်ကို ကြည့်ရအောင်၊ မိမိသန္တာန်မှာ တေဇောဓာတ်ဆိုတဲ့ ပါစက ဝမ်းမီးထင်ရှားဖြစ်မဖြစ်လို့ ဆင်ခြင်လိုက်ရင် ဉာဏ်ထဲမှာ မထင်နိုင်ဘူးလား၊ မိမိက ဆင်ခြင် သည်ဖြစ်စေ၊ မဆင်ခြင်သည်ဖြစ်စေ ပါစက ဝမ်းမီးက တေဇောဓာတ်ကတော့ သူ့ကိစ္စသူ ဆောင်ရွက်မြဲ မဟုတ်လား၊ အဲဒါကို သတိနဲ့ အောက်မေ့ပြီး ဉာဏ်နဲ့ကြည့်လိုက်တော့ ဒီပါစက တေဇောဓာတ်သည် ရူပ်တရားမို့လား၊ ရူပ်တရားသည် ရူပကွန္ဓာ အနိစ္စ ဒုက္ခ အနတ္တ တရားပဲ။

သုံးမျိုးပြီးသွားပြီ ဝါယောဓာတ်ရယ်၊ အာကာသဓာတ်ရယ်၊ တေဇောဓာတ်ရယ်။

အာပေါဓာတ်နဲ့ ပထဝီ

အာပေါဓာတ်ဆိုတဲ့ ကူညီရေးကိစ္စဆောင်ရွက်တဲ့ အာပေါဓာတ်ဆိုတာ သုခုမရူပ် ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်မှသာ ထင်နိုင်တယ်၊ အာပေါဓာတ်ကလည်း ပုံပန်းသဏ္ဌာန်မရှိဘူး ကူညီရေးကိစ္စဆောင်ရွက်တယ်။ ဒါအနတ္တသဘောလေး ပေါ်လာတယ်။ သူ့သဘောသူဆောင်တယ်၊ ဒါလည်း အနိစ္စ ဒုက္ခ အနတ္တ တရားပဲ။

ဒါဖြင့် ပထဝီဓာတ်က မခုခံဘူးဆိုရင် ဒီအစာသစ်တွေက ဘေးလွင့်သွားမှာပေါ့၊ အစာသစ်တွေဟာ အစာသစ်အိမ်မှာ စုဝေးပြီးတည်နေတာ တစ်စုံတစ်ယောက်က ခုခံတာလား၊ ပထဝီဓာတ်က ခုခံတာလား၊ ဒီလို သဘောသတ္တိလေးတွေ၊ ပြန်ဆိုလိုက် "ဇရုတ်စေ့ခ် စိတ်တွေ. သတ်သတ် အစပ်ကို တည့်ရှုကြည့်ဘိသို့ သတ္တိမျှရှုကြည့်ရ ပရမတ္ထမှာ"

သူ့ကိစ္စ သူ့ဆောင်ရွက်

အော် ပထဝီဓာတ်ရဲ့သတ္တိက ဤသို့ရှိတယ်၊ တေဇောဓာတ်ရဲ့သတ္တိက ဤသို့ရှိတယ်၊ ဝါယောဓာတ်ရဲ့သတ္တိက ဤသို့ရှိတယ်၊ အကာသဓာတ်ရဲ့သဘောက ဤသို့ ဤသဘောရှိတယ်၊ အသီးသီး သူ့ကိစ္စသူ့ဆောင်ရွက်ပေးတယ်၊ ဟုတ်ရဲ့လား။

ဒီကိစ္စတော့ တစ်ခုချွတ်ယွင်းနေလို့ရှိရင် စားတဲ့ကိစ္စ ဖြစ်အုံးမလား၊ မဖြစ်တော့ဘူး၊ စားတယ်ဆိုတာ သမုတိသစ္စာ၊ ဓာတ်သဘောတို့ ဆောင်ရွက်တဲ့ကိစ္စက ပရမတ္ထသစ္စာ။ သမုတိသစ္စာက ထင်ရှားမရှိတဲ့ ပညတ်။ ပရမတ္ထသစ္စာ ထင်ထင်ရှားရှားရှိတဲ့တရားတွေကို

http://www.dhammadownload.com

သိစေထားလို့ ဝိဇ္ဇမာန ပညတ်။ ဒီပညတ် နှစ်ပါးနဲ့ ညွှန်ကြားတဲ့ သဘောသတ္တိသည်သာ အနိစ္စ ဒုက္ခ အနတ္တတရား။

ဒီတရားကို ရှုကွင်းရှုကွက်မှန်အောင် ရှုနိုင်တဲ့ဉာဏ်ကို ဝိပဿနာဉာဏ်၊ ဒီဉာဏ်ကိုဖြစ်စေတာ အဖန်တလဲလဲ အောက်မေ့နှလုံးသွင်းတာကို ဝီရိယ။

ဒီဋ္ဌိဆိုတာ ဒီဇနရောမှာ ဉာဏ်ကိုရတယ်

ထို့ကြောင့် သွားရင်း လာရင်း နေရင်း ထိုင်ရင်း စားရင်း သောက်ရင်းနှင့်ပင် ဖြစ်နိုင်လေသည်။ ကိုယ်ဆင်းရဲလည်း မပါဘူး။ စိတ်ဆင်းရဲ လည်းမပါဘူး။ လူရဲ့အလုပ်လား ဉာဏ်ရဲ့အလုပ်လား၊ ဒီဉာဏ်ကို လေ့ကျင့်ရတယ်။ ဖြည်းဖြည်းလေး ပြောမယ်၊ စားတဲ့အခါမှာ အဲဒီတရားကို ဆင်ခြင်စားနေတဲ့ အခါမှာ ကာယက်၊ ဝစီက်၊ မနောက်တွေ သောင်းကျန်းသေးရဲ့လား၊ သီလလည်း လုံခြုံမနေဘူးလား၊ ဒီတရားကို အာရုံပြုပြီးစားတော့ စိတ်စင်ကြယ်မနေဘူးလား၊ စိတ္တဝိသုဒ္ဓိဖြစ်နေတယ်၊ ဒီဋ္ဌိဝိသုဒ္ဓိ၊ ဝိသုဒ္ဓိဆိုတာ စင်ကြယ်တာနော်၊ ဒီဋ္ဌိဆိုတာ ဒီနေရာမှာ အမှားကို မကောက်ရဘူး၊ ဉာဏ်ကို ကောက်ရတယ်၊ ဝိသုဒ္ဓိ အထူးသဖြင့် စင်ကြယ်ခြင်း၊ အစင်ကြယ်ဆုံး တရားက နိဗ္ဗာန်ပဲ။

နိဗ္ဗာန်မြင်ဖို့ ဘယ်ကစသလဲ

နိဗ္ဗာန်ကို ရှုမြင်တာ လူကမြင်တာမဟုတ်ဘူး၊ ဒီဋ္ဌိဆိုတဲ့ ဉာဏ်ကမြင်တာ၊ ဒီဉာဏ်ကို နိဗ္ဗာန်တိုင်အောင်မြင်ဖို့ ဘယ်ကစသလဲဆိုရင် ဒါရုပ်တရားပဲ၊ ဒါနာမ်တရားပဲ၊ အခု ရုပ်ကမ္မဋ္ဌာန်းဓာတ်(၆)ပါး ၊ ဓာတ်တစ်ပါးစီ ဆောင်ရွက်တာကို သိနေတာ ငါကသိနေတာလား၊ ဝိညာဏဓာတ်က သိနေတာလား၊ ဒါဖြင့် အားလုံးကိစ္စက ငါ့ကိစ္စလား၊ ဝိညာဏက ဓာတ်ကိစ္စလား ဒါဖြင့် ဓာတ်(၆)ပါး တစ်ပါးစီ တစ်ပါးစီ ဆင်ခြင်တဲ့အခါ ကာယက် ဝစီက် မနောက် သောင်းကျန်းသေးရဲ့လား၊ သီလ ဝိသုဒ္ဓိ ဖြစ်မသွားဘူးလား စိတ်ကော စင်ကြယ်နေလို့ စိတ္တဝိသုဒ္ဓိကော မဖြစ်ဘူးလား။

ဒီတရားသဘောတွေက မျက်စိနဲ့ မြင်ရလား ဉာဏ်ထဲမှာ ထင်နေတာလား၊ ဉာဏ်အမြင် စင်ကြယ်နေလို့ ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်ဘူးလား၊ တရားတွေက မှားသလား၊ မှန်သလား၊ ဒီအမှားတွေကို လွန်မြောက်ပြီး အမှန်တွေ ရောက်တာကို ကခ်ီဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ မဂ္ဂဆိုတာ လမ်းမှန်တယ် အမဂ္ဂဆိုတာ လမ်းမှားတယ်။

အော် ဒါလမ်းမှန် အကျင့်တရားပဲလို့

http://www.dhammadownload.com

မြင်တာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ဒီအတိုင်း ကျင့်သွားတာကို ဉာဏ်အမြင်အထူးသဖြင့် စင်ကြယ်တယ်လို့၊ တရားတော်ကို ကောင်းစွာ ရှုမြင်တဲ့အခါမှာ အဲဒီဝိသုဒ္ဓိတွေ ဝင်နေတာပဲ၊ ဘုန်းကြီးပြောချင်တာကတော့ သီလကို သက်သက်ထူ ထောင်ထားရသေးတယ်၊ သီလမရှိဘဲနဲ့တော့ ဝိပဿနာမရဘူး၊ ဝိပဿနာ စစ်စစ်မှန်မှန် ရှုနေတဲ့အခါ သီလလုံခြုံမနေဘူးလား၊ လုံခြုံနေပါတယ်။

သီက္ခာသုံးပါးလုံးဝင်နေတယ်

ဒါဖြင့် ဒီဓာတ်(၆)ပါးကို တစ်ပါးခြင်း တစ်ပါးခြင်း ဆင်ခြင်သုံးသပ်နေတဲ့အခါမှာ စိတ်က တစ်ခြားရောက်သေးရဲ့လား၊ စိတ်မပျံ့လွင့်တော့ သမာဓိမပါဘူးလား၊ ပါနေတယ်၊ သီလသိက္ခာ၊ သမာဓိသိက္ခာ ဒီတရားတွေကို ကောင်းစွာရှု မြင်နေတာ ငါက မြင်တာလား၊ ဉာဏ်ပညာက မြင်တာလား၊ ပညာသိက္ခာ ကော ပါမနေဘူးလား၊ ပါနေတယ်၊ တရားစစ် တရားမှန်သာ ရှုနေရင် သိက္ခာသုံးပါးလုံး ဝင်နေတယ်။

ဒါကြောင့် ဆင်ခြင်ဉာဏ်လေးပါးမှာ ရှုမိပြီဆိုရင် အကျိုးကော မရှိဘူးလား၊ ရှိတယ်၊ သင့်ကော မသင့်ဘူးလား၊ သင့်တယ်၊ ကမ္မဋ္ဌာန်း ရှုမိရဲ့လား၊ ကမ္မဋ္ဌာန်းနဲ့ကော လွတ်နေသေးလား၊ မလွတ်ဘူး၊ အဲဒီလို လေ့ကျင့်သွားတာကို ဉာဏ် ဝိရိယတို့ရဲ့အလုပ်လို့ အဲဒီတော့ စားတဲ့အခါမှာ လေ့ကျင့်ပေတော့။

စားတဲ့အခါမှာ မရရင် စားပြီးမှ အေးအေးဆေးဆေး ပြန်ပြီး ဆင်ခြင်သုံးသပ်တော့ နေ့စဉ်နေ့စဉ် စဉ်းစားဆင်ခြင် သုံးသပ်လို့ရှိရင် ဒါနသီလ သမထဝိပဿနာ ကုသိုလ်ကိစ္စ လေးမျိုးလေ၊ ဒါနသည် သီလအကျိုးကို မမီဘူး၊ သီလသည် သမထအကျိုးကျေးဇူးကို မမီဘူး၊ သမထသည် ဝိပဿနာနဲ့ ယှဉ်လိုက်ရင် ဝိပဿနာဟာ အကောင်းဆုံးပဲ။ အကျိုးအမျှားဆုံးပဲလို့ ဗုဒ္ဓမြတ်စွာ ဟောပါတယ်။

ဒါကြောင့် ဝေလာမသုတ်၊ အဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်၊ သီဟနာဒဝဂ်၊ စာမျက်နှာ(၁၉၇) အဲဒီသုတ်အဆုံး အကောင်းဆုံး အလုပ်ကတော့ အကျိုးအရှိဆုံးနဲ့ အချိန်တိုတိုနဲ့ သက်သက်သာသာနဲ့ လွယ်လွယ်ကူကူနဲ့ အကျိုးအမျှားဆုံး အလုပ်ကတော့ ဝိပဿနာပါပဲ။

ဒါကြောင့် ဒီဝိပဿနာ ဉာဏ်တွေနဲ့ ပြည့်စုံအောင် အားထုတ်နိုင်ကြပါစေသတည်း။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်။ ကြာသပတေးနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလိဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။ ထေရဝါဒမမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ပဋိကူလမနသိကာရ နဲ့ ဓာတုမနသိကာရ တွဲ၍ရှုဆင်ခြင်နည်း

ဘုရားရှင်ကိုယ်တော်မြတ်သည် မဟာသတိပဋ္ဌာန် ဒေသနာတော်ကို ကျင့်သုံးကြမည့် သူတော်ကောင်းတို့ သန္တာန် တစ်ဆစ်ပြီး တစ်ဆစ် ဝင်အူရစ်လှည့်သွင်းပြီးတော့ တရားဓမ္မ ချီးမြှောက်တဲ့နေရာမှာ၊ ဒီနေရာမှာတော့ ပဋိကူလ မနိသိကာရ မနေ့ကစထားတယ်။ ဓာတုမနသိကာရပဋ္ဌ အခန်း(၄)နဲ့ (၅)ကို တွဲပြီး ရှုဆင်ခြင်ကျင့်သုံးနည်း၊ အဲဒီရှု ဆင်ခြင်ကျင့်သုံး နည်းကို မသွားခင် နမောတဿ အနက်ကို တစ်နေ့ တစ်ပိုဒ် တစ်ပိုဒ် ဘုန်းကြီးပြောသွားမယ်၊ အနက်ကလေးလည်းရအောင်ပေါ့။

အခု ပါဠိသွားအတိုင်းက အာရုံပြု ရှေ့ပိုင်းမှာ ဘုရားအဓိက "**ဗုဒ္ဓေအဝစ္စပ္ပသာရေန သမ္ဘန္နာဝတော**" ဘုရားဂုဏ် တော်တွေကို သက်ဝင်နေပြီးတော့ ကြည်ညိုရင် ဒါလည်းပဲ အပါယ်တံခါး ပိတ်တဲ့နည်းပဲ။ ဒါကြောင့် နမောတဿဆိုတာ ဘုရားရှိခိုးဖြစ်ပေါ်ခြင်း အကြောင်းလည်း ပြောပြီးပြီ၊ အဲဒီတော့ ပေးပြီးသားအနက် သုံးနက် **နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**။

(၁) **အရဟတော**၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝတ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ထသော။

(၂) **အ ရဟတော**၊ မကောင်းမှုကို ပြုဖို့ရာ ဆိပ်ကွယ်ရာအရပ်ရှိတော် မမူထသော။

(၃) **အရ ဟတော**၊ ကိလေသာစက် သုံးထောင်ဝက်ကို အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖြတ်ခုတ်ထွင် သုတ်သင်ရှင်းလင်းတော်မူပြီးထသော။

သုံးနက်ပြီးတော့ "**သမ္မာ သမ္ဗုဒ္ဓဿ**" အနက်က သမ္မာ သမ္ဗုဒ္ဓ အတုလ်။ အတုလ်၊ သီလအစရှိသော ဂုဏ်တို့ကြောင့် တစ်စုံတစ်

http://www.dhammadownload.com

ယောက်သောသူနှင့် တူတော် မမူထသော။ သမ္မာသမ္ဗုဒ္ဓ၊ မဖောက်မပြန် ကောင်းမွန်လှစွာ ဆရာကင်းပြီး မဂ်ခရီးဖြင့်၊ ပြည်ကြီးပူရအမတ သို့ ကြွသွားတော်မူသော မြတ်စွာဘုရားကို။ (အဲဒါ သင်ကြိုဟ်အနက် ဗားကရာ နိဿယလို့ ခေါ်တယ်) နမော၊ ရှိခိုးပါ၏။

အဲဒီတော့ မနေ့က ပြောတဲ့အတိုင်း တရားစစ် တရား မှန်ကို ရှုမြင်သောသူသည် ဘုရားစစ် ဘုရားမှန်ကို ဖူးမြင် သည်မည်၏။ တရားစစ် တရားမှန်ကို မရှုမမြင်သောသူသည် ဘုရားစစ် ဘုရားမှန်ကို မဖူးတွေ့ရ။ ဒါဖြင့် တရားစစ် တရား မှန်တွေကို မိမိတို့ ပဋိကူလ မနသိကာရပဗ္ဗ၊ ဘုရားရှင် ကိုယ် တော်မြတ် မဟာသတိပဋ္ဌာန်တရားကို ခံယူကျင့်သုံးမည့် သူတော်ကောင်းတို့အား၊ သူတော်ကောင်းတို့ သန္တာန်၌ ဆင်ခြင်ရန်ဖြစ်တဲ့ (၂၂)ချက်သော ဆင်ခြင်ရန်ဌာနများကို ဆင်ခြင်ဉာဏ်လေးပါး နဲ့ ဆင်ခြင်ပုံကို ဟောကြားတော်မူပြီး၍ ယခု အခါ သတိပဋ္ဌာန်ကျင့်သုံးမည့် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ရှိတဲ့ (၃၂)ကောဋ္ဌာသ၊ ဓာတ်ကြီး လေးပါး နှစ်ခန်းကို တစ်ခန်းထဲ ပေါင်းလိုက်၊ ပဋိကူလမနသိကာရပဗ္ဗနဲ့ ဓာတုမနသိကာရ ပဗ္ဗဆိုတဲ့ လေးခုမြောက်အဆစ်နဲ့ ငါးခုမြောက် အဆစ်တို့ကို သွတ်သွင်းချီးမြှောက်တော်မူလို ရကား မဟာသတိပဋ္ဌာန် နားထောင်ကြည့် မယ်နော်။ ဘာမှနားမလည်ပေမယ့်လို့ မဟာ သတိပဋ္ဌာန်ကို ကြားရတဲ့ ပုဂ္ဂိုလ်များ ဘယ် လောက်ပဲ ယုတ်နိမ့်တဲ့အဆင့်မျိုး ရောက်နေ စေကာမူ မဟာသတိပဋ္ဌာန်ရဲ့ အသံကို ကြား လိုက်တာနဲ့ မြင့်မြတ်တဲ့အဆင့်မျိုးရောက် တယ်၊ ဒါကြောင့် မနေ့က တစပဉ္စက ကမ္မဋ္ဌာန်း ကို ပြောပြီး ပြန်ဆိုရအောင် လိုက်ဆို **"ကေ သာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော"** ငါးခုနော် ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက် သည်း၊ သွား၊ အရေထူ အရေပါး၊ ငါးမျိုးနော်၊ အဲဒီငါးမျိုးထဲမှာ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ ကို ပိုင်းခြားရမယ်။

ဝိပဿနာဆိုတာ ဒီအခန်းမှာ ပဋိကူလ၊ စက်ဆုပ်ဖွယ်။ မနသိကာရ၊ နှလုံးသွင်းမည်။ ပဗ္ဗ၊ အဆစ်အပိုင်း။ စက်ဆုပ်ဖွယ် ထင်အောင် မြင်အောင် နှလုံးသွင်းတဲ့ အဆစ်အပိုင်းကို ဘုရားရှင် ဟောတော်မူလေသည်။ ထင်ရှား တာကို ပထမပြောတာကိုး ဘုရားရှင် ကိုယ် တော်မြတ်သည် စတုတ္ထအကြိမ်မြောက် ရစ်ပြီး ထည့်တယ်။ ဟုတ်ရဲ့လား။ ခန္ဓာစဉ်က အဖိုး အနုဂ္ဃထိုက်တန်တဲ့ ရွှေသေတ္တာကြီးနဲ့တူတယ်။ ဒီလောက် တန်ဘိုးရှိတဲ့ ခန္ဓာထဲမှာ ဝတ်ပိုင်း ဝတ်စုတ် အစုပ်ပလုပ်ဆိုတဲ့ လောဘ ဒေါသ မောဟဆိုတဲ့ ဆိုးရွားတဲ့တရားတွေ မထည့် ဘဲနဲ့ တကယ့်ကို မိမိအတွက် တစ်ဆင့်ထက် တစ်ဆင့် မြင့်ပြီးတော့ မဂ်ချမ်းသာ ဖိုလ်ချမ်း သာကို ရောက်နိုင်တဲ့နည်းတွေ ကို ဘုရားရှင် တစ်ဆင့်ပြီး တစ်ဆင့် တစ်ရစ်ပြီးတစ်ရစ် သွတ်သွင်း ချီးမြှောက်နေတာကိုး။

"စိန်နားကပ်ကြီးဆိုတာ ဤသို့မြင် ပါ"၊ အော် စိန်နားကပ်ကြီးဆိုတာ ဟိုတုန်းက သုံးလေးထောင်ပဲ ပေးရတယ်၊ ယခုသုံးလေး သိန်း မကဘူး၊ ဝတ်ဆင်တိုင်း ဝတ်ဆင်တိုင်း အဲဒီလိုနှလုံးသွင်းရင် အကုသိုလ်၊ ဒါဖြင့် အပါယ်လေးပါး ကျောက်ပေါက် မတိုးဘူးလား၊

http://www.dhammadownload.com

အပါယ်လေးပါး ကျောက်ပေါက်ပိတ်အောင် ဘယ်နဲ့လုပ်ရမလဲဆိုတော့ အော် စိန်နားကပ်ကြီးဆိုတာ အမျှားအပြောမှန်တယ်၊ အမျှားအပြောမှန်တာ သမုတိသစ္စာ။

သမုတိသစ္စာမှာ သုံးရမယ်နော်၊ ဘုရားရှင်က မဆင်ရဘူးမပြောပါဘူး၊ အဖိုးကိုးကုဋေ ထိုက်တန်တဲ့ ရွှေသားတွေချည်းလုပ်ထားတာ ဆင်ပြောင်းငါးစီးအားကိုနိုင်မှ ဝတ်ဆင်နိုင်တဲ့ မဟာလတာတန်ဆာလေ ဘုရားရှင်လက်ထက်က သုံးဦးပဲ ဝတ်ရတယ်။ ဝိသာခါကျောင်းအမကြီးရယ်၊ ဗာရာဏသီသူဌေးသမီးရယ်၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာရယ်၊ ဒီသုံးဦးပဲ ဝတ်နိုင်တယ်၊ ကျန်တဲ့လူဝတ်ရင် ပိသေမှာပေါ့။

အဲဒီတော့ မဝတ်ရဘူးလို့မဟောပါဘူး။ ဝတ်တဲ့ နေရာမှာ ဆင်ခြင်နှလုံးသွင်းဝတ်ရမယ်။ နှလုံးသွင်းပုံက အော် စိန်နားကပ်ကြီးဆိုတာ အမျှားပြောမှန်တယ်၊ သမုတိသစ္စာ၊ သမုတိသစ္စာဆိုတာ အဟုတ်မရှိ သမုတ်ရှိမျှသာ ဖြစ်ပါတယ်။ သရုပ်တရားကိုယ် မရကောင်းဘူး၊ ဝိပဿနာ မရှုရဘူး၊ တရားသဘောအမှန်မှာ ပရမတ္ထသစ္စာ ဓာတ်ကြီးလေးပါး ဖြစ်ပါတယ်။ ဓာတ်ကြီးလေးပါးဆိုတာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇာဓာတ်၊ ဝါယောဓာတ် အဲဒီတော့ စိန်နားကပ်ကြီး ဆိုတာ ဓာတ်ကြီးလေးပါး ဖြစ်ပါတယ်။ ဒါဖြင့် ဝတ်ဆင်တိုင်း ဝတ်ဆင်တိုင်း သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကို ပိုင်းခြားပြီး နှလုံးသွင်းရမယ်၊ အဲဒီစိတ်က ကုသိုလ်စိတ်လား၊ အကုသိုလ် စိတ်လား။ တရားသဘောကို ပိုင်းခြားနှလုံးသွင်းတာနော်။ ကုသိုလ်စိတ်။

သူ့နေရာနဲ့သူ သုံးရမယ့် သစ္စာနှစ်ပါး

သစ္စာဆိုတာ အမှန် သူ့နေရာ မှန်တာ၊ ပရမတ္ထသစ္စာလည်းပဲ သူ့နေရာမှာ မှန်တယ်၊ မှန်ပုံလေးက မိဘနှစ်ပါးရှိ တယ်နော်၊ မာတာပိတု ဥပဋ္ဌာန်၊ လုပ်ကျွေးက နတ်ပြည်ရောက်၊ ပုတ္တဒါရသသဂ်ဟော၊ သားမယားကို လုပ်ကျွေးရင်လည်း နတ်ပြည်ရောက်တယ်၊ ဒီဘက်က ပရမတ္ထ သိပ်အားသန်ပြီး မိဘမရှိဘူးဆိုလို့ရှိရင် မထေမဲ့မြင်ပြုရင် ငရဲမကျဘူးလား၊ သစ္စာပယ်ကောင်းတာ မဟုတ်ဘူးနော်။ သူ့နေရာ နဲ့သူ သုံးရတာ၊ တရားအားထုတ်တဲ့ အခါကျတော့ သမုတိ သစ္စာနဲ့ ပရမတ္ထသစ္စာကို ဉာဏ်ကပိုင်းခြားပြီး ရှုရတာ။ ပိုင်းခြားရှုနည်းက နှလုံးသွင်းပဲ။ စိန်နားကပ်ကြီးဆိုတာ သမုတိသစ္စာ၊ ပရမတ္ထသစ္စာကျတော့ ဓာတ်ကြီးလေးပါး၊ ဒါဖြင့် ဝတ်ဆင်တိုင်း သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကို နားလည်အောင် ပြောတာကြာတယ်နော်၊ စိတ်ကထင်အောင် နှလုံးသွင်းတာ မြန်တယ်နော်။

http://www.dhammadownload.com

တရားကိုစိတ်ရောက်သွားတာ တရားနဲ့နေတာ

အော်စိန်နားကပ်ကြီး ဓာတ်ကြီးလေးပါးပဲ လို့ ဓာတ်ကြီးလေးပါးကို သဘောမပေါက်စေ ကာမူ ဓာတ်ကြီးလေးပါးဆိုတာ ရူပ်တရား မို့လား၊ တရားကို အာရုံပြုလိုက်တာဟာ တရားကို စိတ်ရောက်သွားတာဟာ တရားနဲ့ နေတာပဲ မဟုတ်လား။ အဲဒီစိတ်ဟာ ဘာစိတ်လဲ၊ ကုသိုလ်စိတ်ဆိုတော့ အပါယ်တံခါးပိတ်ပြီး လူချမ်းသာ နတ်ချမ်းသာတက် မသွားဘူးလား၊ အဲဒါလေးပဲ လုပ်ကြည့်အုံး။

ဒါဖြင့် စိန်နားကပ်ကြီးနေရာမှာ ဘာတွေ ထည့်မလဲ ဆိုတော့ အိုးအိမ် တိုက်တာ ရထားကား အကုန်ထည့်ပေါ့ အကျိုလုံချည်ဝတ်မယ် အများပြောမှန်တယ် ဘာသစ္စာလဲ သမုတိသစ္စာ၊ တရားသဘောအမှန်မှာကတော့ ဘာသစ္စာလဲ၊ ဓာတ်ကြီးလေးပါး ပရမတ္ထသစ္စာ၊ ဒီဓာတ်လေးပါးရဲ့ အနက် အဓိပ္ပါယ်ကို စူးစူးရှရှ သဘောသဘာဝဆိုက်အောင် မသိစေကာမူ ဒီသစ္စာနှစ်ပါးကို ပိုင်းခြားပြီး ရှုမြင်တာက ဉာဏ်ကမြင်တာ၊ မိမိကို အထက်အဖို့ဆိုတဲ့ လူချမ်းသာ နတ်ချမ်းသာမက နိဗ္ဗာန်ချမ်းသာ တိုင်အောင် သယ်ဆောင်ဖို့ အကြောင်းက ကုသိုလ်က သယ်ဆောင်တာမို့လား၊ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတဲ့နည်း၊ ဒါကြောင့် ဒီနေရာမှာ ပဋိကူလ မနသိကာရပဗ္ဗ။

နိဗ္ဗာန်တံခါး ပွင့်နေတဲ့တရား

ပဋိကူလ၊ စက်ဆုပ်ဖွယ်။ မနသိကာရ၊ နှလုံးသွင်းတယ်။ ပဗ္ဗက အဆစ်အပိုင်း တစ်ဆစ်ပြီးတစ်ဆစ်၊ တစ်ရစ်ပြီးတစ်ရစ် ဘုရားရှင်ကိုယ်တော်မြတ် မဟာသတိပဋ္ဌာန် ကျင့်သုံးမယ့် သူတော်ကောင်းတွေရဲ့ ခန္ဓာသန္ဓာန်ထဲကို တရား ချီးမြှောက်ပြီးထည့်လာတာ ယခုလေးခေါက်မြောက် ဖြစ်လာပြီ၊ လေးခေါက်မြောက်ကို ဓာတုမနသိကာရပဗ္ဗနဲ့ တွဲလိုက်တော့ ငါးခန်းမြောက် ဓာတုက ဓာတ်ကြီးလေးပါး၊ မနသိကာရက နှလုံးသွင်း၊ ပဗ္ဗက အဆစ် အပိုင်း၊ တစ်ဆစ်ပြီးတစ်ဆစ် တစ်ရစ်ပြီး တစ်ရစ် ဘုရားရှင် ချီးမြှောက်လာတာ။

ဓာတ်ကြီးလေးပါးကို နက်နက်နဲနဲသဘောမပေါက် စေကာမူ ဒီသစ္စာနှစ်ပါးကို ပိုင်းခြားတာက မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ကုသိုလ်စိတ် ကုသိုလ်စိတ်ဆိုရင် အပါယ်တံခါးပိတ်မသွားဘူးလား၊ နိဗ္ဗာန်တံခါး ပွင့်မသွားဘူးလား၊ ဒါဖြင့် ဒကာ ဒကာမတွေ အကျိုလုံချည် ဝတ်တဲ့အခါ ကျင့်ရင်မရဘူးလား၊ ဝတ်တဲ့ကိစ္စလည်းပြီးတယ်၊ ကောင်းကျိုးချမ်းသာ လိုချင်တဲ့ပုဂ္ဂိုလ်တွေ၊ ဘဝကူးကောင်းချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ အဲဒါလေ့ကျင့်ပါလေ။

http://www.dhammadownload.com

သံယာဒေါက်ဒေတ္တအတွက်

ဒါဖြင့် သံယာတော်တွေကို ပြောတဲ့အခါ ကျတော့ ကိုယ်တော်တို့ ကျောင်းကြီးကလည်း ကောင်းတယ်၊ အသုံးအဆောင်တွေကလည်း ပေါတယ်၊ ပေါမှုပေါ၊ ဒကာ ဒကာမတွေက လည်းများတယ်၊ ကြည်ညိုကြတယ်လေ၊ လှူထားတာကိုး၊ အဲဒါတွေ အကုန်လုံး သမုတိ သစ္စာနဲ့ ပရမတ္ထသစ္စာ ပိုင်းခြားရမယ်။ ပိုင်းခြားနိုင်ရင် ပိုင်းခြား၊ မပိုင်းခြားနိုင်ရင် စွဲလန်းမှာပဲ။

အဲဒီတော့ တရားအားထုတ်တယ်၊ တရားအားထုတ် တယ်ဆိုတာ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ အချိန်မရွေး နေရာမရွေးမှာ အားထုတ်လို့ မရဘူးလား၊ နေရင်း ထိုင်ရင်း၊ အိမ်မှာနေရင်း အားထုတ်ရင်ကော မရဘူးလား၊ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ အားထုတ်လို့ ရနိုင်တာကို ပြောတာ၊ ဒီအချိန်အခါတွေ လစ်ဟင်းနေပါတယ်၊ ဒကာ ဒကာမတွေ အတွက် ရနိုင်တဲ့ ကောင်းကျိုးချမ်းသာတွေ ဟာနေပါတယ်။

ဒါကြောင့် ကောင်းကျိုးချမ်းသာ လွယ်လွယ်ကူကူ ရနိုင်တဲ့နည်းတွေ ဝုတ်ကွယ်နေပါတယ်။ ဒါဝိပဿနာရဲ့ အခြေခံပါပဲ။ ဓာတ်ကြီးလေးပါးဆိုတာ ရူပ်တရားမို့လား၊ ရူပ်တရားမှန်ရင် ငါမဟုတ်တော့ဘူး၊ ငါ့ဥစ္စာ မဟုတ်တော့ဘူး၊ ဘာသာဟုတ်သလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဟုတ်ပါတယ်။ အဟုတ်ကို အဟုတ် အတိုင်း ရှုမြင်တဲ့ ဉာဏ်သည် ဝိပဿနာဉာဏ် မပြတ်နှလုံးသွင်းနေတာကို ကျင့်တယ် အားထုတ်တယ်၊ ကျမ်းဂန် အတိုင်း သွားကြစို့ မလုပ်တတ်ဘူး၊ မလုပ်တတ်ဘူး ဆိုတာ မလုပ်လို့ မလုပ်တတ်တာ၊ လုပ်တတ်အောင် ပြောရမယ်၊ ဒါဆရာ့တာဝန် (၃၂) ကောဌာသထဲက တစ်ခုခုရရင် ပြီးရောပေါ့။

ကမ္မဋ္ဌာန်းပေးနည်းအစီအရင်နဲ့ ပသုံးလုံး

ကမ္မဋ္ဌာန်းပေးနည်း အစီအရင်ပြန်ပြောမယ်၊ သင်ကြားနာယူရမယ်၊ နှုတ်ဖြင့် တပြောင်းပြန်ပြန်ရွတ်ဆိုရမယ်၊ ရွတ်ဆိုတဲ့ ကမ္မဋ္ဌာန်း စာရဲ့အနက်အဓိပ္ပါယ်ကို မထင်ထင်အောင် စိတ်ကကပ်ရှုရမယ်။ ရှုပါများလို့ ရှိရင် နံပါတ်(၄)က တရားသဘောကို ထင်လာလိမ့်မယ်။ ပ သုံးလုံးနဲ့ တစ်ခါ ဟတ်လိုက် ပ သုံးလုံးက ပထမ ပ ကနှုတ်ဖြင့်လေ့ကျက် ပရိယတ္တိသာသနာရှိတယ် မရှိရင် ပူဇော်ခြင်းငှာ မထိုက်ဘူး။

စိတ်ဖြင့် ကပ်ရှု စိတ်ဖြင့်ကပ်ရှုက ဘာသာသနာလဲ ပဋိပတ္တိကို စိတ်နဲ့ကပ်မရှုဘူးဆိုရင် ပဋိပတ္တိသာသနာ ရှိမလား မရှိရင် ပူဇော်ခြင်းငှာ မထိုက်ဘူး၊ တရားတော် ခန္ဓာသန္တာန်မှာရှိမှ ပူဇော်လို့ ထိုက်မှာကိုး။

ဉာဏ်အမြင် ထိုးထွင်းသိ၏ ပဋိဝေဓ

http://www.dhammadownload.com

သာသနာ၊ သာသနာသုံးရပ်၊ အဲဒီတော့ ဖြည်း ဖြည်း စဉ်းစားကြည့် ကမ္မဋ္ဌာန်း ကုသိုလ်ဆိုတာ မဟာကုသိုလ်စိတ်၊ မဟာဆိုတာ မြင့်တယ်၊ မြတ်တယ်၊ ကြီးကျယ်တယ်၊ မြင့်မြတ်တဲ့ အကျိုးကို ပေးနိုင်တာ မဟာကုသိုလ်စိတ်။

သမထနဲ့ဝိပဿနာဘယ်လိုကွာသလဲ

သမထနဲ့ ဝိပဿနာ ထူးခြားချက်က သမထရဲ့အာရုံက ပုံပန်းသဏ္ဌာန်ကို အာရုံပြုရတယ်၊ ပုံပန်းသဏ္ဌာန်ဆိုတာ ပါဠိလို သနိမိတ္တ၊ သမထရဲ့ ရှုကွင်း ရှုကွက်က သနိမိတ္တ၊ သနိမိတ္တဆိုတာ ပုံစံရှိတယ်၊ အသွင်အပြင် ရှိတယ်၊ အမူအရာ ရှိတယ် အဲဒါကို ရှုရတယ်။

ဝိပဿနာရဲ့ အာရုံ ဝိပဿနာရဲ့ ရှုကွင်း ရှုကွက်က အနိမိတ္တ၊ အနိမိတ္တဆိုတာ အထည်ကိုယ်ဖြစ် ပုံပန်းသဏ္ဌာန် ဆိုတာ မှုံမှုံမွှားမွှား လေးတောင် မရှိဘူး၊ သဘောသတ္တိလေး ရှုရတာ၊ တိုတိုကတော့ သမထရဲ့ အာရုံက သနိမိတ္တ၊ ဝိပဿနာရဲ့ အာရုံက အနိမိတ္တ။

အဲဒီတော့ ဒကာ ဒကာမတို့ ဘုန်းကြီးက ရက်ရက် စက်စက် ပြောတော့မယ်၊ ငါ့ဆရာသည် သမထကို သင်ပေးသလား၊ ဝိပဿနာကို သင်ပေးနေသလား၊ သမထနဲ့ ဝိပဿနာ အထူးကို မသိရင်တော့ ဥပမာ အသုဘ ကမ္မဋ္ဌာန်း ပေးထားတယ်၊ ဘုန်းကြီးက အရိုးစု ကမ္မဋ္ဌာန်း ပေးထားတယ်၊ အရိုးစုဆိုတာ ပုံသဏ္ဌာန်မရှိဘူးလား သနိမိတ္တ၊ သနိမိတ္တကို အာရုံပြုတာဆိုတော့ ဒါဝိပဿနာ မဖြစ်နိုင်ဘူး၊ ဘာလဲ သမထ။

ဝိပဿနာရဲ့ အာရုံ ရှုကွင်းရှုကွက်က အနိမိတ္တ၊ အနိမိတ္တဆိုတာ ပုံပန်းသဏ္ဌာန် အသွင်အပြင် အမူအရာ လုံးဝမရှိဘဲ သဘောသတ္တိ လေးကို ရှုရတာ၊ ဒါမှ ဝိပဿနာစစ်တာ၊ ဝိပဿနာ၏ အာရုံ၊ ဘူမိရှုကွင်းရှုကွက် မှန်မှ သာ သောတာပန် ဖြစ်နိုင်တယ်၊ အပါယ်တံခါး ပိတ်နိုင်တယ်။ ဘုန်းကြီးက ယုတ်စွအဆုံး တို့ဒကာ ဒကာမတွေ ဝိပဿနာ နက်နက်နဲနဲ မရရင်လည်း လွယ်လွယ်ကူကူ ကမ္မဋ္ဌာန်းမျိုး တွေ ရပါစေလို့ ဝိပဿနာစည်းမျဉ်းမှာ အခြေခံကျကျ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ ပိုင်းခြား ရှုနိုင်ပါစေ။

အရိုးစုဆိုတာ အများပြောမှန်တယ် ဘာသစ္စာလဲ သမုတိသစ္စာ၊ တရားသဘော အမှန်မှာ ဓာတ်ကြီးလေးပါးက ဘာသစ္စာလဲ၊ ပရမတ္ထသစ္စာ၊ ဒါဖြင့် အရိုးစုကို ပရမတ္ထသစ္စာ၊ ရှုလိုက်တဲ့အခါကျတော့ ပထဝီဓာတ်ဆိုတဲ့ အရိုးစုမှာ မာဗျော့ မရှိဘူးလား၊ ဖွဲ့စည်းကော မရှိဘူးလား၊ ပူအေးကော မရှိဘူးလား၊ တွန်းကန်လှုပ်ရှားတဲ့သတ္တိကော မရှိဘူးလား၊ ဓာတ်ကြီးလေးပါးလို့ဆိုရင် ပရမတ္ထသစ္စာမှာ ပုံသဏ္ဌာန်ရှိ သေးရဲ့လား မရှိဘူး၊ ဒါဖြင့်ရင် ဓာတ်ကြီးလေးပါးက နက်နဲ ခက်ခဲ သိမ်မွေ့လို့ ဉာဏ်မထင်ဘူးလား၊ ဓာတ်ကြီးလေးပါးပါပဲ လို့ နှလုံးသွင်းလိုက်တာနဲ့ တစ်ပြိုင်နက် မဟာ ကုသိုလ်စိတ်ဖြစ်တယ် အပါယ်မကျတော့ဘူး။

http://www.dhammadownload.com

လူချမ်းသာ နတ်ချမ်းသာရအောင် ပေးတဲ့ကမ္မဋ္ဌာန်း

ဒါဖြင့်ရင် ဘုန်းကြီးလိုချင်တာက ဒီသမထ ကမ္မဋ္ဌာန်း ဖြစ်တဲ့ အရိုးစုကို ရှုတာ ဟောတော်မူတယ်။ ဘုရားရှင်ကလည်း ပုဂ္ဂိုလ် အမျိုးအစားကို ကြည့်ဟောတော်မူတယ်။ ယုတ်စွအဆုံး သေရင်အပါယ်လေးပါး သွားမယ့် ပုဂ္ဂိုလ်တွေအတွက် နေရင်းထိုင်ရင်း အလကား နေရင် အလကားဘဲ အဲဒီအရိုးစုလောက်တော့ ရှုပါ လူချမ်းသာ နတ်ချမ်းသာ ရမယ်၊ လူချမ်းသာ နတ်ချမ်းသာ သောင်တင်အောင်လို့ ဒီကမ္မဋ္ဌာန်းမျိုးပေးတယ်။

ဒါပေမယ့်လို့ တစ်ဆူတစ်ဆူသောဘုရားရှင် ပွင့်မှ ဝိပဿနာကို ထုတ်ဖော်ဟောတာနော်။

ကုသိုလ်စိတ်နဲ့ ကောင်းမှုရှင်

ဘယ်သူမှ ဒုက္ခကို မလိုချင်ဘူးနော်၊ ဒုက္ခခပ်သိမ်းငြိမ်းအောင် ဝိပဿနာရှုမှ ငြိမ်းတယ်၊ ကိုင်းဒါဖြင့် အရိုးစု ကမ္မဋ္ဌာန်း သမထကနေပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်း တက်တော့မယ်။ အရိုးစု အရိုးစုလို့ ရှုတာ သမထနော်။ အရိုးစုလို့ စိတ်ကထင်အောင်ရှုတော့ မဟာကုသိုလ်ဖြစ်တယ်။ မဟာကုသိုလ်ဖြစ်ရင် ကုသိုလ်စိတ် ကုသိုလ်ပြုတဲ့ ပုဂ္ဂိုလ်က ကောင်းမှုရှင် အမျှားပြောမှန်တယ် သမုတိသစ္စာ။

အော် တရားတွေ အားထုတ်ကြတယ်၊ ကောင်းမှုရှင်တွေပဲ အမျှားအပြောမှန်တယ်။ တရားသဘောအမှန်မှာ ပရမတ္ထသစ္စာမှာ ကုသိုလ် ဖြစ်ပါတယ်။ ကုသိုလ်မဖြစ်ပဲနဲ့ ကောင်းမှုရှင်ရှိမလား၊ ကုသိုလ်က ကောင်းမှုရှင်ဟုတ်လို့လား၊ ကုသိုလ်ဆိုတဲ့သဘောတရားက ကောင်းမှုရှင်မဟုတ်ဘူးနော်၊ ကုသိုလ်ဆိုတဲ့ သတ္တိဖြစ်ရင်တော့ ကောင်းမှုရှင် မရှိဘူးလား၊ ကောင်းမှုရှင်က သနိမိတ္တ ပုံပန်းသဏ္ဌာန် ရှိပါသည်။

ကောင်းမှုရှင်ကို အာရုံပြုလိုက်လို့ရှိရင် သမုတိသစ္စာ၊ ကောင်းမှုရှင်ဆိုတာကုသိုလ်မ ဖြစ်ဘဲနဲ့ ကောင်းမှုရှင်ရှိမလား၊ ကောင်းမှုရှင်ကဘာ သစ္စာလဲ သမုတိသစ္စာ၊ ကုသိုလ်က ပရမတ္ထသစ္စာ၊ တရားသဘောအမှန်မှာ ကုသိုလ်ဆိုတဲ့ သဘောသတ္တိက ကောင်းမှုရှင်မဟုတ်၊ ကုသိုလ်ရှင်ကလည်း ကုသိုလ်ဆိုတဲ့ သဘောသတ္တိ မဟုတ်၊ ကောင်းမှုရှင်ကတခြား၊ ကုသိုလ်ဆိုတဲ့ ဓာတ်သတ္တိကတခြား မှန်ရဲ့လား။

ကုသိုလ်ဆိုတဲ့ ဓာတ်သတ္တိဖြစ်ရင်တော့ ကောင်းမှုရှင် ပေါ်မလားဘူးလား၊ ဒါစိတ်ကို ကြည့်တာနော်။

သဒ္ဓါသုံးမျိုး

ကိုင်း စေတသိက်ကို ပြောကြအုံးစို့၊ စေတနာ သဒ္ဓါဆိုတာ စေတသိက် မဟုတ်လား၊ ကုသိုလ်ကောင်းမှုပြုတဲ့အခါ သဒ္ဓါ စေတနာတွေဖြစ်နေတာပဲ။ သဒ္ဓါကသုံးမျိုး ပသာဒသဒ္ဓါ၊ ကြည်ညိုဖွယ်ရှိမှ ကြည်ညိုတဲ့ သဒ္ဓါကို ပသာဒသဒ္ဓါ၊ အဲဒီ သဒ္ဓါတရားမျိုးက ဖြစ်လွယ်

http://www.dhammadownload.com

ပျက်လွယ်တယ်။

ဗလဝသဒ္ဓါ၊ ဗလဝသဒ္ဓါဆိုတာ အားကြီးတဲ့သဒ္ဓါ၊ ဗလဝသဒ္ဓါ အားကောင်းတဲ့ပုဂ္ဂိုလ်များသည် အဆင်ခြင်ဉာဏ် ကင်းမဲ့တဲ့အတွက် အရာမဟုတ်သည်၌ ကြည်ညိုတတ်၏တဲ့။ ဟုတ်ရဲ့လား။ ဗလဝသဒ္ဓါလည်း စိတ်မချရဘူး။ ဖြစ်လွယ် ပျက်လွယ်တဲ့သဒ္ဓါ။

စိတ်ချရတာက အစလသဒ္ဓါတဲ့၊ စလဆိုတာ တုန်လှုပ်တယ်၊ အစလဆိုတာ မတုန်လှုပ်ဘူး၊ မတုန်မလှုပ် သက်ဝင်ပြီး ကြည်ညိုတဲ့ သဒ္ဓါကို အစလသဒ္ဓါလို့ ဆိုအပ်ပါသည်။

သာသနာကို ကြည်ညိုလှု

ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် မိမိလှူနိုင်လို့ရှိရင် မိမိစိတ်ကို စင်ကြယ်စွာထားပြီး ပုဂ္ဂိုလ်မရွေး တစ်နည်းအားဖြင့် ဘုရားသားတော် သံဃာတော်တွေ အာရုံပြုပြီးလှူမယ်၊ သာသနာကို ကြည်ညိုလို့လှူတယ်၊ ပထမတော့ ပုဂ္ဂိုလ်မြင် လိုက်တာကိုး တကယ်လှူတော့ သာသနာကို ကြည်ညိုလှူရတယ်၊ သံဃာ ကို အာရုံပြုလှူရတယ်၊ အဲဒီ သဒ္ဓါမျိုးကတော့ အစလသဒ္ဓါ၊ မတုန်မလှုပ်သက်ဝင်တဲ့ သဒ္ဓါမျိုးကသာ ဒီတရားတွေကို မတုန်မလှုပ်သက်ဝင်ထားရင်တော့ အစလသဒ္ဓါဖြစ်နိုင်တယ်။ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ ပိုင်းခြား မရှုရင်တော့ ပသာဒသဒ္ဓါ မျှားတယ်။ ဗလဝသဒ္ဓါ အဖြစ်မျှားတယ်။ တရားသဘောကို ကောင်းစွာ ရှုမြင်တဲ့ ပုဂ္ဂိုလ်များ ကတော့ ဘုရားစစ် ဘုရားမှန်ကိုလည်း ဖူးမြင်ရတယ်၊ တရားစစ် တရားမှန်ကိုလည်း တွေ့ရတယ်။

ဒါဖြင့် ဒီအရိုးစုကို ရှုနေတဲ့ ပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်က သမုတိသစ္စာ၊ ကုသိုလ်စိတ်က ပရမတ္ထသစ္စာ၊ ဒီကုသိုလ်ဖြစ်တာနဲ့ သဒ္ဓါတရားမပါဘူးလား၊ ပါတယ်၊ ဒါဖြင့် ကောင်းမှု ရှင်ကောင်းမှုရှင်ဟု ဆိုအပ်ပါသည်။ အမျှားအပြော မှန်ပါသည်။ တရားသဘော အမှန်မှာ သဒ္ဓါစေတနာဖြစ်မှ ကောင်းမှုရှင်ဖြစ်တယ်။ ကုသိုလ်ကောင်းမှု ပြုတယ်ဆိုတာ သဒ္ဓါစေတနာရှိမှ ပြုလို့ရတယ်နော်။

သဒ္ဓါဆိုတာ ကုသိုလ်စိတ်နဲ့တွဲဖြစ်တာ

သဒ္ဓါတို့ စေတနာတို့ ဆိုတာက စေတသိက်၊ စိတ်နဲ့ အတူဖြစ်တာ သဒ္ဓါဆိုတာက ကုသိုလ်စိတ်နဲ့တွဲဖြစ်တာ အကုသိုလ်စိတ်နဲ့ သဒ္ဓါဆိုတာ တွဲမဖြစ်ဘူး။ ဟုတ်ရဲ့လား၊ အဲဒါ အဘိဓမ္မာပဲ။

ကောင်းမှုရှင်က သမုတိသစ္စာ အမျှား အပြောမှန်တယ်။ တရားသဘောအမှန်မှာ သဒ္ဓါစေတနာက ပရမတ္ထ သစ္စာ၊ သဒ္ဓါ စေတနာ ကလည်း ကောင်းမှုရှင်မဟုတ်၊ ကောင်းမှုရှင် ကတခြား၊ သဒ္ဓါ စေတနာက တခြား၊ သဒ္ဓါ စေတနာဖြစ်လာရင်တော့ ကောင်းမှုရှင် မရှိဘူးလား၊ ကောင်းမှုရှင်ဆိုတဲ့ လူကိုရှုရမှာလား၊ သဒ္ဓါ စေတနာကို ရှုရမှာလား။

http://www.dhammadownload.com

စိတ်ဖြစ်တိုင်းပါတဲ့စေတနာ

စေတနာကတော့ ကုသိုလ်လည်းဖြစ်တယ်၊ အကု သိုလ်လည်းဖြစ်တယ်၊ ကုသိုလ်မဟုတ်၊ အကုသိုလ်မဟုတ်၊ အဗျာကတလည်း ဖြစ်တယ်၊ စေတနာက ဇာတ်လိုက်စိတ်ဖြစ်တိုင်း သူကပါတယ်။

သဒ္ဓါကျတော့ အကုသိုလ်စိတ်မှာ မဖြစ်ဘူး၊ အရိုးစုကို ရှုတဲ့အခါကျတော့ ကုသိုလ်စိတ် မဟုတ်လား၊ ကုသိုလ်စိတ်ဖြစ်ရင် သဒ္ဓါတို့ စေတနာတို့ ပါမလာဘူးလား၊ လူကတော့ မသိဘူးလေ၊ သဘောသတ္တိကတော့ ကုသိုလ်စိတ်ဖြစ်ရင် သဒ္ဓါ စေတနာတွေ မပါဘူးလား။

စိတ်၊ စေတသိက် နဲ့ အရိုးစု

အော် ဤကားစိတ်၊ ဤကားစေတ သိက်၊ စိတ်က ကုသိုလ်စိတ်၊ စေတသိက်က သဒ္ဓါ စေတနာနော်၊ ဒီကုသိုလ် စိတ်တွေ သဒ္ဓါ စေတနာတွေ မဖြစ်ဘဲနဲ့ ဒီရိုးစုကို မရှုနိုင်ဘူးနော်။ အရိုးစုက သမုတိသစ္စာ။ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးက ပရမတ္ထသစ္စာ၊ ဒီအမှန် တရားနှစ်ပါး၊ သစ္စာနှစ်ပါးကို ပိုင်းခြားပြီးရှုမြင်နေတာ ငါက မြင်တာလား၊ ဉာဏ်ကမြင်တာလားဆိုတော့ ဉာဏ်ကမြင် တာ၊ အဲဒီဉာဏ်ဟာ ကုသိုလ် သဒ္ဓါ စေတနာတွေပါတယ်၊ ပရမတ္ထတရားတွေ ခေါ်တယ်၊ သဘောသတ္တိတွေ ခေါ်တယ်။

စိတ်၊ စေတသိက်ကြောင့် ဖြစ်တဲ့ရူပ်

ရူပ်ကို ရှင်းပေးတော့မယ်နော်၊ ရူပ်ကျတော့ ဘယ်လို ပါလိမ့်မလဲဆိုတော့၊ သဒ္ဓါက စောစောက သုံးမျိုးပြောခဲ့ပြီနော်၊ သဒ္ဓါ တရားရဲ့သတ္တိက အဆင်းအဂီကို ကြည်လင်ရှင်ပြ တဲ့သတ္တိထွက်လာတယ်၊ ဒီ သဒ္ဓါဆိုတဲ့ စေတသိက်က ကုသိုလ်စိတ်နဲ့ တွဲတယ်၊ ဒါဖြင့်ရင် မျက်နှာအဆင်းကြည်လင် သွားတာကို စိတ်ကြောင့်ဖြစ်တဲ့ ရူပ်လို့၊ အမှန်ဆို သဒ္ဓါဆိုတဲ့ စေတသိက်ကြောင့် ကြည်လင်သွားတာနော်။ ဒေါမနဿ ဝေဒနာပေါ်လာတဲ့ အခါ မျက်နှာညိုးမသွားဘူးလား၊ ဒေါမနဿ ဝေဒနာဆိုတာ စိတ်နှလုံးမှာ ဆုပ်နစ်သွားတဲ့ အခါကျတော့ မျက်နှာညိုးလို့၊ အဲဒီတော့ ရူပ်သဘောဆိုတာ တိုင်းထားလို့ မရဘူး၊ ကုသိုလ်သတ္တိတွေ ပေါ်လာရင် မျက်နှာအဆင်းက ကြည်လို့ ရူပ်တွေမှာ အကုသိုလ်သတ္တိတွေ ပေါ်လာရင် ဘယ်လောက် ဟန်ဆောင် ဟန်ဆောင် မျက်နှာက သုန်မှုန်လို့။

အဲဒီတော့ ဘုန်းကြီးပြောချင်တာက အရိုးစုလို့ ရှုတာ သမထဘာဝနာ၊ ဝိပဿနာ တက်လိုက်တဲ့အခါကျတော့ ဓာတ်ကြီးလေးပါး ပါပဲ၊ ဓာတ်ကြီးလေးပါးပဲလို့ ရှုလိုက်တဲ့ အခါကျတော့ စိတ်က မဟာကုသိုလ်စိတ်၊ မဟာ ကုသိုလ်စိတ်နဲ့အတူ ပါလာတာက သဒ္ဓါ

http://www.dhammadownload.com

စေတနာ၊ သဒ္ဓါ စေတနာ ဖြစ်လိုက်တဲ့အခါ ကျတော့ ရုပ်တွေက ကြည်လင်တဲ့ စိတ် ကြောင့် ဖြစ်တဲ့ ရုပ်တွေ ပေါ်မလာဘူးလား။

တရားသဘော အမှန်မှာ

ဒါဖြင့် ကုသိုလ်ရှင် ကုသိုလ်ရှင် ကောင်းမှု ရှင်၊ ကောင်းမှုရှင် အများအပြောမှန်ပါတယ်။ တရားသဘော အမှန်မှာတော့ စိတ်၊ စေတ သိက်၊ ရုပ်အစုသာဖြစ်ပါတယ်။ ဒီ စိတ်၊ စေတသိက်၊ ရုပ်အစုကို ထင်မြင်အောင် ရှုတာ ဝိပဿနာဉာဏ်၊ စိတ်က ဤသို့ဤနှယ်၊ စေတ သိက်က ဤသို့ဤနှယ်၊ ရုပ်က ဤသို့ ဤနှယ်၊ အဲဒီ စိတ် စေတသိက် ရုပ်တို့ထဲမှာ ပုဂ္ဂိုလ် သတ္တဝါပါရဲ့လား၊ မူချကတည်းက ပရမတ္ထ သစ္စာက စိတ် စေတသိက် ရုပ်၊ ဒါဖြင့် ဝိပဿနာ ရှုကွင်းရှုကွက်ထဲမှာ သမုတိသစ္စာ ပါသေးရဲ့လား။

အဲ သမုတိသစ္စာသွားရှုရင် ရှုကွက်လွဲသွား ပြီ၊ အပါယ်တံခါး မပိတ်နိုင်တော့ဘူး၊ အဲဒီ တော့ ပုံပန်းသဏ္ဌာန်ကို ရှုတယ် ရှုကွက်တွေ လွဲသွားပြီ၊ ရှုရမှာက ပရမတ္ထသစ္စာ၊ ပရမတ္ထကို ရှုတော့ စိတ် စေတသိက် ရုပ်တွေကို ထင် အောင် ရှုရတယ်။ သမထဘာဝနာ ရှုတော့ အရိုးစုကို ရှုပါတယ်။ ဝိပဿနာတက်တော့ ဓာတ်ကြီးလေးပါးကို အောက်မေ့ပါတယ်။ ဓာတ်ကြီးလေးပါးလို့ နှလုံးသွင်းတော့ မဟာ ကုသိုလ် ဖြစ်သွားတယ်၊ ရှုတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန် မှာ စိတ် စေတသိက် ရုပ်တွေ မဖြစ်ဘူးလား။

သံသရာဆိုတဲ့ ဝဋ်ဆင်းရဲမှလွတ်ချင်ရင်

အဲဒီ စိတ်တွေ စေတသိက်တွေ ရုပ်တွေက ကုသိုလ်ရှင်ဟုတ်လို့လား၊ မဟုတ်ဘူး၊ ဘာ သာဟုတ်လဲ၊ အကြိမ်ပေါင်း ဘယ်လောက်ဖြစ် လဲဆိုရင်၊ ရေတွက်လို့ရရမလား၊ တစ်ကြိမ် တစ်ကြိမ်မှာ တစ်စုံ တစ်စုံဖြစ်တာနော်၊ စိတ် စေ တသိက် ရုပ်တစ်စုံဖြစ်ရင် ခန္ဓာငါးပါး တစ်စုံခေါ်တယ်၊ ခန္ဓာဆိုလည်း ဒီစိတ် စေတသိက် ရုပ်ပဲ၊ အာယတနဆိုလည်း ဒီစိတ် စေတသိက် ရုပ်ပဲ၊ ဓာတ်ဆိုလည်း ဒီစိတ် စေတသိက် ရုပ်ပဲ၊ သစ္စာဆိုလည်း ဒီစိတ် စေတသိက် ရုပ်ပဲ၊ အဲဒီ ဖြစ်ပုံ နည်းကတော့ သင်ထားမှရမယ်။ ဒါဝဋ်ဆင်းရဲ တရားတွေပဲ၊ ဒါသံသရာတရားတွေပဲ၊ သံသရာဆိုတာ စိတ် တွေ စေတ သိက်တွေ ရုပ်တွေကို သံသရာ လို့ခေါ်တယ်၊ ဒီသံသရာဆိုတဲ့ ဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်တယ်ဆိုရင် ဒီသံသရာ ဝဋ် ဆင်းရဲကို မထင်ဘဲနဲ့ လွတ်ပါ့မလား။

စိတ်တွေ စေတသိက်တွေ ရုပ်တွေဆိုတာ တွေက သံသရာတွေပဲ၊ ခန္ဓာတွေပဲ၊ ဝဋ်ဆင်းရဲ တွေပဲလို့ ဒီတရားတွေကို ကောင်းစွာရှုမြင် တော့မှ နိဗ္ဗာန်ကိုရောက်မယ်။ မူချပေးခဲ့ပြီလေ ရှိတာက စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဘယ်နှစ်

http://www.dhammadownload.com

မျိုးလဲ၊ လိုချင်တာက နိဗ္ဗာန်၊ နိဗ္ဗာန်ကို လိုချင်ရင် စိတ် စေတ သိက် ရုပ်တွေကို ဉာဏ်မြင်ထက်ထက် ကြေကြေညက်ညက် ရှုရပါမည်။

ဒုက္ခမှ မလွတ်တဲ့တရား

ရှုလိုက်တဲ့အခါကျတော့ စိတ် စေတသိက် ရုပ်တွေက ဖြစ်တိုင်းပျက် ဖြစ်တိုင်းပျက်ဆိုတော့ ပျက်တဲ့တရားတွေက သုခတွေလား၊ ဒုက္ခတွေလား၊ ဒုက္ခတွေပဲ၊ အကုန်လုံးပဲ စိတ်တွေ အကြိမ်ပေါင်းဘယ်လောက်ပဲ ဖြစ်ဖြစ်၊ စေတသိက် အကြိမ်ပေါင်း ဘယ်လောက်ပဲဖြစ်ဖြစ်၊ ရုပ်တွေ အကြိမ်ပေါင်း ဘယ်လောက်ပဲ ဖြစ်ဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်း သုခတွေလား၊ ဒုက္ခတွေလား၊ (ဒု) စက်ဆုပ်ဖွယ်၊ (ခ)အချည်းအနှီး ဘဝပေါင်း အသခ်ေ့အနန္တ လူမင်းကြီး၊ နတ်မင်းကြီးတွေ ဖြစ်ခဲ့သော်လည်း၊ စကြာမန္ဒာတ်၊ မိဖုရားရတနာ၊ သိကြားပြဟ္မာတွေ ဖြစ်ခဲ့သော်လည်း ယုတ်နိမ့်တဲ့ အဖြစ်အမျိုးမျိုး ပုဂ္ဂိုလ်သတ္တဝါဖြစ်ခဲ့သော်လည်း စိတ် စေတသိက် ရုပ်က လွတ်ထွက်မလား။

ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါရှိလာတဲ့ အတွက် သံသရာ နှုတ်ခမ်းသတ်မလား၊ သံသရာ ရှည်တာပေါ့၊ စိတ် စေတသိက် ရုပ်ကို ကောင်းစွာ ရှုလိုက်တဲ့အခါကျတော့ ဒုက္ခလို့ ရှုမြင်လို့ရှိရင် တဏှာနဲ့ ဆန့်ကျင်ဘက်မလာဘူးလား၊ တဏှာက တပ်မက်တယ်၊ သာယာတယ်၊ စွဲလန်းတယ်၊ သိမ်းပိုက်တယ်၊ ဒီသဘော မလာဘူးလား၊ ဒုက္ခကို မြင်တဲ့အခါကျတော့ ဒီ တဏှာ မငြိမ်းဘူးလား။

ဝိဇ္ဇာဉာဏ် ဖြစ်နေတဲ့အခါ

အဖော်မပါ နိဗ္ဗာန်ရွာ တောင်ထွာဘယ်မျှ ဝေးသနည်း။

တဏှာကုန်က နိဗ္ဗာန်ရ တောင်ရထွာရဦးမည်လော။

ဒုက္ခကိုသာ ရှုမြင်နေတဲ့အခါ တဏှာငြိမ်းမနေဘူးလား၊ တဏှာငြိမ်းနေရင် နိဗ္ဗာန်ရနိုင်တာပဲ။ ဒုက္ခရဲ့သဘောကို ကောင်းစွာ ရှုမြင်နေတာက ငါကမြင်တာလား၊ ဉာဏ်က မြင်တာလား၊ ဒီဉာဏ်ကို ဝိဇ္ဇာဉာဏ်ခေါ်တယ်၊ တရားသဘောကို ထိုးထွင်းသိတာ ပါဠိလို ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ် ဖြစ်နေတဲ့ အခါမှာ အဝိဇ္ဇာ ငြိမ်းမနေဘူးလား၊ အဝိဇ္ဇာ ငြိမ်းနေရင် ပဋိစ္စသမုပ္ပာဒ် ပတ်လို့ရဦးမလား၊ ဒုက္ခငြိမ်းနေတယ်၊ ဟုတ်ကဲ့လား။

ဝိပဿနာအခန်း

ဒီလို တစ်စတစ်စ ဒုက္ခငြိမ်းအောင် အကုန်လုံး ချုပ်လိုက်တဲ့အခါကျတော့ အရိုးစုကို ရှုတာ သမထနော်။ အရိုးစုကို ရှုတဲ့ အချိန်မှာ ဖြစ်တဲ့စိတ်က မဟာကုသိုလ်စိတ်နော်၊ မဟာ

http://www.dhammadownload.com

ကုသိုလ်စိတ်ဖြစ်လိုက်တဲ့အခါ သဒ္ဓါ စေတနာတွေ မပါ ဘူးလား၊ စေတသိက်တွေက သဒ္ဓါရဲ့သတ္တိ၊ ကုသိုလ်ရဲ့သတ္တိကြောင့် ရူပ်က မကြည်လင်ဘူးလား၊ ဒါဖြင့် ဒီစိတ် စေတသိက် ရူပ်တွေက ဖြစ်တိုင်းမပျက်ဘူးလား၊ ပျက်တဲ့တရားတွေက သုခလား၊ ဒုက္ခလား၊ ဒုက္ခဆိုတာ သွားဒုက္ခ၊ စားဒုက္ခ၊ အိုလာတဲ့အခါ ထိုင်ရ ထရတာ ဒုက္ခ၊ ဒါက သံဝေဂဒုက္ခပဲ။ ဘုရားပွင့် ပွင့် မပွင့် ပွင့်သိတာ။

တစ်ဆူသော ဘုရားရှင်ပွင့်မှ ဒုက္ခအစစ်ကို ထုတ်ဖော်ဟောတာ၊ အဲဒါ ဝိပဿနာ အစစ်ပဲ။ ကိုင်းနားကြစို့။

သာဓု – သာဓု – သာဓု။

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာ အကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ဝိသုဒ္ဓိမဂ်ကရှင်းပေးတဲ့ သစ္စာ(၂)ပါး

မဟာသတိပဋ္ဌာန်သုတ် အစဉ်အားဖြင့် သမ္မဇညပဗ္ဗကို ဟောကြားတော်မူပြီး၍ ပဋိကူလမနသိကာရပဗ္ဗ နှင့် ဓာတုမနသိကာရပဗ္ဗကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ဓာတုမနသိကာရပဗ္ဗ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်ကြီးလေးပါး။ ပဋိကူလမနသိကာရပဗ္ဗ၊ (၃၂) ကောဋ္ဌာသ၊ (၃၂)ကောဋ္ဌာသကို ဓာတ်ကြီးလေးပါးနဲ့ ဝေဖန် လိုက်တဲ့ အခါကျတော့ ပထဝီဓာတ် (၂၀)ရှိတယ်။ အာပေါ ဓာတ်က (၁၂)ပါး၊ ပေါင်းလိုက်ရင် အားလုံး(၃၂)ဖို့နှစ်စု၊ ပါဠိ လို (၃၂)ကောဋ္ဌာသ၊ အဲဒါ ပထဝီဓာတ်နဲ့ အာပေါဓာတ် ဒီ(၃၂)ဖို့ နှစ်စု ဓာတ်နှစ်ပါးပေါ့။ ဓာတ်နှစ်ပါးကို ပထဝီဓာတ် (၂၀)ကိုလည်းအသီးသီး၊ အာပေါဓာတ် (၁၂)ပါးကိုလည်း အသီးသီး ဆင်ခြင်ဖန်များတဲ့ ပုဂ္ဂိုလ်ရဲ့ဉာဏ်ဝမ္ဘာ တစ်ခုစီ တစ်ခုစီ ပိုင်းခြား

http://www.dhammadownload.com

ပြီး ထင်လာတယ်။

အဲဒီတစ်ခုစီက ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး၊ ဝိသုဒ္ဓိမဂ် ကရှင်းပြပုံ–

ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ သြဇာ၊
စတသော စာပိ ဓာတုယော။
အဋ္ဌ ဓမ္မ သမောဓာနာ၊
ဟောန္တိ ကေသာ သမုတိ။

ဝဏ္ဏော၊ အဆင်းလည်းကောင်း။ ဂန္ဓော၊ အနံ့လည်းကောင်း။ ရသော၊ အရသာလည်းကောင်း။ သြဇာ၊ အဆီ လည်းကောင်း။ ပထဝီ၊ ပထဝီဓာတ် လည်းကောင်း။ အာပေါ၊ အာပေါဓာတ် လည်းကောင်း။ တေဇော၊ တေဇောဓာတ် လည်းကောင်း။ ဝါယော၊ ဝါယောဓာတ် လည်းကောင်း။ အဋ္ဌ၊ (၈)ခု။ ဓမ္မ၊ တရား။ သမောဓာနာ၊ ပေါင်းတယ်။ ရှစ်ခု သောဓာတ်တို့ ပေါင်းဆုံခြင်းကြောင့် ကေသာ သမုတိ၊ ဆံပင်ဟု ခေါ်ဆိုသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကေသာပြီးတော့ လောမာထည့် တစ်ခု ချင်းပြောင်း ထည့်သွားတာ(၃၂)မျိုးကုန်ရော၊ သမုတိမှာ (၃၂)မျိုးသော အစုအဝေး ဟုတ်တယ်နော်၊ တစ်ခုစီ တစ်ခုစီလည်း ပရမတ္ထ သစ္စာမှာ ဓာတ်(၈)ပါး၊ ပရမတ္ထသစ္စာမှာ (၃၂)ခုလုံးက ဓာတ်ရှစ်ပါး၊ အဲဒီလို သမုတိ သစ္စာနဲ့ ပရမတ္ထသစ္စာ ပိုင်းခြားပြီးတော့ ဝိသုဒ္ဓိ မဂ်က ဆက်ရှင်းပေးတယ်။

ဝိသုဒ္ဓိမဂ်ဆိုတာ အမေးတစ်ဂါထာ၊ အဖြေတစ်ဂါထာ ဒီနှစ်ဂါထာလုံးကို မူတည်ပြီးတော့ ဝိသုဒ္ဓိ(၇)ပါးနဲ့ စဉ်ပြီးတော့ နိဗ္ဗာန် ရောက်ကြောင်းတွေကို ဖွင့်ဆိုလိုက်တာ ဝိသုဒ္ဓိ မဂ်ကျမ်းကြီးက ပါဠိလို နှစ်အုပ်ဖြစ်သွားတယ်၊ မြန်မာပြန် သုံးအုပ်ဖြစ်သွားတယ်၊ ရှင်မဟာ ဗုဒ္ဓယောသမထေရ်မြတ်ရဲ့ ဂုဏ်ကျေးဇူးလေ၊ အာရုံပြု ကြည်ညိုရအောင်။

ရှင်မဟာဗုဒ္ဓယောသရဲ့ ဂုဏ်ကျေးဇူး

ညအခါ စာတွေရွတ်တယ်၊ တစ်ညလုံး သန်းခေါင်ယံ စာပြန်တယ်ပေါ့၊ အရုဏ်တတ်တော့ ဆရာဘုန်းကြီးကမေးတယ်၊ ညက မြည်း မြည်သလို မြည်တဲ့အကောင်က၊ ဘယ် အကောင်လဲလို့ ဆိုတယ်၊ တော်ပေမယ့်လို့ နှိပ်ကွပ်တာလေ၊ သင့်မှာအပြစ်ရှိတယ် ဒဏ်ထမ်းရမယ် သီဟိုဠ်မှာရှိတဲ့ သီဟိုဠ် ဘာသာနဲ့ ရှိတာကို မာဂဓဘာသာအဖြစ် ပြန်ကူးရမယ်လို့ လွှတ်လိုက်တယ်။

ဟိုကျတော့ သီဟိုဠ်စာကြည့်တိုက်ကို ဖွင့်ခွင့်တောင်း တဲ့အခါကျတော့ သီဟိုဠ်သံယာက မပေးဘူး၊ နောက်ဆုံး တောင်းပါမျှားတဲ့ အခါကျတော့ အမေးတစ်ဂါထာ၊ အဖြေ တစ်ဂါထာ ဒီနှစ်ဂါထာကို ဖွင့်ဆိုခိုင်းတယ်၊ အမေးတစ်ဂါထာ ကတော့ တဏှာတည်းဟူသော အရှုပ်အထွေးကို ဘယ်သူ ဖြေရှင်းနိုင်သလဲလို့၊ အဖြေက သီလ သမာဓိ ပညာ သိက္ခာ သုံးပါးနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်သည်

http://www.dhammadownload.com

ဖြေရှင်းနိုင်တယ်။

အဲဒီ နှစ်ဂါထာကို ဖွင့်ဆိုလို့လည်းပြီးရော ပင်ပန်းလွန်းလို့ ခဏသက်သာအောင် အိပ်ယာထဲမှာ မှိန်းပြီး အနားယူလိုက်တယ်။ သတိလည်းရရော အားလုံးရေးပြီးသားတွေ မရှိဘူး၊ အဲဒါ နောက်တစ်ခေါက်ပြန်ရေးတယ်၊ အစအဆုံးလည်း ရေးပြီးရော၊ ပထမစာမူ ပြန်တွေ့တယ်၊ နတ်တွေက ကွယ်ထားတာလေ။

ဒီစာမူနှစ်ခုလုံးကို တိုက်ကြည့်တဲ့အခါကျတော့ အားလုံးဝါကျစုံ ပုဒ်၊ ပါဠိကလေးတွေက စ တူနေတယ်၊ အဲဒီအခါ ကျတော့ သီဟိုဠ် သံယာတွေကို တင်ပြလိုက်တော့ သီဟိုဠ် သံယာတွေက သဘောကျပြီးတော့ "**ဗုဒ္ဓမတ္တညု**" ဗုဒ္ဓ၊ မြတ်စွာဘုရား။ မတ၊ အလို။ အညု၊ သိတယ်။

ဘုရားအလိုတော်အတိုင်း သိတဲ့ပုဂ္ဂိုလ်ကြီးပဲလို့ အားလုံးရဲ့နှုတ်ဖျားမှာ "**ဗုဒ္ဓမတ္တ ညု**" "**ဗုဒ္ဓမတ္တညု**" လို့ ခိုးမြောက်ပြီးခေါ်ကြတယ်။

ခွဲစိတ်လို့ မရတဲ့ဓာတ်(၈)မျိုး

အဲဒီ ဝိသုဒ္ဓိမဂ်ကျမ်းကြီးမှာ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ၊ သမထနဲ့ ဝိပဿနာခွဲပြီးရှုပုံလေး ပြန်နားထောင်ကြည့် အလွန်ထင်ရှားပါတယ်၊ သမုတိသစ္စာမှာ ဆံပင်ဟုတ်တယ်နော်၊ ပရမတ္ထသစ္စာမှာ အဋ္ဌကလာပ်၊ ကလာပ်ဆိုတာ ပေါင်းထားတာ၊ ပေါင်းထားတာ ဓာတ်သတ္တိက ရှစ်မျိုးခွဲလို့ စိတ်လို့မရဘူး၊ တစ်ခုစီ တစ်ခုစီတော့ ဟုတ်တယ်၊ ဒီကလာပ် စည်းမှာ တစ်ခုစီတော့ ခွဲထားလို့ မရဘူး။

"ကေသာ" နေရာမှာ "လောမာ" ထည့် (၃၂)မျိုးလုံး ပြည့်အောင်ထည့်ပေါ့၊ တစ်ခုစီ တစ်ခုစီလည်း ဓာတ်(၈)ပါး၊ (၃၂)မျိုးလုံး ဓာတ်(၈)ပါး၊ (၃၂)မျိုးက သမုတိသစ္စာ၊ ဓာတ်(၈)ပါးက ပရမတ္ထသစ္စာ၊ အဲဒါ ဝိသုဒ္ဓိမဂ်က အသေအချာ ရှင်းပေးထားတယ်၊ တေသံယေဝ "**ဝိနိဗ္ဘောဂါ နတ္ထိ ကေသာ သမုတိ**" ဒီဓာတ်(၈)ပါးကို အဋ္ဌကလာပ်ရှုပ်လို့ ခေါ်တယ်။ ကလာပ်တစ်စည်း သုဒ္ဓဋ္ဌက၊ ကလာပ်လို့လည်းခေါ်တယ်။ တခြားကလာပ်တွေနဲ့ မရောလို့၊ ဘယ်အရာဝတ္ထုမဆို ဓာတ် (၈)ပါး ပေါင်းထားတယ်၊ အရာဝတ္ထုမှန်သရွေ့ အကုန်လုံး ဓာတ်(၈)ပါး အစုအဝေး၊ အရာဝတ္ထု ကသမုတိသစ္စာ၊ ဓာတ် (၈)ပါးက ပရမတ္ထသစ္စာ။

အဲဒီတော့ အဲဒီဓာတ်ရှစ်ပါးကို အဋ္ဌကလာပ်ရှုပ်ခေါ်တယ်၊ ဓာတ်ရှစ်ပါးက တစ်စုသပ်သပ်ကလေးဖြစ်လို့ သုဒ္ဓဋ္ဌက ကလာပ်လို့လည်းခေါ်တယ်၊ နောက်ဒီဓာတ်ရှစ်ပါးက တစ်ခုစီ တစ်ခုစီ တစ်ခြားစီ ခွဲထားတာ မရလို့ အဝိနိဗ္ဘောဂ ခေါ်တယ်၊ သဒ္ဒြိဟ်ရှုပ်ပိုင်းစကားလေး။

http://www.dhammadownload.com

သဘောသတ္တိသာရှိတဲ့ ရှုပ်တရား

အဲဒီတော့ **"တေသံယေဝ ဝိနိဗ္ဘောဂါ နတ္ထိကေသာ သမုတိ"**။ တေသံယေဝ၊ ထိုဓာတ်(၈)မျိုးတို့သာလျှင်။ ဝိနိဗ္ဘောဂါ၊ ခွဲခြမ်းစိတ်ဖြာခြင်းကြောင့်။ ကေသာသမုတိ၊ ဆံပင်ဟူ၍ ခေါ်ဆိုစရာ။ နတ္ထိ၊ မရှိတော့ပြီ။

ရှင်းပြပုံလေးကတော့ အားလုံး(၈)ခုကို သူကမေးခွန်းလေး ထုတ်ထားတယ်၊ ဓာတ်(၈)မျိုးကို တစ်ခုချင်း တစ်ခုချင်း ခွဲခြားစိတ်ဖြာလိုက်လို့ရှိရင် ဆံပင်ရှိသေးရဲ့လား၊ မရှိပုံကလေးက၊ အို ဝဏ္ဏဆိုတဲ့ အဆင်းဓာတ်၊ သင်ဟာ ဆံပင်ဟုတ်ရဲ့ လား၊ ဒီလိုမေးလိုက်ရင် ဟုတ်ပါ့မလား၊ မဟုတ်ဘူး၊ ဘာသာဟုတ်သလဲ၊ ဝဏ္ဏဆိုတဲ့ အဆင်းဓာတ်သာ ဟုတ်ပါတယ်၊ အနတ္တလက္ခဏာသုတ်အတိုင်း ဖြေတာနော် **"နောဟေတံ ဘန္တေ"**။ ဘန္တေ၊ ရှေ့ဘုန်းတော်သခင်ရှင်ပင်မြတ်ဘုရား။ ဧတံ၊ ဤစကားသည်။ နောဟိ၊ မသင့်ပါဘုရား။ ဘာလို့မသင့်လဲ၊ ဝဏ္ဏဓာတ်ကို ဆံပင်လို့ခေါ်လို့ရမလား၊ ဆိုလို့ရမလား၊ ဝဏ္ဏဓာတ်က ဝဏ္ဏဓာတ်ပဲ။ (ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော) ရှစ်ခုလုံး စေ့အောင် သွားလေ။

ဒါတရားသဘောကို ဆင်ခြင်ပြီးသုံးသပ်တာ၊ ဆင်ခြင် သုံးသပ်လိုက်တဲ့အခါကျတော့ သမုတိသစ္စာတုန်းက ဆံပင် ဟုတ်တယ်။ ပရမတ္ထသစ္စာ အဋ္ဌကလာရုပ် ဓာတ်ရှစ်ပါး ဟုတ်တယ်၊ ဓာတ်ရှစ်ပါးလည်းကျရောပုံသဏ္ဌာန် မရှိဘူး၊ သဘောသတ္တိ ဟုတ်ရဲ့လား၊ သဘောသတ္တိသည် ရုပ်တရားပါပဲ။

အဲဒီရုပ်က အတိုအရှည် အနိမ့်အမြင့် ပုံပန်းသဏ္ဌာန်မရှိဘူး၊ ပကတိမျက်စိနဲ့ မြင်ရမလား၊ ဆင်ခြင်ဉာဏ်နဲ့ ဆင်ခြင်ကြည့်ရင် ဒီဓာတ်(၈)မျိုး မထင်နိုင်ဘူးလား၊ ထင်လာတဲ့ သဘောသတ္တိကို ဘုရားရှင်က အဲဒီ ရုပ်တရားဟာ ပုဂ္ဂိုလ် သတ္တဝါလည်း မဟုတ်ဘူး၊ ငါလည်းမဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူး၊ ငါအလိုသို့ လိုက်တဲ့တရားလည်း မဟုတ်ဘူး၊ ဘာသာဟုတ်သလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဟုတ်ပါတယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဘာမှ မသိတာတောင် ရဟန္တာ တွေဖြစ်ကုန်ပြီ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို ကောင်း ကောင်းကြီး ထင်လိုက်လာပြီနော်။

အမျိုးသမီးကို ရေဟန်းမြင်နည်း

ကိုင်း တစ်ထုံးသွားကြဦးစို့။ အဲဒါလေးက ဝိသုဒ္ဓိမဂ်မှာလာတယ်၊ တိုတိုပြောကြစို့ အမျိုးသမီးနဲ့ အမျိုးသား လက်ထပ်ကြတယ်၊ ဟိုးတောကြီးထဲမှာနေကြတယ်၊ ရန်ဖြစ်ကြတယ်၊ အမျိုးသမီးက တောကြီးဖြတ်ပြီး မိဘရပ်ထံ ပြန်လာတယ်၊ အဲဒီ တောနက်ထဲမှာ ဒကာမနဲ့

http://www.dhammadownload.com

ရဟန်း လမ်းကျဉ်းကျဉ်းမှာဆုံတယ်၊ ဒကာမက ပြုံးပြတယ်၊ ရဟန်းတို့မည်သည် ကြိုတင်လေ့ကျင့်ထား။

ကြိုတင်ပြီးကျင့်မထားရင် ဒီကာမဂုဏ်စစ်ပွဲမှာ ဘယ်လွယ်မလဲ၊ ဒီကာမဂုဏ်စစ်ပွဲမှာ ကျမှာပဲ၊ ကြိုတင်ပြီး ကျင့်ထား ရပါမည်။ အော်မာတုဂါမ၊ မာတု ဂါမ၊ **"မာတုဝိယ ဝစ္ဆတီတိ မာတုဂါမော"**။

မာတုဆိုတာ အမိနော်၊ ဂါမဆိုတာ သွားပုံလာပုံ နေပုံထိုင်ပုံ၊ ရဟန်းတို့မည်သည် အမျိုးသမီးများတွေ့လိုက်လို့ရှိရင် မိမိအောက်ငယ်တယ်ဆိုရင် အော် ငါ့နှမလေးနဲ့ တူ လိုက်တာ၊ မိမိထက်ကြီးရင် အော် ငါ့အစ်မနဲ့ တူလိုက်တာ၊ ဒီထက်ကြီးရင် ငါ့အမေနဲ့တူတယ်၊ ငါ့အဒေါ်နဲ့တူတယ်၊ ဘယ် လိုတူသလဲ။

"မာတုဝိယ ဝစ္ဆတီတိ မာတုဂါမော" မာတုဝိယ၊ ငါ့အမေကဲ့သို့။ ဂါမော၊ သွားပုံလာပုံ နေပုံထိုင်ပုံ အမူအရာလေး တူလိုက်တာ။ ဒါကြောင့် မာတုဂါမ ဟုတ်ရဲ့လား။ အဲဒါ သမုတိသစ္စာ ရှုလိုက်တာ၊ အမျိုးသမီးကို အမျိုးသမီးအတိုင်း မြင်လိုက်တာ၊ ရဟန်းက ဘယ်လို နှလုံးသွင်းထားမလဲ၊ အမေ အရွယ် အမေ၊ အဒေါ်အရွယ် အဒေါ်၊ နှမအရွယ် နှမ၊ အမ အရွယ် အမလို့။

အော် ငါ့နှမလေးနဲ့ သွားပုံလာပုံ နေပုံထိုင်ပုံ တူလိုက်တာ၊ အမျိုးသမီးခြင်းတော့ အသွင်ခြင်းတူတယ်လေ၊ အမျိုးသမီးက အမျိုးသားအသွင်မရဘူး၊ ဒါကြောင့် ဒီအသွင်အပြင်ကိုကြည့်ပြီးတော့ ငါ့အမေ ငါ့အစ်မ ငါ့နှမနဲ့ သွားပုံ လာပုံခြင်း တူလိုက်တာလို့ နှလုံးသွင်းရှုမြင်ရတယ်။

လွယ်လွယ်ကူကူ ကျင့်သုံးဖို့တရား

ဒါကြောင့် မာတုဂါမ၊ **"မာတုဝိယ ဝစ္ဆတီတိ မာတု ဂါမော"**၊ အဲဒါ သမုတိသစ္စာ နှလုံးသွင်းလိုက်တာ၊ ရဟန်းက ကြိုတင်ပြီး လေ့ကျက်ထားတာနော်၊ မလေ့ကျက်ရင် ဒီကာမဂုဏ်စစ်ပွဲမှာ ကျဆုံးတော့မယ်။ ဒီထက်တစ် ဆင့်တက်လာ တယ်။ ရဟန်းက **"အဋ္ဌိပုဠ္ဂေါ အယံကာယော"**။ အယံကာယော၊ ဤကိုယ်ကောင်ကြီးသည်ကား။ အဋ္ဌိပုဠ္ဂေါ၊ အရိုးစုသာတည်း။ အော် လွယ်လွယ်ကူကူ ကျင့်သုံးဖို့ တရားတွေနော်။ ရဟန်းက မာတုဂါမကိုလည်း မရှုဘူး၊ အသွင်အပြင်ကိုလည်း မရှုဘူး။

ဒုတိယအဆင့်တက်လာတော့ ဘာကို ရှုမြင်လိုက် သလဲ၊ **"သွား"**ကို ရှုမြင်လိုက်တယ်၊ **"သွား"**ကို ရှုမြင်လိုက် တော့ (၃၂)ကောဋ္ဌာသ၊ ပထဝီ(၂၀)ထဲမှာ မပါဘူးလား၊ ပြန်ဆိုကြည့်လိုက်။

"ကေသာ လောမာ နခါ ဒန္တာ" သွားကို မြင်လိုက် တာနဲ့ တစ်ပြိုင်နက် ဒီတရားတွေကို ကြိုတင်လေ့ကျင့်ပြီး နှလုံး သွင်းထားရတယ်။

http://www.dhammadownload.com

သွားက သမုတိသစ္စာနော်၊ အရိုးစုလို့ ရှု တာက သမထ၊ ပုံသဏ္ဌာန်ကို ရှုလို့လေ၊ ပါဠိလို သနိမိတ္တကို အာရုံပြုတယ်။ သနိမိတ္တဆိုတဲ့ ပုံပန်းသဏ္ဌာန်အသွင်အပြင်ကို ရှုတယ်။ အဲဒါ သမထပဲ။

ရဟန်းနှလုံးသွင်း

အဲဒီတော့ အမျိုးသမီးကလည်း သူ့လမ်း သူ့သွားတယ်၊ ရဟန်းကလည်း သူ့လမ်းသူ့ သွားတယ်၊ တစ်ခေါ်လောက်ဝေးတဲ့အခါကျ တော့ အမျိုးသားတစ်ယောက်က (စောစောက အမျိုးသမီးရဲ့ခင်ပွန်းသည်ပေါ့) အရှင်ဘုရား အရှင်ဘုရား စောစောက ရှေ့မှာ အမျိုးသမီး တစ်ယောက်သွားတာ မတွေ့လိုက်ဘူးလား ဘုရားလို့မေးတော့။ ရဟန်းက ရဟန္တာဖြစ် သွားပြီ၊ အမျိုးသမီးနဲ့ဆုံတုန်းကတော့ သူပုထု ဇဉ်ပဲနော်၊ တစ်ခေါ်လောက်က သူ့ခင်ပွန်းနဲ့ တွေ့တဲ့အခါကျတော့ ရဟန္တာဖြစ်သွားပြီ။

အရှင်ဘုရား ဒကာမတစ်ယောက် ရှေ့မှာ သွားတာ မမြင်လိုက်ဘူးလား ဘုရား။

ဒကာမလေလော ဘယ်သူ့လေလော ဘယ်ဝါလေလောလို့ ငါသတိမထားမိ၊ အရိုးစု ကြီး ရုန်းရုန်း ရုန်းရုန်းနဲ့တော့ သွားတာ ငါမြင် လိုက်တယ်၊ သူ့နှလုံးသွင်းတာ ပြောတာလေ၊ ဒါဖြင့် ဒီသမထနဲ့ ရဟန္တာဖြစ်သလားဆိုတော့၊ ဒီသမထနဲ့ ရဟန္တာမဖြစ်ပါဘူး။ ဟုတ်ရဲ့လား။

အရိုးစုမှ ဝိပဿနာတက်ရှုနည်း

ဝိပဿနာတက်သွားပြီ၊ သွားရင်းနဲ့ပဲလေ၊ အရိုးစု အရိုးစုလို့ ရှုတာ ရှုကွက်က သမထ နော်၊ ရှုတဲ့အခါမှာ စိတ်က ကုသိုလ်စိတ်နော်၊ အဲဒီကုသိုလ်စိတ် ဖြစ်တဲ့အခါမှာ သဒ္ဓါ စေတနာတွေ ပါတယ်။

သဒ္ဓါတရားရဲ့သတ္တိကြောင့် စိတ္တဇရူပ်ဆို တဲ့ အဆင်းအဂ်ီ မကြည်လင်ဘူးလား။ ဤကားစိတ်၊ ဤကားစေတသိက်၊ ဤကားရူပ်၊ စိတ်၊ စေတသိက်၊ ရူပ်တို့က ရဟန်း ဟုတ် လို့လား၊ ဘာသာဟုတ်သလဲ၊ စိတ်သာဟုတ် တယ်၊ စေတသိက်သာဟုတ်တယ်၊ ရူပ်သာ ဟုတ်တယ်၊ ဒီတစ်ခေါ်လောက် မှာပဲ စိတ်၊ စေတသိက်၊ ရူပ်တွေ ရှုလိုက်တာ၊ စိတ်က ပုံသဏ္ဌာန်လုံးဝမရှိဘူး၊ လက်ညှိုးထိုးပြလို့ ရမလား၊ လက်ဆုပ်လက်ကိုင် ပြလို့ရမလား။ ဆင်ခြင်ဉာဏ်နဲ့ ဆင်ခြင်လိုက်ရင် မထင်ဘူး လား။ ဘယ်လိုဆင်ခြင်မလဲ။

http://www.dhammadownload.com

နိဗ္ဗာန်လိုချင်ရင်

အော် စောစောက ငါ မာတုဂါမလို့ မအောက်မေ့ဘူး၊ အမျိုးသမီးလို့ မအောက်မေ့ဘူး၊ အရိုးစု ကမ္မဋ္ဌာန်းကိုသာ ငါရှုခဲ့တယ်၊ အရိုးစု ကမ္မဋ္ဌာန်းလို့ရှုတာ သမထ။ အရိုးစု ကမ္မဋ္ဌာန်းကို ရှုတဲ့စိတ်က ကုသိုလ်စိတ်၊ မဟာကုသိုလ်စိတ်နဲ့အတူဖြစ်တဲ့ သဒ္ဓါရဲ့အစွမ်းသတ္တိကြောင့် ကြည်လင်တာကတော့ စိတ္တဇရုပ်၊ ဒါကစိတ်ပဲ၊ ဒါကစေတသိက်ပဲ၊ ဒါကရုပ်ပဲ မူလေးပြန်ပြောမယ်နော်၊ ရှိတဲ့တရားက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဘယ်နှစ်မျိုးလဲ၊ လိုချင်တာက နိဗ္ဗာန်၊ နိဗ္ဗာန်ကို လိုချင်ရင် စိတ်၊ စေတသိက်၊ ရုပ်တွေကို ဉာဏ်မြင်ထက်ထက် ကြေကြေ ညက်ညက် ရှုရပါတယ်။

စိတ်၊ စေတသိက်၊ ရုပ်တွေကို ဉာဏ်ထဲမှာ ထင်အောင်ရှုလိုက်တဲ့ အခါကျတော့ ပုံပန်းသဏ္ဌာန်မရှိဘဲနဲ့ သဘောသတ္တိတွေနော်၊ ပြန်ဆိုရအောင် ငရုတ်စေ့၌ စိတ်တွေ့ သပ်သပ် အစပ်ကို တည့်ရှုကြည့်ဘိသို့ သတ္တိကိုမျှ ရှုကြည့်ရ ပရမတ္ထမှာ။

ပရမတ္ထသတ္တိတွေ ရှုလိုက်တဲ့အခါကျတော့၊ လိုက်ဆို **"နေတံမမ"**၊ ငါ့ဥစ္စာမဟုတ်။ **"နေသောဟမသ္မိ"**၊ ငါမဟုတ်။ **"နမေသော အတ္တာတိ"**၊ ငါ့အလိုသို့ မလိုက်။

(၁၁)ဌာနမှာဖြစ်တဲ့ရုပ်တရားရှုကွက်

ကိုင်းဒေသနာဉာဏ်လေးနဲ့ သွားရအောင် ဘုရားဟောကို အနတ္တလက္ခဏသုတ်–

ယံကိဉ္စိ ရူပံအတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓါဝါ သြဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီ တံဝါ ယံဒူရေသန္တိကေ။

(၁၁)ချက် ရုပ်တရားက သမုတိသစ္စာ **"သွား"** ဟုတ်တယ်နော်၊ ပရမတ္ထသစ္စာမှာ အဌကလာပ်ရုပ်၊ တစ်နည်း– ဓာတ်ကြီးလေးပါး၊ ဓာတ်ကြီးလေးပါးက ရုပ်တရား။

ယံကိဉ္စိ ရှုပ်၊ ခပ်သိမ်းကုန်သော ရုပ်တရားတို့သည်။ အတီတံ၊ အတိတ်တုန်းကလည်း ရုပ်တရားပါပဲ။ အနာဂတံ၊ အနာဂတ်မှာ ရုပ်တရားတွေဖြစ်တယ်။ ပစ္စုပ္ပန္နံ၊ ယခုပစ္စုပ္ပန်မှာမဖြစ်ဘူးလား။ အဇ္ဈတ္တံ၊ မိမိသန္တာန်မှာကော မဖြစ်ဘူးလား။ ဗဟိဒ္ဓါ၊ သူတစ်ပါး သန္တာန်မှာကော မဖြစ်ဘူးလား။ သြဠာရိကံ သုခုမံ၊ လူခန္ဓာနဲ့ နတ်ခန္ဓာ နှိုင်းယှဉ်ကြည့်ရင် နတ်ခန္ဓာက သိမ်မွေ့တယ် သုခုမ။ လူခန္ဓာက ကြမ်းတမ်းတယ် သြဠာရိက။ နတ်ခန္ဓာနှင့် ပြဟ္မာခန္ဓာ နှိုင်းယှဉ်လိုက်ရင် ပြဟ္မာခန္ဓာက သုခုမ သိမ်မွေ့တယ်။ နတ်ခန္ဓာက သြဠာရိက ကြမ်းတမ်းတယ်။ ဟီန၊ ယုတ်ညံ့တဲ့ ရုပ်။ ပဏီတ၊ မွန်မြတ်တဲ့ရုပ်၊ ယုတ်တဲ့ပုဂ္ဂိုလ်မှာလည်း ရုပ်ရှိတာပဲ။ မြတ်တဲ့ပုဂ္ဂိုလ်မှာလည်း ရုပ် ရှိတာပဲ၊ မိမိသန္တာန်လေးကိုပဲ ဖြည်းဖြည်းဆင်ခြင်ကြည့် ဘုရားဝတ်တက်ချိန်ကျ ဝတ်တက်ရမှ၊ မေတ္တာ ပို့ချိန်ပို့ရမှ၊ တရားဘာဝနာပွားများချိန် ပွား

http://www.dhammadownload.com

မျှားရမှ စိတ်ကိုကြည်လို့ ဟုတ်ရဲ့လား။

ရုပ်တွေလည်း ကြည်လို့ အဲဒီကုသိုလ်ဝင်ငွေ့ တွေနဲ့ လွတ်ပြီးတော့ ထင်မိထင်ရာ ဒေါမနဿ ဝေဒနာတွေဖြစ်တဲ့ အခါကျတော့ ရုပ်တွေ မကြမ်းဘူးလား၊ အဲ သြဇာရိုက ရုပ်၊ သုခုမ ရုပ်ဆိုတာ တခြားမှာ မအောက်မေ့နဲ့၊ ကိုယ့် ကိုယ်ကို ပိုင်းခြားကြည့်၊ ရုပ်ကို မြင်အောင် ကြည့်တာ ဒါပဲ။ အဲဒီ ရုပ်က ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး၊ ဟီန၊ ယုတ်ညံ့တဲ့ရုပ်။ ဒုရရုပ်၊ အဝေးမှာရှိတဲ့ ရုပ်။ သန္တိကရုပ်၊ အနီးမှာရှိတဲ့ ရုပ် (၁၁)မျိုး၊ လက်ကလေးချိုးထား။

အတိတ် အနာဂတ် ပစ္စုပ္ပန် အဗ္ဗတ္တ ဗဟိဒ္ဓ သြဇာ ရိုက သုခုမ ဟီန ပဏီတ ဒုရ (အဝေး) သန္တိကေ(အနီး) ဆယ့်တစ်ခု။ အဲဒီ(၁၁)ခု ဟောပြီး ဘုရားရှင်က **"နေတံ မမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာတိ၊ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"**။

ဒီဝါကျမှာ စာတက် စာထွက် ထိုနှစ်ချက် တို့တွင် စာထွက်မည်ဆိုလျှင် ပဓာနကြိယာကို ကိုင်ပြီး ထွက်ရပါမည်။ ဒီဝါကျမှာ ပဓာန ကြိယာက ဒဋ္ဌဗ္ဗံ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဟော စာတွက်နည်း ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ရှုအပ်၏ဟူ၍ ဟောတော်မူ၏။ ရှုအပ်၏ ဟူ၍ ဟောတော်မူရာ၌ ရှုမည့်ဉာဏ်ကို မပြတော့ပြီလောဟု မေးဖွယ်ရှိသောကြောင့် **"သမ္မပ္ပပညာယ"** ဟုမိန့်တော်မူ၏။ အဖြေကား သမ္မပ္ပပညာယ၊ ကောင်းစွာရှုမြင်တတ်သော ဝိပဿနာဉာဏ်ပညာဖြင့် ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ရှုတယ် ရှုတယ်ဆိုတာ ငါက ရှုတာမဟုတ်ဘူး၊ ဉာဏ်က ရှုတာ ဟုတ်ရဲ့လား။

ဒါဖြင့် ဝိပဿနာဉာဏ်ဖြင့် ရှုတာတော့ ဟုတ်ပါပြီ၊ စည်းမရှိ ကမ်းမရှိ ပရမ်းပတာ ရှုရမည်လောဟု မေးဖွယ်ရှိ သောကြောင့် **"ယထာဘူတံ"** ဟူသော ပါဠိကို မိန့်တော်မူ သတည်း။ နေတစ်ဆူ လတစ်ဆူ ထင်ရှား သွားတဲ့ တိပိဋကရေ ဆရာတော်ဘုရားကြီး ရဲ့အနက်၊ ယထာဘူတံ၊ ဟုတ်တိုင်း မှန်လှ သဘာဝကို။ သဘာဝ သတ္တိလေးကို ရှုရမယ်။ ဘာနဲ့ ရှုရမလဲ။ ဉာဏ်နဲ့ ရှုရမယ်။ ဘာကို ရှုရမလဲ၊ သဘာဝသတ္တိ လေးကို ရှုရမယ်။

ဒါကြောင့် ဝိပဿနာရှုတယ်ဆိုတာ လူကို ရှုရင် လွဲ နေတယ်။ ဘာကိုရှုရမလဲ သဘာဝကို ဟုတ်ရဲ့လား။ ရှင်းပေး နေတာက မာတုဂါမ လေးနဲ့ ပက်ပင်းတိုးပြီးတော့ ခရီးရင်ဆိုင်တုန်း ကတော့ သမုတိသစ္စာ။ "သွား"ကိုရှု တာနော်၊ သွားကို ဘယ်လိုရှုလိုက်လဲ။ **"အဋ္ဌိပုဗ္ဗော၊ အယံကာယော"** အယံကာယော၊ ဤကိုယ် ကောင်ကြီးသည်ကား။ အဋ္ဌိပုဗ္ဗော၊ အရိုးစု သာတည်း။ အရိုးစုမှာ သွားဆိုတာ အမျှား ပြောမှန်တယ် ဘာသစ္စာလဲ သမုတိသစ္စာ။ တရားသဘောအမှန်မှာ ဓာတ်(၈)ပါး၊ ဓာတ် (၈)ပါးဆိုတာ ပုံသဏ္ဌာန်မရှိဘူး။

ဓာတ်(၈)ပါးထဲက တစ်ခုစီ တစ်ခုစီ ငါ့ ဥစ္စာ ဟုတ်ပါ့မလား စဉ်းစားဆင်ခြင်သုံးသပ်လို့ တရားသဘောထင်လာတာကို တရားရ တယ်ခေါ်တယ်။

ဒါကို ဓမ္မဒဿောတိ၊ တရားကို မြင်လာ ပြီလိုဆိုတယ်။ ထပ်တလဲလဲ စဉ်းစားဆင်ခြင် ရတယ်။ နေတံ မမ၊ ဓာတ်(၈)ပါးလုံးသည်

http://www.dhammadownload.com

ငါ့ဥစ္စာမဟုတ်။ ဧတံ၊ ဤဓာတ်(၈)ပါးသည်။ မမသန္တာကံ၊ ငါ့ဥစ္စာသည်။ နဿ၊ မဟုတ်။ ဧသော၊ ဤ ဓာတ်(၈)ပါးသည်။ အဟံ၊ ငါသည်။ နအသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤဓာတ်(၈)ပါးသည် ငါ့အလိုသို့ လိုက်သော အတ္တကောင်မဟုတ်။

"နေတံမမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာတိ" ငါ့အလိုသို့ မလိုက်။ အဲဒီလို ရှုရမှာတဲ့ ရှုပုံရှုနည်း အခြင်းအရာက အဲဒီရုပ်တရားဟာ (၁၁)ဌာနမှာဖြစ်တယ်။ နောက်ဥပမာလေးတစ်ခု ပြောကြစို့။

သင်တို့၏ဥစ္စာမဟုတ်သောတရား

မြတ်စွာဘုရားက ရဟန်းတို့ ဤကိုယ်ကောင်ကြီးသည်ကား သင်ရဟန်းတို့၏ဥစ္စာမဟုတ်၊ ဘုရားက ဥပမာပေးတယ်။ ရဟန်းတို့ ဒီဇေတဝန်ကျောင်းတွင်းမှာ မြက်၊ သစ် ခက်၊ သစ်ရွက်၊ ချုံနွယ်ပိတ်ပေါင်းတွေ ရှိတယ်။ အဲဒီ ချုံ နွယ်ပိတ်ပေါင်းတွေကို တစ်စုံတစ်ယောက် သောသူက အကုန်လုံး ဓားနဲ့ခုတ်ပြီးတော့ စုပုံပြီးတော့ မီးပုံရှို့မယ်၊ အဲဒီအခါမှာ သင်ရဟန်းတို့၏စိတ်ထဲမှာ အဘယ်သို့နေသလဲ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘယ်သို့မှ မနေပါဘူးဘုရား။ ဘာကြောင့်လဲ အဲဒီမြက်၊ သစ်ခက်၊ သစ်ရွက်တွေသည် တပည့်တော်တို့ရဲ့ ကိုယ်လည်းမဟုတ်၊ ဘုရားတပည့်တော်တို့ ပိုင်ဆိုင်တဲ့ပစ္စည်းလည်း မဟုတ်ဘူးဘုရား၊ တပည့်တော်တို့ အလိုသို့လိုက်တဲ့ အစိုးရတဲ့ တရားလည်း မဟုတ်ဘူးဘုရား၊ ဒါကြောင့် တပည့်တော်တို့ စိတ်ထဲမှာ ဘယ်ကဲ့သို့မှ မနေပါဘူးဘုရား။

အေး ထို့အတူပဲ ရဟန်းတို့ ပရမတ္တဓာတ် အစစ် သဘောသတ္တိ ရူပ်ဓာတ် နာမ်ဓာတ်တို့ကို ကောင်းစွာရှုမြင်တဲ့ ပုဂ္ဂိုလ်သည် အခုဒီ အဌကလာပ်၊ ရှစ်ခုဆိုတဲ့ ဓာတ်(၈)မျိုး ဟာ ငါ့ဥစ္စာ ဟုတ်လို့လား၊ ငါ့ကိုယ်ကောင်ကော ဟုတ်လို့လား၊ ငါ့အလိုသို့ လိုက်တဲ့တရားကော ဟုတ်လို့လား။ တရားသဘောကို ကောင်းစွာမြင်သော ပုဂ္ဂိုလ်သည်။ ငါလည်းမဟုတ်၊ ငါ့ဥစ္စည်းလည်းမဟုတ်၊ ငါ့အလိုသို့ လိုက်တဲ့ တရားလည်းမဟုတ်။ ပြန်ဆိုရအောင် နေတံ မမ၊ ငါ့ဥစ္စာမဟုတ်၊ နေသော၊ ဟမသ္မိ၊ ငါမဟုတ်၊ နမေသော အတ္တာ၊ ငါအလိုသို့ လိုက်တဲ့တရားမဟုတ်။ သမနုပဿိတုံ၊ ကောင်းစွာ ရှုမြင်ခြင်းငှာ။ အလံဟိ၊ အလံဧဝ၊ ကောင်းစွာမသွေ သင့်လျော်တော့သည်သာ တည်း။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်။ သောကြာနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။ ထေရဝါဒမမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ဓမ္မာနုပဿနာ(၅)ခုထဲက ဇောဈျင်တရား နှလုံးသွင်းရှုဆင်ခြင်နည်း

မဟာသတိပဋ္ဌာန်(၂၁)ခန်း၊ သတိပဋ္ဌာန်တရား(၄)ပါး တို့တွင် ကာယနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ သတိပဋ္ဌာန်တရား(၄)ပါးတို့တွင် ကာယနုပဿနာ သတိပဋ္ဌာန်က(၁၄)ခုရှိတယ်၊ (၁၄)ခုကို အခု(၅)ခု ပြီးသွားပြီ ပေါ့၊ ငါးခုက နံပါတ်(၁)အာနပါနပဗ္ဗ၊ နံပါတ်(၂)ကဏ္ဍရိယာ ပထပဗ္ဗ၊ နံပါတ်(၃)က သမ္မဇညပဗ္ဗ၊ နောက်နံပါတ်(၄)ခု မြောက် ပဋိကူလမနသိကာရပဗ္ဗ၊ နောက်နံပါတ်(၅) ပထဝီ၊ အာပေ အစရှိသဖြင့် ဓာတ်ကြီးလေးပါးကို ပိုင်းခြားပြီးရှုဆင်ခြင်တဲ့အပိုင်း၊ ငါးခုပြီးသွားတော့ ကာယနုပဿနာ (၁၄)ခုက (၉)ခုကျန်တာပေါ့၊ (၉)ခုက နဝသိဝထိက၊ မိမိကိုယ်ကို သချိုင်း(၉)မျိုးဖြင့် ရှုဆင်ခြင်တာက(၉) ခုပေါ့၊ အဲဒီ (၉)ခုနဲ့(၅)ခုပေါင်းရင်(၁၄)ခု၊ အဲ့ဒါကို ကာယာနုပဿနာ(၁၄)ခုလို့၊ အဲဒီ(၉)ခုကတော့ ဒီမှာကျော်သွားလိမ့်မယ်၊ ဝေဒနာနုပဿ နာ၊ စိတ္တာနုပဿနာ ဆိုတော့ (၁၆)ခု ဖြစ်သွားတယ်။ ဓမ္မာနုပဿနာက (၅)ခု၊ ဓမ္မာနုပဿနာ(၅) ခုမှာ နံပါတ်(၁)မှာ နီဝရဏ၊ နံပါတ်(၂)မှာက ခန္ဓာ၊ နံပါတ် (၃)က အာယတန၊ နံပါတ်(၄)က ဇောဈျင်၊ နံပါတ်(၅)က သစ္စာ၊ အဲဒီ(၅)မျိုးထဲက (၄)ခုမြောက်ဖြစ်တဲ့ ဇောဈျင်ကို လွယ်လွယ်ကူကူနဲ့ ဒကာ ဒကာမတွေ တရားဘာဝနာ နှလုံးသွင်း ကျင့်သုံးတတ်ဖို့ ဘုန်းကြီးက ဦးစားပေးပြီးတော့ အခုဇောဈျင် အခန်း။

ဇောဈျင်တရားနှလုံးသွင်း ရှုဆင်ခြင်ပုံ၊ ဇောဈျင်(၇)ပါး ဆိုရင်ကြားဘူးနေကြတာပဲ။ ရှင်မဟာကဿပ နာမကျန်းဖြစ်တယ်၊

http://www.dhammadownload.com

ရှင်မဟာမောဂ္ဂလာန် နာမကျန်းဖြစ်တယ်၊ ဘုရား ရှင်ကိုယ်တော်တိုင် ဒီဗောဇ္ဈင် (၇)ပါးကို ရွတ်ဆိုပြလို့၊ ဟောပြလို့ နာကြားပြီးတော့ အနာပျောက်ကင်းသွားတယ်၊ နောက် ဘုရား ရှင်ကိုယ်တော်တိုင် ခေါင်းတော်ခဲတယ်၊ လူ လိုတော့ ခေါင်းကိုက်တယ်ပေါ့၊ အဲဒီအခါ ရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးရဲ့ ညီတော် ရှင်စုန္ဒမထေရ်ကို ဗောဇ္ဈင်(၇)ပါး ထင်စေ သတည်းလို့ မြတ်စွာဘုရား စိတ်ထဲကအာရုံပြု အောက်မေ့ လိုက်တာနဲ့ ရှင်စုန္ဒမထေရ် ဗောဇ္ဈင်(၇)ပါး တရားအဆီအနှစ် ရတယ်။ မြတ်စွာဘုရား နာတော်မူတယ်၊ ရှင်စုန္ဒမထေရ် ရွတ်ဆိုပြီးတော့ မြတ်စွာဘုရားကို ပူဇော်တယ်၊ မြတ်စွာဘုရားနာတော့ ခေါင်းကိုက်ရောဂါ ပျောက်သွားတယ်။

ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ

အရာရာမှာ အကြောင်းရှိတယ်၊ အကျိုးရှိ တိုင်း ရှိတိုင်း အကြောင်းရှိတယ်၊ အကြောင်း ရှိရင် အကျိုးရှိတယ်၊ ဘာလို့ မြတ်စွာဘုရား ခေါင်းကိုက်သလဲဆိုရင် ဝိပါတ်တော် (၁၂)ပါး မှာ ကြားဘူးကြပါလိမ့်မယ်၊ ဘဝတစ်ခု ကလေးငယ် အဖြစ် မြေမှုန့်ကစားတဲ့အရွယ် တံငါသည်များက ငါးခေါင်းကို အလေးနဲ့ထု တယ်။ ဒီအခါမှာ ဘုရားအလောင်းက ပြုံးပြီး သဘောကျတယ်၊ လိုက်ဆိုရအောင်နော် ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ ကိုယ်တိုင် ဆိုတာက မကောင်းမှုကို ဆောက်တည်၏။ သူတစ်ပါးကိုလည်း ဆောက်တည်စေ၏။ ချီးမွမ်း၏။ စိတ်ထားလည်းတူ၏။ သူတစ်ပါး မကောင်းမှု ပြုတာကို မြင်လို့ရှိရင် ကိုယ်တိုင် ပြုသလိုပဲ၊ ကိုယ်တိုင်ပြုတယ် အကုသိုလ်၊ သူတစ်ပါး မကောင်းမှုပြုအောင် တိုက်တွန်း တယ်၊ ချီးကျူးတယ်၊ စိတ်ကသဘောကျ တယ်၊ စိတ်ထားတူတယ် (၄)ချက်၊ အဂုံတ္ထိုရ် ပါဠိတော် စတုက္ကနိပါတ်၊ အဲဒီတော့ ဘုရား အလောင်းက ငါးခေါင်းကို အလေးနှင့်ထု တော့ သဘောကျတယ်၊ အဲဒီအခါကစ ဘဝ များစွာ ဘုရားဖြစ်သည့်တိုင်အောင် ခေါင်း ကိုက်ရောဂါ ဖြစ်တယ်၊ ဒီခေါင်း ကိုက်ရောဂါ ဘယ်လိုမှမငြိမ်းဘူး၊ ဘဝတိုင်း ဘဝတိုင်းအ ကြောင်းတိုက်ဆိုင်တိုင်း ခေါင်းကိုက်ရောဂါ ဖြစ်တယ်၊ ဘုရားဖြစ်သည်အထိ ပါလာတယ်၊ ဒီဗောဇ္ဈင် (၇)ပါး တရားတော် ကိုနာကြား လိုက်တော့မှ ဒီခေါင်းကိုက်ရောဂါ ငြိမ်းသွား တယ် ဒါကြောင့် ဗောဇ္ဈင် ဗောဇ္ဈင်နဲ့ သိပ် နာမည်ကြီးတယ် အဲဒါက အကုသိုလ်ကိစ္စ၊ ကုသိုလ်ကိစ္စမှာလည်း ဒီ(၄)မျိုးပဲ၊ ဥပမာ အကုသိုလ်ကိစ္စ မကောင်းမှုပြုတဲ့အခါတော့ ထင်ရှားတယ်ပေါ့၊ မကောင်းတဲ့တရားကို ကောင်းတယ်လို့ သဘောကျရင်လည်း အကု သိုလ်ပဲ၊ မကောင်းတဲ့ တရားကို ကိုယ်တိုင်ပြု ရင်၊ ချီးကျူးရင်၊ သဘောတူရင် အကုသိုလ်ပဲ

http://www.dhammadownload.com

ဖြစ်ကြတယ်။

အခု ကောင်းမှုကုသိုလ်ပြုတယ်၊ ထေရ ဝါဒ ဓမ္မအသင်းက ဦးစီးဦးဆောင်နဲ့ တိုက် တိုက် တွန်းတွန်းနဲ့ သူတော်ကောင်းတွေကို တိုက်တွန်းတယ်၊ အဲဒါကုသိုလ်ပဲ၊ ကိုယ်တိုင် လည်းအားထုတ်တယ်၊ ကုသိုလ်၊ ဒီလို ကုသိုလ်ကောင်းမှုကိစ္စကို ချီးမွမ်းတယ် ကုသိုလ်ရတယ်၊ သဘောတူတယ် ကုသိုလ် ရတယ်။

အဂုံတ္တိရ်ပါဠိတော် ပထမစာအုပ် စာမျက်နှာ(၃၈)မှာ မကောင်းတဲ့တရားကို နာမယ် အစား ပျင်းနေတာ အိပ်နေတာကမှ ကောင်း သေးတယ် ဒီလိုဘုရားရှင် ဟောတယ်။ မကောင်းသဖြင့် ဟောအပ်သော ဓမ္မဝိနယကို အကြင်သူသည် နာယူရမှာ ပျင်းလျက်နေ၏။ ထိုသူသည် ချမ်းသာစွာ နေသည်မည်၏။ မဟုတ်မမှန်တဲ့တရားတွေကို နားထောင် မယ့်အစား အိပ်နေတာ ပျင်းနေတာမှ ကောင်း သေးတယ်၊ အဲ့ဒီတော့ အရာရာမှာပေါ့ ဒီလေး ခုက တစ်ခေါက်ပြန်ဆိုရ အောင် "ကိုယ်တိုင် တိုက်တွန်း ချီးမွမ်းစိတ်တူ" အဲဒီတော့ ဒီမှာက ဝိပဿနာ ရှုဆင်ခြင်တာကို ဦးစားပေးသွား မှာကိုး။

ဗောဇ္ဈင်ဟူသည်

သို့သော် (၇)ပါးလုံးဆိုတော့ ဖြည်းဖြည်း **"ဗောဇ္ဈင်၊ ဗောဇ္ဈင်တိ ဘန္တေ ဝုစ္စတိ"** ဘန္တေ၊ ရှေဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား။ ဗောဇ္ဈင် ဗောဇ္ဈင်တိ၊ ဗောဇ္ဈင် ဗောဇ္ဈင်ဟူ၍။ ဝုစ္စတိ၊ ဆူဆူပွင့်ငြား ဘုရားရှင်တို့ မိန့်ကြား တော်မူ ပါပေ၏။ **"ကိတ္တာဝတာနုခေါ ဘန္တေ ဗောဇ္ဈင်တိ ဝုစ္စတိ။"** ဘန္တေ၊ ရှေဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်၊ ဗောဇ္ဈင်တိ၊ ဗောဇ္ဈင်ဟူ၍။ ဝုစ္စတိ၊ မိန့်ဆို အပ်ပါသနည်း ဘုရား။ အဖြောင့်စကားလေးက၊ အရှင် ဘုရား၊ ဗောဇ္ဈင် ဗောဇ္ဈင်ဟူ၍ ဆိုကြပါ သည်ဘုရား၊ အဘယ်မျှဖြင့် ဗောဇ္ဈင်ဖြစ်ပါ သနည်းဘုရား။ **"ဗောဓေယ သံဝတ္တန္တိ ခေါ ဘိက္ခုတသ္မာ ဗောဇ္ဈင်တိ ဝုစ္စတိ"**

ဘိက္ခု၊ ရဟန်း။ ယသ္မာ၊ အကြင်ကြောင့်။ ဗောဓယ၊ (၁)နိဗ္ဗာန်ကိုသိခြင်းအကျိုးငှာ။ (၂) နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ် ဖြစ်ပေါ်နိုင်ခြင်းအကျိုးငှာ။ (၃) ရုပ်နာမ် ခန္ဓာ သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ ထိုမှဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်း ထုတ်ခြောက် ပေါက်မြောက်ခြင်း အကျိုးငှာ။ (၄) ဉာဏ်ပညာ ပြည့်စုံခြင်းအကျိုးငှာ။ (၅) ချမ်း သာခြင်းအကျိုးငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန် ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဇ္ဈင်တိ၊ ဗောဇ္ဈင်ဟူ၍။ ဝုစ္စတိ၊ မိန့်ဆိုအပ်ပါပေ၏။

http://www.dhammadownload.com

နိဗ္ဗာန်ကို ကူးသန်းတဲ့ဉာဏ်ကိုဖောဇ္ဈင်

ဆိုလိုတာကတော့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို ကူးသန်းနေတာကို ဖောဇ္ဈင်လို့ ခေါ်တယ်၊ ဒုက္ခခပ်သိမ်း ငြိမ်းရာငြိမ်းကြောင်း အသိဉာဏ်ဖြစ်ပေါ်လာအောင် ကျင့်သုံးနေတာကို ဖောဇ္ဈင်၊ တိုတိုက နိဗ္ဗာန်ကို ကူးသန်းတဲ့ဉာဏ်ကို ဖောဇ္ဈင်၊ အဲဒီတော့ ဖောဇ္ဈင်ဆိုတဲ့ ပုဒ်မှာ ဖောဓိ (+) အင်္ဂလို့ နှစ်မျိုးရှိတယ်၊ ပုဒ်ခွဲလိုက်တဲ့အခါ ကျတော့ ဖောဓိအရ မဂ်ဉာဏ်ဖြင့် သိမြင်အပ်သော နိဗ္ဗာန်ကို အရကောက်၊ အင်္ဂ အရ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်ခြင်း၏ အကြောင်းတရား ကိုအရ ကောက်၊ အင်္ဂဆိုတာ အကြောင်းတရားနော်၊ လူမှာ အင်္ဂါရှိတယ်၊ တချို့အင်္ဂါနဲ့ပြည့်စုံတယ်၊ တချို့အင်္ဂါကောင်း လိုက်တာ၊ သီလကောင်းရင် အင်္ဂါကောင်းတယ်၊ သီလည့်ရင် အင်္ဂါည့်တယ်၊ အနာရောဂါ ဘာကြောင့်ထူပြောသလဲ၊ သီလ အားနည်းလို့ အနာရောဂါ ထူပြောတယ်၊ သုဘလုလင်ကို ဘုရားဟောတယ်၊ ကမ္မဝိဘင်္ဂသုတ် ကဲ့ကို ဝေဖန်ပြီးဟောတယ်၊ သူတစ်ပါးကို ညှင်းပန်းနှိပ်စက်တဲ့ အကုသိုလ်များတဲ့ ပုဂ္ဂိုလ်သည် အနာရောဂါများတယ်၊ တိုတိုက ဖောဓိဆိုတာက နိဗ္ဗာန် အင်္ဂဆိုတာက အကြောင်း၊ နိဗ္ဗာန်ကိုရကြောင်းက အဲဒီနေရာမှာ (၇)မျိုးရှိတယ်၊ လိုက်ဆိုရအောင်–

(၁) သတိသမ္ဗောဇ္ဈင်
(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်
(၃) ဝီရိယသမ္ဗောဇ္ဈင်
(၄) ပီတိသမ္ဗောဇ္ဈင်
(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်
(၆) သမာဓိသမ္ဗောဇ္ဈင်
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်

(၇)ခု အဲဒီ (၇)ခုမှာ နိဗ္ဗာန်ကို သိမြင်နိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် သိမြင်နိုင်ခြင်း အကြောင်းအင်္ဂါ (၇)ပါး။

မဂ်ဉာဏ်ဟူသည်

နိဗ္ဗာန်ဆိုတဲ့တရားမှာ ဒုက္ခဆိုတာ စိုးစဉ်းမျှ မရှိဘူး၊ နိဗ္ဗာန်ကို သွားသိလိုက်လို့ရှိရင် သိတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒုက္ခတွေ ငြိမ်းသွားတယ်၊ ဒါဖြင့် နိဗ္ဗာန်ကိုသိတာ၊ လူကသိ တာမဟုတ်ဘူး၊ ဉာဏ်ကသိတာ၊ အဲဒီဉာဏ်ကို မဂ်ဉာဏ်၊ မဂ်ဉာဏ်ဟူသည် ဒုက္ခကို အစွမ်းကုန် ဖောက်ထွင်းသိမြင်၍ နိဗ္ဗာနဓာတ်သတ္တိ မြတ်တိုင်အောင် သိမြင်သော အသိဉာဏ် အမြင်ကို မဂ်ဉာဏ်ဟု ဆိုအပ်ပေ၏။

http://www.dhammadownload.com

ဘုရားရှင်၏မှု

ဘုရားစကား တရားအသားချည်းပဲ၊ အဲဒီတော့ ဒုက္ခကို အစွမ်းကုန်ဖောက်ထွင်းတယ်ဆိုတာက ဘုရားရှင် မူချထားတဲ့စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်လေးခု၊ ဒါဖြင့် ဒုက္ခဆိုတာ ဘယ်တရားလည်းဆိုရင် စိတ်တွေမှန်သမျှ၊ စေတသိတ်တွေမှန်သမျှ၊ ရုပ်တွေမှန်သမျှ အဲဒါ ဒုက္ခ၊ အဲဒီဒုက္ခကို အစွမ်းကုန်၊ ဒုက္ခက အလျင်ဖြစ်တယ်၊ အလျင်ဆိုတာက မပြတ်ဖြစ်တယ်၊ ဥပမာ ရေအလျင်စီးနေရင် ကြားထဲမှာ ရပ်နေသေးလား၊ မရပ်ဘူး၊ ထို့အတူပဲ သတ္တဝါ၊ သတ္တဝါဆိုတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ သန္တာန်မှာ စိတ်တွေ၊ စေတသိတ်တွေ၊ ရုပ်တွေဟာ ရှေးရှေးဟာတွေ ပျက်စီးပြီး နောက်နောက် ဟာတွေ အသစ်အသစ်အလျင်ဖြစ်နေတယ်၊ အဲ့ဒါကို ရေအ လျင်လို့ဆိုတယ်၊ ရေရှိရင် ကမ်းရှိတယ်၊ ရေက ဘယ်လောက် စီးစီး နောက်ဆုံးကမ်းကျတော့ လွန်နိုင်သေးရဲ့လား မလွန် နိုင်ဘူး။

နိဗ္ဗာန်က ကမ်းနဲ့တူတယ်

ထို့အတူပဲ နိဗ္ဗာန်က ကမ်းနဲ့တူတယ် အဲ့ဒီတော့ ဉာဏ်က ဒုက္ခကိုချည်း ရှုမြင်ပါများတော့ ဒုက္ခကိုအစွမ်းကုန်လည်း မြင်လိုက်ရော နိဗ္ဗာန်တည်းဟူသော ကမ်းကိုဉာဏ် လည်းဆိုက်ရော အဲဒီဉာဏ်ကို စာလို မဂ်ဉာဏ်လို့ဆိုပါတယ်၊ မဂ်ဉာဏ်ဆိုတာ ဘာလည်းဆိုတော့ လောကုတ္တရာစိတ်၊ ဒါ သဗ္ဗြိုလ်ဆရာ၊ ဝိပဿနာဉာဏ်နဲ့ သွားတဲ့အခါကျတော့ ဉာဏ် အသွားကိုသွားတာ၊ အဲဒီ့ဉာဏ်ပေါ်လာ အောင် အကြောင်းအဂီ(၇)ပါး ဘုရားရှင် ဟောတော်မူတယ်။ ဒီ(၇)ပါးအကြောင်းထဲမှာ မှ အကြောင်းအကျိုးဝေဖန်ကြည့်လိုက်-(၁)သတိသမ္ဗောဇ္ဈင် (၂)ဓမ္မဝိစယသမ္ဗောဇ္ဈင် (၃)ဝီရိယသမ္ဗောဇ္ဈင်က အကြောင်း၊ ကျန်တဲ့ လေးခုကအကျိုး၊ အဲ့ဒီသုံးခု မိမိသန္တာန်မှာ ဖြစ်ပြီဆိုရင် ကျန်တဲ့လေးခုပေါ်လာတာပဲ။

တရားစစ် တရားမှန်ခတ္တက အားကိုးရာအစစ်

အဲဒီတော့ ဘုရားစကားအတိုင်း နာယူ ကြည့်ရအောင်လေ၊ မဟာသတိပဋ္ဌာနသုတ်၊ ဓမ္မာနုပဿနာအခန်းက ဗောဇ္ဈင်ပဋ္ဌဆိုတဲ့ အခန်းလေ အခု ဘုရားစကား တရားအတိုင်း ကြားလိုက်လို့ရှိရင် ဘယ်လောက်ပဲ နိမ့်ကျ စေကာမူ၊ တစ်ခါတည်းကို မြင့်တဲ့အဆင့်ကို ရောက်သွားတာပဲ၊ ဘယ်လောက်ပဲ ဆုတ်ယုတ် နိမ့်ကျစေကာမူ တိုးတက်ချင်ပါတယ်ဆိုရင် ဒီဘုရားစကား တရားအသား ရှိရှိသေသေနားထောင် လိုက်တာနဲ့တစ်ပြိုင်နက် တရားသဘောကို မသိသေးဘူးနော်၊ ဘုန်းကြီး ထပ်တလဲလဲပြောတယ်၊ နတ်ပြည် ရောက်သွားတယ်၊ နတ်ပြည်ရောက်တော့ နတ်သား နတ်သမီးဖြစ်ပြီဆိုတဲ့အသိက

http://www.dhammadownload.com

နောက်ကျတယ်၊ မိမိအာရုံပြုခဲ့တဲ့တရားကို သိနေတာက ဦးတယ်၊ ဦးတော့ နတ်ပြည်မှာ အပျော်အပါးများတယ်၊ ပျော်ပါးရမှန်းမသိဘူး၊ ဒီတရားအာရုံပဲ ရောက်နေတယ်၊ ဒီကျေးဇူး သိပြီးတော့ ဒီတရားပြန်ပြီးတော့ ဆက်ပြီး တော့ နှလုံးသွင်းသွားလိုက်တာ ဒုတိယဘဝ မှာ ဝိသာခါ အနာထပိဏ်လို ဘုံစဉ်စံသွား နိုင်တာပဲ၊ တရားစစ် တရားမှန်တွေက အား ကိုးထိုက်တယ်၊ အားကိုးရာ အစစ်ဖြစ်တယ်၊ အဲဒီ(၇)မျိုးကို တိုတိုပြောရရင် ဘုရားတစ်ဆူ တစ်ဆူပွင့်မှ ဒီဗောဇ္ဈင်(၇) ပါးကို ထုတ်ဖော် ဟောတာ၊ ဘုရားမပွင့်ဘူး ဆိုရင် ဗောဇ္ဈင် (၇)ပါး မရှိဘူး၊ သူလည်းဒုလ္လဘ တရားပဲ။

ဘုရားပွင့်မှ သိရတဲ့တရား

ဥပမာ ဘာပြသွားသလဲဆိုရင် နေနဲ့လ မထွက်ဘူး ဆိုရင် နေ့အပိုင်းအခြား ညအပိုင်း အခြားရှိမလား၊ နေ့ည အပိုင်းအခြား မရှိဘူး ဆိုရင်၊ ရက်အပိုင်းအခြားရှိမလား၊ ရက်အပိုင်း အခြား မရှိဘူးဆိုရင် လအပိုင်းအခြားရှိမလား၊ လအပိုင်းအခြားမရှိဘူးဆိုရင် နှစ်အပိုင်း အခြားရှိမလား၊ မရှိဘူး။ ဒါဖြင့်ရင် နှစ်အပိုင်း အခြား၊ လအပိုင်းအခြား၊ ရက်အပိုင်း အခြား တွေရှိတာဟာ နေနဲ့လထွက်လို့ ထို့အတူပဲ ဘုရားရှင် ကိုယ်တော်မြတ်သည် နေနဲ့လည်း တူတယ်၊ လနဲ့လည်းတူ တယ်။ **"ဗုဒ္ဓစနွေ အနုပွန္နေ ဗုဒ္ဓါ ဒီစ္စေ အနုဂ္ဂတေ၊ တေသံ သဘာဝ ဧမ္မာနံ၊ နာမ မတ္တံန နာယတိ၊"** ဗုဒ္ဓစနွေ၊ ဘုရားတည်းဟူ သောလမင်းကြီး သည်။ ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်း ကြီးသည်။ အနုပွန္နေ၊ လောကဓာတ်တခွင် ဘုံအပြင်၌ တစ်ကြိမ်တစ်ခါဘူးမျှ မဖြစ် ပေါ်ပြားအံ့။ တေသံ၊ ထိုခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား တို့၏။ နာမမတ္တံ၊ နာမည်ကိုမျှပင်။ ဧနာယတိ၊ မသိရချေ။

ဘုရားသာ မပွင့်ဘူးဆိုရင် တရားသဘော သတ္တိကို သိဖို့ဝေးလို့ အဲဒီတရားတွေရဲ့ အခေါ်အဝေါ်ဖြစ်တဲ့ နာမည် လေးတောင်မှ မသိနိုင်ဘူးတဲ့၊ ပရိဝါ ပါဠိတော်စာမျက်နှာ (၁၅၇)၊ အပိုဒ်ရေ (၂၅၇)မှာ အဲ့ဒီ ဂါထာရှိ တယ်၊ အဲဒီတော့ ဘုရားပွင့်လာလို့သာ ဒီ ဗောဇ္ဈင်(၇)ပါးကို ကြားရ နာရ သိရ လိုက်နာ ကျင့်သုံးရတယ်၊ အင်မတန်ထူးကဲတဲ့ တရား တွေ၊ ဘုရားပွင့်တုန်းရတဲ့ တရားတွေ ဆိုတော့ ဒီတရားတွေ မရလိုက် ဘူးဆိုရင် မိမိအတွက် ဘုရားမပွင့်တော့ဘူး ဆုံးရှုံးသွားပြီလေ။

ဒီ ဗောဇ္ဈင်(၇)ပါး မိမိသန္တာန်မှာ ဖြစ်လာ ပြီဆိုရင် ကြားရရုံနဲ့ကိုပဲ အနာရောဂါတွေ ဘုရားရှင် ကိုယ်တော်တိုင် ငြိမ်းတယ်၊ ရှင် မဟာမောဂ္ဂလာန်မှာဖြစ်တဲ့ အနာရောဂါငြိမ်း တယ်၊ ရှင်မဟာကဿပမှာဖြစ်တဲ့ အနာ ရောဂါငြိမ်းတယ်၊ ဒီတရားသဘောကို ကောင်း စွာရှုဆင်ခြင်ပြီးတော့ လက္ခဏာ ယာဉ်သုံးပါး ဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါက်အောင်မျှား ညဏ်အမြင်ပေါက်သွားမယ် ဆိုရင်တော့ ပြောဖွယ်ရာမရှိဘူး။

http://www.dhammadownload.com

အမြတ်ဆုံးနိဗ္ဗာန်ကို လှူနေတာ

အဲဒီနည်းကို ဘုန်းကြီးကပေးမလို့၊ လိုက်ဆိုလိုက်ပါ၊ "ဓမ္မအလှူ ပေးဝေမှုက လူတွင် လူမြတ် ခေါ်ပညတ်၏။" ဒါ မယဒေဝမာန်လည်ဆရာတော်ပေါ့၊ ပါဠိတော်တော့ အားလုံးရထားတယ်ပေါ့၊ ဆို **"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"** တရားတည်းဟူသော အလှူကြီးလှူနေတာ အလှူတကာတို့တွင် အမြတ်ဆုံးအလှူ၊ တရားတကာတို့တွင် အမြတ်ဆုံးတရားက နိဗ္ဗာန်၊ အမြတ်ဆုံးနိဗ္ဗာန်ကို လှူနေတာပဲ၊ ဒီအလှူက အမြတ်ဆုံးပဲ။

ဒီ ဗောဇ္ဈင်(၇)ပါးရဲ့သတ္တိတွေကို သဘောကျရင် ဗောဇ္ဈင်(၇)ပါးကို ဘာနဲ့တွဲရမလဲဆိုတော့၊ သတိသမ္ဗောဇ္ဈင်က စကြာရတနာနဲ့တူတယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်က ဆင်ရတနာနဲ့တူတယ်၊ ဝီရိယသမ္ဗောဇ္ဈင်က မြင်းရတနာနဲ့တူတယ်၊ ပီတိသမ္ဗောဇ္ဈင်က ပတ္တမြားရတနာနဲ့တူတယ်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်က မိန်းမရတနာနဲ့တူတယ်၊ သမာဓိသမ္ဗောဇ္ဈင်က သူကြွယ်ရတနာနဲ့တူတယ်။ ဥပေက္ခာမ္ဗောဇ္ဈင်က သားကြီး ရတနာနဲ့တူတယ်။ စကြာမင်းပေါ်လာလို့ရှိရင် ဒီရတနာ(၇) မျိုး ပေါ်လာတယ်၊ စကြာမင်းမပေါ်ဘူးဆိုရင် ဒီရတနာ(၇)မျိုး မပေါ်ဘူး။ ဘုရားပွင့်လာပြီဆိုရင် ဒီဗောဇ္ဈင်(၇)ပါးကိုဟာ တယ်။ ဘုရားမပွင့်ဘူးဆိုရင် ဒီဗောဇ္ဈင်(၇)ပါး မရှိဘူးနော်။ ဒီလိုအဓိပ္ပါယ်တူတယ်၊ တူပုံလေးက သတိမ္ဗောဇ္ဈင်ဆိုတာ ဘာလည်းလို့ ဒါလေးတွေလည်း သိရမယ်။

တရားဆိုတာ ဆင်ခြင်ရတယ်

ဘုရားစကား တရားအသားလေး နားထောင်ကြည့် **ဣဒေဘိက္ခဝေ၊ ဘိက္ခု သန္ဓ ဝါ အဗ္ဗတ္ထံ သတိသမ္ဗောဇ္झင်၊ အတ္ထိမေ အဗ္ဗတ္ထံ သတိသမ္ဗောဇ္झင်္ဂေါတိ ပဇာ နာတိ အသန္ဓ ဝါ အဗ္ဗတ္ထံ သတိ သမ္ဗောဇ္झင်၊ ၊ နတ္ထိမေ အဗ္ဗတ္ထံ သတိ သမ္ဗောဇ္झင်္ဂေါတိ ပဇာနာတိ၊ ယထာစ အနုပ္ပန္နဿ သတိသမ္ဗောဇ္झင်ဿ၊ ဥပ္ပါ ဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ဘာဝနာ ယ ပါရိပူရိ ဟောတိ တဉ္စ ပဇာနာတိ။**

မြန်မာလိုက မိမိသန္ဓာန်၌ မရသည်ဖြစ်၍ ထင်ရှားမရှိသော သတိသမ္ဗောဇ္झင်ကို မိမိသန္ဓာန်၌ ထင်ရှားမရှိဟူ၍ ပိုင်ပိုင်ကြီးသဘောကျအောင် သိရမည်။ သိရမည်ဆိုတဲ့နေရာ မှာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးပါး ပေါက်အောင် သိရမည်။ သာမန်သိရုံနဲ့မရဘူး၊ မိမိသန္ဓာန်မှာ ရသည်ဖြစ်၍ ထင်ရှားဖြစ်သော သတိသမ္ဗောဇ္झင်ကို မိမိသန္ဓာန်၌ ထင်ရှားရှိသော သတိသမ္ဗောဇ္झင်ဟူ၍ ပိုင်ပိုင်ကြီး သဘောကျအောင် သိရမည်။ တိုတိုက ဒီတစ်ချက် ဆင်ခြင်ရမယ်၊ ငါ့ရဲ့သန္ဓာန်မှာ သတိသမ္ဗောဇ္झင်ဖြစ်ရဲ့လား၊ မဖြစ်ဘူးလား၊ ဒီလို ဆင်ခြင် ကြည့်ရမယ်၊ ဆင်ခြင်ကြည့်တဲ့အခါ သတိသမ္ဗောဇ္झင် ဖြစ်တယ်ဆိုရင် ဖြစ်တယ်လို့

http://www.dhammadownload.com

သိရမယ်၊ သတိသမ္မောဇ္ဈင်မဖြစ်ဘူးဆိုရင်လည်း မဖြစ်ဘူးလို့ သိရမယ်၊ တရားဆိုတာ ဆင်ခြင်ရတယ်၊ အဲဒါ သတိပဋ္ဌာန် ဓမ္မာနုပဿနာ မောဇ္ဈင်အခန်း၊ မုံတောဆရာတော်ရဲ့ အရကောက်အတိုင်းပြောတာ၊ ဆရာတော်ဦးဗုဒ္ဓက အနက်ရေးတယ် မုံတောဆရာတော်က အရကောက်ရေးတယ်။

အမှားတရားကို လက်ခံမိပြီဆိုရင်

အရကောက်ဆိုတာက ပါဠိမပါတော့ဘူး၊ စာသား လိုရင်းပဲရေးတာ၊ နှစ်ပေါင်း နှစ်ရာကျော်သွားပြီ၊ အဲဒီတော့ ဘုန်းကြီးတို့ ကိုယ်ပိုင်ဉာဏ်နဲ့ တတ်တယ်၊ သိတယ်ဆိုပြီး မဟောရဲ မပြောရဲဘူး၊ လွဲသွားရင် သိပ်ပြီး အပြစ်ကြီးတယ်၊ တရားတော်လွဲသွားပြီဆိုရင် သိပ်ပြီးအပြစ်ကြီးတယ်။ အမှားတရားကို လက်ခံမိပြီဆိုရင် အမှားဆိုတာ မိစ္ဆာခေါ်တယ်၊ ယူတာကို ဒိဋ္ဌိ၊ ဆရာလုပ်တဲ့လူ သိပ်အရေးကြီးတယ်၊ ဥပမာ ကံကြီးဝါးပါးထိုက်တယ်။ အမိကိုသတ်တဲ့ကံ၊ အဖကိုသတ်တဲ့ကံ၊ ကံတစ်ပါးပါးထိုက်လို့ရှိရင် ဒီနေ့ငရဲကျတယ်၊ မနက်ဖြန်ခါ ကမ္ဘာပျက်တယ်ဆိုရင် လွတ်ငြိမ်းချမ်းသာခွင့်ရတယ်၊ အမှားတရားတွေကို အမှန်လုပ်ပြီးဟောတဲ့ပုဂ္ဂိုလ်ကတော့ ဒီနေ့ ငရဲကျတယ်၊ မနက်ဖြန်ကမ္ဘာပျက်တယ်၊ မပျက်တဲ့ကမ္ဘာ ရှေ့ခံလေ၊ ဆရာလုပ်တာ မလွယ်ဘူး၊ ဒါကြောင့် ဒီအနက်က ဆရာတော်ဦးဗုဒ္ဓအနက်၊ ဒီအရကောက်က မုံတောဆရာတော် အရကောက်၊ ဒီစကားက ဘယ်ဆရာတော်စကား၊ ဒါက ဒီပါဠိတော်ကို ဒီလိုယူကြတယ်၊ ဘုန်းကြီးတို့ကတော့ ဒီလိုထည့်တာ ခိုင်ခိုင်လုံလုံ။

ပါဠိဓမ္မတာမရှိတိုင်းဆိုရင် မမှားဘူး

အဲဒီတော့ မိမိသန္တာန်မှာ သတိသမ္ဘောဇ္ဈင် ဖြစ်ရဲ့လား၊ မဖြစ်ရဲ့လားလို့ ဆင်ခြင်ကြည့်ရမယ်၊ ယထာစ၊ အကြင် အသင့်နှလုံးသွင်းခြင်းကြောင့်။ အနုပ္ပန္နသ၊ လောကဓာတ် တစ်ခွင့်လုံး တစ်ကြိမ်တစ်ခါမျှ မရဘူး မရောက်ဘူး မဖြစ်ဘူးသေးသော။ သတိသမ္ဘောဇ္ဈင်သ၊ သတိသမ္ဘောဇ္ဈင်ကို တစ်ကြိမ် တစ်ခါဘူးမျှ မဖြစ် သေးသော သတိသမ္ဘောဇ္ဈင်ကို။ ဥပ္ပဇ္ဇေ၊ ဖြစ်ပေါ်လာပြီဆိုရင်လည်းပဲ။ ပဇာနာတိ၊ ဖြစ်ပေါ်လာပြီလို့ ပိုင်ပိုင်ကြီး သဘောကျအောင် သိရမယ်၊ ဒီဇောဇ္ဈင်ကို သိတဲ့ ဉာဏ်ကိုလည်းပဲ ဘယ်ဉာဏ်နဲ့သိတယ်ဆိုတာကို နောက်ဉာဏ်နဲ့သိရမယ်။ အဲဒီတော့ တိုတိုလေးက သတိသမ္ဘောဇ္ဈင် မိမိသန္တာန်မှာ ဖြစ်ရဲ့လား၊ မဖြစ်ရဲ့လား။ မဖြစ်ဘူးဆိုရင်လည်း မဖြစ်ဘူးလို့ ပိုင်ပိုင်ကြီးသိရမယ်။ ဖြစ်ရင်လည်း ဖြစ်

http://www.dhammadownload.com

တယ်လို့ ပိုင်ပိုင်ကြီးသိရမယ်။ မဖြစ်သေးတဲ့ သတိသမ္မောဇ္ဈင် ဖြစ်လာတာကို ပိုင်ပိုင်ကြီး သဘောကျအောင် သိရမယ်၊ သိတာက လူက သူက ငါက သိတာမဟုတ်၊ ဉာဏ်က သိတာ၊ ဘယ်ဉာဏ်နဲ့သိတယ်ဆိုတာကို နောက်ဉာဏ်က သိရမယ်၊ ဒီလို ဟောထားတယ်၊ အဲဒီတော့ တကယ့်တရားစစ် တရားမှန်က ပါဠိတော် အတိုင်းသာဆိုရင်တော့ မမှားဘူး ခင်ဗျား။

ပြီးတော့လည်း ဒီလောက်မခက်ဘူး၊ ဟုတ်ရဲ့လား၊ ဆရာလိုတယ်၊ ဆရာလိုတော့ ဒါဖြင့် သတိသမ္ဘောဇ္ဈင်ဆိုတာ ဘယ်လိုလည်း အရှင်ဘုရားလို့ မေးတယ်၊ သတိသမ္ဘောဇ္ဈင် ဖြစ်ရဲ့လား မဖြစ်ရဲ့လား ဆိုတဲ့နေရာမှာ ဗောဇ္ဈင်(၇)ပါးလုံး ကျန်တဲ့(၆)ခုပြောင်းထည့်ပေါ့၊ ဓမ္မဝိစယ သတိသမ္ဘောဇ္ဈင် ဖြစ်ရဲ့လား မဖြစ်ရဲ့လား။ ဝိရိယသမ္ဘောဇ္ဈင် ဖြစ်ရဲ့လား မဖြစ်ရဲ့လား စသည်ဖြင့် (၇)ခုလုံးစေ့အောင် ပြောင်းထည့်ရုံပဲ။ ဆင်ခြင်ပုံက အဲဒီတော့ (၇)ခုလုံးအတွက် ဒီတစ်ခုကိုပဲ ပိုင်အောင် ပြောရမယ်။

သတိသမ္ဘောဇ္ဈင်ဆိုတာ

ဒါဖြင့် သတိသမ္ဘောဇ္ဈင်ဆိုတာ ဘယ်လိုမှ သတိ သမ္ဘောဇ္ဈင်ဖြစ်လည်းလို့ဆိုတော့ သမ္ဘဇဉ်လေးပါးကို ဘုန်းကြီး သင်ပေးပြီးပြီ၊ သတိပဋ္ဌာန်လေးပါးကို ကျင့်သုံးတဲ့ပုဂ္ဂိုလ်သည် သတိသမ္ဘောဇ္ဈင်ဖြစ်တယ်၊ ဒါဖြင့် လေးပါးလုံးမှလားဆိုရင် လေးပါးထဲမှ တစ်ပါးပါးကို ကျင့်သုံးရင်လည်း သတိသမ္ဘောဇ္ဈင် ဖြစ်တယ်။ သတိပဋ္ဌာန်ထဲက တစ်ခုခုသော တရားကို ရှုဆင်ခြင်နေရင်လည်း သတိ သမ္ဘောဇ္ဈင် ဖြစ်တယ်။

တစ်ခုသောတရားဆိုတော့ အခန်းပေါင်း (၂၁)ခန်းမှာ ထိပ်ဆုံးက အာနာပါနခန်း၊ အာနာပါနခန်းကို စည်းကမ်း(၁၆)မျိုးပေးထားတယ်လေ။ စည်းမှန်နည်းမှန်အတိုင်း ကျင့်သုံးပြီဆိုရင် သတိမပါလို့ ဒီအာနာပါန ကမ္မဋ္ဌာန်းမဖြစ်နိုင်ဘူး၊ ထွက်သက် ဝင်သက် တိုင်း သတိက ထင်နေရမှာကိုး၊ ထွက်သက် ဝင်သက်တိုင်း ထင်နေရမယ်ဆိုတော့ ကိုင်းမဟာဝဂ္ဂသံယုတ်၊ ပဒီပေါပမသုတ်မှာလည်း ဟောတယ်။

နာဟံ အာနန္ဒ မုဋ္ဌဿတိဿ အသမ္ဘဇနဿ

အာနာပါနဿတိ သမာဓိ ဘာဝနံ ဝဒါမိ။

အာနန္ဒ၊ အာနန္ဒာ။ မုဋ္ဌဿတိဿ၊ သတိလွတ်သောပုဂ္ဂိုလ်အား။ အဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ကမ္မဋ္ဌာန်းတရား ကိုပေးတော်မမူ။ အသမ္ဘဇနဿ၊ ဉာဏ်ပညာ အဆင်အခြင် ကင်းမဲ့သောသူအား။ အာနာပါနဿတိ သမာဓိ ဘာဝနံ၊ အာနာပါနနှင့်ယှဉ်သော စိတ်တည်ကြည်ခြင်းဘာဝနာကို။ အဟံ၊ ငါဘုရားသည်။ နဝဒါမိ။ ဟောတော်မမူ။

http://www.dhammadownload.com

ဆင်ခြင်ဉာဏ်မရှိရင် ဘုရားဖေးတဲ့ ကမ္မဋ္ဌာန်းမဟုတ်ဘူး

တရားအားထုတ်တယ် တရားအားထုတ်တယ်ဆိုတာ သတိသမ္မဇဉ်ရဲ့ အလုပ်၊ အဆင်ခြင်ဉာဏ် မရှိရင်လည်းပဲ အဲဒီ ပုဂ္ဂိုလ်ကျင့်တဲ့ ကမ္မဋ္ဌာန်းသည် ဘုရားကမ္မဋ္ဌာန်း မဟုတ်ဘူး၊ သတိရှိရမယ်၊ အဆင်ခြင်ဉာဏ်ရှိရမယ်၊ တော်ရိလျော်ရိနဲ့တော့ မရဘူးနော်၊ လေးသခ်ေ့ နဲ့ကမ္ဘာတစ်သိန်းလုံး အရင်းစိုက်ထားရတာ၊ သတိပဋ္ဌာန်လေးပါး တစ်ပါး ပါးကျင့်သုံးရင် သတိသမ္ဘောဇ္ဈင်ဖြစ်တယ်၊ ဆင်ခြင်ဉာဏ်လေးပါး အချုပ်က ဆင်ခြင်ရမယ့် အချက်ပေါင်း(၂၂)ချက်၊ အဲဒီ(၂၂)ချက်ထဲက တစ်ချက်ချက်ကို သမ္မဇဉ်လေးပါးနဲ့ ဆင်ခြင်နေရင်လည်းပဲ သတိသမ္ဘောဇ္ဈင်ဖြစ်တယ်။

ဒါဖြင့် အဲဒီအချက်တွေ မိမိနှလုံးမသွင်းမိရင် မိမိသန္တာန်မှာ သတိသမ္ဘောဇ္ဈင် မဖြစ်ဘူး၊ သတိသမ္ဘောဇ္ဈင် ဖြစ်အောင် ငါဘယ်လိုကျင့်သုံးမလဲ၊ တစ်ချက်ရပြီနော်၊ သတိပဋ္ဌာန်တရားကို မဟာသတိပဋ္ဌာနသုတ်ထဲက သတိပဋ္ဌာန်တရားတစ်ခုခုကို အားထုတ်ရင် သတိပဋ္ဌာန်ဖြစ်ပါတယ်။ သမ္မဇဉ် ဆင်ခြင်ဉာဏ်လေးပါးနဲ့ ဆင်ခြင်၍ အချက်(၂၂)ချက် ထဲက (၂၂)ချက်ကိုမဆိုထားနဲ့ အကုန်လုံးလုပ်နိုင်ရင် ပိုကောင်းတာပေါ့။

တစ်ချက်ချက်ကို ဆင်ခြင်နေရင်လည်းပဲ သတိသမ္ဘောဇ္ဈင် ဖြစ်ပါတယ်။ ဒါဖြင့် ငါရဲ့ သန္တာန်မှာ သတိသမ္ဘောဇ္ဈင် ဖြစ်ရဲ့လား မဖြစ်ရဲ့လားလို့ ဆင်ခြင်ကြည့်ရမယ်၊ အဲဒါ သိပ်ခက်တယ်။

ပညာရှိသူတော်ကောင်းတို့ရဲ့ဂုဏ်ကျေးဇူးကို အောက်မေ့တဲ့အခါ

လွယ်တာကတော့ ကျောက်ထီးတန်တု အလေးပြုအပ်တဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့တဲ့အခါ သတိသမ္ဘောဇ္ဈင် ဖြစ်ပါတယ်။ ကျောက်ထီးတန်တုဆိုတာ ကျောက်တိုင်ကြီးမှာ ထီးထီးကြီးတည်ထားတာ ဘယ်လိုမှ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ တိုက်ခတ်တဲ့ လေကြောင့် မတုန်လှုပ်နိုင်ဘူး၊ သီလ သမာဓိ ပညာ အလွန် ခိုင်ခန့်တယ်၊ အဲဒီလို ပညာရှိ တို့ရဲ့ ဂုဏ်ကျေးဇူးကို အောက် မေ့နှလုံးသွင်းတဲ့အခါမှာ သတိသမ္ဘောဇ္ဈင် ဖြစ်ပါတယ်။

စတုဂီရိရှုဖွယ် ပထမတွဲ၊ စတုဂီရိ ဆရာတော်ဘုရားကြီးအကြောင်း ပြောပြီးပြီလေ၊ ခေါင်းလုပ်ခိုင်းတယ်၊ နှစ်လုံးလုပ်ထားတယ်လေ၊ အချိန်ကျတော့ ညီတော်နောင်တော် နှစ်ပါးလုံးပဲ ကိစ္စပြီးသွားတယ်၊ အဲဒီလို ကျောက်ထီးတန်တု အလေးပြုလောက်တဲ့ သူတော်ကောင်းပညာရှိစကားကို ယုံကြည်

http://www.dhammadownload.com

လေးမြတ်စွာ ခံယူပြီးတော့ အော် ဒီစကား ပြောသွားတဲ့ ဒီစာရေးသွားတဲ့ သူတော် ကောင်းပညာရှိက ဒီလောက်ကိုပဲ ကျောက် ထီးတန်တု အလေးပြုလောက်တဲ့ သိက္ခာတွေ ရှိတာပဲလို့ ဒီလိုအောက်မေ့လိုက်ရင် သတိ သမ္မောဇ္ဈင် ဖြစ်ပါ တယ်။

ရတနာသုံးပါးနဲ့ မိဘဆရာတို့ရဲ့ကျေးဇူးကို အောက်မေ့လိုက်ရင်လည်း

မိဘနှစ်ပါးရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ လိုက်ရင် သတိသမ္မောဇ္ဈင် ဖြစ်တာပေါ့၊ အလကားနေရင် အလကားပဲနော်၊ အားအား ရှိတဲ့အခါ မိဘနှစ်ပါးရဲ့ ဂုဏ်ကျေးဇူး၊ ဆရာ သမားရဲ့ ဂုဏ်ကျေးဇူး၊ ဘုရားရတနာရဲ့ ဂုဏ် ကျေးဇူး၊ တရားရတနာရဲ့ ဂုဏ်ကျေးဇူး၊ သံဃာရတနာရဲ့ ဂုဏ်ကျေးဇူးကို ဘုန်းကြီး ပြောသွားပြီ၊ ကြည်ညိုတတ်တဲ့သဒ္ဓါတရားရှိတဲ့ မန္တလေး မြို့သူမြို့သားတွေဟာ မျက်စိနှစ်လုံး ပွင့် ဆိုကတည်းက ဘုန်းကြီးတွေ လမ်းပေါ်မှာ ဆွမ်းခံကြွတာပြည့်နေတာပဲ၊ အော် သံဃာ တော်တွေ ပါလားလို့ စိတ်ထဲက ဖြစ်ပေါ်တာနဲ့ ကြည်ညိုစိတ် ဖြစ်လိုက်တာနဲ့ မဂ်လာတရား ဖြစ်တယ်လေ၊ ဒါဖြင့် ဒီလူချမ်းသာ နတ်ချမ်း သာ ရခြင်းရဲ့အကြောင်း ကျေးဇူးဟာ ရရှိ သွားတဲ့ ပုဂ္ဂိုလ်က ဘယ်ကကျေးဇူးပြုတာလဲ ဆိုရင် သံဃာတော်များက ကျေးဇူးပြုတာပေါ့ ဒါကြောင့် သံဃာတော်များသည် ဒကာ ဒကာမတို့အပေါ်၌ များစွာကျေးဇူးရှိ၏။ ကျေးဇူးရှိတဲ့ သံဃာများကို အာရုံပြုလိုက်လို့ ရှိရင် သတိသမ္မောဇ္ဈင် ဖြစ်ပါတယ်။

တရားတော်ကို နှလုံးသွင်းနေရင်လည်း

ခုန သတိပဋ္ဌာန်နည်းနဲ့ ကျင့်သုံးဖို့ နည်းနည်းခက်တယ်၊ ဆိုလိုတာက သတိ သမ္မောဇ္ဈင် ဖြစ်အောင်နေဖို့ အရေးကြီးတယ် နော်၊ တရားကို ကောင်းစွာနာကြားရင်လည်း သတိသမ္မောဇ္ဈင် ဖြစ်ပါတယ်။ နာကြားပြီးတဲ့ တရားတော်ကို ကောင်းစွာဆင်ခြင် နှလုံးသွင်း နေရင်လည်း သတိသမ္မောဇ္ဈင် ဖြစ်ပါတယ်။ လွယ်လွန်းလို့ ခက်ဆိုတယ် ဟုတ်ရဲ့လား၊ လွယ်လွန်းလို့ ခက်ဆို မလုပ်တာခက်တယ် လေ၊ သတိသမ္မောဇ္ဈင် ဖြစ်အောင် တရားနာ မယ် ရှိရှိသေသေနာမယ်၊ စူးစူးစိုက်စိုက် နာမယ်၊ သတိသမ္မောဇ္ဈင် ဖြစ်တယ်၊ နာပြီး သား သိသားပဲ ဆိုပြီးတော့ ပြန်ပြီး မစူးစမ်း မဆင်ခြင်ဘဲနေရင် သတိသမ္မောဇ္ဈင် ဖြစ်မ လား၊ မဖြစ်ဘူး၊ ဖြည်းဖြည်း ဖြည်းဖြည်း၊ ဘုန်းကြီးသင်ပေးတဲ့ တရားတွေကို ပြန်စဉ်း စဉ်းစားစားနဲ့ စူးစမ်းဆင်ခြင်နေတဲ့အခါကျ တော့ အဲဒီလို တရားတော်တွေကို နှလုံးသွင်း နေရင်လည်း သတိသမ္မောဇ္ဈင် ဖြစ်ပါတယ်။

http://www.dhammadownload.com

တရားအားမထုတ်ခြင်း၏အပြစ်နှင့် တရားအားထုတ်ခြင်း၏အကျိုး

အဲ နောက်ဆုံးတစ်ချက်ကလေးသွားကြစို့၊ တရားအားမထုတ်ခြင်းအပြစ်နဲ့ တရားအားထုတ်ခြင်း အကျိုးကျေးဇူးကို နှိုင်းချိန်၍ ဆင်ခြင်လျှင်လည်း သတိသမ္မောဇ္ဈင် ဖြစ်ပါတယ်။ တရားဘာဝနာ အားမထုတ်ခြင်းရဲ့ အပြစ် ပါဠိတော်နဲ့ အဋ္ဌကထာဖွင့်ပုံခြင်း နားထောင်ကြည့်၊ ပါဠိတော်ဆိုတာ မြတ်စွာဘုရား နှုတ်တော်ကထွက်တဲ့စကား၊ အဋ္ဌကထာဆိုတာ မြတ်စွာဘုရားရဲ့ မျက်မှောက်တော်မှာ နားထောင်လိုက်လို့ သူနားလည်တာကို နောင်လာနောင်သားအတွက် မှတ်တမ်းတင်ခဲ့တဲ့စကား၊ ဘုရားရှင်က ဘာဟောချလိုက်သလဲ၊ **"ပဋိသခါ ယောနိသော သတိသမ္မောဇ္ဈင် ဘာဝေတိ တိ"**၊ ဒီလိုဟောချလိုက်တယ်။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်၊ ပဋိသခါ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်၍။ သတိသမ္မောဇ္ဈင်၊ သတိသမ္မောဇ္ဈင်ကို။ ဘာဝေတိ၊ ပွားများ ရမည်။

ဗောဇ္ဈင်(၇)ပါးမှာ နံပါတ်(၁) ထိပ်ဆုံးကဖြစ်တဲ့ သတိသမ္မောဇ္ဈင်ကို ဘယ်လိုကျင့်သုံးရမလဲလို့ မေးချလိုက်ရင် မသိတဲ့ ပုဂ္ဂိုလ်ကများတယ်၊ တကယ့်လိုရင်းဖြစ်တဲ့ သတိ၊ စကြာရတနာနဲ့တူတယ်။ ဒီသတိနဲ့ပဲ နိဗ္ဗာန်ဆိုတဲ့ သဘောသတ္တိကို ဉာဏ်ထဲမှာ ထင်လာတဲ့ ဉာဏ်အမြင်ပေါ်လာအောင် ဘယ်လိုကျင့်သုံးမလဲ၊ ဘုရားရှင်ကတော့ "သတိ သမ္မောဇ္ဈင် ဘာဝေတီတိ၊" သင့်သော အကြောင်းအားဖြင့် ဉာဏ်ပညာဖြင့် ဆင်ခြင်၍ သတိသမ္မောဇ္ဈင်ကို ပွားများ၏ ဟူသည်ကား၊ ဘုရားစကားကို ဖွင့်တော့မယ်၊ ဘုရားမျက် မှောက်တော်မှာ နားထောင်ခဲ့ရတဲ့ သူတော်ကောင်းကြီးတွေ အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်ကြီးတွေက နောင်လာနောင်သား အတွက် မှတ်တမ်းရေးခဲ့တာကို အဋ္ဌကထာကိုအဖွင့်-

အဘာဝနာယ အာဒိနဝံ၊ ဘာဝနာယစ အာနိ သံသံ၊ ဥပါယေန ပထေန် ပစ္စဝေက္ခိတ္တာ သတိသမ္မောဇ္ဈင် ဘာဝေတိ၊

အဘာဝနာယ၊ တရားဘာဝနာပွားများ အားမထုတ်ခြင်း၏။ အာဒိနဝံစ၊ အပြစ်ကို လည်းကောင်း၊ ဘာဝနာယ၊ တရားဘာဝနာ အားထုတ်ခြင်း၏။ အာနိသံသဉ္စ၊ အကျိုး အာနိသင်ကိုလည်းကောင်း၊ ပစ္စဝေက္ခိတ္တာ၊ ဆင်ခြင်၍ နှိုင်းချိန်၍။ ဘာဝေတိ၊ ပွားများ၏။

ဝုတ်ကွယ်ဓနတဲ့တရားတွေ

တရားအားမထုတ်ခြင်းအပြစ်နဲ့ တရားအားထုတ်ခြင်းကို နှိုင်းချိန်ပြီးဆင်ခြင်တာ သတိသမ္မောဇ္ဈင်လို့ ဆိုပါတယ်၊ ဟုတ်ရဲ့လား၊ အဲ့ဒီတော့ နိဗ္ဗာန်ကို တိုက်ရိုက်ရနိုင်တဲ့ နိဗ္ဗာန်ကို ကောင်းစွာ သိမြင်နိုင်တဲ့ ဉာဏ်အမြင်မျိုးတွေဖြစ်လာအောင် နေရင်းထိုင်ရင်း၊ သွားရင်း

http://www.dhammadownload.com

လာရင်းနဲ့ သက်သက်သာသာ လွယ်လွယ်ကူကူနဲ့ အချိန်မရွေး အခါမရွေး ကျင့်သုံးလို့ရတဲ့ တရားတွေ ဝုပ်ကွယ်နေပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ ဖော်ထုတ်ပေးတယ်လေ၊ သတိသမ္မောဇ္ဈင်ဘယ်လိုပွားများမလဲ၊ အော် ကြားဖူးတယ် တိသမထေရ်ကြီး သူ့နှမလေးလျှုတဲ့ သက်နိုးကို ပျံတော်မူခါနီး စွဲပြီးတော့ သန်းကြီးဖြစ်နေတာလေ၊ ကျန်ရစ်ခဲ့တဲ့ ကိုယ်တော်တွေ ဝေယူမယ်လုပ်တော့ သန်းကြီးမကြီးက ဒီပြေး ဟိုပြေးလုပ်နေလို့ ဘုရားသွားလျှောက်တယ်၊ ဟဲ့ဟဲ့ အဲဒါ သက်နိုးပိုင်ရှင် တိသပဲ မလုပ်ကြနဲ့ သန်းတို့ အသက် (၇)ရက်၊ (၇)ရက်ပြည့်မှ ဝေဖန်ယူကြ၊ အဲဒါ ဘုရားလက်ထက်ကဖြစ်တဲ့ ရဟန်းဟာ သီလရှိပါတယ်။ ဒါနတွေ လည်းရှိပါတယ်၊ သမထတွေလည်းရှိပါတယ်၊ ဝိပဿနာ အားနည်းလို့လေ၊ သေခါနီးမှ နှလုံးသွင်းမှားသွားတာ၊ ဒါကြောင့် "အိပ်သောယောက်ျားနိုးသော်လား" ကဲ့သို့ မိမိ စိတ်ကို တစ်ခုခုသောကမ္မဋ္ဌာန်းတရားနဲ့ လေ့ကျက်ထားလို့ ရှိရင် သေရာညောင်စောင်း လဲလျောင်းတဲ့အခါကျတော့ ဘာမှအားကိုးရာ မရှိဘူး၊ လေ့ကျက်ထားတဲ့ကမ္မဋ္ဌာန်း လာထင်အောင်လုပ်ရမယ်။

ဝိပဿနာမှ စိတ်ချရမယ်

အဲဒီကမ္မဋ္ဌာန်း လွတ်သွားတဲ့အတွက် သက်နိုးကို စွဲလန်းမိပြီးတော့ စိတ်မချရဘူးနော်၊ စိတ်ချရတာ ဝိပဿနာ မှ စိတ်ချရတာ၊ ဝိပဿနာဆိုတာ ဒီ သတိသမ္မောဇ္ဈင်ကျင့်သုံးခြင်းက စိတ်ချရတယ်နော်၊ အကြိမ်ကြိမ် မိဘနှစ်ပါးရဲ့ ဂုဏ်ကျေးဇူးကိုပွားများ၊ ဆရာသမားရဲ့ ဂုဏ်ကျေးဇူးကို ပွားများ၊ ကျောက်ထီးတန်တု အလေးပြုအပ်တဲ့ လူသူတော်ကောင်းပညာရှိ၊ ရဟန်းပညာရှိတို့၏ ဂုဏ်ကျေးဇူးတွေ ကြားဘူးတာနဲ့ အာရုံပြု၊ အားနေတဲ့အခါ စိတ်ကိုအမြဲထုံထား ကုသိုလ်နဲ့၊ နောက်ဆုံး သေရာညောင်စောင်း လဲလျောင်းတဲ့အခါကျတော့ အဲဒီကုသိုလ် အာရုံတွေ ပြန်ထင်လာရင် စိတ်ချရတယ်၊ အဲဒါ အရေးကြီးတယ် ဒါကြောင့် တရားဘာဝနာဆိုတဲ့ ဝိပဿနာ အားမထုတ်ခြင်းရဲ့ အပြစ်နဲ့၊ ဝိပဿနာအားထုတ်ခြင်းရဲ့ အကျိုးအာနိသင်ကတော့ စိတ်ချရပါသည်၊ အပြစ်နဲ့ အကျိုးကို နှိုင်းချိန်ပြီးတော့ ဆင်ခြင်တာ သတိ သမ္မောဇ္ဈင်ကို ပွားများအားထုတ် တယ်လို့ ဆိုပါသည်။

သတိသမ္မောဇ္ဈင်ကို ကျင့်သုံးတယ်လို့ ဆိုပါ သည်၊ ဗောဇ္ဈင်၊ ဗောဇ္ဈင် လို့ဆိုပါသည် (၇)ပါးထဲက ထိပ်ဆုံးက သတိသမ္မောဇ္ဈင်ကို ဘယ်လိုကျင့်သုံးရမလဲလို့ မေးချလိုက်ရင် ရကုန်ပြီနော်။

http://www.dhammadownload.com

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ တရားသဘောကို စိစစ်သုံးသပ်နေတာကို ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သူ့ကျတော့ ပညာကို ကောက်ရတယ်၊ ပညာဆိုတာ ပညိန္ဒြေစေတသိက်၊ စေတ သိက်(၅၂)လုံးထဲက နောက်ဆုံးဖြစ်တဲ့ ပညိန္ဒြေစေတသိက်၊ အဲဒါအခြေခံစကားလုံးပဲ၊ ဥပမာ အခြေခံစကားလုံးကိုမှ မရရင် ရှေ့တက်လို့မရဘူး၊ ပညိန္ဒြေစေတသိက်၊ ပညာက တစ်ပုဒ် ဣန္ဒြေက တစ်ပုဒ်၊ နှစ်ပုဒ်ပေါင်းထားတော့ ပညိန္ဒြေလို့ခေါ်တယ်။

ဗားကရားနိဿယလေး ရေးမယ်နော်၊ ပညိန္ဒြေယေန၊ အနိစ္စ စသည်ကို ထိုးထွင်း၍ သိခြင်းကို ထိုသို့သိခြင်း၌ အစိုးရခြင်း လက္ခဏာရှိသော ပညိန္ဒြေစေတသိက်၊ ဣန္ဒြေက အစိုးရတာ၊ အစိုးရတယ်ဆိုတာ ဒီအနိစ္စ သဘောကိုသိတဲ့ မြင်တဲ့အခါ ပိုင်ပိုင်နိုင်နိုင် သိမြင်တာကို ဣန္ဒြေလို့ခေါ်တယ်၊ အစိုးရတယ်လို့ခေါ်တယ်၊ (၂၄)ပစ္စည်းထဲမှာ အဓိပတိပစ္စည်းကလည်း အစိုးရတယ်၊ ဣန္ဒြိယပစ္စည်းကလည်း အစိုးရတယ်၊ အစိုးရတာခြင်း အခေါ်တူပေမယ်လို့ အဓိပ္ပါယ်ခြင်း မတူဘူး။

ဣန္ဒြေက စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ၊ ဣန္ဒြေ (၆)ပါးမရှိဘူးလား၊ စက္ခုန္ဒြေက ကျန်တဲ့ ဣန္ဒြေကို သွားအစိုးရလို့ မရဘူးနော်၊ သောတိန္ဒြေ ကလည်း သူနေရာနဲ့သူပဲအစိုးရတယ်၊ ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်းတို့ အစိုးရတာနဲ့တူတယ်၊ အဓိပတိ အစိုးရတာ ကျတော့ စကြာဝဠာတစ်တိုက်လုံးကို အစိုးရလို့ စကြာဝတေးမင်း အစိုးရနဲ့တူတယ်၊ ဒီနေရာမှာ ဝိပဿနာလို့ ဆိုတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်အမြင်ပေါက်အောင် ရှုတာကို ဝိပဿနာနော်၊ အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ယာဉ်သုံးပါး ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင်ထင်တာကို ပညိန္ဒြေ။

အဘိဓမ္မာသင်ရမယ်

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ အဲဒီပညိန္ဒြေကိုပြောတာ၊ ဒါဖြင့်ရင် ငါ့ရဲ့သန္တာန်မှာ ဓမ္မဝိစယသမ္ဗောဇ္ဈင် ထင်ရှားဖြစ်ရဲ့လား၊ မဖြစ်ရဲ့လားလို့ ဆင်ခြင်ကြည့်ရမယ်၊ ဆင်ခြင်ကြည့်လိုက်ရင် ငါ့အဖို့ ဒီအချိန် ဒီအခါမှာ အာရုံတွေမျှားပြီးတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်မဖြစ်ဘူး၊ တရားသဘောတွေကို မစိစစ်နိုင်ဘူး၊ မရှုမြင်နိုင်ဘူးလို့ဆိုရင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်အောင် ဘာလုပ်ရမလဲဆိုရင် အဘိဓမ္မာသင်ရမယ်၊ စိတ်သဘောက ဘယ်လို၊ စေတသိက်သဘောကဘယ်လို၊ ရုပ်သဘောက ဘယ်လို၊ နောက်သဒ္ဓါ၊ ပညာ၊

http://www.dhammadownload.com

ဝိရိယ၊ သမာဓိ ညီမျှရမယ်၊ သဒ္ဓါလွန်လျှင် ကွန့်၊ ဝိရိယလွန်လျှင် ပျံ့၊ သမာဓိလွန်လျှင် တွန့်၊ သဒ္ဓါကို ပညာနဲ့ထိန်းလို့၊ ပညာကို ဝိရိယ သမာဓိနဲ့ ထိန်းလို့ အဲဒီလိုဆိုရင် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်တယ်။

ဒီတရားသဘောတွေကို လိုက်စားတဲ့ အခါမှာ ရှေ့သူတော်ကောင်းသူမြတ်တို့ ဒီတရားလမ်းအတိုင်းသွားတာပဲ၊ ငါလည်း သူတော်ကောင်းပဲ၊ ဒီလမ်းကြောအတိုင်း လိုက်မယ်၊ အဲဒီလိုနှလုံးသွင်းရင်လည်း ဓမ္မ ဝိစယသမ္ဗောဇ္ဈင် ဖြစ်တယ်၊ ဆိုကြပါစို့ ဘယ်လိုလည်း သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းလေးကို ပြန်အာရုံပြုလိုက် တစ်ခုပြီးတစ်ခု ငါနဲ့ကိုက်တာ ဘယ်အချက်လည်း၊ အော် ရှေးသူတော်ကောင်းတို့ သတိသမ္ဗောဇ္ဈင် မဖြစ် ဖြစ်အောင် ဒီလိုဆင်ခြင် သုံးသပ်သွားတာပဲ၊ နောက်ဆုံး အချက်ကလေးက တရားအား မထုတ်ခြင်းက အပြစ်ရှိတယ်၊ တရားအား မထုတ်ရင် ပြုတဲ့ကောင်းမှုတွေက လူချမ်းသာ နတ်ချမ်းပဲရမယ်၊ ဒီကုသိုလ်ကုန်ရင် အောက်ပြန် ဆင်းရမယ်၊ အဲဒါကြောင့် စိတ်မချရဘူး၊ ကုသိုလ်ပြုတဲ့အခါမှာ သတိပါရမယ်၊ ဘယ်လိုပါရမလဲ၊ အော် ဝိပဿနာရှုဦးမှပဲ၊ ဘယ်ကုသိုလ်ပဲဖြစ်ဖြစ် မိမိသန္တာန်မှာ ဖြစ်လာတဲ့ စိတ်၊ စိတ်ကို ပထမဆုံး ထင်အောင်ရှုရမယ်၊ ဝိပဿနာရှုတယ်ဆိုတာ လေးခုမဟုတ်လား၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လိုချင်တာက နိဗ္ဗာန် ဒီစိတ်၊ စေတသိက်၊ ရုပ်တွေကို မမြင်ဘဲနဲ့ မရှုဘဲနဲ့ နိဗ္ဗာန်မရောက် နိုင်ဘူးလို့ ဆိုတယ်။

စိတ်ကို စူးစမ်းဆင်ခြင်ကြည့်ရမယ်၊ ငါ့စိတ်က အသခ်ီ ရိကစိတ်လား၊ သသခ်ီရိကစိတ်လား၊ အဲဒီတော့ မိမိစိတ် မိမိ ဝေဖန်သုံးသပ်တာ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဒီလိုဆင်ခြင်သုံးသပ်တာ တရားအားထုတ်တာပဲ၊ တရားဆိုတာ အဲဒီလို နှလုံးသွင်း ဆင်ခြင်ရတာနော်။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံခါနီး ပြောသွားတဲ့စကား

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ပုံ ဘုရားပေးတဲ့ တရားအား ထုတ်ခြင်းဖြင့် တရားအားထုတ်တဲ့ ဆွမ်းဖြင့်ပူဇော်ပုံကို မြတ်စွာဘုရားအကြိုက်ဆုံးပဲ၊ ဆိုလိုတာက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးလှူတယ်၊ ကောင်းပါတယ်၊ ဘုရားရှင်က၊ ဒါပေမယ့် ငါဘုရားလေးသခ်ျှေနဲ့ကမ္ဘာတစ်သိန်း အရင်းအနှီးစိုက်ထုတ်မှ ထုတ်ဖော်ဟောတဲ့ အကျင့်မြတ်တရားကိုကျင့်ပြီးမှ ပူဇော်တာတော့ အကျေနပ်ဆုံးပဲတဲ့၊ ဒါ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊ ပရိနိဗ္ဗာန်စံခါနီး ပြောသွားတာပဲ။

ဒါဖြင့် တရားကျင့်ပြီး ပူဇော်တာကို ပကတိသော ဆွမ်းနဲ့ ပူဇော်သလိုပဲ၊ တရားကျင့်ခြင်းဖြင့် ဆွမ်းနဲ့ပူဇော်သလိုပဲ၊ တရားကျင့်ခြင်းဖြင့် ဆွမ်းနဲ့ပူဇော်တာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ပါပဲ၊ မြတ်စွာဘုရားကျေနပ်တယ်။

http://www.dhammadownload.com

ဓမ္မအဓမ္မကို ခံတာ အမြတ်ဆုံး

တရားကျင့်တယ်ဆိုတာ မအားလို့မကျင့်နိုင်ဘူးမှန်တယ်၊ သမ္မဇဥ်လေးပါးနဲ့ဆင်ခြင်ရမယ့် အချက်(၂၂)ချက်ထဲ မှာ ကျင့်ကြီးစွန့်ကျင်ငယ်စွန့်မပါဘူးလား၊ အဲဒါကို နားလည်အောင်လုပ်ပါ၊ အဲဒီမှာ ကိစ္စပြီးတယ်၊ သတိသမ္မောဇ္ဈင်လည်း ဖြစ်တယ်၊ ဓမ္မဝိစယသမ္မောဇ္ဈင်လည်း ဖြစ်နိုင်တယ်၊ အမွေခံတဲ့နေရာမှာ မြတ်စွာဘုရားရဲ့ တရားတည်းဟူသော ဓမ္မအမွေ ကို ခံရတာ အမြတ်ဆုံးပါပဲ၊ ငါဘုရားသားတော် ဖြစ်သွားပြီ၊ ငါဘုရားသမီးတော်ဖြစ်သွားပြီ၊ ဘုရားရဲ့အမွေကို ငါခံယူတာ၊ အာမိသအမွေကို ခံယူခြင်းထက် ဓမ္မအမွေကို ခံယူခြင်းက ဘုရားပိုရ၍ သဘောကျတယ်။

ဘုရားရှင်လေးသခ်ေါ်နဲ့ ကမ္ဘာတစ်သိန်းလုံး ရှာဖွေရရှိတော်မူအပ်တဲ့ တရားထူးတရားမြတ်တွေကို မိမိတို့ ဉာဏ်နဲ့မီသရွေ့လေးကျင့်သုံးပြီးတော့ ပူဇော်တာ ဓမ္မအမွေကို ခံယူတယ်၊ ငါသည် အမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရား၏ သားတော်ဖြစ်တယ်၊ သမီးတော်ဖြစ်တယ်၊ ဒါကြောင့် မြတ်စွာ ဘုရား၏အမွေကို ငါခံယူတာပဲလို့ ဒီလိုနှလုံးသွင်းရင်လည်း ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ပါတယ်။

သတိသမ္မောဇ္ဈင်ဖြစ်ပုံ၊ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ပုံကို နှလုံးသွင်းပြီးတော့ ကျင့်သုံးခြင်းတည်းဟူသော တရားကျင့် သုံးခြင်းဖြင့် မြတ်စွာဘုရားကို အမြတ်ဆုံးပူဇော်ရင်လည်း ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ပါတယ်၊ တရားဓမ္မတွေ ကျင့်သုံးခြင်းဖြင့် မြတ်စွာဘုရား၏ သားတော်အစစ်၊ သမီးတော်အစစ် တရားတည်းဟူသော အမွေကို ခံယူရတာပဲ၊ အမြတ်ဆုံးမြတ်စွာ ဘုရား၏ သားပဲ သမီးပဲလို့ နှလုံးသွင်းလိုက်ရင်လည်းပဲ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ပါတယ်။ ကိုင်းနားကြဦးစို့။ ။

သာဓု – သာဓု – သာဓု၊

http://www.dhammadownload.com

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွင့်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီ ဝိပဿနာအကျင့်မြတ်ထဲက ဓမ္မာနုပဿနာ အခန်းငါးခန်းတို့တွင် လေးခန်းမြောက်ဖြစ်တဲ့ ဗောဇ္ဈင်အခန်း၊ ဗောဇ္ဈင်အခန်းမှာ သတိသမ္ဗောဇ္ဈင်ပြီးသွားပြီ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် အဲဒါလေးနည်းနည်းပြန်ပြီးသည်းခံ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင် အဲဒီနှစ်ခုလေးပြန်ခွဲတာ အာရုံပြုရမယ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာက တရားသဘောတွေ စိစစ်ဝေဖန်သုံးသပ်တဲ့ဉာဏ်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ တနည်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးပါးရှုမြင်တဲ့ ဉာဏ် ပညာကို ဓမ္မဝိစယသမ္ဗောဇ္ဈင်။

သပိတ်အဓေါက်ပမာ

အဲဒါလေးက ဥပမာတစ်ခုပြောပြမယ်၊ တိုတိုလေးက "သပိတ်အပေါက်ပမာ" အဋ္ဌသာလိနီ အဋ္ဌကထာမှာ အဲဒီ ဥပမာလာတယ်၊ သူ့အကြောင်းလေးက ရဟန်းက ပရိက္ခရာဆိုင်မှာ သပိတ်သွားဝယ်တယ်၊ ဒီကျမ်းစာကို ဘယ်အချိန်ကရေးခဲ့သလဲဆိုတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး အနှစ်(၉၃၀) လောက်မှာ ရေးခဲ့တာပေါ့။

ရှင်မဟာဗုဒ္ဓယောသမထေရ်မြတ်က သူရေးချင်တိုင်း ရေးလို့ရမလားဆိုတော့ အဋ္ဌကထာဟောင်းရှိတယ်၊ ဥပမာ- တိပိဋကခရေဆရာတော်ဘုရားကြီး မဟာဗုဒ္ဓဝင်ကျမ်းပြုသွားတယ်၊ သူ့စိတ်ကူးနဲ့သူ အစီအစဉ်ရေးဖွဲ့သွားတာ မဟုတ်ဘူး။ ပါဠိ အဋ္ဌကထာ ဋီကာမှာရှိတဲ့ ကျမ်းဂန်တွေထဲကမူကို ကြည့်ပြီးတော့ သူကတစ်မျိုးစဉ်တာ၊ ဘုရားရတနာတစ်ခန်း၊ တရားရတနာတစ်ခန်း၊ သံဃာရတနာတစ်ခန်း၊ ဥပသကာဆိုတဲ့ ဒကာတွေတစ်ခန်း၊ ဥပသကီဆိုတဲ့ ဒကာမတွေက တစ်ခန်း၊ ထိုထိုသောပါဠိ အဋ္ဌကထာ ဋီကာမှာရှိ တာအကုန်လုံး သူ့အခန်း ငါးခန်းထဲမှာ သက်ဝင်အောင်ဆွဲထည့်တယ်၊ ထို့အတူပဲ ရှင်မဟာဗုဒ္ဓယောသ မထေရ်မြတ် အဋ္ဌကထာမဖွင့်ခင် ကတည်းက အဋ္ဌကထာဟောင်းရှိတယ်၊ အဲဒီတော့ ရှေးရှေး ပဝေသဏီထဲက ဒီဥပမာ ဒီအကြောင်းအရာရှိတယ်၊ ရဟန်းသည် ပရိက္ခရာဆိုင်သို့ သပိတ်သွားဝယ်တယ်၊ သပိတ်သွား ဝယ်တယ်ဆို

http://www.dhammadownload.com

တော့ ပိုက်ဆံနဲ့ဝယ်ရတာပေါ့၊ မစ္စွဲလန်းဘို့ရာ ဘုရားကဟောတာလေ ဟုတ်ရဲ့လား။

အနာမာသဆိုတဲ့ တဏှာမာန ဒိဋ္ဌိစွဲလန်း သုံးသပ်ပြီးတော့ မဖြစ်အောင်သာဟောတာကိုး၊ အဲဒီတော့ သပိတ်သွား ဝယ်တဲ့အခါကျတော့ ပြောချင်တာက ပရိက္ခရာဆိုင်ကဆိုင်ရှင်က သပိတ်ထုတ်ပေးတယ်၊ ရဟန်းက စေ့စပ်တယ်၊ သပိတ်ကို သူစိတ်မချတော့ သပိတ်မြှောက်ကြည့်တော အပေါက်ကလေး ပါတယ် ထင်ပြီးတော့ နေရောင်ခံကြည့်လိုက်တော့ အပေါက်ကလေး သုံးပေါက်ပါတယ်၊ အပ်ဖျားလောက်၊ ဒါဖြင့်ရင် ဒီသပိတ်ကို မယူတော့ဘူး၊ အဲဒါ သပိတ်မကြိုက်တာလား၊ အပေါက် မကြိုက်တာလား၊ အပေါက် မကြိုက်တာ။

ခန္ဓာဆိုတဲ့တရားတွေမှာ အပေါက် သုံးပေါက်ရှိတယ်

အေး ထို့အတူပဲ စိတ်၊ စေတသိက်၊ ရူပ်ဆိုတဲ့တရား တွေမှာ စိတ်နဲ့ စေတသိက်ကို နာမ်တရားခေါ်တယ်၊ ရူပ်ကို ရူပ်တရားခေါ်တယ်၊ ရူပ်တရားက ရူပက္ခန္ဓာ၊ စိတ်တရားက ဝိညာဏက္ခန္ဓာ၊ စေတသိက်က ခန္ဓာသုံးပါးလုံးဆိုတော့ ခန္ဓာအနေနဲ့ပိုင်းခြားရှုရင် ခန္ဓာငါးပါးဖြစ်တာပေါ့၊ အဲဒီ ခန္ဓာငါးပါး ဆိုတဲ့တရားတွေမှာ အပေါက်သုံးပေါက်ရှိတယ်၊ အနိစ္စပေါက်၊ ဒုက္ခပေါက်၊ အနတ္တပေါက်၊ ဒီခန္ဓာနာမ် ရူပ်ဆိုတဲ့တရားတွေပေါ်မှာ မစ္စွဲလန်းဖို့ မသိမ်းပိုက်ဖို့၊ ဒီအပေါက်သုံးပေါက်ကို မရှုမမြင်တဲ့အတွက် အနိစ္စပေါက်၊ ဒုက္ခပေါက်၊ အနတ္တပေါက် ဒီအပေါက်သုံးပေါက်ကို မထင်တဲ့အတွက် ဉာဏ်မမြင်တဲ့ အတွက် ဘုန်းကြီးတို့ စွဲလန်းသိမ်းပိုက်တာ။

ဒါကြောင့် ဝိပဿနာဆိုတာ မစ္စွဲလန်းအောင် မတပ်မက်အောင်၊ စွဲလန်းသိမ်းပိုက်နေရင် ဒုက္ခမငြိမ်းဘူး၊ ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ကိုလည်း မရောက်နိုင်ဘူး၊ အဲဒါကို လက္ခဏာယာဉ် သုံးပါးလို့ခေါ်တယ်၊ အနိစ္စပေါက်၊ ဒုက္ခပေါက်၊ အနတ္တပေါက်၊ ဒီအပေါက်သုံးပေါက်ကို မြင်အောင်ရှုရတယ်၊ အဲဒီ ရှုတဲ့ ဉာဏ်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါပဲ။

အဲဒီတော့ ရှင်မဟာရဋ္ဌသာရနဲ့ အရှင်မဟာသီလဝံသအကြောင်းလေး ပြန်ပြောမယ်နော်၊ ငါ့ရှင် ဘာနဲ့လာခဲ့သလဲ၊ အရှင်ဘုရားတပည့်တော်ကုန်းကြောင်း ရေကြောင်း လှည်းနဲ့ လှေနဲ့လာခဲ့သည်မဟုတ်၊ အဟုတ်သော်ကား မဟာကုသိုလ် ဉာဏသမ္ပယုတ် အသခ်ါရိက စိတ်နဲ့ လာခဲ့ပါသည်ဘုရား၊ ဘုန်းကြီးတို့ လာကတည်းက ကုသိုလ်စိတ်နဲ့လာတယ်၊ အဲဒီ ကုသိုလ်စိတ်က နှစ်မျိုးရှိတယ်၊ သူတစ်ပါးတိုက်တွန်းမှုလာတဲ့ ကုသိုလ်ကတစ်မျိုး၊ မတိုက်တွန်းဘဲ လာတဲ့ကုသိုလ်က တစ်မျိုး၊ သူတစ်ပါးမတိုက်တွန်းဘဲလာတာကို ဘုရားစကားနဲ့ အသခ်ါရိက တိုက်တွန်းမှုလာတာက သသခ်ါရိက။

http://www.dhammadownload.com

ဓမ္မသဘာဝနဲ့ ဓမ္မဝိစယသမ္ဗောဇျင်

အဲ့ဒီမှာ ဓမ္မသဘာဝသဘောတွေကို ရှင်းပေးဖို့အများ ကြီးရှိတယ်၊ သရုပ်တွေနဲ့ သို့သော် သိပ်ရှုပ်သွားမယ်၊ လွယ်လွယ်လေးက တိုက်တိုက်တွန်းတွန်းနဲ့ လာရမယ်ဆိုရင် အကျိုးပေးနုံချာတယ်၊ အကျိုးမပေးဘူးတော့ မဟုတ်ဘူး မထက်မြက်ဘူး၊ အကျိုးပေးမှာလည်း နှေးကွေးတယ်၊ မတိုက်တွန်းပဲနဲ့ လာတာ မထက်မြက်ဘူးလား၊ အကျိုးပေးလည်း လျင်မြန်တယ်၊ ထက်ထက်မြက်မြက်လည်း အကျိုးပေးတယ်၊ ကြိုက်တဲ့လမ်းရွေးချယ်ရမယ်၊ အဲဒီတော့ ငါလာတာဟာ ဘာနဲ့လာလဲ၊ ခြေထောက်နဲ့လာတယ်၊ ကားနဲ့လာတယ်၊ အများပြော မှန်တယ် တရားသဘောအမှန်မှာ ဘာနဲ့လာသလဲ ကုသိုလ်စိတ်ကလေးနဲ့လာတာ၊ ဒီကုသိုလ်စိတ်ကလေးကို မြင်အောင်ရှုတာ ဒီဥာဏ်သည် ဓမ္မဝိစယသမ္ဗောဇျင်၊ ဒီကုသိုလ်စိတ်မှာ နှစ်မျိုးကွဲသွားတယ်။

အသခ်ါရိကလား သသခ်ါရိကလားလို့ ဆင်ခြင်ကြည့်လိုက်တော့ နှစ်မျိုးတစ်မျိုးမျိုး ဖြစ်မယ်၊ အဲဒီဥာဏ်သည် ဓမ္မဝိစယသမ္ဗောဇျင်၊ ကျမ်းဂန်ကဆိုထားတာ အဘိဓမ္မာသင်ရမယ်၊ စိတ်တွေ စေတသိက်တွေ ရုပ်တွေကို စူးစမ်းရမယ်ဆိုတော့ သိပ်အလှမ်းကွာသွားတယ်၊ စူးစမ်းဆင်ခြင်ပုံ ရရောဟုတ်ရဲ့လား၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က သတိပဋ္ဌာန်မှာ ဟောထားတာက ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇျင်သည် ထင်ရှားဖြစ်၏လော ထင်ရှားမဖြစ်၏လောဟု ဆင်ခြင်ရမည်၊ မဖြစ်ဘူးဆိုရင် ဒီစိတ်တွေ ဒီတရားသဘောတွေကို ဆင်ခြင်ကြည့်လိုက်ရင် ဖြစ်တာပဲ၊ အဲဒီတော့ လူကို မရှုရဘူး၊ စိတ်ကိုရှုရတယ်၊ အဲဒါ ဓမ္မဝိစယသမ္ဗောဇျင်ဖြစ် ကရော။

ဝီရိယသမ္ဗောဇျင်

မြတ်စွာဘုရား တရားအားထုတ်တဲ့အခါ စိတ်ကို ဆုတ်နစ်တယ်၊ ဥပမာ ထိနမိဒ္ဓ ဝင်တယ်ပေါ့၊ တရားထိုင်ရမှာ တစ်ချို့က တရားထိုင်တာလောက်ပဲ၊ ထိုင်ချိန်ကျထိုင်၊ တစ်ချို့လည်း သိပ်သဒ္ဓါတရားအားကောင်းပြီး ပုံမှန်ထိုင်၊ တစ်ချို့ ကျတော့လည်း ထိုင်ရတာ တွန့်ဆုတ်တယ်။

အဲဒီတော့ ဝီရိယလိုတာပေါ့၊ ဘုန်းကြီးသင်ပေးတာက ထိုင်နိုင်ရင်ထိုင်၊ ထိုင်ပြီးတော့ ဆင်ခြင်ရင်လည်း ရတယ်။ ရပ်ခြင်းကော့ မရဘူးလား၊ သွားခြင်းကော မရဘူးလား၊ အိပ်ရာ ထဲမှာကော မရဘူးလား၊ ဆင်ခြင်ဖို့ အဓိကပဲ၊ အဲဒီလို ဆင်ခြင်ဖို့လေးကို ခက်နေတာက မဆင်ခြင်တာက ခက်နေတာ၊ ဆင်ခြင်တာက လွယ်လွယ်လေးရယ်၊ ဆင်ခြင်နေကျဆိုရင် အချိန်ကျရင် သူ့ဟာသူ ဆင်ခြင်တဲ့

http://www.dhammadownload.com

တရားလေးတွေ ဝင်လာတယ်၊ အဲဒါ ဆင်ခြင်တဲ့အခါ ဆင်ခြင်ရမှာတွေ မေ့လျော့နေရင် ဝိရိယ မရှိဘူးပေါ့၊ ဝိရိယရှိအောင် ဘယ်လို နှလုံးသွင်းရမလဲ၊ အော် မြတ်စွာဘုရား ကျေနပ်အောင်ပူဇော်တာတော့ ဒီတရားတွေ နှလုံးသွင်းကျင့်သုံးခြင်းဖြင့် တရားတည်း ဟူသော ဆွမ်းဖြင့်ပူဇော်တာအကောင်းဆုံးလို့ ငါအကျေနပ် ဆုံးလို့ ဘုရားဟောတယ်၊ ဒါဖြင့် တရားဆင်ခြင်တဲ့ ကျင့်သုံးနည်းနဲ့ ငါပူဇော် လိုက်ဦးမယ်၊ နောက်တစ်ခါ အော် ရှေးသူ တော်ကောင်းတို့ ဒီလမ်းရိုးကိုလိုက်တာပဲ၊ ငါလည်း သူတော်ကောင်းပဲ၊ ဒီလမ်းရိုးကိုလိုက် ရင် ဒီတရားတွေရမှာပဲ၊ ငါ ဘုရား ရဲ့သား တော် သမီးတော်ဖြစ်အောင် ဘုရားရဲ့အမွေ အနှစ်ကို ခံယူမှပဲ။

ဘုရားအမွေအနှစ်က ဘာလဲ၊ ဒီတရား တွေကို ဆင် ခြင်ကျင့်သုံးရင်၊ ဓမ္မအမွေရတာပဲ၊ အမြတ်ဆုံးက မြတ်စွာဘုရားပဲ၊ ဓမ္မအမွေကို ခံယူတဲ့ ဘုရားသား ဘုရားသမီးဆိုတာ မြတ် တာပဲလို့ ဒီလိုနှလုံးသွင်းလိုက်ရင် အားထုတ် လိုတဲ့ ဝိရိယ အားကောင်းလာတယ်၊ အဲဒီ တော့ ဝိရိယသမ္မောဇ္ဈင် ဖြစ်လာတယ်။ ဘယ်နှစ်ခုပြီးသွားသလဲ သုံးခုပြီးသွားတယ်၊ သတိသမ္မောဇ္ဈင်၊ ဓမ္မဝိစယသမ္မောဇ္ဈင်၊ ဝိရိယ သမ္မောဇ္ဈင် ဟုတ်ရဲ့လား၊ သုံးခုဆိုတော့ ဝိပဿနာရှုနည်းလေး ပြန်ပြောမယ်၊ ငါရဲ့ သန္တာန်မှာ သတိသမ္မောဇ္ဈင်ဖြစ်၏လော မဖြစ် ၏လော၊ သတိသမ္မောဇ္ဈင်က **သတိ**နော်၊ ဓမ္မ ဝိစယသမ္မောဇ္ဈင်က **ပညာ**၊ ပညိန္ဒြေစေတ သိက်၊ ဝိရိယသမ္မောဇ္ဈင်က **ဝိရိယ** စေတ သိက်၊ ဒီသုံးခုလုံးက စေတသိက်တွေချည်းပဲ၊ ဝေဒနာ သညာကလွဲရင် ကျန်တဲ့စေတသိက် တွေ တစ်ခုချင်းကော၊ အကုန်လုံးကော သခ်ါ ရက္ခန္ဓာခေါ်တယ်။

တရားရှုတယ်ဆိုတာ ခန္ဓာကိုရှုရတယ်

တရားရှုတယ်ဆိုတာ ခန္ဓာကို ရှုရတယ်၊ ဒီလူကို ရှုတာမဟုတ်ဘူး၊ လူရှုရင် သမုတိ သစ္စာဖြစ်မနေဘူးလား၊ သမုတိသစ္စာရှုရင် ရှုကွက်လွဲမနေဘူးလား၊ ပရမတ္ထသစ္စာထဲ မှာ စိတ် စေတသိက် ရှိပ်၊ အခု သတိ၊ ပညာ၊ ဝိရိယက စေတသိက်၊ စေတသိက်ဆိုတော့ သခ်ါရက္ခန္ဓာ၊ အဲဒီခန္ဓာကို ရှုရမယ်၊ ရှုတဲ့အခါ ကျတော့ မေးခွန်းလေးပြန်ပြောမယ်၊ သတိ သမ္မောဇ္ဈင်ဖြစ်အောင် ဘယ်လို ကျင့်သုံးကြ မလဲ။

အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေရ သွားကြပြီး နော်၊ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ ရသွားပြီဆိုတဲ့စကားလုံးမှာကိုပဲ ဘုန်းကြီး ပါရတာနော်၊ ဒကာ ဒကာမတွေသာရတယ် ဘုန်းကြီးမရဘူးဆိုရင် မကိုက်ဘူးလေ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ အားလုံးရ သွားပြီ၊ သတိသမ္မောဇ္ဈင်ဖြစ်ပုံ၊ ဓမ္မဝိစယ သမ္မောဇ္ဈင်ဖြစ်ပုံ၊ ဝိရိယသမ္မောဇ္ဈင်ဖြစ်ပုံ၊ ဒါဖြင့်ငါရဲ့ သန္တာန်မှာ သတိ၊ ပညာ၊ ဝိရိယ ထင်ရှားဖြစ်နေပြီ၊ အဲဒါ သခ်ါရက္ခန္ဓာ၊

http://www.dhammadownload.com

အဲဒီသခ်ါရကၡန္ဓာဟာ ငါဟုတ်လို့လား၊ ငါ့ဥစ္စာ ဟုတ်လို့လား၊ ငါ့အလိုသို့လိုက်တဲ့တရား ဟုတ်လို့လား၊ အဟုတ်သော်ကား အနိစ္စ ဒုက္ခ အနတ္တသာဟုတ်ပါသည်။ သခ်ါရကၡန္ဓာက သပိတ်နဲ့တူပါတယ်။ အဲဒီသခ်ါရကၡန္ဓာမှာ အနိစ္စ ဒုက္ခ အနတ္တက သပိတ်ရဲ့အပေါက် သုံးပေါက်နဲ့တူပါ တယ်။ အပေါက်လို့ မမြင်ရင် ဒီသပိတ်ကို ယူမှာပဲမဟုတ်လား၊ အပေါက်ကို မြင်တော့ သပိတ်ကို ယူသေးလား။

ဒါဖြင့် ခန္ဓာမှန်သမျှ ဘာအပေါက်တွေ လည်း အနိစ္စ ပေါက်၊ ဒုက္ခပေါက်၊ အနတ္တ ပေါက်၊ ခန္ဓာကို မစွဲလန်းဖို့၊ မသိမ်းပိုက်ဖို့၊ ခန္ဓာဆိုတာ ဒုက္ခခေါ်တယ်၊ ခန္ဓာခေါ်တယ်၊ ဒုက္ခမှန်း မသိရင် တစ်နေ့ကျတော့ အိုပြလိမ့်မယ်၊ နာပြလိမ့်မယ်၊ သေပြလိမ့်မယ်၊ အိုတာ ကိုလည်း ပြင်လို့ရတယ်၊ နာတာကိုလည်း ပြင်လို့ရတယ်၊ သေတာကျတော့ ပြင်လို့ရ သေးလား။ သေပြီဆိုရင် မရတော့ဘူးခင်ဗျား။ ဒါဖြင့် ရင် ဒီခန္ဓာဟာ အနိစ္စ ဒုက္ခ အနတ္တနဲ့ လွတ်မလား၊ ဒါဖြင့် ဝိပဿနာ ရှုတယ်၊ ဝိပဿနာ ရှုတယ်ဆိုတာ အနိစ္စပေါက် အောင်၊ ဒုက္ခပေါက်အောင်၊ အနတ္တပေါက် အောင် ရှုရမယ်။

ခန္ဓာနှစ်မျိုး

အနိစ္စ ဒုက္ခ အနတ္တပေါက်အောင် ရှုရမယ် ဆိုတာ ပရမတ္တခန္ဓာကို ပြောတာနော်၊ သမုတိ ခန္ဓာကို ပြောတာ မဟုတ်ဘူး။ ဒီအတ္တဘော တည်းဟူသော ခန္ဓာကြီးက သမုတိခန္ဓာ၊ ဒီ အတ္တဘောတည်းဟူသော ခန္ဓာကြီးမှာ ဖြစ် ပျက်နေတဲ့ သတိ၊ ပညာ၊ ဝီရိယတွေ မဖြစ် ဘူးလား၊ အဲဒီ ဝီရိယကိုပဲ ဉာဏ်က ပြန်ရှု လိုက်ရင် ဝီရိယကလည်း သခ်ါရကၡန္ဓာ၊ သတိ လေးထားလိုက်တော့ သတိကလည်း သခ်ါ ရကၡန္ဓာ၊ ဉာဏ် ပညာကလည်း သခ်ါရကၡန္ဓာ၊ နောက် ဉာဏ်နဲ့ရှုလိုက်တော့ ငါဟုတ်သေးလို့ လား၊ အနိစ္စ ဒုက္ခ အနတ္တသာ ဟုတ်တယ်။

ခန္ဓာက သပိတ်နဲ့တူတယ်နော်၊ သပိတ်မှာ ရှိတဲ့ အပေါက်သုံးပေါက်က အနိစ္စ ဒုက္ခ အနတ္တနဲ့တူတယ်၊ အပေါက်ကိုမြင်တဲ့အတွက် သပိတ်ကြိုက်သေးရဲ့လား၊ အေး ဒီ ခန္ဓာဆိုတဲ့ ဒုက္ခကလွတ်အောင် ဘာကိုရှုရမလဲ၊ အပေါက် သုံးပေါက်မြင်အောင်ရှုရမယ်၊ အပေါက်သုံး ပေါက် မမြင်သရွေ့တော့ ဒီခန္ဓာကို တပ်မက် နေမှာပဲ၊ တပ်မက်နေရင် တဏှာမဖြစ်ဘူး လား၊ တဏှာအကြောင်းခံလိုက်ရင် ဒုက္ခငြိမ်း မလား၊ အာရုံတွေများတော့ တဏှာကျယ်ပါ တယ်၊ တဏှာ ကျယ်တော့ ဒုက္ခကမဆုံးနိုင်ပြီ၊ တဏှာကအကြောင်း၊ ဒုက္ခက အကျိုး၊ ဒါဖြင့် တရားနှလုံးသွင်း ရှုဆင်ခြင်ပုံလေးက သတိ သမ္မောဇ္ဈင် ဖြစ်ခဲ့ပြီ၊ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခဲ့ပြီ၊ ဝီရိယသမ္မောဇ္ဈင် ဖြစ်ခဲ့ပြီ။

http://www.dhammadownload.com

အမြင်မှန် သမ္မာဒိဋ္ဌိ

အော် ဒီ သတိ၊ ပညာ၊ ဝီရိယဆိုတာ ငါမှ မဟုတ်ပဲကိုး၊ ဘာသာဟုတ်သလဲ အနိစ္စ ဒုက္ခ အနတ္တသာ ဟုတ်တယ်၊ အဟုတ်ကို အဟုတ် အတိုင်း ရှုမြင်တဲ့ဉာဏ်သည် အမြင်မှန် သမ္မာ ဒိဋ္ဌိ၊ ပကတိမျက်စိနဲ့ မြင်ရလား၊ ဆင်ခြင်ဉာဏ်နဲ့ ရှုရင် မထင်ဘူးတား၊ ထူးပဲ့တရားကို ရှုမြင်လို့ **ဝိ** က ထူးတယ်၊ **ပဿနာ** က ရှုမြင်တယ်၊ ထူးသောတရားကို ထိုးထွင်းသိလို့ ဝိဇ္ဇာဉာဏ် ခေါ်တယ်၊ ဝိပဿနာဉာဏ်ခေါ်တယ်။ သမ္မာ ဒိဋ္ဌိ ခေါ်တယ်၊ အခေါ်ကွဲတယ်၊ ဉာဏ်အတူ တူပဲ။

ဒါဖြင့် ဝိဇ္ဇာဉာဏ်ဖြစ်တဲ့အခါမှာ အဝိဇ္ဇာ ဖြစ်ခွင့်ရ မလား၊ အဝိဇ္ဇာဖြစ်ရင် ပဋ္ဌိစ္စသမုပ္ပါဒ် လည်ဦးမလား၊ အဲဒါ ပြတ်တဲ့နည်းကို သွား ရမယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါက် အောင်သာ ရှုလိုက် အဝိဇ္ဇာတဏှာဘာညာ ဘာမှ မလာ တော့ဘူး၊ ကိုင်း အဲဒီတော့

သတိ သမ္မောဇ္ဈင်၊ ဓမ္မဝိစယ သမ္မောဇ္ဈင်၊ ဝီရယ သမ္မောဇ္ဈင်ရှုနည်းတွေပြီးပြီ။

ပီတိသမ္မောဇ္ဈင်

ပီတိသမ္မောဇ္ဈင်ကို သွားကြစို့၊ ပီတိ သမ္မောဇ္ဈင်က ဘာနဲ့တူလဲ၊ ပတ္တမြားရတနာနဲ့ တူပါတယ်။ ပီတိရယ်လို့ ဖြစ်လာပြီဆိုရင် စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေ ကိုယ်စိတ် နှစ်ပါး ကြည်လင်လို့ နှစ်သိမ့်လို့၊ ဒါဖြင့် ပီတိသမ္မောဇ္ဈင် ဖြစ်အောင် အနုဿတိ ဆယ်ပါး ရှိတယ်လေ။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာ နုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ။

အနုဿတိ၊ အနုက တစ်ပုဒ်၊ သတိက တစ်ပုဒ်၊ **"အနု ပုန ပုနံ အာကာရေဟိ ပဿတီတိ အတ္ထော"**

အနုဆိုတာ မျှားစွာသောအခြင်းအရာ တို့ဖြင့် အနေကေဟိ အာကာရေဟိ၊ တစ်ပါးမက မျှားစွာသော အခြင်းအရာတို့ဖြင့်၊ သတိက အောက်မေ့တာ၊ တရားသဘောကို မျှားစွာသော အခြင်းအရာအားဖြင့် ထပ်ကာ ထပ်ကာ အောက်မေ့တာကို၊ နှလုံးသွင်းတာ ကို အနုဿတိ၊ အကောင်းဆုံး (၆)မျိုးရှိတယ်၊ ရေးလိုက်ပေတော့၊ နှလုံးသွင်းစရာ အပေါင်း တို့တွင် ထိုထိုဣဒ္ဓိ နှလုံးသွင်းရခြင်းထက် တရားတော်ကို နှလုံးသွင်းရခြင်းသည် အကောင်းဆုံး၊ အသာဆုံး၊ အလွန်ဆုံး၊ အမွန် ဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးဟု ဟောကြား တော်မူခဲ့ပါပေ၏။ အဂ္ဂိတ္ထိရ် ပါဠိတော်စကား နိပါတ် အနုတ္တရိယဝဂ်၊ အနုတ္တရိယသုတ်၏။

http://www.dhammadownload.com

ဝိပဿနာလွတ်နေတဲ့ ဥဒါယီရဟန်း

အကောင်းဆုံး(၆)မျိုးကို ဘုရားရှင်ဟောတဲ့အခါ နောက်ဆုံး(၆)ခုမြောက်၊ သာဓကလေးတစ်ခု ပြောမယ်၊ ဥဒါယီ ဥဒါယီနဲ့ ဖွားဘက်တော်ထဲမှာ အလွန်ထင်ရှားတယ်လေ၊ ဥဒါယီရဟန်းက ဥဒါယီဝိုင်းနေတာကို ဘုရားရှင် မြင်တော့ ဘုရားရှင်ကမေးတယ်၊ ဥဒါယီ ယခုအခါ ဘာတွေကို တွေးပြီးတော့ စဉ်းစားနေသလဲ၊ ဥဒါယီ မပြောရဲဘူး၊ ဒုတိယ အကြိမ်ထပ်မေးတယ် မဖြေရဲ့ဘူး၊ ဒုတိယ အကြိမ်လည်း မေးပြီးရော အနားက ရှင်အာနန္ဒာက ဝင်ထောက်ရတယ်၊ သုံးကြိမ်မြောက် မေးလို့ မဖြေရင် ဓမ္မနိယာမအားဖြင့် အမေးခံရတဲ့ပုဂ္ဂိုလ် ဦးခေါင်း(၇)စိတ်ကွဲတယ်၊ ဘုရားရှင်ရဲ့ စွမ်းပကား သတ္တိက ဒီလောက်တောင် ထက်တယ်၊ ဒါပေမယ့်လို့ ဘုရားရှင်ရဲ့ မျက်နှာတော်မှာ ဒီလိုအနိဋ္ဌာရုံတွေ ဖြစ်ပေါ်ကောင်းတာမဟုတ်ဘူး၊ မကောင်းတဲ့အာရုံတွေ တွေ့ကောင်းတာ မဟုတ်ဘူး၊ အဲဒီတော့ ရှင်အာနန္ဒာက ဝင်ထောက်တယ်၊ ဥဒါယီ ဘုရားမေးနေတယ် ဖြေလိုက်လေဆိုတော့မှ မြတ်စွာဘုရား တပည့်တော် ရှေးဟောင်းနှောင်းဖြစ်တွေ တွေးနေမိပါတယ် ဘုရား၊ ဘာလို့ မဖြေလဲ ဘုရားက ဥဒါယီ စိတ်ကို သိတယ်လေ၊ အဲဒီတော့ ခိုးထုပ် ခိုးထည်နဲ့ မိနေတော့ သူမဖြေရဲဘူးပေါ့၊ ရှေးဟောင်းနှောင်းဖြစ်တွေ တွေးနေပါတယ် ဘုရား၊ အာနန္ဒာ ဥဒါယီ ဒီလိုဖြေသဖြင့် ဝိပဿနာလွတ်နေတယ်ဆိုတော့ သိလော့၊ တောတွေးတောင်တွေးနဲ့ဆိုရင် ခင်ဗျားတို့ ဝိပဿနာလွတ်နေပြီ၊ တစ်ခုသောတရားကို အာရုံယူပြီး နှလုံးသွင်းအောက်မေ့နေရင် အောက်မေ့စရာ နှလုံးသွင်းစရာ အပေါင်းတို့တွင် ထိုထို ဤဤ နှလုံးသွင်း အောက်မေ့ရခြင်းထက် တရားတော်ကို နှလုံးသွင်းအောက်မေ့ရခြင်းသည်ကား အကောင်းဆုံး အသာဆုံး အလွန်ဆုံး အမွန်ဆုံး အမြင့်ဆုံး အမြတ်ဆုံးဟု ဟောကြားတော်မူခဲ့ပါပေ၏။

မိမိရဲ့သီလကို ပြန်ဆင်ခြင်တဲ့ တိသမထေရ်

အဲဒီတော့ လေ့ကျင့်ပေါ့ဗျာ ဒါ အနုသတိ၊ ဗုဒ္ဓါနုသတိ၊ ဓမ္မာနုသတိ၊ သံဃာနုသတိ၊ သံဃာတော်များ မြင်လိုက်တာနဲ့ ကျေးဇူးများပုံတွေ ပြောခဲ့ပြီနော်၊ သီလာနုသတိ၊ မိမိရဲ့ သီလကို ပြန်ပြီးတော့ဆင်ခြင်ပါတယ်။ မိမိရဲ့ သီလကို ပြန်ဆင်ခြင်ပုံလေးမှာ ဝေဒနာနုပဿနာအခန်းထဲက ပေါင်ရိုက်ချိုးတဲ့ ကိုယ်တော်လေ၊ တိသမထေရ် တိသမထေရ် ဘုန်းကြီးတို့ ငယ်ငယ်ကတည်းက ကြားဘူးတယ်၊ ဝေဒနာရှုတယ်ဆိုတာ နာတာကို

http://www.dhammadownload.com

နာတယ်နာတယ် ရှုရတယ်တဲ့၊ တိသမထေရ်ကြီး ကြည့်ပါလားတဲ့။ မနာ နာအောင် ပေါင်ရိုက်ချိုးပစ်တာတဲ့၊ အခုကိုယ်တိုင် ဝိပဿနာ ဆရာဖြစ်လာတော့ ဒီ ကျမ်းဂန် ကြည့်ဦးမှပဲလို့ဆိုတော့ ဘုန်းကြီးထင်တာ တစ်ချောင်း ရိုက်ချိုးတယ်ထင်တာ ဘယ်ဟုတ်လို့လည်း၊ **ဒွေဥရှနိ**၊ နှစ်ချောင်းသော ပေါင်တို့ကို။ **ဘိန္ဒိတ္ဝာ**၊ ရိုက်ချိုး၍ ပေါင်နှစ်ချောင်းကို ကျောက်တုံးနဲ့ တစ်ခါတည်း ရိုက်ချိုးပစ် လိုက်တာ မနာနာအောင်၊ နာတဲ့ ဝေဒနာကို ရှုဖို့ ရိုက်ချိုးပစ်တာမဟုတ်ဘူး အာမခံတာ၊ ငါ့ကို တစ်ညတာ အသက်ရှင်ခွင့်ပေးပါ၊ ပုထုဇဉ်အဖြစ်နဲ့သေရင် လမ်းဆုံးမလား၊ သူက အရိယာအဖြစ်နဲ့သေချင်တာ။

ဝေဒနာကို ပယ်ခွာတယ်ဆိုတာ

အဲဒီတော့ ခိုးသား(၅၀၀)က နားမလည်ဘူး၊ ထွက်ပြေး ဘယ့်နှယ့်လုပ်မလဲ၊ ဘာနဲ့ အာမခံမလဲဆိုတော့ ငါမပြေးနိုင်တော့ပါဘူး ဆိုတာကို ပေါင်နှစ်ချောင်းလုံး ရိုက်ချိုးပြလိုက်တာ၊ ပေါင်နှစ်ချောင်းလုံး ရိုက်ချိုးပြလိုက်ပြီးတော့ "**ဝေဒနံ ဝိကွံ့ပေတ္ဝာ**" ဝေဒနံ၊ နာကျင်ကိုက်ခဲခြင်းတည်းဟူသော ဝေဒနာကို။ ဝိကွံ့ပေတ္ဝာ၊ ပယ်ခွာ၍။ ဒီလောက်ကြီး နှစ်ချောင်းလုံး လတ်လတ်ဆတ်ဆတ်ကြီး ရိုက်ချိုးထားတာကို နာကျင်တာကို ပယ်ခွာတယ်ဆိုတာဘယ်လိုလဲ၊ ဒီလောက်ကြီးနာနေတာကို ပယ်ခွာတယ်ဆိုတာ စဉ်းစားစရာပဲ၊ "**ဝိကွံ့ပေတ္ဝာ တိ အမနသိကရိတ္ဝာ**" ဝိကွံ့ပေတ္ဝာ၊ ပယ်ခွာတယ်ဆိုတာ။ အမနသိကာရိတ္ဝာ၊ နှလုံးမသွင်းပဲနေတာ၊ နှလုံးမသွင်းဘူး၊ အဲဒါ နာတာကို နာတယ်ရှု ရဟန္တာဖြစ်တယ်လို့ တစ်ချို့က စာမကြည့်ဘဲ ပြောတာ၊ သေချာကြည့် ဟုတ်ရဲ့လား၊ ဘာကို သူပြန်ပြီး ဆင်ခြင်သလဲဆိုတော့၊ ရဟန်းပြုသည်မှစ၍ ယခု အခါတိုင်အောင် ငါ၏သီလသည် စင်ကြယ်၏လောဟု သီလကို ပြန်ပြီး ဆင်ခြင်ပါတယ်။ သီလကို ပြန်ပြီး ဆင်ခြင်လိုက်တဲ့အခါကျတော့ သီလက ခရုသင်းပွတ်သစ်စကဲ့သို့ အစအဆုံးစင်ကြယ်ပါတယ်။ ဖြူစင်နေပါတယ်ဟု ဆင်ခြင် ဉာဏ်ဖြင့် သိပါတယ်။

သူ့သီလက စင်ကြယ်လိုက်တာ၊ နာတာကို သူအာရုံ မပြုဘူးလေ၊ သီလကိုအာရုံပြုတယ်၊ သီလကိုအာရုံပြုတော့ ရဟန်းရဲ့သီလတွေ စင်ကြယ်လိုက်တာ၊ သီလစင်ကြယ်တော့ စိတ်နှလုံးမချမ်းမြေ့ဘူးလား၊ ချမ်းမြေ့တယ်၊ ချမ်းမြေ့တဲ့ ဒီအာရုံကို ပီတိဖြစ်တယ်။ နှစ်သက်ဝမ်းမြောက်ခြင်း ကြည်လင်ရွှင်ပြခြင်းတွေ ဖြစ်တယ်၊ တိုတိုကတော့ ပီတိပေါ့၊ အဲဒီပီတိက သခ်ၓိရကၡန္ဓာပဲ၊ အဲဒီပီတိကို ခယတော ဝယတော ကုန်ခမ်း ပျက်စီးသော အားဖြင့် အနိစ္စ ဒုက္ခ အနတ္တနဲ့အတူတူပဲ၊ ပီတိ အစရှိတဲ့တရားကိုပဲ လက္ခဏာယာဉ် သုံးပါး ဆိုတဲ့ ခယ ဝယ ကုန်ခမ်းပျက်စီးသောအားဖြင့် ဆင်ခြင်ပြီးတော့ ဝိပဿနာ ရှုလိုက်တာ၊

http://www.dhammadownload.com

အရှုဏ္ဍာဂ္ဂမနေ၊ နေအရှုဏ်တက်သောအခါ၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ ရဟန္တာ ဖြစ်သွားပြီ။

အဲဒီတော့ ဒီအကြောင်းလေးမှာ နာတာကို ရှုတာမဟုတ်ဘူးနော်၊ သီလကို ပြန်ဆင်ခြင်တယ်၊ ပီတိဖြစ်တယ်၊ ဖြစ်လာတဲ့တရားကို ခယတော ကုန်ခမ်းသောအားဖြင့် ဝယတော ပျက်သောအားဖြင့် ကုန်းခမ်းပျက်စီးတယ် ဆိုတာ အနိစ္စနဲ့ အတူတူပဲလေ၊ မမြဲတာနဲ့ အတူတူပဲ၊ ဒီလိုလက္ခဏာယာဉ်သုံးပါး တင်ပြီး ရှုတော့ နေအရှုဏ်လည်းတက်ရော ရဟန္တာ ဖြစ်သွားပြီ၊ အဲဒီတော့ ပီတိသမ္ဘောဇ္ဈင် ဖြစ်အောင် မိမိသီလကို ပြန်ပြီးတော့ နှလုံးသွင်းအောက်မေ့ရမယ်၊ သီလဆိုတာ နေ့စဉ် ရေချမ်းကပ်မြဲတယ်၊ ဆွမ်းကပ်မြဲတယ်၊ ဘုရားရှိခိုးမြဲတယ်၊ ပုတီးစိတ်မြဲတယ်၊ တရားနှလုံးသွင်းကျင့်သုံးမှုတွေ မြဲတယ်၊ ဒီအခါမှာ ကာယက်၊ ဝစီက်၊ မနောက်တွေ ငြိမ်းချမ်း မနေဘူးလား၊ အဲဒီ သီလစင်ကြယ်ပုံတွေ ပြန်အာရုံပြုလိုက်ရင် နှစ်သက်မှုတွေ မဖြစ်ဘူးလား။

ဒါဖြင့် ငါ့ရဲ့သန္တာန်မှာ ပီတိသမ္ဘောဇ္ဈင် ဖြစ်ရဲ့လား မဖြစ်ရဲ့လား ဆင်ခြင်ရမယ်၊ မဖြစ်လို့ရှိရင် သီလကို ပြန်ဆင် ခြင်ရမယ်၊ သို့တည်းမဟုတ် ဘုရားကို အာရုံပြုရမယ်၊ တရား ကိုအာရုံပြုရမယ်၊ သံဃာတော်တွေကို အာရုံပြုရမယ်၊ သီလ ဆင်ခြင်လိုက်တော့ လေးခုဖြစ်မသွားဘူးလား။

လောဘကိုစွန့်နိုင်တဲ့သတ္တိဟာ အလောဘ

နောက် စာဂါနုဿတိဆိုတာ မိမိတတ်စွမ်းသရွေ့ ပေးကမ်းလှူဒါန်းနေတာကို စာဂါနုဿတိခေါ်ပါတယ်။ အခု တရားဓမ္မကို ကောင်းစွာ သင်ကြားကျင့်သုံးနာယူတဲ့အခါမှာ လည်းပဲ တရားဓမ္မကို ကောင်းစွာနာယူ ဆည်းပူးနေတဲ့အခါ မှာလည်းပဲ ရရာရ ကြောင်းအလုပ်တွေ ဟုတ်ရဲ့လား၊ ဥပမာ ဒီအချိန်မှာ ကားမထွက်လို့မဖြစ်ဘူး ထွက်ရမယ်၊ ဝိပဿနာ ပသုံးလုံးသင်တန်း သိပ်ကောင်းတယ်ပြောတယ်၊ မထွက်တော့ပါဘူး၊ တရားပဲလိုက်နာမယ်၊ ကားကိုစွန့်တာလား လောဘကိုစွန့်တာလား၊ လောဘကိုစွန့်တာ။

အေး ဒီစွန့်ခြင်းတည်းဟူသော လောဘကို ငါစွန့် လိုက်ပြီ ဟုတ်ရဲ့လား၊ စွန့်နိုင်သရွေ့ စွန့်လိုက်၊ အဲဒီလို မိမိစွန့် ကြဲတဲ့အခါမှာ တတ်စွမ်းသမျှပေးကမ်းလှူဒါန်းတော့လည်း စွန့်ကြတယ်ခေါ်တယ်၊ စွန့်ကြတယ်ဆိုတာ ဒီလိုရှိသေးတယ်၊ မိမိထက် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကိုတော့ လှူတယ်၊ ဒကာ ဒကာမ တွေက ဘုန်းကြီးကိုလှူမယ်ဆိုတာ လှူတယ်လို့ ဆိုရမယ်၊ ဘုန်းကြီးက ပြန်ပြီး ဒကာ ဒကာမတွေကို ပေးကမ်းတာကျတော့ စွန့်တယ်လို့ဆိုတယ်။ ဒီအခါမှာလည်း ပေးကမ်းလှူဒါန်းတဲ့အခါမှာ **"ဒါနံ အလောဘော**

http://www.dhammadownload.com

ဟေတု" ဒါနံ၊ လှူဒါန်း ပေးကမ်းခြင်းသည်။ အလောဘော ဟေတု၊ အလောဘလျှင် အကြောင်းရင်းရှိ၏။ ဒီလှူဒါန်းငွေအပေါ်မှာ တပ်မက်တဲ့ လောဘဖြစ်လို့ရှိရင် လှူဒါန်း နိုင်ပါ့မလား။ အေး လောဘကို စွန့်နိုင်တဲ့သတ္တိ ဟာ အလောဘပဲ၊ ဒါကြောင့် ပစ္စည်းဥစ္စာကို စွန့်တာလည်း စွန့်တယ်။

တရားမမှ ဘာဝနာပွားများ နေတဲ့အခါ မှာ ကိစ္စကြီး ငယ်အဝဝကို လောဘအနေနဲ့ မတပ်မက်ပဲ လောဘကိုစွန့်တယ်၊ အဲဒီလို မိမိစွန့်ခြင်းရဲ့အကြောင်းတွေကို အဖန် တလဲလဲ နှလုံးသွင်း အောက်မေ့နေတော့ ပီတိသမ္ဘောဇျင် ဖြစ်ပါတယ်။

နတ်ပြည်ကနတ်တွေ ချမ်းသာခြင်း

နောက် ဒေဝတာနုဿတိ၊ ဒေဝတာ နုဿတိဆိုတာ ဝေဒတာက နတ်၊ အနုဿတိ က အောက်မေ့တာ၊ နတ်ကို အောက်မေ့ နေရမှာ မဟုတ်ဘူး၊ အော် နတ်ပြည်မှာရှိတဲ့ နတ်တွေက အလွန်ချမ်းသာတယ်၊ ဘယ် လောက် ချမ်းသာသလဲဆိုရင် ဘုရားရှင်မျှား နတ်ပြည်ရဲ့အကြောင်းကို ဟောပြီဆိုရင် နားထောင်တဲ့ ပုဂ္ဂိုလ်တွေက မျက်စိထဲမှာ မြင်သလိုပဲ ထင်လာသတဲ့၊ စိတ်အာရုံနဲ့ ထင် လာတာပေါ့ ဘုရားရှင်က အဟောကောင်း တာကိုး၊ အဲဒီတော့ နတ်ပြည်ကနတ်တွေ ချမ်းသာ လိုက်တာ၊ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ နတ်ပြည်မှာ ချမ်းသာနေကြတယ်။

ဆွမ်းကပ်ခြင်း၊ ပန်းကပ်ခြင်း၊ ရေချမ်းကပ် ခြင်း အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုပြီး တော့ နတ်ပြည်ရောက်ပြီးတော့ နတ်ချမ်းသာ တွေရတယ်၊ ဒီကုသိုလ်ကောင်းမှုမျိုးတွေ ငါ့မှာလည်းရှိတာပဲလို့ ဒီလို နှလုံးသွင်းရမယ်။ နတ်တွေ အကြောင်းခံပြီးတော့ သူတို့ ဒီ ကုသိုလ်တွေကြောင့် ချမ်းသာရတယ်၊ သူတို့ပြုတဲ့ကုသိုလ်မျိုး ငါ့မှာလည်းရှိတာပဲလို့ ဒီလို နှလုံးသွင်းလိုက်ရင် ပီတိမဖြစ်ဘူးလား၊ ဒါပီတိသမ္ဘောဇျင် ဖြစ်ပုံ ပြောတာနော်။

ပဿဒ္ဓိသမ္ဘောဇျင်

ပဿဒ္ဓိသမ္ဘောဇျင်ကတော့ ငြိမ်းချမ်းတဲ့ သဘောက လျှောက်ပတ်တဲ့ဥတုမှာနေရမယ်၊ လျှောက်ပတ်တဲ့အစားကို စားရမယ်၊ သူတော် ကောင်းပညာရှိကို မှီဝဲရမယ်၊ တရားသဘော ကိုပဲ ထပ်တလဲလဲ အာရုံပြုနေရမယ်၊ ဒီအခါ မှာ ငြိမ်းချမ်းတာပဲ။

http://www.dhammadownload.com

သမာဓိသမ္မောဇ္ဈင်

သမာဓိသမ္မောဇ္ဈင်က စိတ်တွေတွန့်တိုပြီး စိတ်တွေပျံ့လွင့်နေမယ်ဆိုရင် ဝီရိယ၊ ဝီရိယဆိုတာ ခုနက သတိသမ္မောဇ္ဈင်၊ ဓမ္မဝိစယသမ္မောဇ္ဈင်၊ ဝီရိယသမ္မောဇ္ဈင်၊ အဲဒီ တရားတွေကို ပြန်နှလုံးသွင်းနေရင် အဲဒါ စိတ်နှလုံးတည်လာတာ သမာဓိသမ္မောဇ္ဈင် ဖြစ်နိုင်ပါတယ်။

ဥပေက္ခာသမ္မောဇ္ဈင်

ဥပေက္ခာသမ္မောဇ္ဈင်ဆိုတာက ပျက်စီးတတ်တဲ့တရား ပျက်စီးခြင်းသဘောရှိတယ်၊ **"ဘိဇ္ဇ နဓမ္မော"**၊ ဘိဇ္ဇနဓမ္မော၊ ပျက်စီးတတ်တဲ့ တရားသည်။ ဘိဇ္ဇတိ၊ ပျက်စီး၏။ ကံသာလျှင် အားကိုးရာရှိ၏။ ကံသာလျှင် ဝေဖန်၏။ ရဟန်းတော်များကို ဟောတာဆိုတော့ သက်နှံးကပေါက်သွားမယ်၊ စုတ်မယ်၊ ပြုမယ်၊ အော် ပျက်စီးတတ်တဲ့သဘောတရားသည် ပျက်စီးခြင်း သဘောရှိတာပဲလို့ ဒီလိုနှလုံးသွင်းလိုက်ရင် တပ်မက်ခြင်း ဆိုတဲ့တဏှာ၊ နှလုံးမသာခြင်းဆိုတဲ့ ဒေါမနဿ၊ အဲဒါ မဖြစ်တော့ပဲနဲ့ အဲဒီနှစ်ခုရဲ့ ဆုတ်နစ်ခြင်း၊ နှစ်သက်ခြင်း၊ ဆုတ်နစ်ခြင်းလည်း မရောက်ဘူး၊ နှစ်သက်ခြင်းလည်း မရောက်ဘူး၊ အလယ်အလတ်ဖြစ်သွားလို့ ဥပေက္ခာသမ္မောဇ္ဈင်။ အဲဒီတော့ ဗောဇ္ဈင်(၇)ပါး ပြည့်စုံသွားပြီပေါ့။

ဗောဇ္ဈင် (၇)ပါးလုံး စေတသိက်ဓတ္တုချည်းပဲ

အကုန်လုံး ချုပ်လိုက်တဲ့အခါကျတော့ သပိတ်အပေါက် ဥပမာလေ၊ မိမိသန္တာန်မှာ သတိသမ္မောဇ္ဈင် ဖြစ်ရင် ဖြစ်မှန်းသိ၊ ဒီ သတိသမ္မောဇ္ဈင်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှု။

ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ရင်လည်းပဲ ဓမ္မဝိစယသမ္မောဇ္ဈင်က ဉာဏ်ပညာပဲ သူက အရှုခံ၊ နောက်ဉာဏ်နဲ့နေ ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တလို့ ရှု။

ဝီရိယသမ္မောဇ္ဈင်ဖြစ်ရင် ဝီရိယက အရှုခံ ဉာဏ်က နေပြီးတော့ ဝီရိယကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှု။ ဘာလို့လဲ ဒီဗောဇ္ဈင်(၇)ပါးလုံး စေတသိက်တွေချည်းပဲ။

http://www.dhammadownload.com

ဒီခန္ဓာကို မတပ်မက်တော့ဘူး

ဝေဒနာကို ဝေဒနာကွန္ဓာ၊ သညာကို သညာကွန္ဓာ၊ ဝေဒနာ သညာမှ ကြွင်းတဲ့ စေတသိက်တွေကို သင်္ခါရကွန္ဓာ၊ အေး ခန္ဓာ ရှုတယ်ဆိုတာ ခန္ဓာတစ်ပါးခြင်းကို လည်းကောင်း၊ အကုန်လုံးကို လည်းကောင်း သတိထဲမှာ ထုထောင်းထည့် ပြီးတော့ အောက်မေ့နှလုံးသွင်းပြီးတော့ အော် ဒီတရားတွေက အနိစ္စ ဒုက္ခ အနတ္တလို့ လက္ခဏာယာဉ်သုံးပါး အပေါက်ကို မြင်အောင်ရှုရင် အနိစ္စ ဒုက္ခ အနတ္တယာဉ် ထောင်းထောင်း ကြေအောင် ရှုနေလျှင် ဒီခန္ဓာကို မတပ်မက်တော့ဘူး၊ တပ်မက်တယ်ဆိုတာ တဏှာပဲ၊ တဏှာ အကြောင်းခံလိုက်ရင် ဒုက္ခအကျိုးပေါ်တာပဲ၊ တဏှာအကြောင်းငြိမ်းသဖြင့် ဒုက္ခ အကျိုးငြိမ်းလိုက်တယ်၊ အဲဒီတော့ ဒုက္ခငြိမ်းအောင် ကျင့်တဲ့ နည်းပါပဲတဲ့။ ကိုင်း နားကြဦးစို့နော်။

သာဓု – သာဓု – သာဓု၊

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်။ တနလာနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။

ထေရဝါဒဓမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ဒီနေ့သင်ပြပေးမဲ့အခန်းကတော့ –

နိဗ္ဗာန်နဲ့ နိဗ္ဗာန်အာရုံပြု စိတ်စေလွှတ်နည်း၊ နိဗ္ဗာန်နဲ့ ပတ်သက်ပြီးတော့ သင်ပြပေးတော့မယ်ဆိုတော့ သစ္စာလေးပါးထဲက နိရောဓသစ္စာ၊ ဒီ နိဗ္ဗာန်အကြောင်းကို ဖြည်းဖြည်းပြောရတော့မယ်၊ ဗုဒ္ဓဘာသာရဲ့တရားဟာ အထူးခြားဆုံးက နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကတော့ ဒီအမှန်တရားတွေသိအောင်ကျင့်သုံးတဲ့ ဝိပဿနာမှ နိဗ္ဗာန်ရောက်ကြောင်းတရားပဲ၊ နိဗ္ဗာန်ဆိုတဲ့ သဘောသတ္တိကို သုတမယဉာဏ်အားဖြင့် နိဗ္ဗာန်ဟာ ဘယ်သဘောရှိတယ်လို့ ဆိုတာကို သိထားရမယ်၊ ဓမ္မစက္ကြာ နိရောဓသစ္စာခန်းမှာ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်။

ဉာဏ် (၃)ဉာဏ်နဲ့ အလုပ်(၄)မျိုး

သစ္စဉာဏ်က နိဗ္ဗာန်ရဲ့သဘောသတ္တိဟာ သိရမယ့် တရားသိတာ သစ္စဉာဏ်။

သိပြီးတော့ ဒီနိဗ္ဗာန်ကို ဉာဏ်ထဲမှာ မဂ်ဉာဏ်ပေါ်ပြီးတော့ တိုက်ရိုက် မျက်မှောက် ပြုနိုင်အောင် ထပ်ကာ ထပ်ကာ အာရုံပြုနေတာ၊ မိမိဉာဏ်ထဲမှာ ထင်းနေအောင် မြင်သွားတာ ကိစ္စဉာဏ်။

နိဗ္ဗာန်ကို ရပြီး ရောက်ပြီးတော့ ပြီးသွားပြီ၊ ပြုပြီးပြီ ကတဉာဏ်၊ ဘယ်ဘုရားပဲ ပွင့်ပွင့် နိဗ္ဗာန်ရောက်ကြောင်းက ကျင့်အပ်တဲ့ တရားတွေပဲ၊ နိဗ္ဗာန်ရောက်ဖို့ အလုပ်(၄)မျိုး–

(၁) ဒါန
(၂) သီလ
(၃) သမထ
(၄) ဝိပဿနာ

အဲဒီ (၄)ခုထဲက ဒါနပဲ ပြုပြု သီလပဲ ဆောက်တည်ဆောက်တည် သမထဘာဝနာ ဝိပဿနာဘာဝနာ အားထုတ်တိုင်း အားထုတ်တိုင်း နိဗ္ဗာန်ကို အာရုံပြုပြီး အားထုတ်ရမယ်၊ ဘယ်ကုသိုလ်ပဲပြုပြု ကုသိုလ်ကောင်းမှုမပြုခင် ပြုမယ်ဆိုထဲက နိဗ္ဗာန်ရရ ပါလို့၏ လို့ ဦးတည်ချက်ထားရမယ်။

http://www.dhammadownload.com

နိုရောဓ နဲ့ နိုရောဓသစ္စာ

နိုဗ္ဗာန်သိဖို့ မြန်မာလိုလေး နံပါတ်(၁)က ငြိမ်းခြင်း၊ နံပါတ်(၂)က ငြိမ်းရာ၊ နံပါတ်(၃)က ငြိမ်းကြောင်း၊ နိုရောဓ နဲ့ နိုရောဓသစ္စာ၊ နိုရောဓ နဲ့ နိုရောဓသစ္စာ မတူဘူး၊ နိုရောဓက ငြိမ်းခြင်း၊ ငြိမ်းရာ၊ နံပါတ် (၁) နဲ့ နံပါတ်(၂)က နိုရောဓ၊ နံပါတ်(၃)ငြိမ်းကြောင်းကြမှ နိုရောဓသစ္စာ၊ နံပါတ် (၁)ငြိမ်းခြင်းအရ အဝိဇ္ဇာ တဏှာ အစရှိသော ကိလေသာတို့ ငြိမ်းသွားတာကို ရတယ်၊ နံပါတ်(၂) ငြိမ်းရာ၊ ငြိမ်းရာက ဘယ်မှာ သွားငြိမ်းကြလဲဆိုတော့ သောတာပန်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နိုဗ္ဗာန်ကို မြင်နိုင်တဲ့ စိတ်တစ်ချက် ဖြစ်လိုက်တာ၊ သောတာပတ္တိမဂ်စိတ်လို့ ခေါ်တယ်၊ **"မဂ္ဂဘိညာ၊ သကိမတာ"** အဲဒီ မဂ်စိတ်သည် တစ်ကြိမ်ပဲဖြစ်တယ်၊ စိတ်ဆိုတာ အလွန် မြန်တယ်နော်၊ အဲဒီစိတ် တစ်ကြိမ် ဖြစ်လိုက်လို့ရှိရင် သူ့သန္တာန်မှာ အပယ်ခန္ဓာ ငြိမ်းသွားတယ်၊ အဲဒီအငြိမ်းဟာ နိုဗ္ဗာန်ကို သွားသိလိုက်လို့ ငြိမ်းတာနော်၊ နိုဗ္ဗာန်မှာ ငြိမ်းတာလား၊ သိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ငြိမ်းတာလား၊ နိုဗ္ဗာန်ကို စိတ်နဲ့ တစ်ချက်သွားသိလိုက်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ငြိမ်းသွားတယ်၊ ဘာတွေငြိမ်းသွားလဲဆိုတော့ သံသရာ၊ ခန္ဓာ၊ ဝဋ်ဆင်းရဲ အဲဒီတရားတွေ ငြိမ်းသွားတယ်၊ တစ်ချက် သွားသိတာနော်၊ ဒါသောတာပန်၊ ဒုတိယတစ်ကြိမ် သွားသိတော့ နိုဗ္ဗာန်ကို စိတ်နှစ်ချက်မြောက်သွားသိလိုက်တာကို သကဒါဂါမိမဂ် ခေါ်တယ်နော်၊ သကဒါဂါမ်ဆိုတာ ကာမဘုံကို ခန္ဓာတစ်ကြိမ်ပဲ ဖြစ်တော့မယ်၊ အကြိမ်များစွာ ဖြစ်ခွင့်ရှိတာတွေ ငြိမ်းသွားတာဟာ နိုဗ္ဗာန်ကို ဒုတိယအကြိမ် သိတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ငြိမ်းတာ၊ တတိယအကြိမ် စိတ်က တစ်ချက်ပဲ သွားသိတာ၊ အနာဂါမ် ခေါ်တယ်နော်၊ အနာဂါမ်ဆိုတာ ဒီကာမဘုံသို့ တစ်ကြိမ်မှ မလာတော့ဘူး၊ စတုတ္ထ မြောက်သိလိုက်တာကို အရဟတ္တမဂ် ရဟန္တာ၊ နောက်ထပ် ခန္ဓာဖြစ်ခွင့် အကုန်လုံး ငြိမ်းသွားတာ၊ သိတဲ့ပုဂ္ဂိုလ်သန္တာန်မှာ ငြိမ်းတာ၊ နိုဗ္ဗာန်က ငြိမ်းကြောင်း၊ နံပါတ် (၃)၊ ဒီခန္ဓာတွေ ငြိမ်းသွားတာ နိုဗ္ဗာန်ကို သွားသိလိုက်လို့ ငြိမ်းသွားတာ၊ နိုဗ္ဗာန်က အကြောင်းတရား၊ ငြိမ်းသွားတာက အကျိုးတရား၊

ကိုင်း နားကြဦးစို့။

သာဓု – သာဓု – သာဓု၊

http://www.dhammadownload.com

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှံသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာ အကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

အနှစ်သာရ အရှိဆုံးတရား

ဗုဒ္ဓမြတ်စွာတရားတော်၏ အနှစ်သာရ အရှိဆုံး အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သော တရားကတော့ နိဗ္ဗာန်တရားပါပဲ။

တရားတော်ထဲမှာ အမြတ်ဆုံးတရားက နိဗ္ဗာန်၊ အစင်ကြယ်ဆုံးတရားက နိဗ္ဗာန်၊ အကောင်းဆုံးတရားက နိဗ္ဗာန်။

နိဗ္ဗာန် သဘောကို သိဖို့ကောင်းတယ်၊ နိဗ္ဗာန်ကို ၃-မျိုး ၃-စား ပြောကြတယ်–

(၁) ငြိမ်းခြင်း

(၂) ငြိမ်းရာ

(၃) ငြိမ်းကြောင်း

နိဗ္ဗာန်ဟာ သိအပ်တဲ့တရား၊ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ် ဆိုတဲ့ သိတတ်တဲ့အသိဟာ ၄–ကြိမ် ဖြစ်လိုက်တာ၊ သိလိုက်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ နောက်ဆုံး ၄–ကြိမ်လည်း မြောက်ရော ခန္ဓာလုံးဝငြိမ်းမသွားဘူးလား၊ ခန္ဓာငြိမ်းသွားတော့ ဒုက္ခရှိသေးလား၊ ခန္ဓာကို ဒုက္ခခေါ်တယ်၊ ဒုက္ခတွေ ငြိမ်းတယ်ဆိုတာ ရှိသေးရဲ့လား၊ မရှိတဲ့တရားဟာ နိဗ္ဗာန်မဟုတ်ဘူး။

ခန္ဓာ ဒုက္ခတွေငြိမ်းသွားတာ နိဗ္ဗာန်မဟုတ်ဘူး၊ ငြိမ်းကြောင်းသတ္တိသည်သာ နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတာ လုံးဝမရှိဘူးဆိုရင် ခန္ဓာတွေငြိမ်းပါ့မလား၊ အဇာတသုတ်မှာ–

(၁) ရဟန်းတို့၊ နိဗ္ဗာန်သည် ထင်ရှားရှိ၏။

(၂) ရဟန်းတို့၊ အကယ်၍ နိဗ္ဗာန်သည် ထင်ရှားမရှိငြားအုံ့၊

(၃) ဤလောကမှာ ဒုက္ခ၏ထွက်ပေါက်သည် မထင်ရှားရာ၊

(၄) အကြင်ကြောင့် နိဗ္ဗာန်သည် ထင်ရှားရှိ၏။

(၅) ထို့ကြောင့် ဒုက္ခမှ လွတ်မြောက်ရာသည် ထင်ရှား၏။

ဒုက္ခနဲ့ နိဗ္ဗာန်

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် မူတည်ထားတာ ၄-မျိုးပဲရှိတယ်၊ နိဗ္ဗာန်ကလွဲရင် စိတ်၊ စေတသိက်၊ ရုပ် ၃-မျိုးလုံးသည် ဒုက္ခ၊ ဒုက္ခနဲ့ နိဗ္ဗာန်ရှုကွက် ၂-ကွက်ပဲရှိတယ်။

http://www.dhammadownload.com

သတိပဋ္ဌာန်က ဒုတိယအခန်းလေးကို ချဲ့ပြောမယ်၊ သွားတယ်, ရပ်တယ်, ထိုင် တယ်, လျောင်းတယ်၊ ၄-မျိုးမလာဘူးလား၊ နိဗ္ဗာန် သတ္တိထဲမှာလား၊ ဒုက္ခအစုထဲမှာလား၊ ဒုက္ခ အစုထဲမှာ သေချာတယ်နော်၊ ဒီလို ဆင်ခြင်ပြီး တော့မှ ဒုက္ခထဲမှာ ငါမပါဘူး၊ သွားရ ထိုင်ရ လို့၊ အသက်အရွယ်ကြီးလို့၊ အိုမင်းရင့်ရော်နေ ရလို့ သိတဲ့ဒုက္ခဟာ ပုထုဇဉ်တွေသိတဲ့ဒုက္ခ။

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို လုံးဝမပါဘဲ နဲ့ ဆင်းရဲအမှန်တရား ရှိသေးတယ်။ သာဓက တစ်ခုပြောမယ်–

ရာဇဂြိုဟ်သူဌေး၊ ရာဇဂြိုဟ် သူဌေးဆိုတာ ရွှေတုံး ရွှေခဲ ကုဋေရှစ်ဆယ်ရှိတာ၊ သူဌေး ခေါင်းကိုက် ရောဂါကြီး ဖြစ်စဉ်က ဆရာဇီဝက က ရာဇဂြိုဟ် သူဌေးရဲ့ ခေါင်းကိုက်ရောဂါ ဘယ်လိုကုရင် ကောင်းမလဲ စဉ်းစားတယ်၊ သူဌေးက ဆေးဖိုးဝါးခ သူဌေး စည်းစိမ်အကုန် ပေးမယ်တဲ့၊ ဆရာဇီဝက က ပြန်မပြောဘူး၊ ဘယ်လို ကုရင်ကောင်းမလဲ စဉ်းစားတယ်၊ မကျေနပ်ဘူးထင်လို့ သူဌေးစည်းစိမ် အကုန် ပေးရုံမက တစ်သက်လုံး ကျွန်ခံမယ်ပြော တယ်၊ ခေါင်းကိုက်ရောဂါဆိုတာ ကိုယ်ဆင်း ရဲ စိတ်ဆင်းရဲရော မရှိဘူးလား၊ အနာရောဂါ ဘယ်လောက်ကြီးကြီး ဆေးနဲ့တွေ့ရင် မပျောက်ဘူးလား၊ စိတ်ဆင်းရဲ တယ်ဆိုတာ ဝမ်းသာစရာနဲ့တွေ့ရင် မငြိမ်းဘူးလား၊

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မပါဘဲနဲ့ ဒုက္ခ သစ္စာ သက်သက် ဆင်းရဲအမှန်ရှိသေးတယ်၊ မြင်လိုက်ရင်လည်း ခန္ဓာ ၅-ပါး တစ်စုံ၊ စိတ်၊ စေတသိက်၊ ရူပ် တစ်စုံ။

(၁) စက္ခုပသာဒ– ရူပါရုံက ရူပက္ခန္ဓာ

(၂) စက္ခုဝိညာဏ်စိတ်က ဝိညာဏက္ခန္ဓာ

(၃) ဝေဒနာက ဝေဒနက္ခန္ဓာ

(၄) သညာက သညက္ခန္ဓာ

(၅) ကျန်တဲ့ စိတ်၊ စေတသိက်တွေက သခ်ါရက္ခန္ဓာ၊

ခန္ဓာ ၅-ပါး တစ်စုံ၊ စိတ်ဖြစ် ပြီးတာနဲ့ မျက် တောင် တစ်ခတ်အတွင်းမှာ အခုဖြစ်ပြီး အခု ပျက်သွားတာ၊ အတိုအရှည်မရှိ ပုံပန်းသဏ္ဌာန် ရှိမလား မရှိဘူး၊ အဲဒါ အနတ္တခန္ဓာပဲ၊ ဒီခြေဆုံး ခေါင်းဆုံးက အတ္တခန္ဓာခေါ်တယ်၊ အတ္တခန္ဓာ ကိုရှုလို့ ကမ္မဋ္ဌာန်းမှန်ရင် သမထ။

(၁) မြင်လိုက်ရင်လည်း ခန္ဓာ ၅-ပါး တစ် စုံ၊ အနတ္တခန္ဓာက ပုံသဏ္ဌာန် မရှိ၊ သဘောသတ္တိ၊

(၂) ကြားလိုက်ရင်လည်း ခန္ဓာ ၅-ပါး တစ်စုံ၊

(၃) နံလိုက်ရင်လည်း ခန္ဓာ ၅-ပါး တစ်စုံ၊

(၄) စားလိုက်ရင်လည်း ခန္ဓာ ၅-ပါးတစ်စုံ၊

(၅) ထိလိုက်ရင်လည်း ခန္ဓာ ၅-ပါး တစ်စုံ၊

(၆) သိလိုက်ရင်လည်း ခန္ဓာ ၅-ပါး တစ်စုံ၊ အားလုံး အာရုံ (၆)ပါးနှင့် လွတ်ပြီး တော့ နေလို့မရ၊

ဒီ ၆-ပါးနဲ့ တစ်ပါးပါး တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း စိတ်၊ စေတသိက်၊ ရူပ်တွေ ဖြစ်ပေါ်မလာဘူးလား၊ ဖြစ်ပေါ်လာတိုင်း စိတ်တွေ ရူပ်တွေဟာဖြစ်ပြီး ပျက်မနေဘူး လား၊ အဲဒီ အပျက်အစုသည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မပါဘဲနဲ့ ဆင်းရဲအမှန် ဒုက္ခ အစစ်။

http://www.dhammadownload.com

ဒုက္ခငြိမ်းတာနဲ့ နိဗ္ဗာန် တခြားစီ

ပရမတ္ထသတ္တိလေးတွေ စုပေါင်းပြီး ပျက်နေတာကို ဒုက္ခလို့ မြင်အောင် ထင်အောင် ရှုလိုက်တဲ့အခါကျတော့ နောက်ဆုံးဉာဏ်သည် နိဗ္ဗာန်ထိဆိုက်တော့ ဒီဉာဏ်ရှင်ရဲ့ သန္တာန်မှာ ဒုက္ခငြိမ်းသွားတယ်။

ဒါဖြင့် ဒီ စိတ်၊ စေတသိက်၊ ရုပ်ကို မရှုဘဲနဲ့တော့ နိဗ္ဗာန်မရောက်နိုင်ဘူး။

ဝိပဿနာရှုတယ်ဆိုတာ ဒီ စိတ်၊ စေတသိက်၊ ရုပ်ကို ဒုက္ခ ဒုက္ခလို့ မြင်အောင် ရှုရတယ်၊ ဒုက္ခကို အစွမ်းကုန် ကမ်းကုန်အောင် မြင်လိုက်ရော ဒီ မြင်လိုက်တဲ့ဉာဏ်က ရင့်သန်ပြီး နိဗ္ဗာန်ဆိုက်သွားတယ်။ ဒီဉာဏ်ရှင်ရဲ့ သန္တာန်မှာ ဒုက္ခငြိမ်းသွားတယ်၊ ဒုက္ခငြိမ်းတာဟာ ခန္ဓာဆီမှာ ငြိမ်းတာ၊ **"နိဗ္ဗာန်ကို မြင်သောပုဂ္ဂိုလ်၏ သန္တာန်မှာသာ ထူးခြားသည်၊ နိဗ္ဗာန်၌ကား မထူးခြား။"**

အသခ်ံတပကာသနိကျမ်း – နိဗ္ဗာန်၏ သဘောကို ထင်ထင်ရှားရှား ပြတဲ့ကျမ်း၊ ဆရာတော် ဦးပညာသီဟ ရေးတယ်။

– နိဗ္ဗာန်ကို ဒုက္ခနိရောဓ၊ အရိယာသစ္စာဟု ဆိုအပ်၏။

– ဆင်းရဲ၏ချုပ်ခြင်းမျှကို မဆို၊

– နိဗ္ဗာန်ကို ဗာလ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သိနိုင်ခဲ၏။

(ဝိသုဒ္ဓိမြန်မာပြန် ဒုတိယအုပ် စာမျက်နှာ-၄၉၀၊ ဘယ်ဘက်မျက်နှာ အလယ်ခေါင် ဒုတိယပိုဒ်က စတယ်။)

ဗုဒ္ဓဘာသာ တရားတော်ဟာ အလွန်နက်နဲတယ်၊ သိမ်မွေ့တယ်၊ ဒုက္ခချုပ်တာ နိဗ္ဗာန်လို့ ပြောကြတယ်၊ နိဗ္ဗာန်က နိရောဓ သစ္စာ၊ ချုပ်ငြိမ်းသွားတာက နိရောဓ၊

ယောဂီပုဂ္ဂိုလ်တို့ သာမည အလိုရှိအပ် တဲ့ နိဗ္ဗာန်က နိရောဓ၊ ဘုရား ရဟန္တာတို့ အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုသွားတဲ့ နိဗ္ဗာန်သည် နိရောဓကို အာရုံပြုတာမဟုတ်ဘူး၊ ဘုရား ပွင့်ပွင့် မပွင့်ပွင့် ထင်ရှားရှိတဲ့ နိဗ္ဗာန်၊ ကာလ သုံးပါးနဲ့ လွတ်နေတဲ့ နိဗ္ဗာန်၊ အဲဒီ နိဗ္ဗာန်သတ္တိကို ဉာဏ်နဲ့ ဆိုက်သွားကြတာ၊ ဉာဏ်ရှင်ရဲ့ သန္တာန်မှာ ဒုက္ခတွေ ငြိမ်းသွားတယ်၊ ဒုက္ခ ငြိမ်းတာ တခြား၊ နိဗ္ဗာနသတ္တိက တခြား၊ နိဗ္ဗာနသတ္တိက နိရောဓ သစ္စာ၊ ငြိမ်းသွားတဲ့ ဒုက္ခက နိရောဓ၊ နိရောဓ သစ္စာဟာ နိရောဓ မဟုတ်ဘူး၊ နိရောဓက တခြား၊ နိရောဓသစ္စာက တခြား။

နိရောဓ နဲ့ နိရောဓသစ္စာနှိုင်းချိန်ရှု

နိရောဓကား - စိတ်၊ စေတသိက်၊ ရုပ် ဆိုတဲ့ ဒုက္ခငြိမ်းသွားတာ။

နိရောဓသစ္စာကား - စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ဒုက္ခငြိမ်းခြင်း၏ အကြောင်းခံသတ္တိ အထူးဖြစ်တဲ့ မဂ်ဉာဏ်ဖြင့် သိမြင်လိုက်ရတဲ့ နိဗ္ဗာနဓာတ်။

http://www.dhammadownload.com

အချုပ်မှာ – စိတ်၊ စေတသိက်၊ ရူပ်၊ နိဗ္ဗာန် ဆိုတဲ့ သတ္တိလေးမျိုးပဲရှိတယ်။ စိတ်၊ စေတသိက်၊ ရူပ်ဟာ ဒုက္ခတစ်စုပါပဲ၊ နိဗ္ဗာန်က သတ္တိတစ်ခု၊ ဒီနှစ်ခုပဲရှိတယ်လို့ ဘုရားဟောတော်မူတယ်။ (သံ–၂–၉၇/၅၅၂ ပုဗ္ဗေစာဟံ ဘိက္ခဝေ ဧတရဟိစ-)

ဉာဏ်မျက်စိနဲ့ တစိမ့်စိမ့်ထင်အောင် ရှုထင်ခဲတယ်၊ နောက်ဆုံးတော့ နိဗ္ဗာနဓာတ် သတ္တိမြတ်ကြီးကို မဂ်ဉာဏ်ဆိုတဲ့ ဉာဏ်မျက်စိနဲ့ အစွမ်းကုန် ထင်မြင်လိုက်ရော ဒုက္ခခပ်သိမ်းလည်းငြိမ်းသွားပါရော၊ ဒုက္ခခပ်သိမ်းဆိုတဲ့ စိတ်၊ စေတသိက်၊ ရူပ် ဒုက္ခအစု ဖြစ်ပေါ်ခွင့်မရှိတော့ဘဲ အဆင့်ဆင့် ငြိမ်းသွားတာဟာ ငြိမ်းခြင်း နိရောဓပါပဲ၊ မဂ်ဉာဏ်နဲ့ အသိခံလိုက်ရတဲ့ နိဗ္ဗာန ဓာတ်ကြီးကတော့ ဒုက္ခခပ်သိမ်းငြိမ်းခြင်း၏ အကြောင်းရင်း နိရောဓသစ္စာ ငြိမ်းကြောင်းတရားထူးတရားမြတ်ကြီးပါပဲလို့ ခွဲခြားသိရပါတယ်။ (သစ္စာယမိုက်၊ ပဏ္ဏာတ္တိဝါရ – ၂၀၈ အပိုဒ် – ၁၀)

နိဗ္ဗာနဓာတ် သတ္တိမြတ်ကြီးရှိသောကြောင့်သာ ဒုက္ခခပ်သိမ်းငြိမ်းရပါသည်။ (ဥဒါန်းပါဠိတော် – ၁၇၈ ဣတိဝုတ်ပါဠိတော် ၂၂၀ အဇာတသုတ်)

ဒုက္ခနဲ့ နိဗ္ဗာန်ကား ဘုရားပွင့် ပွင့် မပွင့် ပွင့် ရှိနေတယ်။ (အံ–၁–၂၉၀ ဥပ္ပါဒါဝါ အနုပ္ပါဒါဝါ တထာဂတာနံ)

နောက်ဆုံးတော့ ဒုက္ခအစုပဲ ငြိမ်းသွားတယ်။ (သံ –၁–၁၃၇ နည် ဒုက္ခံ နိရုဇ္ဈတိ။ ၎င်း ၂၅၈ အပေါ်ဆုံး– ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ။)

ဒုက္ခငြိမ်းတော့ နိဗ္ဗာနဓာတ်ပဲ အရှည်သဖြင့် ကာလသုံးပါးကလွတ်ပြီး ကျန်နေတော့တယ်လို့ နိဗ္ဗာနဓာတ်ကို စူးစူးစိုက်စိုက် အာရုံပြုပေးနေရပါတော့သတည်း။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်။ အင်္ဂါနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။ ထေရဝါဒဓမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ-သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွင့်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ကုန်ခြင်း-နှင့်-ကုန်ကြောင်း

နိဗ္ဗာန်ရဲ့သဘောသတ္တိကို ရှင်းပေးတဲ့အခါ ချုပ်ငြိမ်းခြင်းနှင့် ချုပ်ငြိမ်းကြောင်း၊ ချုပ်ငြိမ်းခြင်းဆိုတာ **နိရောဓ**။ ချုပ်ငြိမ်းကြောင်း ဆိုတာ **နိရောဓသစ္စာ**။ ဒီနေ့တော့ ကုန်ခြင်းနှင့် ကုန်ကြောင်း နိဗ္ဗာန်နှင့်ပတ်သက်လို့ ဘုရားရှင်ကိုယ်တော်တိုင်လည်းကောင်း၊ များသောအားဖြင့် အမေးအဖြေက ရှင်မဟာကောဋ္ဌိက အမေး၊ ရှင်သာရိပုတ္တရာ အဖြေ၊ နိဗ္ဗာန်နဲ့ ပတ်သက်ပြီးတော့ မေးတာ၊ ဖြေတာ အဲဒီမထေရ်ကြီး ၂-ပါး အမေးအဖြေများတယ်၊ အဖြေမှာတော့လွယ်တဲ့ ပါဠိကို လိုက်ဆိုလိုက်ရအောင်။

"ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော" နိဗ္ဗာန်ကို ဖြေတဲ့အခါမှာ ဘုရားရှင်ဖြေသွားရင်လည်းပဲ ဒီစကား ၃-ခွန်းဖြေတာပဲ၊ ရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးမေးလို့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဖြေတဲ့အခါ ဒီစကား ၃-ခွန်းကိုပဲ ဖြေတာ။ ရာဂက္ခယောဆိုတာက ရာဂ ခေါ်တယ်၊ တဏှာ ခေါ်တယ်၊ လောဘခေါ်တယ်၊ အကုန်အတူတူပဲ၊ လောဘဆိုတဲ့ တရားကုန်တာ၊ ဒေါသက္ခယောဆိုတာ ဒေါသကုန်တာ၊ မောဟက္ခယောဆိုတာ မောဟကုန်တာ။

လောဘ၊ ဒေါသ၊ မောဟ ကုန်တာ နိဗ္ဗာန်လားလို့ မေးခွန်းထုတ်လိုက်တဲ့ အခါကျတော့ ကုန်ခြင်းက တခြား၊ ကုန်ကြောင်းက တခြား၊ ဒီလိုသွားတယ်၊ ရာဇအမည်ရှိသော ရဟန်းအိုကြီးရဲ့ အမေး-

"နိရောဓေါ နိရောဓောတိ ဘန္တေ ဝုစ္စတိ၊ ကတမောနုခေါ ဘန္တေ နိရော ဓောတိ"

ဘန္တေ ၊ ရှေ့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ နိရောဓော နိရောဓောတိ၊ ချုပ်ငြိမ်း၏ ချုပ်ငြိမ်း၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။ ဘန္တေ၊ရှေ့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၊ နိရောဓောတိ၊ ချုပ်ငြိမ်း၏ဟူသည်။ ကတမောနုခေါ၊အဘယ်ပါ နည်းဘုရား။

http://www.dhammadownload.com

အဖြေတိုက်ရိုက်ကတော့-

"ရူပ်နိရောဓ ဓမ္မော၊ ဝေဒနာနိ ရောဓ ဓမ္မော၊ သညာ နိရောဓ ဓမ္မော၊ သင်္ခါရာ နိရောဓ ဓမ္မော၊ ဝိညာဏ် နိရောဓ ဓမ္မော" ရူပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ဒီ ၅-ပါးကို ခန္ဓာ ၅-ပါးခေါ်တယ်၊ ခန္ဓာ ၅-ပါးက နိရောဓ တရား၊ ငြိမ်းတဲ့ တရား၊ ငြိမ်းခြင်းတရား။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် ပြုအပ်တဲ့ နိဗ္ဗာန် က ငြိမ်းကြောင်းတရား။ သူတော်ကောင်းတို့ အလိုရှိအပ်တဲ့တရားက ငြိမ်းကြောင်းတရား ဖြစ်တဲ့ နိဗ္ဗာနဓာတ်ကို အာရုံပြုရမယ်၊ အလိုရှိ အပ်တယ်။

ရာဓ မထေရ်မြတ်က ဆက်မေးပြန်တယ်၊

"ဓယဓမ္မော၊ ဓယဓမ္မောတိ၊ ဘန္တေ ဝုစ္စတိ၊ ကတမော နုခေါ ဘန္တေ ဓယ ဓမ္မောတိ"

ဘန္တေ၊ ရှေ့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဓယဓမ္မော ဓယဓမ္မောတိ၊ ကုန်ခမ်းတတ်သောတရား ကုန်တတ်သောတရား ဟူ၍။ ဝုစ္စတိ၊ အဆူဆူပွင့်ငြား ဘုရားရှင်တို့ မိန့်ကြားတော်မူပါပေ၏။ ကုန်သွားတဲ့ တရားလို့ မိန့်ကြပါသည်။ ဘန္တေ၊ ရှေ့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဓယဓမ္မော၊ ကုန်သောတရားဟူသည်။ ကတမောနုခေါ၊ အဘယ်ပါနည်းဘုရား။ လိုက်ဆိုရအောင်-

"ရူပ် ဓယဓမ္မော၊ ဝေဒနာ ဓယ ဓမ္မော၊ သညာ ဓယဓမ္မော၊ သင်္ခါရာ ဓယဓမ္မော၊ ဝိညာဏ် ဓယဓမ္မော" ဓယ၊ ကုန်တယ်နော်။ ဝိပဿနာရှုတဲ့အခါမှာ ဓယ-ဝယ-ကုန်ခြင်းသဘော၊ ပျက်ခြင်းသဘောလို့ ရှုရတယ်၊ ကုန်သွားတဲ့သဘောတရားဟာ ဘယ်တရားလဲ ဆိုရင်၊ ရူပ်ဆိုတဲ့ ရူပကွန္ဓာတွေ၊ ဝေဒနာဆိုတဲ့ ခံစားမှုတွေ၊ သညာဆိုတဲ့ မှတ်သားမှု တွေ၊ သင်္ခါရဆိုတဲ့ ပြုပြင်တတ်တဲ့ တရားတွေ၊ ဝိညာဏ်ဆိုတဲ့ သိမှုတရားတွေ ကုန်တယ်တဲ့။

ဖြည်းဖြည်းလေး စဉ်းစားကြည့်၊ ဘုန်းကြီးတို့ဆို နှစ်ပေါင်း ၇၀-ကုန်ခဲ့ပြီ၊ ဟုတ်ကဲ့ လား၊ ၁၀-နှစ် ဆိုတဲ့ ပုဂ္ဂိုလ်က ၁၀-နှစ်လုံးလုံး ရူပ်နာမ်တရားတွေ ကုန်ခဲ့ပြီ၊ အသက် ၂၀၊ ၂၀-လုံးလုံး ကုန်ခဲ့ပြီ၊ ၄၀၊ ၄၀-လုံးလုံး ကုန်ခဲ့ ပြီ၊ ၆၀၊ ၆၀-ရှိတဲ့သူလည်း နှစ်ပေါင်း ၆၀-ကုန်ခဲ့ပြီ၊ တဖြည်းဖြည်းဆင်ခြင်ကြည့်၊ တရားဆိုတာ ဆင်ခြင်ရတယ်၊ ဆင်ခြင်လို့ ထင်လာတဲ့ တရားကို မပြတ်နှလုံးသွင်းတာကို ကျင့်တယ်လို့ ဆိုတယ်။ ဘုရားရှင်ကျတော့ ဘာဝိတာ၊ ပွားများကုန်ကြပြီ။ ဘာဝိတာ၊ မနောစိတ်အစဉ်၌ ထင်ထင်အပ်၍ မပြတ်နှလုံးသွင်းကုန်ပြီ။ ဗာဟုလီကတာ၊ ကြိမ်ဖန်များစွာလေ့ကျင့် အပ်ကုန်ပြီ။ ဗာဟုလီကတာ၊ အာဇာနည် သိန္ဓောမြင်းကဲ့သို့ လျင်လျင် သွက်သွက် အရှိန်အဟုန်တက်၍ ပြေးသကဲ့သို့ ဝိရိယဉာဏ်စက် ရှိန်ရှိန်တက်၍ ဝိပဿနာဉာဏ်စက် အချက်ကျအောင် မပြတ် နှလုံးသွင်း ကြိမ်ဖန်များစွာ လေ့ကျင့်အပ် ကုန်သည်၊ အဲဒါ ဘုရားစကား။

ကျင့်တယ်ဆိုတာ အားထုတ်တယ်ဆိုတာ အဲဒါပဲ၊ ဉာဏ်ရဲ့အလုပ်၊ အဲဒီ ခန္ဓာ ၅-ပါး ကုန်သွားတာကို ဓယဓမ္မော၊ ကုန်တတ်တဲ့ တရား၊ ကုန်သွားတဲ့တရား၊ ကုန်ခြင်းတရား၊

http://www.dhammadownload.com

နိဗ္ဗာန်က ကုန်ကြောင်းတရား၊ ကုန်ခြင်း၏ အကြောင်းခံသတ္တိထူး၊ နောက်ဆုံး အဆုံးစွန် ကုန်သွားတယ်။

ဘုန်းကြီးပြောချင်တာက ခယ–ကုန်ခြင်း သဘော၊ ဝယ–ပျက်ခြင်းသဘော၊ ရာဓ မည်တဲ့ ပုဏ္ဏားကြီးက ဘုရားကို ထပ်ပြီးမေးတယ်၊ **"ဝယဓမ္မော ဝယဓမ္မောတိ ဘန္တေ ဝုစ္စတိ"** ဘန္တေ၊ရှေဘုန်းတော်သခင် ရှင်မြတ် ဘုရား။ ဝယဓမ္မော ဝယဓမ္မောတိ၊ ပျက်သော သဘော ပျက်သောသဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။ ဘန္တေ၊ရှေဘုန်းတော်သခင် ရှင်ပင်မြတ် ဘုရား။ ဝယဓမ္မောတိ၊ ပျက်သော သဘော တရားဟူသည်။ ကတမောနု၊ အဘယ်ပါ နည်းဘုရား။ ကဲ လိုက်ဆိုရအောင်၊ **"ရူပံ ဝယဓမ္မော၊ ဝေဒနံ ဝယဓမ္မော၊ သညံ ဝယဓမ္မော၊ သင်္ခါရာ ဝယဓမ္မော၊ ဝိညာဏံ ဝယဓမ္မော"**၊ အဲဒီတော့ ရိုးရိုးလေးပဲ၊ ရူပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာ ၅-ပါးသည် ပျက်ခြင်း သဘော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်မျက် မှောက်ပြုအပ်တဲ့ နိဗ္ဗာနဓာတ် သတ္တိမြတ် သည်က ပျက်ခြင်း၏ အကြောင်းခံ သဘော၊ ပျက်ခြင်း၏ အကြောင်းခံ သတ္တိထူးသည် သာလျင် ဘုရား အစရှိသော အရိယာပုဂ္ဂိုလ် တို့ မျက်ဝါးထင်ထင် ဉာဏ်အမြင်ဖြင့် ရှုမြင် အပ်သော နိဗ္ဗာန်တရားပေတည်း။

နိဗ္ဗာန်က အာရမ္မဏိကတရားလား၊ အာရုံ တရားလားဆိုရင် အာရုံ ၆– ပါးထဲ မှာ ပါတယ်၊ အာရမ္မဏိကတရားဆိုတာ သိတတ်တဲ့ တရားတွေ။ အာရုံဆိုတာ သိအပ်တဲ့ တရားတွေ။ အာရုံက ၆–မျိုးလေ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ပြီးတော့ ဓမ္မာရုံ၊ ဓမ္မာရုံက ၆–မျိုးရှိတယ်။ အကုန်လုံး ချုပ်လိုက်တဲ့အခါကျတော့ ဒုက္ခ ချုပ်တာ နိဗ္ဗာန်လို့ပြောတယ်၊ ပြောတော့ ပြောကောင်းပါတယ်။ အဲဒီအတိုင်းတော့ မဟုတ်ဘူး ဒုက္ခ ဆိုတာ ဘယ်တရားလဲ ဆိုတော့ ခန္ဓာ ၅–ပါးက ဒုက္ခမဟုတ်လား၊ ဘုရားဟော လိုက်ဆိုလိုက် **"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** ဓမ္မစကြာ အစ နားမှာ၊ အကျဉ်းအားဖြင့် ခန္ဓာ ၅–ပါးကို ဒုက္ခလို့ ဘုရားရှင် မဟောဘူးလား၊ စဉ်းစား ဆင်ခြင်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဉာဏ်ထဲမှာ လည်း တကယ့်ကို ဒုက္ခလို့ မထင်ဘူးလား။

နိရောဓ ဆိုတဲ့ တရားနဲ့ နိရောဓသစ္စာ ဆိုတဲ့တရား မတူဘူး၊ နိရောဓဆိုတဲ့ တရား က ချုပ်ငြိမ်းတဲ့ တရား၊ ခန္ဓာ ၅– ပါးဆိုတဲ့ ဒုက္ခ ဖြစ်နေတယ်၊ ခယဓမ္မ၊ ဝယဓမ္မ ဆိုတဲ့ တရားကလည်းပဲ ခန္ဓာ ၅–ပါးဖြစ်နေတယ်၊ ဒါကြောင့် ချုပ်ငြိမ်း ကုန်ဆုံးပြတ်တောက် ခါမျှသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင် အပ်သော နိဗ္ဗာန်မဟုတ်၊ ယောဂီပုဂ္ဂိုလ်တို့ အလိုရှိအပ်တဲ့ နိဗ္ဗာန်က ကုန်ဆုံး ပြတ် တောက်သွားတဲ့ တရားမဟုတ်ဘူး၊ ကုန်ဆုံး ပြတ်တောက် ချုပ်ငြိမ်းသွားတယ်ဆိုတာ ဘာမှမရှိတော့ဘူး၊ နိဗ္ဗာန်က အစဉ်သဖြင့် ထင်ရှားတဲ့ တရား။

http://www.dhammadownload.com

နိဗ္ဗာန်ကို အာရုံပြုနည်း

နိဗ္ဗာန်ကို အာရုံပြုပေးရမယ်၊ နိဗ္ဗာန်ကို အာရုံပြုတဲ့နည်းက နိဗ္ဗာန်ဆိုတာ ချုပ်ကာမျှ ငြိမ်းကာမျှသည် နိဗ္ဗာန်မဟုတ်၊ ကုန်ကာမျှ ပြတ်တောက်ကာမျှသည် နိဗ္ဗာန်မဟုတ်၊ ဆင်းရဲဒုက္ခ ချုပ်ကာမျှ ငြိမ်းကာမျှသည် နိဗ္ဗာန်မဟုတ်၊ **"နိဗ္ဗာန်ကို ဒုက္ခနိရောဓ၊ အရိယသစ္စာ ဟု ဆိုအပ်၏။ ဆင်းရဲ၏ ချုပ်ခြင်းမျှကို မဆို"**၊ ဆဋ္ဌသင်္ဂါယနာ တင်မူ ဝိသုဒ္ဓိမဂ် ဒုတိယစာအုပ်၊ စာမျက်နှာ ၄၉၀-ဘယ်ဘက်မျက်နှာ အလယ်ခေါင်မှာ ပါတယ်၊ ဆင်းရဲချုပ်ကာမျှသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် မျက်မှောက်ပြုအပ်တဲ့ နိဗ္ဗာန် မဟုတ်။ ဘုရား အစရှိသော အရိယာသူတော်ကောင်းတို့ မျက်ဝါးထင်ထင် ရှုမြင်ပြီးတော့ မျက် မှောက်ပြုသွားတဲ့ နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်ကို သွားသိလိုက်လို့ သိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒုက္ခ ငြိမ်းသွားတာ၊ ငြိမ်းသွားတော့ ဘာရှိသေးလဲ၊ ဘာမှ မရှိဘူး၊ ဒါကြောင့် ပြန်ပြောရင် စိတ်သက် တစ်ချက် နိဗ္ဗာန်ကို သွားသိလိုက်တဲ့ ပုဂ္ဂိုလ်ကို သောတာပန် ခေါ်တယ်နော်၊ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်ခန္ဓာ ဖြစ်ခွင့်ရှိသေးရဲ့လား၊ ဘဝ ခုနစ်ကြိမ်ပဲ ဖြစ်ရတော့မယ်နော်၊ ခုနစ်ကြိမ်ထက် အလွန် ဖြစ်ခွင့်ရှိတဲ့ ခန္ဓာတွေကော မငြိမ်းဘူးလား၊ ဒါဖြင့် နိဗ္ဗာန်က ဘုရား ပွင့်-ပွင့် မပွင့်-ပွင့် ရှိတယ်၊ နိဗ္ဗာန်ကိုသွားပြီး စိတ်ကလေးတစ်ချက် သိလိုက်တာနဲ့ သိတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ခန္ဓာဆိုတဲ့ ဒုက္ခတွေ ငြိမ်းသွားတယ်၊ ဟုတ်ရဲ့လား။

ဒုတိယအကြိမ် သိလိုက်တဲ့အခါကျတော့ သကဒါဂါမ် ခေါ်တယ်၊ သကဒါဂါမ်ဆိုတာ ကာမဘုံသို့ ၁-ကြိမ်ပဲ လာတော့မယ်၊ ကာမဘုံမှာ ခန္ဓာ ၁-ကြိမ်ပဲဖြစ်ခွင့်ရှိတော့တယ်၊ တတိယအကြိမ်လည်း သွားသိလိုက်ရော အနာဂါမ်၊ အနာဂါမ်က ကာမဘုံသို့ ပြန်မလာတော့ပြီ၊ ရူပဘုံ၊ အရူပဘုံ ဘုံစဉ်စံသွားပြီနော်၊ အကနိဋ္ဌ တုမရတဲ့၊ သုဒ္ဓါဝါသ ၅-ဘုံ ဘယ်သူမှ မရောက်ဖူးဘူး၊ အရိယာပုဂ္ဂိုလ်များသာ ရောက်တာ၊ ဒီကနေ သောတာပန် ဖြစ်သွားတဲ့ပုဂ္ဂိုလ်များ အဲဒီဘုံရောက်နိုင်တယ်၊ ရောက်သွားရင် ၅-ဘုံလုံး တစ်ဆင့် တစ်ဆင့် စံသွားတယ်၊ နောက်ဆုံး အကနိဋ္ဌ တုမရ၊ ၅-ဘုံရဲ့ အထက်ဆုံးဘုံ- အကနိဋ္ဌဘုံ၊ အကနိဋ္ဌဘုံက အတုမရှိဘူး၊ တစ်ကြိမ်ပဲ ဖြစ်ခွင့်ရှိတယ်။

နောက်တစ်ခုက သင်ကြိုဟ်သရုပ်ကလေးက သင်သင့်တယ်ဆိုတာပေါ့လေ၊ နိဗ္ဗာန်ကို စိတ်ကလေးနဲ့ တစ်ချက်သွားသိလိုက်လို့ရှိရင် စိတ်ထဲက ဘယ်လောက်ကုန်သွားလဲ၊ စိတ် ၅-ခု ကုန်သွားတယ်၊ စေတသိက်က ၂-ခု ကုန်သွားတယ်၊ ထန်းပင်လည်ပင်း ကျိုးသွားတယ်ဆိုရင် နောက်ထပ် အတက် ထွက်သေးရဲ့လား၊ နိဗ္ဗာန်ကို စိတ်သက်တစ်ချက် သွားသိလိုက်တဲ့ ပုဂ္ဂိုလ်ကို သောတာပန်ခေါ်တယ်နော်၊ သောတာပန်ရဲ့ သန္တာန်မှာ ဒိဋ္ဌဂတ

http://www.dhammadownload.com

သမ္မယုတ်စိတ် ၄–ခုဆိုတဲ့ လောဘမူ စိတ်က ၈–ခုရှိတာကိုး၊ သမ္မယုတ်က ၄–ခု၊ ဝိပ္ပယုတ်က ၄–ခု၊ သမ္မယုတ် ၄–ခုက အပါယ်ကျနိုင်တယ်၊ အဲဒီ ၄–ခုဟာ သောတာပန် ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖြစ်ခွင့်မရှိ တော့ဘူး၊ အနုပ္ပါဒ နိရောလို့ ခေါ်တယ်၊ မဖြစ်ဘဲနဲ့ ငြိမ်းသွားတာ။

နိဗ္ဗာန်ကို သိတဲ့အချိန်မှာ စိတ်က မဂ်စိတ်နော်၊ မဂ်စိတ်ဆိုတာ လောက ကလွန်မြောက်သွားလို့ လောကုတ္တရာ စိတ် ၁–ကြိမ် ဖြစ်ပေါ်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန် မှာ လောဘမူ စိတ် ၈–ခုထဲက ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၊ ဖြစ်ခွင့်မရှိတော့ဘူး၊ နိဗ္ဗာန်ကို စိတ်သက်တစ်ချက် သွားသိတယ်ဆိုတော့ ဒီစိတ်သက်က ရှေ့ရှေ့စိတ်တွေက မစင်ကြယ်ဘဲနဲ့ နိဗ္ဗာန်ကို သိတဲ့စိတ်ပေါ်ပါ့မလား၊ ရှေ့ရှေ့စိတ်တွေက ဝိပဿနာစိတ်တွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုတဲ့စိတ်တွေ။

ပြောဖူးပြီနော်၊ ဘာမှ မသိဘဲနဲ့ ရှေးဘုရားလက်ထက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တလုပ်နေတာ၊ ဒီဘုရား လက်ထက်မှာ ရဟန္တာတွေ ဖြစ်သွားပြီဆိုတာ ပြောခဲ့ပြီနော်၊ အဲဒီတော့ ဝိပဿနာ အားထုတ်တယ်ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မရှုရင် ဝိပဿနာ ဟုတ်ကို မဟုတ်ဘူး၊ အဲဒီတော့ တရားတော်တွေက အားကိုးလောက်တယ်၊ တို့က နိဗ္ဗာန်ကို ဘယ်လိုလုပ် သိပါ့မလဲဆိုပြီး အားမလျော့ရဘူး။

မဟာဝဂ္ဂသံယုတ်– အရှုဂ္ဂမဏသုတ် နေမွန်းတည့်တယ်ဆိုတာ နေအရှုဏ်တက်မှ နေမွန်းတည့်လို့ ရတယ်နော်၊ နေအရှုဏ် မတက်ဘဲနဲ့ နေမွန်းတည့်မလား၊ မတည့်ဘူး၊ နိဗ္ဗာန်ကို စိတ်သက်တစ်ချက် သွားသိတာက နေမွန်းတည့်တာနဲ့ တူတယ်၊ အဲဒီ နိဗ္ဗာန်ကို သိနိုင်တဲ့စိတ် ပေါ်လာအောင် ရှေ့မှာ ဝိပဿနာဇောတွေ အကြိမ်ကြိမ် မစောဘူးလား၊ မိမိသန္တာန်မှာ စိတ်၊ စေတသိက်၊ ရုပ်တွေနဲ့ လွတ်ပြီးတော့ ပုဂ္ဂိုလ်သတ္တဝါ ရှိမလား၊ စိတ်၊ စေတသိက်၊ ရုပ် ပရမတ်ကို ဝိပဿနာ ရှုရမှာ။ ဘုရားက အဲဒီ ပရမတ္ထ သတ္တိလေးတွေကို ချည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဟောတာ၊ လူကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မဟောပါဘူး။

စိတ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ စိတ်နဲ့ အတူဖြစ်တဲ့ စေတသိက်ကို၊ စိတ်၊ စေတ သိက်တို့ရဲ့ မှီရာဖြစ်တဲ့ ရုပ်ကို၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဟောတာ၊ ငါမြင်တယ်လို့ ထင်တယ်၊ တရားသဘော အမှန်ကျတော့ (၁) စက္ခုပသာဒ အကြည်ဓာတ်ရယ်၊ (၂) အဆင်းရှုပါရုံရယ်၊ (၃) မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်ရယ်၊ ဒီ ၃–ခု ပေါင်းစုံတဲ့ ဖဿရယ်၊ အဲဒီထဲက တစ်ခုခု ပျက်နေလို့ရှိရင် မြင်လို့ ရဦးမှာလား၊ ဒါဖြင့် မြင်သိစိတ်၊ စက္ခုဝိညာဏ်က စိတ်၊ သတ္တိ ၃–မျိုးပေါင်းစုံစေတဲ့ ဖဿက စေတသိက်၊ စက္ခုပသာဒနဲ့ ရှုပါရုံက ရုပ်၊ ဒါဖြင့် မြင်တာဟာ စိတ်၊ စေတသိက်၊ ရုပ်၊ ကြားတာ လည်း ထို့အတူပဲ၊ ဒါဖြင့် စိတ်၊ စေတသိက်၊ ရုပ်နဲ့လွတ်အောင် ရှောင်ကွင်း နေလို့ ရမလား။

ရှုရမှာက လူကို ရှုရမှာလား၊ စိတ်၊ စေတသိက်၊ ရုပ်တွေကို ရှုရမှာလား၊ စိတ်၊ စေတသိက်၊ ရုပ်တွေက ဉာဏ်ထဲမှာ ဘယ်လိုလာထင်မလဲ ဆိုတဲ့အခါကျတော့ နိစ္စလို့

http://www.dhammadownload.com

ထင်မလား၊ အနိစ္စလို့ ထင်မလား၊ သုခလို့ ထင်မလား၊ ဒုက္ခလို့ ထင်မလား၊ အတ္တလို့ ထင်မလား၊ အနတ္တလို့ ထင်မလား၊ အဲဒါ ဉာဏ်က အမြင်မှန်ပဲ၊ သမ္မာဒိဋ္ဌိဆိုတာ ဒါပဲ၊ ထူးတဲ့ တရားကို ဝိ- ထူးတယ်၊ ပဿနာ- ရှုမြင်တယ်၊ တရားထူး တရားမြတ်ကို ဉာဏ်ထဲမှာ ရှုမြင်တယ်၊ ဒါတရား ရတာပဲ။

သညာ-နဲ့-ပညာ

တရားထိုင်ပြီး ဟိုလိုတင်တယ်၊ ဒီလို ထင်တယ်ဆိုတာ သညာရဲ့ အာရုံတွေ၊ သညာဆိုတာ ပုံပန်းသဏ္ဌာန် အထည်ကိုယ် တရား၊ သားပဲ၊ သမီးပဲ၊ အမိပဲ၊ အဖပဲ၊ ဒီလိုချည်း သညာနဲ့ ချည်းလာခဲ့လို့ သံသရာ နှုတ်ခမ်း သတ်မလား၊ ပညာနဲ့မှ သံသရာ နှုတ်ခမ်းသတ်မယ် မဟုတ်လား၊ စိတ်၊ စေတသိက်၊ ရုပ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ ရှုမြင်တာက ပညာ၊ ပညာနဲ့ သွားရတယ်။

ဒါကြောင့် ဝိပဿနာပညာ နေအရုဏ်တက်လာရင်တော့ နေမွန်းတည့်ဖို့တော့ သေချာတယ်နော်၊ ထို့အတူပဲ ဝိပဿနာ ဉာဏ်တွေမျှား ဝင်လာပြီဆိုလို့ရှိရင်တော့ နိဗ္ဗာန်ကို မြင်မယ့် ဉာဏ်ဖြစ်မယ့် သောတာပန်ဖြစ်ဖို့က သေချာပြီ၊ သောတာပန် အပါယ်တံခါးပိတ်တယ်ဆိုတာက မုချပြောတာနော်၊ ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်မျှားလည်း၊ အပါယ်တံခါး ပိတ်ပါသည်။ ဝိပဿနာဆိုတာ စိတ်က သိပ်စင်ကြယ်လာတာလေ၊ နိဗ္ဗာန်က အမြတ်ဆုံး၊ အစင်ကြယ်ဆုံးတရား မဟုတ်လား၊ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဝိပဿနာ ဇောတွေ စောလာတော့ စိတ်တွေ မစင်ကြယ်ဘူးလား၊ စိတ်တွေက မြင့်မြတ်တော့ ပုဂ္ဂိုလ်ရော မမြင့်မြတ်ဘူးလား၊ နောက်ဆုံး အမြတ်ဆုံး နိဗ္ဗာန်ကို ဆိုက်တယ်။

အချုပ်ကလေး သွားမယ်နော်၊ ငါသည် ဤအသက်အရွယ်သို့ ရောက်ပြီဖြစ်၏၊ မိမိအသက်နဲ့ မိမိ ချိန်ကြည့်ပေါ့၊ ၂၀- ရှိပြီ၊ ၄၀- ရှိပြီ၊ ၆၀- ရှိပြီ၊ ငါသည် တစ်ဆင့်ထက် တစ်ဆင့် မြင့်မြတ်သထက် မြင့်မြတ် လို၏။ ဒါဖြင့် အမြတ်ဆုံးဖြတ်တဲ့ နိဗ္ဗာန်ကို အာရုံပြုရလျှင် စင်ကြယ်သော သတ္တိဖြစ်တဲ့ နိဗ္ဗာန်က ပြန်လည် ကျေးဇူးပြုသဖြင့် စင်ကြယ် ခြင်း၊ မြင့်မြတ်ခြင်းကို ရနိုင်ရောက်နိုင်လေ သည်။ ကျန်တာ စိတ်မချရဘူး။ ဒါကြောင့် မေတ္တာသုတ် အစမှာလေ၊ ဘယ်ကုသိုလ်ပဲ ပြုပြု၊ ကုသိုလ်ပြုမယ်ဆိုရင် ဦးတည်ချက် ပန်းတိုင်၊ နိဗ္ဗာန်ကို ရ-ရ ရောက်ရ ပါလို၏။ နိဗ္ဗာန်မပါရင်တော့ မပြည့်စုံဘူး၊ တရား အားထုတ်တယ်ဆိုတာ နိဗ္ဗာန်မပါရင် ပြည့်စုံပါ့မလား၊ မပြည့်စုံဘူး၊ ဒီလိုသဘော ပေါက်ပါ၊ ဟုတ်ရဲ့လား။

ဒါကြောင့် မေးခွန်းလေးတွေနဲ့ အဖြေပြန်ကြည့်ရင် နိရောဓ ဓမ္မော၊ နိရောဓ ဓမ္မောတိ၊

http://www.dhammadownload.com

ဘန္တေ ဝုစ္စတိ ကတမောနုခေါ ဘန္တေ နိရောဓ ဓမ္မော ဟောတိ– အရှင်ဘုရား ချုပ်ငြိမ်း၏၊ ချုပ်ငြိမ်း၏ဟု ဆိုကြပါသည်၊ အရှင်ဘုရား ချုပ်ငြိမ်းတဲ့တရားက အဘယ်ပါနည်း၊ **ရူပ် နိရောဓ ဓမ္မော၊ ဝေဒနံ နိရောဓ ဓမ္မော၊ သညံ နိရောဓ ဓမ္မော၊ သင်္ခါရာ နိရောဓ ဓမ္မော၊ ဝိညာဏံ နိရောဓ ဓမ္မော၊** နောက် ၃–ပိုဒ်လည်း ဒီအတိုင်းပဲ ခယ ဓမ္မော၊ ကုန်တဲ့တရား။ ဝယ ဓမ္မော၊ ပျက်တဲ့တရား။ ချုပ်ငြိမ်းကုန်ခန်းပြတ်တောက်တဲ့တရားဟာ ခန္ဓာ ၅–ပါးဆိုတဲ့ ဒုက္ခ၊ အဲဒါ ဝဋ်ဆင်းရဲပါပဲ၊ အဲတော့ ချုပ်ငြိမ်းခြင်း၏ အကြောင်းခံသတ္တိ၊ နိဗ္ဗာန်ကို အာရုံပြုပေးတော့ အာရုံပြုပါမျှား တော့ နိဗ္ဗာန်သဘောကို ဉာဏ်က သွားသိလိုက်တယ်၊ သိတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ငြိမ်းသွားတယ်၊ ငြိမ်းသွားတာ တခြား၊ သိအပ်တဲ့ တရား နိဗ္ဗာန်က တခြား၊ နိဗ္ဗာန်ကအကြောင်းတရား၊ ငြိမ်းသွားတာက အကျိုးတရား၊ အဲဒီတော့ နိဗ္ဗာန်ကို အာရုံ ပြုပြုပေးရမယ်၊ အာရုံပြုတဲ့နည်းတွေ နောက်နေ့ လာမယ်လေ၊ တစ်ဆယ့်တစ်မီး ငြိမ်းခြင်း၏ အကြောင်းခံ သတ္တိထူးကို နိဗ္ဗာန်လို့ ဆိုတယ်။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာ အကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

နိဗ္ဗာန်ရဲ့သဘောသတ္တိရှင်းလင်းပေးတဲ့အခါ

ငြိမ်းခြင်းနဲ့ ငြိမ်းကြောင်း၊ ကုန်ခြင်းနဲ့ ကုန်ကြောင်း၊ ပျက်ခြင်းနဲ့ ပျက်ကြောင်းကို ရှင်းလင်းပေးပြီးပြီ၊ ဆယ့်တစ် မီးငြိမ်းတဲ့ အငြိမ်းကို ထပ်ရှင်းပေးမယ်၊ မနက်ဖြန်ညကျတော့ နိဗ္ဗာန်ဟာ နာမ်တရားလို့ဆိုတာကို ရှင်းပေးမယ်၊ နိဗ္ဗာန်ဟာ နာမ်တရား၊ ကျမ်းအကိုးတော့ပြောမယ်လေ၊ ဓမ္မသင်္ဂဏီကျမ်းစာမျက်နှာ–၂၅၆၊ အပိုဒ်ရေ ၁၃၁၆–မှာကြည့်၊ အခုတော့ (၁၁)မီးငြိမ်းတာနိဗ္ဗာန်လို့ဆိုတာလေး သွားရအောင်၊ တိပိဋကဆရာတော်ဘုရားကြီးရဲ့ နောက်ဆုံးတရားနိဂုံးချုပ် ကတော့လေ **သံသရာမီးတောက်ပုံကြီး ငြိမ်းကြပါစေ ကုန်သတည်း** လို့ အရှည်ကြီးပဲ ဆိုသွားတာ ဆရာတော်ဘုရားကြီးရဲ့ဟောစဉ် စာအုပ်ဖတ်ကြည့်၊ တရားတစ်ပိုဒ်ဆုံးတော့မယ်ဆို၊ အဲဒါလေးနဲ့ နောက်ဆုံး နိဂုံးသတ်တာပဲ၊ အများက ဘယ်လိုနားလည်လဲဆိုတော့ ဆယ့်တစ်မီးငြိမ်းတာနိဗ္ဗာန်၊ ဆယ့်တစ်မီးက ဘာတွေလဲဆိုတော့ ဒီမြင်တဲ့အခါမှာ **စက္ခုပသာဒရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်ရယ်၊ တိဏ္ဍံ သင်္ဂတိ ဖဿောဖဿပစ္စယာဝေဒနာ**၊ ပါဠိလို– **အာဒိတ္တ**၊ မြန်မာလို– မီးအလျှံတပြောင်ပြောင်တောက်လောင်နေခြင်း၊ ဘယ်မှာတောက်လောင်နေလဲဆိုတော့

(၁) **စက္ခုံအာဒိတ္တံ**၊ ဘိက္ခဝေ၊ အိုရဟန်းတို့။ စက္ခုံ၊ စက္ခုပသာဒ အကြည် မာတ်သည်။ အာဒိတ္တံ၊ အာဒိတ္တမည်၏။ အာဒိတ္တံ၊ ဇာတိ အစရှိသော သံသရာမီးတောက်ပုံကြီးမီး ဆယ့်တစ်မီးတောက် လောက်နေ၏။

(၂) **ရူပါအာဒိတ္တာ**၊ ရူပါ၊ မြင်မြင်သမျှ အဆင်း ရူပါရုံမှန်သမျှတို့သည်။ အာဒိတ္တ၊ မီးလျှံတစ်ပြောင်ပြောင် တောက်လောင်၍ နေ၏။

(၃) **စက္ခုဝိညာဏံ**၊ အာဒိတ္တံ၊ စက္ခုဝိညာဏ် မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ်သည်။ အာဒိတ္တံ၊ မီးလျှံတပြောင်ပြောင် တောက်၍နေ၏။

စိတ်၊ စေတသိက်၊ ရူပ်ကို နည်းနည်းလေး ပါဠိတော်သွားလေး တွက်ပြမယ်၊ ဆဆက္ကသုတ် ဟောထားတာ၊ သရူပ်အားဖြင့် စိတ်၊ စေတသိက်၊ ရူပ်ကို ဆဆက္ကသုတ်၊ ဆဆက္က

http://www.dhammadownload.com

သုတ်ဆိုတာ ဥပရိပဏ္ဏာသပါဠိတော် စာမျက်နှာ–၃၃၃ မှာရှိတယ်၊ ပဏ္ဏာသသုတ်က ၃–ကျမ်းရှိတယ်၊ ကျမ်းတစ်ကျမ်းလျှင် သုတ်ပေါင်း ၅၀၊ မူလပဏ္ဏာသသုတ်ပေါင်း ၅၀၊ မဇ္ဈိမပဏ္ဏာသ သုတ်ပေါင်း ၅၀၊ ဥပရိပဏ္ဏာသက သုတ်ပေါင်း ၅၂ သုတ်၊ အဲဒီ ဥပရိပဏ္ဏာသ ပါဠိတော်မှာ ဆဆက္ကသုတ်၊ ဆဆက္ကဆိုတာ **စက္ခု၊ သောတ၊ ঘာန၊ ဇိဝှါ၊ ကာယ၊ မန** အဲ့ဒါကို ဝတ္ထုရုပ် (၆)ခု ခေါ်တယ်၊ ဝတ္ထုဆိုတာ မှီရာကိုခေါ်တယ်၊ ဝတ္ထု (၆)ခု၊ အာရုံက (၆)ခု၊ ဝိညာဏ်က (၆)ပါး၊ အဲဒီတော့ ၆ – သုံးလီ ၁၈–မနေဘူးလား၊ တစ်စုံတစ်စုံကို ၃–ခုရှိတယ်လေ အဲဒီသုံးခုသော သတ္တိတို့ တိုက်ဆိုင်တာကို ဖဿလေ၊ ဖဿလည်း (၆)ခု၊ ဖဿဆိုတဲ့ သုံးခုတိုက်ဆိုင်လို့ရှိရင် ခံစားရတဲ့ ဝေဒနာက နောက်မကျဘူး၊ တစ်ချိန်တည်းမှာ တစ်ပြိုင်တည်းဖြစ်တာ။ အဲဒီတော့ ဝတ္ထုရုပ်က ၆–ပါး၊ အာရုံက ၆–ပါး၊ ဝိညာဏ်က ၆–ပါး၊ ဖဿက ၆–ပါး၊ ဝေဒနာက ၆–ပါး၊ တစ်ခုခုသော တရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ရှုရင်ရှု၊ မရှုရင် တဏှာကူးတာပဲ၊ တဏှာက ၆–ပါး၊ **ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောट္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ**၊ အာရုံ ၆–ပါး ပေါ်မူတည်လိုက်တယ်လေ၊ ဝတ္ထုရုပ်က ၆–ပါး၊ အာရုံ ၆–ပါး၊ ၆–ခြောက်လီ ၃၆၊ ယခုပစ္စုက္ခမှာလဲ ၃၆၊ ဟိုးအတိတ်တုန်းကလဲ ၃၆၊ နောင်အနာဂတ်မှာလည်း ၃၆၊ အဲဒီ ၃၆–ခုလုံးသည် သံသရာမီးတောက်မီးပုံကြီး ဖြစ်ပါသည်၊ အခုလဲ ဘုရားရှင်က ဟောသွားပြီ၊ **စက္ခုအာဒီတွဲ့၊ ရူပအာဒီတွဲ့၊ စက္ခုဝိညာဏ အာဒီတွဲ့**၊ အစရှိသဖြင့် ၃၆–ခုလုံးစေ့အောင် အာဒိတ္တ တွေနဲ့တွဲ၊ ဒီ ၃၆–ခုသော တရားကို မီးတောက်မီးပုံကြီးပဲလို့ ဘုရားကဟောတယ်၊ သခ်ၣတ တရားမှာ ဥပါဒ်၊ ဌီ၊ ဘင်၊ ရှိတယ်နော်၊ အသခ်ၣတတရားမှာ ဥပါဒ်၊ ဌီ၊ ဘင်ဆိုတာ မရှိဘူး၊ တရားတော်ကို ချုပ်လိုက်ရင် သခ်ၣတ၊ အသခ်ၣတ နှစ်မျိုးပဲရှိတယ်။ စိတ်၊ စေတသိက်၊ ရုပ် မှန်သမျှ သခ်ၣတ၊ တရားသဘောတစ်ခုခုရဲ့ ဖြစ်စလေးကို ဥပါဒ်၊ ပျက်ခိုက်ကို ဘင်၊ ပျက်ဖို့ရာ ညွှတ်သွားတဲ့ အခိုက်ကလေးကို ဌီ၊ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ၊ **"ဥပ္ပဒေါ ဇာတိ အကွတော"** ဥပ္ပဒေါ၊ ဥပါဒ်ကို။ ဇာတိ၊ ဇာတိမီးဟူ၍။ အကွတော၊ ဘုရားဟောကြားတော်မူ၏။ အဲဒီလို တစ်ခုချင်းတစ်ခုချင်း ဖြစ်စကို ဇာတိမီး၊ ပျက်ရင် မရဏမီး၊ ဌီကို ဇရာမီး၊ သတ္တိလေးတစ်ခုတစ်ခုမှာ မီး ၃–မျိုး မတောက်ဘူးလား၊ မြင်လိုက်တဲ့ အခါမှာပေါ့လေ စက္ခုဝိညာဏ်စိတ်လေး တစ်ခုမှာ စေတသိက် ၇–လုံးပါတယ်၊

(၁) ဖဿ
(၂) ဝေဒနာ
(၃) သညာ
(၄) စေတနာ
(၅) ဇီဝိတိန္ဒြေ
(၆) ဧကဂ္ဂတာ
(၇) မနသိကာရ

၇–လုံးထဲက တစ်လုံးမှ လျော့လို့မရဘူး၊ မြင်လိုက်တဲ့ အခါမှာ စက္ခုပသာဒ၊ ရူပါရုံဆိုတဲ့ (၁) ရုပ်က တစ်ခု၊ (၂) စက္ခုဝိညာဏ်ဆိုတဲ့

http://www.dhammadownload.com

စိတ်က တစ်ခု၊ (၃) စေတသိတ်က ၇–ခု၊ အားလုံးဆိုတော့ ၁၀၊ မြင်လိုက်တဲ့အခါမှာ အားလုံး သတ္တိ ၁၀–မျိုးမှာ တစ်ခုတစ်ခုကို ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ မရှိဘူးလား။ ဇာတိမီး၊ ဇရာမီး၊ မရဏမီး ၃–ချက် မတောက်ဘူးလား၊ ဒါဖြင့် ၁၀–ခု ဆိုရင် မီးတောက် ဘယ်လောက်နေမလဲ ၃၀၊ ဟုတ်ရဲ့လား၊ ဘုန်းကြီးက သင်ပေးနေတယ်၊ ဒကာ– ဒကာမတွေက သင်ယူနေတယ်၊ အာရုံပြုနေတယ်၊ ကုသိုလ်စိတ်တွေ မဖြစ်ဘူးလား၊ ကုသိုလ်စိတ် ၁–ချက်ဖြစ်လိုက်ရင် စေတသိတ် ၃၂–လုံးပါတယ်၊ ဒါဖြင့် ကုသိုလ်စိတ် ၁–ချက်မှာလည်း မီးတောက် ၃–ချက် မတောက်ဘူးလား၊ စေတသိတ် ၃၂–ခု ကို ၃–နဲ့မြှောက်ရင် ဘယ်လောက်ဖြစ်သွားလဲ ၉၆၊ မီးတောက် ၉၆–ခု ရှိသွားပြီ၊ ဒါဖြင့် ကုသိုလ်စိတ် ဖြစ်တဲ့အခါမှာ သဒ္ဓါတည်း ဟူသောသတ္တိကြောင့် မျက်နှာအဆင်း အဂ်ါကြည် ခြင်းဆိုတဲ့ စိတ္တဇကလာပ် မလာဘူးလား၊ ဟုတ်ရဲ့လား၊ ဒါဖြင့် သံသရာမီး တောက် တွေ တစ်ခုစီ တစ်ခုစီ တောက် လောင်နေတာကို မျက်စိနဲ့မြင်ရမှာလား၊ ဉာဏ်ထဲမှာထင်ရမှာ လား၊ ဉာဏ်မှာ မထင် ထင်အောင်ရှုတာ၊ ဆင်ခြင်တာ၊ ဆင်ခြင်တဲ့ ဉာဏ်က ဆင်ခြင်ပါ မျှားတော့ ထင်လာတာ၊ အဲဒီတော့ အားလုံး ကို ၃၆–ခု၊ ၃၆–ခုကို ၃–မျိုးစီနဲ့ မြှောက် လိုက်ရင် ၁၀၈–ပေါ့၊ ဇာတိမီးက ၃၆၊ ဇရာမီးက ၃၆၊ မရဏမီးက ၃၆၊ ၁၀၈–ခု သော သံသရာမီးတောက်ပုံကြီးကို မသိတာ မမြင်တာက မောဟ၊ သံသရာ မီးတောက် မီးပုံကြီး ဒီလောက် ထင်ရှားပါလျက် ဘုရားရှင် သာ မပြဘူးဆိုရင် သိပါ့မလား၊ ဘဝပေါင်း အသခ္ခေ့် အနန္တမောဟနဲ့ လာခဲ့ပြီ၊ မောဟကို အဝိဇ္ဇာလို့ မခေါ်ဘူးလား၊ **အဝိဇ္ဇာ အဝိဇ္ဇာ တိ ဘန္တေဝုစ္စတိ၊ ကတမောနုခေါဘန္တေ အဝိဇ္ဇာတိ၊** ဘန္တေ၊ ရှေ့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ အဝိဇ္ဇာ အဝိဇ္ဇာတိ၊ အဝိဇ္ဇာ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ အဆူဆူ ပွင့်သော ဘုရားရှင်တို့ ဟောကြားတော်မူပါ ပေ၏။ ဘန္တေ၊ ရှေ့ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရား။ အဝိဇ္ဇာတိ၊ အဝိဇ္ဇာ ဟူသည်။ ကတမောနုခေါ၊ အဘယ်ပါနည်းဘုရား။ မေးတယ်၊ အဖြေကတော့ ဒီသံသရာ မီး တောက်မီးပုံကြီးကို မသိတဲ့မောဟသည် အဝိဇ္ဇာ အပြန်အားဖြင့် သံသရာ မီးတောက် မီးပုံကြီးကိုသိတာဝိဇ္ဇာ၊ ဒါဖြင့် ဝိဇ္ဇာ အဝိဇ္ဇာ တစ်ချိန်တည်းမှာ တစ်ပြိုင်နက်တည်း ဝင်လို့ ရပါ့မလား။ အဝိဇ္ဇာဖြစ်တဲ့ အခါမှာ ဝိဇ္ဇာ ပျောက်မနေဘူးလား၊ ငြိမ်းမနေဘူးလား၊ သံသရာမီးတောက်မီးပုံကြီးကို ကောင်းစွာ ရှုမြင်တဲ့အခါမှာ ငါက မြင်တာလား၊ ဉာဏ်က မြင်တာလား၊ အဲဒီ ဉာဏ်ကို အမောဟလို့ ခေါ်တယ်၊ အမောဟကို ဝိဇ္ဇာခေါ်တယ်၊ ပကတိမျက်စိ နဲ့လည်း မမြင်ရ၊ ဉာဏ်မျက်စိနဲ့ ထိုးထွင်း သိရတဲ့တရား ဖြစ်လို့ ဝိဇ္ဇာထူးတဲ့ တရားကို ရှုမြင်တာက ဝိပဿနာ၊ အဟုတ် တွေ အမှန်တွေကို အဟုတ်တိုင်း အမှန်အတိုင်း သိလို့ သမ္မာဒိဋ္ဌိ၊ သမ္မာ ဒိဋ္ဌိခေါ်တယ်၊ ဝိဇ္ဇာခေါ် တယ်၊ ဝိပဿနာခေါ်တယ်၊ အခေါ်ကွဲတယ် နော်၊ ဉာဏ်က သံသရာ မီးတောက်မီးပုံကြီးကို

http://www.dhammadownload.com

ရှုမြင်ပြီ၊ ဟုတ်ကဲ့လား၊ အလကားနေရင် မောဟနဲ့နေတာနော်၊ အဝိဇ္ဇာက စလိုက်ရင် ပဋိစ္စသမုပ္ပဒေါ်က ပတ်သွားတာ၊ ဒါဖြင့် သံသရာမီးတောက် မီးပုံကြီး က ၁၀၈–မျိုးရှိတယ်၊ ၁၀၈–မျိုး အကုန်လုံး သိမှ မဟုတ်ဘူးနော်၊ တစ်ခုခုကို ရှုပြီးတော့ တစ်ခုခုသော တရားမှာ ဇာတိမီး၊ ဇရာမီးတောက် မနေဘူးလား၊ သံသရာမီးတောက် မီးပုံကြီးလို့ သိရပြီ၊ သိတာက ဝိဇ္ဇာဉာဏ်ပေါ်လာပြီ၊ ဝိဇ္ဇာဉာဏ် ပေါ်လာရင် အဝိဇ္ဇာဖြစ်ခွင့် ရှိသေးရဲ့လား၊ အဝိဇ္ဇာမဖြစ်ရင် ပဋိစ္စသမုပ္ပဒေါ်ပတ်ခွင့်ရှိသေးရဲ့လား၊ မပြတ်ဘူးလား၊ ဒါသံသရာကို တစ်စတစ်စ ဖြတ်တဲ့နည်းပဲ၊ ဟုတ်ရဲ့လား၊ သံသရာဆိုတာ ဒုက္ခပဲနော်၊ ပဋိစ္စသမုပ္ပဒေါ်က အကုန်လုံး ဒုက္ခပဲ၊ ဒီသံသရာ မီးတောက် မီးပုံကြီးဆိုတဲ့ လောကကြီးကိုပဲ ဒီခန္ဓာကြီးကိုပဲ၊ ဒီစက္ခုသောတ စသည်ကိုပဲ သာယာခြင်း နှစ်သက်ခြင်းဆိုတဲ့ လောဘတွေ မပေါ်ဘူးလား၊ အဲဒီ အခါမှာ လောဘမီး တောက်မလာဘူးလား၊ ဒါဖြင့် လောဘရဲ့ အလိုကျ ဖြစ်ရဲ့လား၊ လောဘရဲ့အလိုကျ မဖြစ်တာ ဒေါသခေါ်တယ်၊ ဒေါသမီးမတောက်ပြန်ဘူးလား၊ မူအားဖြင့် ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ ဒီမီး ၃–မျိုးကို မီး ၃–မျိုးမှန်း မသိတာ မောဟမီး တောက်လာပြီ၊ ဒါဖြင့် မီး ၆-မျိုး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ တရားသဘောလေးတစ်ခုမှာ မီး ၆–မျိုးတောက်နေပြီနော်၊ အဲဒီ မီး ၆–မျိုး တောက်လာပြီ ဆိုရင် ပဋိစ္စသမုပ္ပဒေါ် အဆုံးနားမှာလေ၊

(၁) သောက

(၂) ပရိဒေဝ

(၃) ဒုက္ခ

(၄) ဒေါမနဿ

(၅) ဥပါယာသ

ဘယ်နှစ်မျိုးလဲ၊ ၅–မျိုး၊ ၆–မျိုးနဲ့ ၅–မျိုး ပေါင်းရင် ၁၁–မျိုး၊ အဲဒါ သံသရာမီးတောက် ပုံကြီး ၁၁–မျိုးပဲ၊ ဒေါမနဿ နဲ့ ဥပါယာသ ကိုပြောမယ်၊ ဦးကာကျော်မှာ လာတာလေ မိုးပြဒယ်ကြီးဆိုတာ သံဒယ်ကြီးတည်၊ ဆီတွေ ထည့် မီးလှိုင်လှိုင်ထိုး၊ မီးတောက်အားကောင်းလာတော့ အလွန် ပူပြင်းပြီး အပွက်တွေ ပွက်လောရိုက်နေတာက ဒေါမနဿ မီးတောက်တာနဲ့က တူပါသည်၊ တင်ပွေ့ပွေ့နဲ့ ပူလောင်နေတာ ကတော့ ဥပါယာသ မီးနဲ့ တူပါသည်၊ ပိယေ ဟိ ဝိပ္ပယောဂေါ ဒုက္ခော– ချစ်ခင်နှစ်သက်သော အာရုံနှင့် ကွေကွင်းရတော့ ပူလောင်တယ်၊ မြင်မကောင်း ရှုမကောင်း ပူလောင်တယ်၊ တအုံ့နွေးနွေး ပူလောင်တယ်၊ နောက် မစားနိုင် မအိပ်နိုင် တင်ပွေ့ပွေ့ပူလောင်တာက ဥပါယာသ မီးလောင်တာနဲ့တူတယ်၊ ဒါဖြင့်ရင် အားလုံး ၁၁–မျိုးလေ၊ ဇာတိ၊ ဇာရာ၊ မရဏ၊ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ သမ္ဘဝန္တိ- ဇာတိသည် ထင်ရှားရှိသည်ဖြစ်သော် ကျန်တဲ့မီးတွေ အကုန်တောက်တာပဲ၊ ဒီသံသရာ မီးတောက်ဟာ သခ်ၢတက တစ်မျိုးနော်၊ အသခ်ၢတက တစ်မျိုးနော်၊ သခ်ၢတဆိုတာ ခန္ဓာလေ၊ အသခ်ၢတက နိဗ္ဗာန်နော်၊ နိဗ္ဗာန်က လွဲရင် ခန္ဓာနော်၊ ခန္ဓာကလွဲရင် နိဗ္ဗာန်၊ ဒါဖြင့်

http://www.dhammadownload.com

သံသရာမီးတောက်က ၁၁–မျိုး တောက်နေ
တာ၊ နိဗ္ဗာနသတ္တိမှာ တောက်တာလား၊
ခန္ဓာမှာတောက်တာလား၊ ခန္ဓာမှာ တောက်
တာ ဒါဖြင့် တိုတိုပဲ – နောက်ဆုံး ငြိမ်းသွားတဲ့
အခါကျတော့ နိဗ္ဗာနသတ္တိမှာ ငြိမ်းတာလား၊
ခန္ဓာမှာငြိမ်းတာလား၊ ဒီမီး တောက်၊ ငြိမ်းငြိမ်း
မငြိမ်းငြိမ်း နိဗ္ဗာန်က သူဟာသူ ထင်ရှားရှိတယ်၊
ဒါဖြင့် သံသရာ မီးတောက်မီးပုံကြီး ငြိမ်းသွား
တာ နိဗ္ဗာန်ဟုတ်ပါ့မလား၊ ဘာကြောင့် ငြိမ်း
သွားတာလဲ ဆိုတော့ ဒီသံသရာ မီးတောက်
မီးပုံကြီးကို သူတော်ကောင်းက ဘဝများစွာ
ရှုရတယ်၊ ဘုရားသာသနာနဲ့တိုးတိုင်း
ဝိပဿနာ ရှုတယ်ဆိုတာ သံသရာမီးတောက်
မီးပုံကြီး ဆိုတာ နောက်ဆုံးတော့ ဒါကို
ပြောတာကို၊ မိမိသန္တာန်မှာလဲ ၁၁–မျိုး
တောက်လို့ အဗ္ဗတ္တ၊ ဗဟိဒ္ဓ – မိမိမှ တစ်ပါး
သော ထွက်သက် ဝင်သက်ရှိတဲ့ သတ္တဝါ
တိုင်းမှာရော မတောက်ဘူးလား၊ စကြာဝဠာ
အနန္တကုန်ရော၊ မတောက်ဘူးလား၊
အဲဒီအခါကျတော့ လောကကြီးထဲမှာ
နေစရာရှိသေးရဲ့လား၊ မရှိဘူး၊ လောကကြီးကို
ငြီးငွေ့လာပြီး၊ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ ၃–
ဘုံကို ဟိုးကွင်ပြင်ကြီးထဲမှာ ကျူထရံတဲလေး၊
သက်ကယ် မိုးပြီးထားတယ်၊ အနှစ်နှစ်
အလလ မိုးတွေ့ရွာတော့ ဆွေးမြေ့နေ၊
မီးလေးအနည်းငယ် သွားကျလို့ရှိရင် အဲဒီ
အိမ်လေး ၃–လုံးက မီးထ မတောက်ဘူး
လား၊ ထို့အတူပဲ ကာမဘုံမှာလည်း သံသရာ
မီးတောက်မီးပုံကြီးတောက် မနေဘူးလား၊
ရူပဘုံမှာလဲ ရူပပြဟ္မာဘုံကြီးတွေမှာ သံသရာ
မီးတောက်မီးပုံကြီးတောက် မနေဘူးလား၊
အရူပဘုံမှာရော တောက်မနေဘူးလား၊
တစ်လောကလုံး ခိုကိုးရာမမြင်၊ တကယ်
ကိုခိုကိုးရာကတော့ နိဗ္ဗာန်ပဲ၊ နိဗ္ဗာနသတ္တိမှာ
အဲဒီမီးတောက်တောက်ရဲ့လား၊ ပကတိ
အားဖြင့် ငြိမ်းနေတယ်၊ ဥပမာလေး တစ်ခု
ကတော့ ပကတိသောမီး တောက်နေတယ်
ဆိုကြပါစို့ နောက်ဆုံးကြတော့ သူမငြိမ်း
ဘူးလား၊ အဲဒီအငြိမ်းက တစ်မျိုးနော်၊
မီးတောက် တောက် မတောက် တောက်
ပကတိအလိုအလျောက် ငြိမ်းနေတဲ့ ငြိမ်း
ခြင်းသဘော မရှိဘူးလား၊ အဲဒီ ငြိမ်းခြင်း
သဘောက မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သိမြင်
အပ်တဲ့ နိဗ္ဗာန်နဲ့ တူတယ်၊ မီးလျှံတောက်
ပြီးတော့ နောက်ဆုံးငြိမ်းတာက ခန္ဓာစဉ်မှာ
စက္ခုအစရှိတဲ့ ဝတ္ထုမှာ သံသရာမီးတောက်
တောက်မနေဘူးလား၊ အဲဒီမီးတောက်ကို
အစွမ်းကုန် ကုန်အောင်ရှုမြင်လိုက်တဲ့ အခါ
ကျတော့ ငြိမ်းနေတဲ့ နိဗ္ဗာန်ကို ဉာဏ်က
ဆိုက်သွားတာ၊ အဲဒီ ဉာဏ်ရှင်ရဲ့ သန္တာန်မှာ
သံသရာ မီးတောက်မီးပုံကြီးငြိမ်းသွားပါပြီ၊
နိဗ္ဗာန်မရှိရင်တော့ ငြိမ်းပါ့မလား၊ နိဗ္ဗာန်ကို
အစွမ်းကုန် ရှုမြင်လိုက်ရင် သံသရာ မီး
တောက် မီးပုံကြီး မငြိမ်းဘူးလား၊ ငြိမ်းသွား
တာ ခန္ဓာမှာ ငြိမ်းတာလား၊ နိဗ္ဗာန်မှာ ငြိမ်း
တာလား၊ ဒါဖြင့် ငြိမ်းသွားတာက အကျိုး
နိဗ္ဗာန်က အကြောင်းခံလိုက်လို့ ငြိမ်းတာ၊
ဒါကြောင့် ငြိမ်းခြင်းက နိရောဓ၊ ငြိမ်းကြောင်း
က နိရောဓသစ္စာ၊ ငြိမ်းရာ နောက်ဆုံး
အရဟတ္တဖိုလ်မှာ ငြိမ်းတယ်၊ အရဟတ္တဖိုလ်

http://www.dhammadownload.com

က သန်တ တရားဖြစ်နေလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သိမြင်အပ်၊ မျက်မှောက် ပြုအပ်တဲ့ နိဗ္ဗာန်မဟုတ်၊ မဂ်ဉာဏ်ဖြင့်သွား သိမြင်အပ်တဲ့ နိဗ္ဗာနဓာတ်သည်သာလျှင် ငြိမ်းကြောင်းတရား၊ နိရောဓသစ္စာ အစစ်၊ ဒါဖြင့် ယောဂီပုဂ္ဂိုလ်တို့ အလိုရှိအပ်တာ ငြိမ်းတာကို အလိုရှိရမှာလား၊ ငြိမ်းကြောင်းကို အလိုရှိရမှာလား၊ ငြိမ်းခြင်း အကြောင်းက သတ္တိ၊ ငြိမ်းခြင်း၊ ငြိမ်းရာ၊ ငြိမ်းကြောင်း၊ ငြိမ်းခြင်းက ငြိမ်းသွားတာတွေ၊ ငြိမ်းရာက အရဟတ္တဖိုလ်၊ အရဟတ္တဖိုလ် ရောက်တဲ့အခါ အကုန်ငြိမ်းမသွားဘူးလား၊ အရဟတ္တဖိုလ်ရဲ့နောက်မှာ ပူပန်သောကတွေ လာသေးရဲ့လား၊ မလာတော့ဘူးလား၊ ငြိမ်းကြောင်းသတ္တိက နိဗ္ဗာန်ဘုရား အစရှိသော သူတော်ကောင်းတိုင်း အလိုရှိအပ်တဲ့ နိဗ္ဗာန်က ငြိမ်းကြောင်း၊ အဲဒီ နိဗ္ဗာန်သည် နာမ်တရား။

၁၁–မီး–နဲ့–နိဗ္ဗာန်

ထပ်ရှင်းပေးဦးအုံ –

စိတ်၊ စေတသိက်၊ ရူပ်။ တစ်ခုစီ၊ တစ်ခုစီမှာ ဥပါဒ်ခဏ၊ ဌိခဏ၊ ဘင်ခဏ၊ သုံးမျိုးရှိတယ်။ ဥပါဒ်ခဏသည် ဇာတိမီး၊ ဌိခဏ သည် ဇရာမီး၊ ဘင်ခဏသည် မရဏမီး၊ မီးသုံးမျိုးစီ။

မြင်သိစိတ်တစ်ချက် ဖြစ်လိုက်လျှင် သိစိတ်က ခဏသုံးချက် မီးသုံးမျိုး။

ဖဿ၊ ဝေဒနာစတဲ့ စေတသိတ် ၇–ခုက ခဏသုံးခုစီ – မီး (၂၁)မီး။

စက္ခုပသာဒရူပ်က – ခဏသုံးခု မီးသုံးမျိုး။

ရူပါရုံက – ခဏသုံးခု မီးသုံးမျိုး။

အားလုံးပေါင်း (မီးလျှံ မီးတောက်ပေါင်း ၃၀) စိတ်၊ စေတသိက်၊ ရူပ်ကို ခန္ဓာခေါ်တယ်၊ သံသရာခေါ်တယ်၊ ဝဋ်ဆင်းရဲခေါ်တယ်၊ ခန္ဓာသံသရာမှာပဲ ဇာတိစတဲ့ သံသရာမီးတွေ တောက်လောင်နေတယ်၊ နိဗ္ဗာနဓာတ် သတ္တိထဲမှာ စိုးစဉ်းအနည်းငယ်မျှ တောက်လောင်စရာမရှိ။ သံသရာ မီးလျှံမီးတောက် ကို ရှုမြင်ဖန်များတဲ့ ဝိပဿနာဉာဏ် ရင့်သန် လျှင် နောက်ဆုံး နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်ဖြစ် ပေါ်တာပဲ၊ နိဗ္ဗာန်ကို ဉာဏ်အမြင်လည်း ဆိုက်ရောက်ရော နိဗ္ဗာနဓာတ်က အကြောင်းခံ အနေနဲ့ ပြန်ပြီးကျေးဇူးပြုလိုက်တယ်၊ နိဗ္ဗာနဓာတ် အကြောင်းခံကြောင့် ဉာဏ်ရှင်ရဲ့သန္တာန်မှာ(၁၁)မီး ငြိမ်းသွားတယ်၊ (၁၁)မီး ငြိမ်းရ ခြင်း၏ အကြောင်းတရားက နိဗ္ဗာန်ပေတည်း။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်။ ဗုဒ္ဓဟူးနေ့။ ညနေချမ်းအချိန်။

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။ ထေရဝါဒမွေအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ကတမောစ ဘိက္ခဝေ အသခ်တာဂါမိမဂ္ဂေါ

အဲဒီ ဝိပဿနာအကျင့် မြတ် တရားတော်ထဲမှာ ယခုအစဉ်အားဖြင့် ဘုန်းကြီးသင်ပြပေးလာတာက နိဗ္ဗာန်ရဲ့ သဘောသတ္တိ ဘယ်သို့ရှိတယ်၊ နိဗ္ဗာန်ရဲ့ သဘောလေးတွေ သွားကြစို့၊ သံယုတ် တတိယအုပ်မှာ မဟာဝဂ္ဂသံယုတ်၊ အသခ်တသုတ်၊ သုတ်နာမည်ကိုက အသခ်တသုတ်၊ ကတမောစ ဘိက္ခဝေ အသခ်တဂါမိမဂ္ဂေါ။ ဒါမေးခွန်း ဘိက္ခဝေ-အိုရဟန်းတို့ ဘိက္ခဝေ သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းလိုငြား အိုရဟန်းများတို့၊ မြတ်စွာဘုရားက ရဟန်းတွေကို ဟောတာ၊ မြန်မာသုံးအားဖြင့် ရဟန်းတို့၊ ပါဠိသုံးက သမဏ၊ သမဏဆိုတာ ငြိမ်းတယ်၊ ရဟန်းရယ်လို့ ဖြစ်လာရင် ဘာတွေ ငြိမ်းသွားပြီလည်း ဆိုတော့ လူကိစ္စတွေ ငြိမ်းသွားပြီ၊ အလွန်ကြည်ညိုစရာကောင်းတာ၊ ပုဂ္ဂိုလ်ကို အရကောက်တဲ့အခါ ကျတော့၊ ရဟန်းကိုရတယ်။

တရားနာလျှင် ငြိမ်းဓနတယ်

မြတ်စွာဘုရားရဲ့ တရားစစ် တရားမှန် ကိုနာကြားမယ့်ပုဂ္ဂိုလ်တွေက တရားနာနေတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေ ငြိမ်းရမယ်၊ အဲဒီတော့ ပါဠိလေးပြန်ကြည့် မေးခွန်းကို၊ ဘိက္ခဝေ အိုရဟန်းတို့ ရဟန်းတို့လို့ ဘုရားရှင်ခေါ်လိုက်တဲ့ အဓိပ္ပါယ် သဘောပေါက်ပြီနော် **"အသခ်တ ဂါမိမဂ္ဂေါ"** အသခ်တက နိဗ္ဗာန်နော်၊ ဂါမိက သွားမယ် မဂ္ဂေါက လမ်း၊ ဂါမိနဲ့ မဂ္ဂေါနဲ့ပေါင်းလို့ရှိရင် သွားရာဖြစ်တဲ့ လမ်းခရီး၊ ဒါကြောင့် အသခ်တဂါမိမဂ္ဂေါ- နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းခရီးကောင်းသည်ကား၊ ကတမော အာဘယ် ပါနည်း၊ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တိုင်မေးတယ်၊ ဘုရားရှင် ခရီးလမ်းညွှန်ပြီလေ၊

http://www.dhammadownload.com

ကတမောစ ဘိက္ခဝေ အသခ်ံတ ဂါမိမဂ္ဂေါ၊ မြတ်စွာဘုရား နှလုံးသားထဲက လှိုက်လှိုက်လဲ့လဲ့ ဂရုဏာသမာပတ် ဝင်စားပြီးတော့ ဟောတော်မူတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်တွေက ခြသေ့မင်းအဆီနဲ့ တူတယ်၊ မြတ်စွာဘုရား တရားတော်ကို ဆည်းပူးကျင့်သုံးမယ့် သူတော်ကောင်းတွေရဲ့ ခန္ဓာကသိဂ္ဂီရွှေခွက်နဲ့တူတယ်၊ အားရစရာ မကောင်းဘူးလား၊ တကယ့်တရားစစ် တရားမှန်ကို လိုက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက် အားရစရာကောင်းလဲနော်။

ရှင်သာရိပုတ္တရာ နဲ့ အနာထပိဏ်

ဥပရိပဏ္ဏာသပါဠိတော် အနာထပိဏ္ဍိကောဝါဒသုတ်၊ အနာထပိဏ်သူဌေးကြီး နောက်ဆုံးအချိန် ရောက်လာတဲ့အခါကျတော ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ပင့်ပေးပါ ပင့်ပေးပါလို့ ပြောတယ်၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ရှင်အာနန္ဒာ နောက်လိုက်ရဟန်းနဲ့ ကြွလာတယ်၊ တိုတိုပြောတော့ ဒီလို တရားထူးတရားမြတ်ကြီး ဝိပဿနာ ရှုဖို့လေးတွေ၊ ရှင်သာရိပုတ္တရာ ဟောနည်းက တခါတည်းနားထဲကို ဆုပ်ထည့်တဲ့နည်း၊ တကယ့် တရားစစ် တရားမှန်တွေဟောတယ်၊ ဒီအခါမှာ အနာထပိဏ် သူဌေးကြီးက မျက်ရည်တွေ တွေတွေ တွေတွေနဲ့ ကျဆင်းလာတယ်၊ အဲဒီအခါကျတော့ အရှင်အာနန္ဒာက မေးတယ်၊ ဒကာကြီး သေရမှာ ဒီလောက်ကြောက်သလား၊ အဲဒီတော့၊ အနာထပိဏ်သူဌေးကြီးက ပြန်ပြောတယ်၊ ကိုယ်တော် တပည့်တော် သေရမှာ ကြောက်လို့ ငိုတာမဟုတ်ဘူး၊ နို့ ဒကာကြီးက ဘာလို့မျက်ရည်ကျရတာလည်း၊ **"နစဝေရှပိ ဓမ္မိကထာ သုတပုဗ္ဗာ"** ဝေ ရှုပြီ၊ ဤသို့ သဘောရှိသော။ ဓမ္မိကထာ၊ တရားစကားကို။ နစသုတပုဗ္ဗာ၊ ရှေးအခါက တစ်ရံတစ်ဆစ်မှ တပည့်တော် မကြားခဲ့ဘူးပါဘုရား၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သေခါနီးမှာ ဝိပဿနာတွေ အတင်းဟောနေတော့တာ၊ ဒကာကြီး စက္ခုပသာဒ အကြည်ဓာတ်လေးကလည်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားပဲ၊ အဆင်းဓာတ် ရှုပါရုံကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားပဲ၊ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ် ကလေးကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားပဲ၊ အဲဒါတွေ ဒကာကြီးထင်အောင်ရှုဆိုတော့ ဒကာကြီးက အဲဒီတရားကို ထင်အောင်ရှုမယ့်အစားစိတ်ထဲက တစ်ခါတည်း နှလုံးကဆို့နစ်တဲ့စိတ်ဖြစ်ပြီးတော့၊ ဆို့နစ်တယ်ဆိုတာ ဒေါမနဿ ဝေဒနာ ပေါ်လာပြီးတော့ မျက်ရည်တွေ ကျလာတယ်၊ တကယ့်နက်နဲတဲ့ ဝိပဿနာ သဘော တွေကို သူမကြား ခဲ့ဘူးဘူး၊ ဒါဖြင့် ဘယ်လိုလုပ် သောတာပန် ဖြစ်လဲ၊ ဘယ်နှယ့်လုပ် သောတာပန် ဖြစ်လဲဆိုတော့၊

http://www.dhammadownload.com

အနာထပိဏ် သောတာပန်ဖြစ်ရခြင်း

တစ်နေ့သ၌ ရာဇဂြိုလ်ကို အနာထပိဏ်သူဌေး သွားတဲ့အခါကျတော့ ခမ်းခမ်းနားနားပြင်ဆင်နေကြတာ၊ ကျွေးမွေးဖို့လည်းပဲ အမျိုးမျိုးစီမံနေကြတာ တွေ့တယ်။ တွေ့တဲ့အခါကျတော့ ဒီလောက် ကြီးကျယ်ခမ်းနားစွာဘယ်လို အောင်ပွဲကြီးတွေ လုပ်နေတာလည်းမေးတော့ ရာဇဂြိုလ်သူဌေးက မနက်ဖြန်မနက် အရုဏ်မိုးသောက် ရောက်တဲ့အခါ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းကပ်ဖို့ ပင့်ထားတယ်၊ အနာထပိဏ်သူဌေးဟာ ရှေးအခါက ဘုရားဆိုတဲ့စကားကို မကြားဘူးဘူးလားဆိုတော့ ကြားဘူးပါတယ်၊ ကြားဘူးသော်လည်းပဲ ယခုကြား လိုက်ရတဲ့ ဘုရားဆိုတဲ့ စကားကတော့ ဘုရားစစ် ဘုရားမှန်ဖြစ်နေတဲ့ အတွက် အနာထပိဏ်သူဌေးရဲ့ သန္တာန်မှာ ပီတိတွေဖြစ်သွားတယ်၊ အဲဒါနဲ့ မနက်မိုးသောက်ယံကို ဘုရားဖူးရမှာပဲ ဆိုတော့ အာရုံပြုအိပ်တယ်၊ ညဉ့်သန်းခေါင်းလောက် မိုးလင်းပြီဆိုပြီး ဘုရားဆီ သွားတယ်၊ အနာထပိဏ်သူဌေး ဘုရားဆီကို သွားလိုက်တာ၊ ခပ်လှမ်းလှမ်းလည်းရောက်ရော ဘုရားရှင်က ဧဟိသု ဒတ္တ ဧဟိသုဒတ္တ၊ သုဒတ္တ ချစ်သားသုဒတ္တ။ ဧဟိ၊ လာလှည့် ငယ်နာမည် ခေါ်ချလိုက်တာ ဘုရားနဲ့ အနာထပိဏ်သူဌေးနဲ့ တစ်ခါမှ မတွေ့ဘူးဘူး၊ မတွေ့ဘူးပဲနဲ့ သူငယ်နာမယ် ခေါ်ချလိုက်တော့ အနာထပိဏ်သူဌေးရဲ့စိတ် ဟာ ဘယ်လောက်များကြည်လင်သွားမလဲဆိုတာ ပီတိတွေလည်းဖြစ်မသွားဘူးလား၊ အဲဒီအခါမှာ တစ်ပုဒ်တစ်ဂါထာ တစ်ခါတည်း ဟောချလိုက်တာ သောတာပန်ဖြစ်သွားတာ၊ သောတာပန်ဖြစ်ဆို ကျောင်းဆောက်ရတာနဲ့ သံဃာတွေအတွက် ဆွမ်းကွမ်းစသည်ဖြင့် ကျောင်းသွားတိုင်း သွားတိုင်း မနက်ဆိုလည်း ပန်းနဲ့၊ ရေချမ်းနဲ့၊ ဆွမ်းချိန် ဆွမ်းနဲ့၊ ညနေ ဆိုရင်လည်း အဖျော် ယမကာနဲ့၊ အဲဒီတော့ အနာထပိဏ်သူဌေးကြီးက ရှင်အာနန္ဒာကို "**မနော ဘာဝနိယ ဘိက္ခူ**"၊ တပည့်တော်သည် ရဟန်းသံဃာတို့ရဲ့ စိတ်နှလုံးကို နှစ်သက်ရွှင်ပြုံးအားရ ကျေနပ်လောက်အောင် လှူဒါန်းတဲ့ ဒကာကြီးပါဘုရား၊ **နစဧဝရှပိ ဝမ္မိကထာ သုတ ပုဗ္ဗာ**၊ ခုမှလာပြီး သေခါနီးကျမှ ဒီတရားမျိုး လာဟောတော့ တပည့်တော် ကျင့်ချိန်မရတော့ဘူးဘုရားတဲ့၊ ဒါကြောင့် တပည့်တော် ဝမ်းနည်းမိတာပါ၊ မျက်ရည်ကျတာပါ၊ သေရမှာကြောက်လို့ မဟုတ်ပါဘူးတဲ့။ ရှင်သာရိပုတ္တ ရာကြီးက ဒကာကြီးတဲ့ ဒီလောက် နက်နဲ ခက်ခဲသိမ်မွေ့တဲ့ ဝိပဿနာဉာဏ် တရားတွေဆိုတာ ဝတ်ဖြူစင်ကြယ်ဝတ်တဲ့ လူတို့နဲ့တောင် မတော်ဘူး၊ ဆိုတော့ အပြန်အားဖြင့် တကယ့်ရဟန်းတွေ တကယ့်ငြိမ်သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တော်တယ်လို့ ပြောချလိုက်တာ၊ အဲဒီတော့ အနာထပိဏ်သူဌေးက အရှင်ဘုရား နားမလည်နိုင်တဲ့ ပုဂ္ဂိုလ်တွေရှိသလို၊ နားလည်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ အရှင်ဘုရားတို့က နားမလည်

http://www.dhammadownload.com

နိုင်ဘူးဆိုပြီး မဟောတော့ နားလည်နိုင်တဲ့ ပုဂ္ဂိုလ်တွေ တရားမရလို့ ဆုံးရှုံးကြပါတယ်၊ အဲဒီတော့ ဟောသာ ဟောပါဘုရား၊ အဲဒီတော့ ဒကာနဲ့ဆရာ စကားပြော သွားလိုက်တာ ဘယ်သူကသာ သွားလည်း၊ ဒကာက သာ သွားတယ်။

ဝိပဿနာ ရှုတယ်ဆိုတာ

အဲဒီတော့ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကြီးဆိုတာ အနိမိတ္တ သမာဓိ၊ အပ္ပဏိဟိတ သမာဓိ၊ သုညတ သမာဓိ၊ အနိမိတ္တဆိုတာက နိမိတ္တ-နိမိတ်၊ အ-က မရှိဘူး၊ နိမိတ် မရှိဘူး၊ နိမိတ်ဆိုတာ ကြားရ မြင်ရ တာတွေ၊ မကောင်းတဲ့ အတိတ်နိမိတ်တွေ လည်း နိမိတ်ပဲ၊ လူမှာ အသွင်သဏ္ဌာန်၊ အရိပ် နိမိတ်၊ အမူအရာ၊ အသွင်အပြင် လူဆိုတဲ့ ပုံပန်းသဏ္ဌာန်အရိပ်နိမိတ်၊ အကောင် အထည် ပုံပန်းသဏ္ဌာန်ကို နိမိတ္တလို့ခေါ်တယ်၊ နိဗ္ဗာန်ရောက်အောင်ရှုရမယ့် ရှုကွက်ကော ရှုဉာဏ်ရောက အဲဒီပုံပန်းသဏ္ဌာန် အရိပ်နိမိတ် မရှိဘူး၊ ရှုကွက်ထဲမှာလည်းပဲ ပုံပန်းသဏ္ဌာန်၊ အသွင်အပြင်၊ အရိပ်နိမိတ် မရှိဘူး၊ ရှုတဲ့ ဉာဏ်ကလည်းပဲ ပုံပန်းသဏ္ဌာန် အရိပ်နိမိတ် မရှိဘူး၊ ဝိသုဒ္ဓိမဂ်က သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ၊ အဟံဝိပဿာမိ၊ မမ ဝိပဿာမိ၊ အဟံ ငါသည် ဝိပဿာမိ၊ ဝိပဿနာရှု၏။ ဝိပဿနာ ရှုသော ဝိပဿ နာသည်၊ မမ၊ ငါ၏ ဝိပဿနာတည်း၊ ဣတိ ဤသို့ ဂဏှတောယူသောသူအား၊ ဒိဋ္ဌိဋ္ဌာ တဏှာနာမ ဒိဋ္ဌိပယ်ခွာခြင်းမည်သည်၊ နဟောတိ၊ မဖြစ်၊ ဝိပဿနာရှုတယ် ရှုတယ်၊ ဘယ်သူရှုလဲ ငါရှုတယ်၊ ရှုတဲ့ဝိပဿနာက ဘယ်သူ ဝိပဿနာလဲ၊ ငါ့ဝိပဿနာပဲ၊ ငါအားထုတ်လို့ ငါ့ဟာပေါ့၊ အဲဒီလိုယူရင် ဒိဋ္ဌိမလွတ် ဘူးတဲ့၊ ဝိသုဒ္ဓိမဂ်ကြီးက ဘယ်လိုမှ ဒိဋ္ဌိလွတ်လည်းဆိုရင်၊ သခ်ါရာဝါ သခ်ါရေ ဝိပဿန္တိ၊ သခ်ါရဝါ၊ သခ်ါရတစ်စုတို့ကသာလျှင်။ သခ်ါရေ၊ သခ်ါရတစ်စုတို့ကို။ ဝိပဿန္တိ၊ ဝိပဿနာ ရှုကုန်ကြ၏။ ရှုတတ်တဲ့ ဉာဏ်လည်းပဲ ပုဂ္ဂိုလ်သတ္တဝါတွေ၊ အရိပ်နိမိတ် လုံးဝမရှိဘူး။ ရှုတတ်တဲ့ ဉာဏ်ကလည်း ငါ သူတစ်ပါး ယောက်ျား မိန်းမ အရှုခံဖြစ်တဲ့ ရှုကွက်ကရော ငါ သူတစ်ပါး ယောက်ျား မိန်းမ ပါရဲ့လား၊ ရှုတတ်တဲ့ ဉာဏ်ကလည်းပဲ သခ်ါရသဘော တစ်စုပဲ မဟုတ်လား၊ အရှုခံတရားကလည်းပဲ သခ်ါရသဘော တစ်စုပဲတဲ့၊ ရှုတတ်တဲ့ဉာဏ်ကို သရုပ်ထုတ်ပြီး အရကောက်တဲ့အခါ ကျတော့ သရုပ်တရားကိုယ်နဲ့ ရတယ်။ သခ်ါရာဝရဲ့ အရက မဟာကုသိုလ်ဉာဏ သမ္မယုတ် စိတ်က တစ်ခု၊ စေတသိက်က (၃၃)၊ အညသမန်း စေတသိက်က (၁၃)လုံး၊ ကုသိုလ် ပြုတိုင်း ပြုတိုင်း၊ အမြဲပါတဲ့ ဇာတ်လိုက် စေတသိက်က (၁၉)လုံး၊ ဥပမာ လှူမယ် တန်းမယ် ဆိုရင်ရော ဒီ(၁၉)လုံး မဖြစ်ပဲနဲ့ ကုသိုလ်ရှင် ရှိမလား၊ ဒီ(၁၉)မျိုးဖြစ်ရင်တော့ ကုသိုလ်ရှင် ပေါ်မလာဘူးလား၊ ကုသိုလ်ရှင်က ပညတ်၊ (၁၉)လုံးက ပရမတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ လူကိုပြောတာ မဟုတ် ဘူး၊

http://www.dhammadownload.com

အဲဒီ (၁၉)လုံးဟာ တစ်ခုချင်း တစ်ခုချင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ (၃)ချက် (၃)ချက် မရဘူးလား။ (၁၉) သုံးလီ (၅၇) အဲဒီတော့ အဲဒီလို ပရမတ္ထသတ္တိလေးတွေကို ကောင်းစွာ လက္ခဏာယာဉ် (၃)ပါးနဲ့တင်ပြီး ရှုတာကို ဝိပဿနာ ရှုတယ်လို့ခေါ်တယ်။ ဝိပဿနာ ရှုတဲ့အခါမှာ ဝိပဿနာရှုတဲ့ဉာဏ်က မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် တစ်ခု၊ စေတသိက်က (၃၃)ခု၊ (၃၃)လုံးက ရှုတတ်တဲ့ သတ္တိ၊ ကျန်တဲ့ စိတ်၊ စေတသိက်၊ ရူပ်တွေက အရှုခံတရား၊ ရှုတတ်တဲ့ သတ္တိမှာကလည်းပဲ တစ်ခုချင်း တစ်ခုချင်းလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တနော်၊ အကုန်လုံးလည်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ၊ အရှုခံတရားကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားပဲ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူးလေ၊ အဲဒါကို ပြန်ဆိုလိုက်ရအောင်၊ သခ်ၸိရာဝ သခ်ၸိရေ ဝိပဿနာ၊ သခ်ၸိရာဝ သခ်ၸိရ တစ်စုတို့ကသာလျှင်၊ သခ်ၸိရေ၊ သခ်ၸိရတစ်စုတို့ကို ဝိပဿနာ၊ ဝိပဿနာ ရှုကြကုန်၏။ နားကြည်းစို့။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာအကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ဒီဝိပဿနာတရားတော်ထဲမှာ သိအပ်တဲ့ သစ္စာဉာဏ်တရားထဲမှာ နိရောဓသစ္စာ ထိုက်တဲ့ နိဗ္ဗာန်၊ ဒီနိဗ္ဗာန်ကို အခြေခံကျကျ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတ သမာဓိ၊ သုညတ သမာဓိ၊ ဒီသမာဓိ (၃)မျိုးရအောင် စိတ်၊ စေတသိက်၊ ရူပ်ကလေးတွေကို နည်းနည်းသင်ကြရအောင်၊ ပရမတ်သင်မှ နားဝင်မည်၊ မရမတ်မသင် နားမဝင်၊ ပရမတ်ကျမှ နားဝမည်၊ ပရမတ်မကျ နားမဝ၊ တရားဓမ္မကို ရှုမြင်ဖို့ကတော့ ပရမတ်တရားကို သင်ရတယ်။

တရားနဲ့ နေတယ်ဆိုတာ

အဂ္ဂိုတ္တိရ်ပါဠိတော်၊ ဓမ္မဝိဟာရီသုတ်မှာ တရားနဲ့နေတယ်၊ တရားအားထုတ်တယ် ဆိုတာ ဘယ်လိုပါလဲ၊ ဘုရားစကား တရားအသားဖြစ်တဲ့ သဘောသတ္တိလေးတွေကို အာရုံပြုနေတာ၊ မပြတ်နှလုံးသွင်းနေတာ၊ တရားနဲ့ နေတာနော်၊ (၁) သဒ္ဓါ၊ (၂) သတိ၊ (၃)ဟိရီ၊ (၄) ဩတ္တပ္ပ၊ (၅) အလောဘ၊ (၆) အဒေါသ၊ (၇) တတြမဇ္ဈတ္တတာ၊ (၈) ကာယပဿဒ္ဓိ၊ (၉) စိတ္တပဿတ္ဓိ၊ (၁၀) ကာယလဟုတာ၊ (၁၁) စိတ္တလဟုတာ၊ (၁၂) ကာယမုဒုတာ၊ (၁၃) စိတ္တမုဒုတာ၊ (၁၄) ကာယကမ္မညတာ၊ (၁၅) စိတ္တကမ္မညတာ၊ (၁၆) ကာယပါဂုညတာ၊ (၁၇) စိတ္တပါဂုညတာ၊ (၁၈) ကာယုဇုကတာ၊ (၁၉) စိတ္တဇုကတာ၊ ဘယ်ကုသိုလ်ပဲပြုပြု ဒီစေတသိက် (၁၉)လုံး မပါဘဲ ပြုလို့ မရဘူး၊ (၁)လုံး လျော့နေလို့လည်း မရဘူး၊ အတိအကျပဲ၊ ကုသိုလ်စေတသိက်က (၂၅)လုံး ရှိတာကို၊ စေတသိက် (၂၅)လုံးက ဝိရတီ (၃)လုံး၊ ကရုဏာ၊ မုဒိတာ ဆိုတဲ့ အပ္ပမညာ (၂)လုံး၊ ပညာ့ဇွေက (၁)လုံး၊ ဝိရတီဆိုတာက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနော်၊ ကရုဏာဆိုတာက ဒုက္ခရောက်နေတဲ့ သတ္တဝါအပေါင်းကို အာရုံပြုပြီး သနားတဲ့အခါမှာ ကရုဏာဖြစ်တယ်၊ မုဒိတာက ချမ်းသာနေတဲ့ ပုဂ္ဂိုလ်ကို အာရုံပြုပြီးတော့ ဝမ်းသာတဲ့အခါမှာ မုဒိတာဖြစ်တယ်။

'ပညာ့ဇွေ'၊ ပညာ့ဇွေယေန အနိစ္စ စသည်ကို ထိုးထွင်းသိခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားသဘောတွေကို ကောင်းစွာ ရှုမြင်နေတာ ပညာ့ဇွေစေတသိက်က ရှုမြင်နေတာ။

http://www.dhammadownload.com

ဒါကြောင့် 'သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ' သခ်ါရာဝ- သခ်ါရတရား တစ်စုတို့ကသာ လျှင် ရှုတတ်တဲ့တရားကို အရကောက်လိုက်တဲ့အခါကျတော့ သဒ္ဓါ၊ သတိ အစရှိတဲ့ (၁၉)လုံးရယ်၊ ပညာနှေ့စေတသိက် (၁)လုံးဆိုတော့ (၂၀)ရမနေဘူးလား၊ ဘယ်သူနဲ့မဆို စိတ်တိုင်းနဲ့ဆက်ဆံလို့ ရတယ်ဆိုတဲ့ အညသမာန်းစေတသိက် (၁၃)လုံး၊ ဒီ(၁၃)လုံးက (၁) ဖဿ၊ (၂) ဝေဒနာ၊ (၃) သညာ၊ (၄) စေတနာ၊ (၅) ဇီဝိတိန္ဒြေ၊ (၆) ဧကဂ္ဂတာ၊ (၇) မနိသိကာရ၊ (၇)လုံး၊ ကျန်တဲ့ (၆)လုံးက ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝီရိယ၊ အဓိမောက္ခ၊ ဆန္ဒ။ (၇)လုံးနဲ့ (၆)လုံး ပေါင်းရင် (၁၃)လုံး။

ကုသိုလ်ဖြစ်ရင်လည်းပဲ အဲဒီ (၁၃)လုံးက ပေါင်းတယ်၊ အကုသိုလ်ဖြစ်ရင်လည်းပဲ လိုက်ပေါင်းတယ်၊ အဗျာကတ ဆိုရင်လည်းပဲ လိုက်တယ်ဗျ၊ သူက ဘယ်သူနဲ့မဆို ဆက်ဆံတာ၊ အဲဒီ (၁၃)နဲ့ (၁၉)မျိုး ပေါင်းလိုက်လို့ရှိရင် (၃၂)လုံး၊ ပညာနှေ့ (၁)လုံး ထည့်လိုက်လို့ ရှိရင် (၃၃)လုံး၊ အဲဒါ သခ်ါရာဝရဲ့အရ စေတ သိက် (၃၃)လုံးကို ကောက်ရတယ်။ မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဆို တဲ့ စိတ်က တစ်ခု။

သခ်ါရေ - သခ်ါရတရားတို့ ကိုကျတော့ စိတ်တွေ၊ စေတသိက်တွေ၊ ရူပ်တွေ အကုန်လုံးကောက်ရတယ်၊ ခန္ဓာ (၅)ပါး ပေါ့၊ ရူပ်ကရူပက္ခန္ဓာ၊ စိတ်မှန်သမျှက ဝိညာ ဏက္ခန္ဓာ၊ စေတသိက်ထဲက ဝေဒနာက ဝေဒ နာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ကျန်တဲ့ စေတသိက်ထဲက တစ်ခုချင်းဖြစ်ဖြစ် အကုန်လုံး ဖြစ်ဖြစ် သခ်ါရာက္ခန္ဓာ။

သခ်ါရာဝ– သခ်ါရ တစ်စုတို့က သာလျှင်၊ သခ်ါရေ– သခ်ါရ တစ်စုတို့ကို ဝိပဿန္တိ– ဝိပဿနာရှုကြကုန်၏။ သခ်ါရာဝ– အနိစ္စ တစ်စုတို့ကသာလျှင်၊ သခ်ါရေ– အနိစ္စ တစ်စုတို့ကို၊ သခ်ါရာဝ– ဒုက္ခ တစ်စု တို့ကသာလျှင်၊ သခ်ါရေ– ဒုက္ခတစ်စုတို့ကို၊ သခ်ါရာဝ– အနတ္တ တစ်စု တို့ကသာလျှင်၊ သခ်ါရေ– အနတ္တ တစ်စုတို့ကို ဝိပဿန္တိ– ဝိပဿနာ ရှုကြကုန်၏။

မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တာဒိဋ္ဌိပယ်သွားခြင်း

ဒီတော့ မိစ္ဆာဒိဋ္ဌိ ပယ်ပုံလေး၊ **ကထံ နုခေါ ဘန္တေ ဇာနတော ကထံ ပဿ တော မိစ္ဆာ ဒိဋ္ဌိ ပဟီယတိ၊** ဘန္တေ၊ အရှင် ဘုရား။ ကထံနုခေါ၊ ဘယ်ကဲ့သို့ သိသော သူအား။ ပဿ တော၊ ရှုမြင်သောသူအား။ မိစ္ဆာဒိဋ္ဌိသည်။ ပဟီယတိ၊ ပယ်ပါသနည်း ဘုရား။

ရူပ် အနိစ္စတော၊ ဇာနတော၊ ပဿ တော၊ မိစ္ဆာဒိဋ္ဌိ၊ ပဟီယတိ။

ရူပ်၊ ဖောက်ပြန်တတ်ပြား ရူပ်တရားမှန်သမျှကို။ အနိစ္စ တော၊ အနိစ္စ အားဖြင့်။ ဇာနတော၊ သိသောသူအား။ ပဿ တော၊ ရှုမြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။ ပဟီယတိ၊ ပယ်၏။

တစ်ခုခုသော သခ်ါရတရားကို အနိစ္စလို့ ရှုမြင်လိုက်လျှင် မိစ္ဆာဒိဋ္ဌိ ပယ်သွားပြီ။

ကထံ နုခေါ ဘန္တေ ဇာနတော ကထံ ပဿ တော သက္ကာယဒိဋ္ဌိ ပဟီ ယတိ၊

http://www.dhammadownload.com

အရှင်ဘုရား အဘယ်ကဲ့သို့သိ၊ အဘယ်ကဲ့သို့ ရှုမြင်မှ သက္ကာယဒိဋ္ဌိ ပယ်ပါ သလဲဘုရား။

ရူပ် ဒုက္ခတော ဇာနတော ပဿ တော သက္ကာယဒိဋ္ဌိ ပဟီယတိ။

ရူပ်၊ ဖောက်ပြန်တတ်ငြား ရူပ်တရားကို။ ဒုက္ခတော၊ ဒုက္ခအားဖြင့် စက်ဆုပ်ဖွယ်အား ဖြင့် ဆင်းရဲသောအားဖြင့်။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုမြင်သောသူ အား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်။ ပဟီယတိ၊ ပယ်၏။

ကထံ နုခေါ ဘန္တေ ဇာနတော ကထံ ပဿတော အတ္တဒိဋ္ဌိ ပဟီယတိ၊ မည်ကဲ့သို့သိသောသူအား၊ ရှုမြင်သောသူ အား အတ္တဒိဋ္ဌိ ပယ်ပါသနည်းဘုရား။

ရူပ် အနတ္တတော၊ ဇာနတော၊ ပဿ တော၊ အတ္တဒိဋ္ဌိ၊ ပဟီယတိ။

ရူပ်၊ ဖောက်ပြန်တတ်ငြား ရူပ်တရားကို။ အနတ္တတော၊ အနတ္တအားဖြင့်။ ဇာနတော၊ သိသောသူအား။ ပဿတော၊ ရှုမြင်သော သူအား။ အတ္တဒိဋ္ဌိ၊ အတ္တဒိဋ္ဌိသည်။ ပဟီယတိ၊ ပယ်၏။

အနိစ္စလို့မျှား ရှုမြင်လိုက်ရင် မိစ္ဆာဒိဋ္ဌိ ပယ်၏။ ဒုက္ခလို့ ရှုမြင်လိုက်ရင် သက္ကာယဒိဋ္ဌိ ပယ်၏။ အနတ္တလို့ ရှုမြင်လိုက်ရင် အတ္တဒိဋ္ဌိ ပယ်၏။

ဝိပဿနာမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မပါ လို့ကတော့ ဘာဒိဋ္ဌိမှ မပယ်ဘူး။ အဲဒီတော့ အနိစ္စ တစ်စုက အနိစ္စ တစ်စုကို ရှုမှ၊ ဒုက္ခ တစ်စုက ဒုက္ခ တစ်စုကို ရှုမှ၊ အနတ္တ တစ်စုက အနတ္တ တစ်စုကို ရှုမှ ဝိပဿနာ။ ဒီတရားတွေ ကို မပြတ်နှလုံးသွင်းနေတာ၊ တရားကျင့်တယ်၊ ဉာဏ်ရဲ့အလုပ်၊ အဲဒီတော့ ခုနတုန်းက သမာဓိ သုံးမျိုးလေးနဲ့ ပြန်ပြီး နှိုင်းယှဉ်ရအောင်နော်။

ရှုတတ်တဲ့တရားက နိမိတ်မရှိဘူးနော်၊ ပုံသဏ္ဌာန်မရှိဘူးနော်၊ ရှုတတ်တဲ့ ဉာဏ်က လည်း အနိမိတ္တဉာဏ်က အနိမိတ္တမာတ်ကို သာ ဘယ်အခါ အာရုံပြုလိုက်ပြုလိုက် ဒီအာရုံ ကိုသာပဲ မပြတ်ထင်နေတော့ တခြားစိတ် ရောက်သေးရဲ့လား၊ အဲဒါ အနိမိတ္တ သမာဓိတဲ့။

ဒီဉာဏ်ကို နှလုံးသွင်းပြီးတော့ ရှုဉာဏ်က လည်း အနိမိတ္တ၊ ရှုတတ်တဲ့ ဉာဏ်နှင့်ရှုကွက် ကလည်း အနိမိတ္တသမာဓိ၊ ပြန်ဆက်လိုက် ကြစို့၊ **ကတမောစ ဘိက္ခဝေ အသခ်တ ဂါမီမဂ္ဂေါ။** ဘိက္ခဝေ၊ အိုရဟန်းတို့။ အသခ်တ ဂါမီမဂ္ဂါ၊ အသခ်တဓာတ် နိဗ္ဗာန် မြတ်ကိုရောက်ကြောင်း ခရီးကောင်းဟူသည်။ ကတမော၊ အဘယ်ပါနည်း။ အနိမိတ္တောစ၊ အနိမိတ္တ သမာဓိလည်းကောင်း။ ဘိက္ခဝေ၊ အိုရဟန်းတို့ အနိမိတ္တသမာဓိကို။အသခ်တ ဂါမီမဂ္ဂါ၊ အသခ်တဓာတ် နိဗ္ဗာန်မြတ်သို့ ရောက်ကြောင်း ခရီးကောင်းဟူ၍။ ဝုစ္စတိ၊ အဆူဆူ ပွင့်ငြား ဘုရားရှင်တို့ ငြိမ့်ညောင်း သံသာ ကောင်းစွာမသွေ မိန့်ဆိုဟောကြား တော်မူခဲ့ပါပေသည်။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၃)ရက်။ ခရစ်နှစ် ၂၀၀၉-ခုနှစ်၊ အောက်တိုဘာလ (၁)ရက်။ ကြာသပတေးနေ့။ ညနေချမ်းအချိန်။
အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့။
ထေရဝါဒမမ္မအသင်း၏ ဦးဆောင်မှုဖြင့် "ပ– သုံးလုံး" ဝိပဿနာသင်တန်း။

(ပထမအချိန်)

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလျှသောကြောင့် ဒုက္ခ ခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာ အကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ဝိပဿနာ အကျင့်မြတ်တရားတော်ရဲ့ စည်းကမ်းအချုပ်က ဝိပဿနာရှုတဲ့အခါမှာ အတ္တ၊ အနတ္တပိုင်းခြားပြီးတော့ ရှုရမယ်၊ ရှုတဲ့ဉာဏ်မှာ ထင်ရမှာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးပါးဖြင့် ထင်အောင် ရှုရမယ်၊ ရှုဉာဏ်ရင့်သန်လာတဲ့အခါကျတော့ ဝိပဿနာရှုတဲ့စိတ်ကို ရပ်ပြီးတော့ အမြိုက်နိဗ္ဗာနဓာတ်သို့ စိတ်စေလွှတ်ပေးရမယ်၊ ဒါကြောင့် နိဗ္ဗာန်၏ သဘောသတ္တိကို သဘောကျပြီးတော့မှ နိဗ္ဗာန်သို့ ဘယ်လို စိတ်စေလွှတ်ရတယ်ဆိုတာကို ပြောလိမ့်မယ်။ အခုတော့ ရှေ့ပိုင်းမှာ တိုက်တွန်းခန်းလေးက ဘုရားရှင်ကိုယ်တော်မြတ် သက်တော် ထင်ရှား ရှိတော်မူစဉ်အခါက မဟာဂေါသိယ်အင်ကြင်းတောကို မူလပဏ္ဏာသပါဠိတော်မှာ ဟောတော်မူတယ်။

အဲဒီတောကြီးထဲမှာ မထေရ်ကြီးငါးပါး၊ (၁)ရှင်သာရိပုတ္တရာ၊ (၂)ရှင်မဟာမောဂ္ဂလာန်၊ (၃)ရှင်မဟာကဿပ၊ (၄) ရှင်ရေဝတ၊ (၅) ရှင်အာနန္ဒာ၊ တပည့်ငါးရာစီ၊ ငါးရာစီနဲ့ သီတင်းသုံးကြတယ်။ မဟာဂေါသိယ် အင်ကြင်း တောကြီးသည် အလွန်မှ တင့်တယ်တယ်၊ သာယာတယ်၊ ကြည်နူးဖွယ်ကောင်းတယ်၊ ရဟန်းသံယာတွေအဖို့ စိတ်နှလုံးချမ်းမြေ့ ဖွယ်ဖြစ်တယ်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အလွန်ကောင်းလွန်းတဲ့ အင်ကြင်းတောကြီးကို ထို့ထက်ပင်ကောင်းအောင် ဘယ်လိုပြုလုပ်ရင် ကောင်းမလဲလို့ သံယာများကို မေးတယ်။

အဲဒီတော့ ရှင်အာနန္ဒာ မထေရ်မြတ်က အာဒီကလျာဏ– အစ၏ကောင်းခြင်း၊ မဇ္ဈေကလျာဏ– အလယ်၏ကောင်းခြင်း၊ ပရိယောသာနကလျာဏ– အဆုံး၏ကောင်းခြင်း၊ ကောင်းခြင်းသုံးပါးနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားရဲ့စကားတော်တွေဖြစ်တဲ့ ပိဋကတ်တော်တွေကို ဟောပြောတဲ့ တရားပွဲကြီးကျင်းပနေရင်ဖြင့်။

http://www.dhammadownload.com

ရှင်ရေဝတ မထေရ်မြတ်က သမထ၊ ဝိပဿနာ နှစ်ဖြာသောတရားတို့ကို အားထုတ်နေရင်၊ ရှင်မဟာကဿပ မထေရ်မြတ်ကြီးက ဓူတင်ဆောက်တည်ပြီးတော့ နေကြရင်ဖြင့်၊ ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က အဘိဓမ္မာတရားတွေကို မေးတဲ့ကိုယ်တော်က မေးလို့၊ ဖြေတဲ့ကိုယ်တော်က ဖြေလို့၊ အဘိဓမ္မာ အမေးအဖြေတွေကို နာကြားရတဲ့ သံယာပရိတ်သတ်ကြီးက နာကြားပြီးနေမယ်ဆိုရင်၊ အလွန်နှစ်လိုဖွယ်ကောင်းတဲ့၊ သာယာဖွယ်ကောင်းတဲ့၊ ပျော်မွေ့ဖွယ် ကောင်းတဲ့၊ အင်ကြင်းတောကြီးသည် ထိုထက်ပင် သာလွန်၍ နှစ်သက်စရာ ပျော်မွေ့ဖွယ် ကောင်းပါတယ် ဘုရား။

မထေရ်ကြီးလေးပါးကတော့ သူတို့ရဲ့ သဘောထားအသီးသီးကို ဖြေသွားပြီး အမေးပုဂ္ဂိုလ် ဖြစ်တဲ့ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကတော့ သမာပတ်ဝင်စားတာကို အားကြီးအလိုရှိတယ်။ ဖလသမာပတ်ကို ဝင်စားနေရင်ဖြင့် ဒီအင်ကြင်းတောကြီးဟာ သာလွန်ပြီးတော့ ကောင်းမြတ်မယ်၊ ဒီလိုအမိန့်ရှိတယ်။ အဲဒီတော့ အသီးသီး မထေရ်မြတ်ကြီးတို့ တစ်ဦးစီ တစ်ဦးစီ အယူအဆ မတူကြသဖြင့် သက်တော်ထင်ရှား ဘုရားထံသွားပြီး အရှင်ဘုရား ဒီမဟာဂေါသိယ် အင်ကြင်းတောကြီးဟာ အလွန်သာယာပါတယ် ဘုရား၊ အလွန်ကောင်းမြတ်ပါတယ် ဘုရား၊ အလွန်မွေ့လျော်ဖွယ်ရှိပါတယ် ဘုရား၊ ဒီထက်ကောင်းအောင် ဘယ်လိုတန်ဆာဆင်ရင် ကောင်းမလဲဆိုတာ တပည့်တော်တို့ အဆုံးအဖြတ်လိုချင်လို့ မြတ်စွာဘုရားထံ ချဉ်းကပ်ခဲ့ပါပြီ ဘုရား။ မြတ်စွာဘုရား အမိန့်ရှိတော်မူပါဘုရား ဆိုတော့ မျက်မှောက်ဌာပင် အရဟတ္တဖိုလ်ကို မရောက်လျှင် ဒီတရားကို မလျှော့စတမ်း ဒီဝန်ကို မချစတမ်း၊ ကျင့်သုံးပြီးတော့ အရဟတ္တဖိုလ်ပေါက်အောင် ကျင့်ခြင်းသည်သာလျှင် အကောင်းဆုံးဟု မိန့်တော်မူပါပေသည်။ အဲဒီတော့ မိမိတို့ ရရှိထားသော ဘဝခန္ဓာကြီးဟာ ဘယ်လောက်ကောင်းလဲဆိုတော့ မဟာဂေါသိယ်အင်ကြင်းတောကြီးနဲ့ တူတယ်။ ဒီထက်ကောင်းအောင် မချသောဝန်ဖြင့် အရဟတ္တဖိုလ်ကို မရရင်ဖြင့် ဒီဝန်ကို မချပြီလို့ အားထုတ်နေတာ အကောင်းဆုံး ပါပဲ၊ အဲဒီတော့ ဝိပဿနာ အားထုတ်နေတာ အကောင်းဆုံးပဲ။ ဝိပဿနာ အားထုတ်တဲ့အခါ လယ်တီဦးနန္ဒိယ က ဝိပဿနာကို အားထုတ်ရသော အမှုသည် ကိုယ်အမှုအရာ နှုတ်အမှုအရာ တို့ဖြင့် ပင်ပန်းကြီးစွာ အားထုတ်ရသော အမှုအမျိုးမျိုးမဟုတ်၊ မိမိသန္တာန်၊ သူတစ်ပါးသန္တာန်၌ ဖြစ်ပျက်နေသော ရုပ်နာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို ထင်အောင် မြင်အောင် ရှုကြည့်ရသော ဉာဏ်ဝိရိယတို့ အလုပ်ဖြစ်သည်။ ထို့ကြောင့်ပင် သွားရင်း လာရင်း လုပ်ရင်း ကိုင်ရင်း နေရင်း ထိုင်ရင်း စားရင်း သောက်ရင်းနှင့်ပင် ဖြစ်နိုင်လေသည်လို့ ရေးထားတယ်။ အဲဒီတော့ အင်ကြင်းတောကြီးဆိုတာ မိမိတို့ရဲ့ ဘဝခန္ဓာကို ပြောတယ်။ မိမိတို့ရဲ့ ဘဝခန္ဓာ အကောင်းဆုံးဖြစ်အောင် ဝိပဿနာ တရားအားထုတ်

http://www.dhammadownload.com

နေရင် အကောင်းဆုံးပါပဲ။

မနေ့က ကုသိုလ်ဖြစ်တိုင်း ဖြစ်တိုင်း စေတသိက် ၁၉-လုံး ဇာတ်လိုက်ကို သင်ပေးပြီးပြီ။ အခု အကုသိုလ်စေတသိက် ၁၄-လုံး သင်ပေးမယ်။

(၁) မောဟ (၂) အဟိရိက (၃) အနောတ္တပ၊ (၄) ဥဒ္ဓစ္စ လေးလုံး၊ အဲဒီလေးလုံးက အကုသိုလ်ဖြစ်တိုင်း ဖြစ်တိုင်း ဇာတ်လိုက်။ ဒါကြောင့် သူ့ကို ပါဠိလို သဗ္ဗာကုသလ စေတသိက်လို့ခေါ်တယ်။ နောက်လေးလုံး က (၁) ဒေါသ (၂) ဣဿာ (၃) မစ္ဆရိယ၊ (၄)ကုက္ကုစ္စ အဲဒီလေးလုံးကလည်း ဒေါသ ဖြစ်လို့ရှိရင် မပါလို့မရဘူး။ တစ်ပြိုင်နက် မပါဘူး၊ တစ်ခုဖြစ်ရင် ကျန်တဲ့ သုံးလုံး မဖြစ်ဘူး။ လောဘ နဲ့ ဒိဋ္ဌိ ထည့်လိုက်တော့ ၁၀-လုံး၊ ထိနမိဒ္ဓက ၂-လုံး၊ ၁၂-လုံး၊ မာန နဲ့ ဝိစိကိစ္ဆာ ၁၄-လုံး။

နိဗ္ဗာန်သွားမယ် နိဗ္ဗာန်က သိအပ်တဲ့ သဘောသတ္တိတစ်ခုလေ သိတတ်တဲ့ စိတ်နဲ့ သိစရာဖြစ်တဲ့ နိဗ္ဗာန်က ဓမ္မာရုံဆိုတော့ ဓမ္မာရုံဖြစ်တဲ့ နိဗ္ဗာန်နဲ့ သိတဲ့စိတ်နဲ့ တိုက်ဆိုင်ပေးတာ ဖဿ၊ ဒါဖြင့် ဖဿဖြစ်လိုက်လို့ရှိရင် နိဗ္ဗာန်ကို ခံစားတဲ့အာရုံ မပေါ်ဘူးလား၊ ဒါဖြင့် ဝေဒနာ မဖြစ်ဘဲနဲ့ရော နိဗ္ဗာန်ရောက်မလား၊ နိဗ္ဗာန်သဘောကို မှတ်သားတဲ့ သညာမဖြစ်ဘဲနဲ့ရော နိဗ္ဗာန်ရောက်မလား၊ ဒါဖြင့် ဘယ်အာရုံကိုပဲယူယူ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဇီဝိတိန္ဒြေ၊ ဧကဂ္ဂတာ၊ မနသိကာရ ၇-လုံး၊ ဘယ်စိတ်ဖြစ်ဖြစ် အဲဒီစေတသိက် ၇-လုံး မပါဘဲနဲ့ မရဘူး။ ဒါကြောင့် မြင်တယ် မြင်တယ် ဆိုတာ အမျှားပြောမှန်တယ်၊ တရားသဘော အမှန်မှာတော့ စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေ ပိုင်းခြားသိတာကို ပရိညာဉာဏ်လို့ခေါ်တယ်။ အပိုမရှိ အလိုမရှိ သဘောသတ္တိတွေကို အတိအကျသိတာ ပရိညာ။

ပရိညာဟူသည် ဤကား စိတ်၊ ဤကား စေတသိက်၊ ဤကား ရုပ်ဟု ပိုင်ပိုင်ကြီး သဘောကျအောင်သိ၏။

အဲဒီတော့ ပရိညာက (၃)မျိုးရှိတယ်၊ (၁) ဉာတပရိညာ၊ ဒါစိတ်၊ ဒါစေတသိက်၊ ဒါရုပ်လို့သိတာ ဉာတပရိညာ၊ (၂) တီရဏပရိညာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမြင်တာ တီရဏပရိညာ၊ (၃) ပဟာနပရိညာ၊ နိစ္စ၊ သုခ၊ သုဘ၊ အတ္တကိုပယ်သည် အတ္တကို ပယ်တယ်လို့ သိတာ ပဟာနပရိညာ။

ဝိပဿနာရှုတယ်ဆိုတာ ဒီပရိညာသုံးပါးမှာ ဉာတပရိညာက နံပါတ်(၁)၊ အဲဒီ နံပါတ်(၁)ပရိညာကို မပိုင်ဘဲနဲ့ ဝိပဿနာ ရှုရင် ရှုကွက်လွဲနေပြီ၊ စိတ်က ဘယ်စိတ်၊ စေတသိက်က ဘယ်စေတသိက်တွေပဲ၊ ရုပ်က ဘယ်ရုပ်ပဲလို့ ရှုမြင်တာ ဉာတပရိညာ၊ နံပါတ်(၂) တီရဏပရိညာ၊ စိတ်မှန်သရွေ့၊ စေတသိက်မှန်သရွေ့၊ ရုပ်မှန်သရွေ့ ပုံသဏ္ဌာန်ရှိမလား၊ အမှုန်အမွှားလေးတောင် မရှိဘူး၊ သဘောသတ္တိလေးတွေ ဖြစ်လိုက်တိုင်း ပျက်တယ်နော်၊ အဲဒီအပျက်တရားတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲလို့ ဉာဏ်မှာ ထင်လိုက်ရင် နံပါတ် (၃)ဖြစ်တဲ့ နိစ္စ၊ သုခ၊ အတ္တက အလိုလိုပယ်မသွားဘူးလား၊ မိမိ

http://www.dhammadownload.com

သန္တာန်မှာ ဘယ်စိတ်ဖြစ်လည်းဆိုတာကို ပိုင်ပိုင်ကြီးသိတာကို ပရိညာ၊ ဒီစိတ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့သိတာကို တိရဏပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ရှုလိုက်ရင် နိစ္စ၊ သုခ၊ အတ္တ ပယ်ပြီးသားဖြစ်မသွားဘူးလား ဒီလို သွားနေတယ်။ ကိုင်းနားကြဦးစို့။

ပရိညာ ဉာဏ်ရှုကွက်ပြီး၏။

သာဓု – သာဓု – သာဓု။

(ဒုတိယအချိန်)

ချမ်းသာစွာနာယူကြပါ။

သုံးလောကထွဋ်ထား ရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သတ္တဝါဝေနေယျအများတို့အား သနားကြင်နာတော်မူလှသောကြောင့် ဒုက္ခ ခပ်သိမ်း အစဉ်ကင်းငြိမ်းစေခြင်းငှာ စွမ်းနိုင်သော သတ္တိအာနုဘော်ရှိသော ဝိပဿနာ အကျင့်မြတ် တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်။

ရှိတဲ့တရားက စိတ်၊ စေ တသိက်၊ ရူပ်၊ နိဗ္ဗာန်၊ လိုချင်တာက နိဗ္ဗာန်၊ နိဗ္ဗာန်လိုချင်ရင် စိတ်၊ စေတသိက်၊ ရူပ်ကို ထင်အောင် ရှုရမယ်။

ဒီနေ့ နိဗ္ဗာန် နာမ်တရား ဖြစ်ကြောင်း၊ နိဗ္ဗာန်သည် နာမ်ဓာတ်၊ ဓမ္မသင်္ဂဏီ ပါဠိတော်၊ အဘိဓမ္မာ (၇)ကျမ်း ထိပ်ဆုံးကျမ်းက ဓမ္မသင်္ဂဏီကျမ်း။ ပါဠိတော်စာအုပ် စာမျက်နှာ (၂၅၆) အပိုဒ်ရေ (၁၃၁၆) **တတ္ထတတမ် နာမ တတ္ထ** ထိုတရားအပေါင်းတို့တွင်၊ နာမ်၊ နာမ်တရားသည်။ ကတမံ၊ အဘယ်နည်း။

ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော၊ အသင်္ခတာ စ ဓာတု၊ နာမ်တရားဆိုတာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ ဒါနမ်ခန္ဓာ (၄)ပါးလို့ သိပြီးသား။ အခု "**အသင်္ခတ ဓာတု ဣဒ်ဝုစ္စတိ နာမံ**" အသင်္ခတာ စ ဓာတု၊ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို လည်း။ နာမံ၊ နာမ်ဟူ၍။ ဣဒ်၊ ဤတရား (၅)ပါးကို။ နာမံ၊ နာမ်ဟူ၍။ ဝုစ္စတိ၊ မိန့်ဆို အပ်ပါ၏။

နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကြီးက နာမ်တရားထဲ ပါသွားတယ်နော်။ သင်ကြိုလ် ဆရာကျတော့ စာမျက်နှာ (၁၆၆) သင်ကြိုလ် စာအုပ် သုဓမ္မဝတီရိုက် သူလည်း ဘယ်ဘက် မျက်နှာ "**ပဠဝိဓမ္မိ အရူပန္ဓိစ နာမန္ဓိစ ပဝုစ္စတိ**" ပဠဝိဓမ္မိ၊ (၅)ပါး အပြားရှိသော တရားအပေါင်းကိုလည်း။ အရူပန္ဓိစ၊ အရူပ ဟူ၍လည်းကောင်း။ နာမန္ဓိစ၊ နာမ်ဟူ၍ လည်းကောင်း၊ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်ဆိုအပ်၏။ (၅)ပါး အပြားရှိသောတရား ကား (၁) ဝေဒနာက္ခန္ဓာ၊ (၂) သညာက္ခန္ဓာ

http://www.dhammadownload.com

(၃) သခ်ါရကၽန္ဓာ (၄) ဝိညာ ဏကၽန္ဓာ (၅) အသခ်ံတဓာတ် နိဗ္ဗာန်။

ဒါဖြင့်ရင် သခ်ံတနာမ်၊ အသခ်ံတနာမ်လို့ ၂ – မျိုးခွဲလိုက်၊ စိတ်တွေ စေတသိက်တွေက သခ်ံတနာမ်နော်၊ နိဗ္ဗာန်က အသခ်ံတနာမ်၊ ရူပ်တရားတွေ နာမ်တရားတွေ ဖြစ်လာလို့ရှိရင် အိုရမယ်၊ နာရမယ်၊ သေရမယ် ဆိုတာ သခ်ံတတရားကို ဆိုပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ လုံးဝလွတ်နေတဲ့ နာမ်တရားကတော့ အသခ်ံတနာမ်လို့ ရှိသေး၏။ နိဗ္ဗာန်ဆိုတဲ့ ဓာတ်သတ္တိကြီးကို နာမ်တရားလို့ ဘုရားရှင်ဟောပြီ၊ သာသနာတော်ဆိုတာ ဘုရား အဆုံးအမစကား၊ ဘုရားအဆုံးအမစကားတွေ ငုပ်ကွယ်နေတာကို ဖော်ထုတ်ပေးနေတာကို သာသနာပြုတယ်။ ဒီတရားစစ်၊ တရားမှန်တွေ ဖော်ထုတ်ပေးတာကမှ သာသနာပြုအစစ်၊ အဲဒီတော့ နာမ်တရားမှာ အသခ်ံတနာမ်ရဲ့ သဘောတရား။ အဋ္ဌကထာ အပိုဒ်ရေ ၁၃၁၆ မှာ ဘယ်လိုဖွင့်သွားလည်း ဆိုတော့ နာမ်၊ နိဗ္ဗာန်ဟူသော အမည်ကို မှည့်တတ်သော သဘောသတ္တိကြောင့် နာမ၊ နာမ်မည်၏။ အဲဒီ သဘောသတ္တိသည် နိဗ္ဗာန်ဟူသော အမည်နာမကို ယူထားတဲ့အတွက် အမည်နာမ အနေနဲ့ နိဗ္ဗာန်သည် နာမ်။ သဘောသတ္တိက တခြား၊ နာမည်က တခြား၊ နာမည်က ပညတ်၊ သဘောသတ္တိက ပရမတ်၊ ဒါဖြင့် နိဗ္ဗာန်ကို အာရုံပြုတဲ့အခါ နိဗ္ဗာန်ဆိုတဲ့ သဘောသတ္တိကို အာရုံပြုရမယ်။ အဲဒီသဘောသတ္တိ ဘယ်လိုရှိသလဲ။ **"အတ္ထနိ နာမေ တိ တိနာမံ"** အတ္တနိ၊ နိဗ္ဗာန်ဟူသော သတ္တိ၌ အနဝဇ္ဇမမ္မေ၊ အပြစ်ကင်းသော တရားတို့ကို။ နာမေ၊ ညွှတ်စေတတ်၏။

ဣတိတသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာန်၊ နိဗ္ဗာန်သည်။ နာမ်၊ နာမ်မည်၏။ သခ်ံတနာမ်က သိစရာကို ညွှတ်ပြီးသိတတ်လို့ နာမ်ခေါ်တယ်နော်။ နိဗ္ဗာန်ဟူသော သတ္တိထူးကား စင်ကြယ်ကောင်းမြတ်သော စိတ်၊ စေတသိက်တရားတို့ကို ညွှတ်စေတတ်သော သတ္တိရှိသောကြောင့် နိဗ္ဗာန်ကို နာမ်ဟု ဟောကြားတော်မူခဲ့ပါပေ၏။

နိဗ္ဗာန် ဆိုတဲ့ အခေါ်အဝေါ် အမည်နာမကို ဘုရားမှည့်တာ မဟုတ်ဘူးနော်၊ ဘုရားက နိဗ္ဗာန်ကို သွားမြင်လိုက်တဲ့အခါကျတော့ သတ္တိကို သွားမြင်တာ ဘုရားရှင်ရဲ့ ဉာဏ်တော်ထဲမှာ နိဗ္ဗာန်ဆိုတဲ့သတ္တိလည်း သူ့ရဲ့ ဉာဏ်တော်ထဲမှာ တွေ့ရတယ်။ အမည် နာမကိုလည်း တွေ့ရတယ်။ ဒါကြောင့် နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတဲ့ အမည်နာမအနေနဲ့ နာမည်အနေနဲ့ နာမ်၊ စင်ကြယ်နေတဲ့ ကောင်းမြတ်တဲ့ စိတ်၊ စေတသိက်တွေ ဖြစ်ပေါ်လာရင် နိဗ္ဗာန်ဆိုတဲ့သတ္တိက တခြားကို မညွှတ်နဲ့ နိဗ္ဗာန်ဆိုတဲ့ သတ္တိကို ညွှတ်စေတဲ့ သတ္တိရှိသောကြောင့် နိဗ္ဗာန်ဆိုတဲ့ တရားသည် နာမ်၊ နိဗ္ဗာန်သည် နာမ်တရားဆိုလျှင် နိဗ္ဗာန်သည် ဖြစ်ပြီးလျှင် ပျက်ပါသလား။ နိဗ္ဗာန်က မဖြစ်တရား။ ဖြစ်တရားက ပျက်တယ်။ မဖြစ်တရားက မပျက်ဘူး။

နိဗ္ဗာန်သည် ထာဝရတည်ရှိသည် ဆိုတာ ရှင်းပေးရလျှင်။ အဂ်ုတ္တိ၂်ပါဠိတော်မှာ ဥပ္ပါဒါဝါ အနုပ္ပါဒါဝါ၊ တထာဂတာနံ၊ ဘုရားရှင်တို့

http://www.dhammadownload.com

ပွင့် ပွင့် မပွင့် ပွင့်၊ နိဗ္ဗာန် ရှိနေတာကို မသိဘူး။ ပထမဆုံး သွားသိတာ ဘုရား၊ နိဗ္ဗာန်ကို ပထမဆုံးအကြိမ် သွားသိလိုက်လို့ ဘုရားလို့ ခေါ်တာ။ နိဗ္ဗာန်က ကာလ ၃-ပါးမှ လွတ်နေတယ်။ အစဉ်သဖြင့် တည်ရှိနေတဲ့ တရား။

နိဗ္ဗာန်သည် သတ္တိဖြစ်၍ အကြောင်းတိုက်ဆိုင်၍ ပေါ်ပြီး အစွမ်းသတ္တိကို ဖြစ်စေပြီး ပြီးပျောက်သွားသော သဘောရှိသော ဓာတ်တရား ဖြစ်ပါသလားဆိုတော့ နိဗ္ဗာန်က ဖြစ်ပေါ်တဲ့တရားမဟုတ်ဘူး။ စိတ်၊ စေတသိက်၊ ရုပ်က သခ်ီတ တရား ဖြစ်တရား။ နိဗ္ဗာန်က မဖြစ်တရား။ နိဗ္ဗာန်ကို သဘောကျဖို့ရာ ဒုက္ခကို သိဖို့လိုတယ်။ ဒုက္ခဆိုတာ ဒီစိတ်၊ စေတသိက်၊ ရုပ် အရေအတွက်အားဖြင့် ၈၁-သည် ဒုက္ခ၊ အဲဒါ ဖြစ်တရား။

နိဗ္ဗာန်က မဖြစ်တရား၊ ဖြစ်တရားက ဖြစ်ရင် ပျက်တယ်။ မဖြစ်တရားက မဖြစ်တော့ မပျက်ဘူး။ နိဗ္ဗာန်သည် မဖြစ်ကာမျှ တရားမဟုတ်ဘူး၊ မဖြစ်ကြောင်းတရား၊ အဲဒီ ဖြစ်တဲ့ ဒုက္ခက အခုဖြစ်တရားနော်၊ နိဗ္ဗာန်ကို သွားသိလိုက်ရင် သိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒုက္ခ ဖြစ်သေးရဲ့လား။ ဒါဖြင့် ဒုက္ခမဖြစ်ကြောင်းတရား။ အဲဒီလို နက်သွားတာ အဓိပ္ပါယ်က ဒုက္ခကိုမှ ကောင်းကောင်းကြီး မရှုနိုင်ဘဲနဲ့ တော့၊ နိဗ္ဗာန် သဘောမကျဘူး၊ ခန္ဓာငါးပါး အစဉ် ဝင်ရှုဒုက္ခကို မြင်မှ နိဗ္ဗာန်ကို သဘောကျနိုင်လေသည်။ ဒီတစ်ကိုယ်လုံး တစ်ကောင်လုံးကိုပဲ ခန္ဓာ ငါးပါးလို့ နားလည်ထားတယ်။ ဒါ ပုထုဇဉ် လူပြိန်းတို့ သိတဲ့ ခန္ဓာလေ၊ ဝိပဿနာ ရှုကွင်း၊ ရှုကွက်ခန္ဓာက ပုံသဏ္ဌာန် ရှိလို့လား။ ဒီခန္ဓာကိုယ်ကြီးက ခန္ဓာမှန်ပါတယ်။ အတ္တခန္ဓာ၊ ဒီခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ တရားတွေက အကုန်လုံး တစ်ခုစီ တစ်ခုစီ ဆွဲနုတ်ရင် စိတ်၊ စေတသိက်၊ ရုပ်နဲ့ လွတ်မလား။ စိတ်၊ စေတသိက်၊ ရုပ်က တစ်ခုချင်း၊ တစ်ခုချင်း ပုံသဏ္ဌာန် ရှိလို့လား။ အဲဒါ အနတ္တ ခန္ဓာ၊ ဒီခန္ဓာကိုယ်ကိုမှ မကွဲလို့ရှိရင် ဝိပဿနာ ရှုလို့ မမှန်ဘူး။ နိဗ္ဗာန်ကို သဘောကျဖို့ အဝေးကြီး။ စိတ်၊ စေတသိက်၊ ရုပ်ကို ရေတွက်လိုက်ရင် ၈၁-နော်၊ ၈၁-တစ်ခုချင်း တစ်ခုချင်း လည်းပဲ ဖြစ်တိုင်း ပျက်နေလို့ ဒုက္ခအစုနော်။ နိဗ္ဗာန်ဆိုတဲ့ တရားကို ဉာဏ်ထဲမှာ သိလိုက်ရင်တော့ သိတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒုက္ခငြိမ်းပြီ ဒါကြောင့် ဒုက္ခငြိမ်းကြောင်းတရား၊ ဒုက္ခက ဖြစ်တရား၊ နိဗ္ဗာန်က မဖြစ်တရား၊ မဖြစ်ကာမျှ မဟုတ်ဘူး။ ဒုက္ခမဖြစ်ခြင်း၏ အကြောင်းခံတရား။

သာဓု – သာဓု – သာဓု။

http://www.dhammadownload.com

ပန်းကြားလွှာ

ကျွန်မနှင့် ဆရာမဒေါ်ခင်ခင်ဝင်း (ဓမ္မဗျူဟာ) တို့သည် ပသုံးလုံးဝိပဿနာပညာတက္ကသိုလ်၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိက (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ ဝိပဿနာပညာတက္ကသီလာဒိကမ္မိက)၏ အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးထွက်စဉ်အခါက အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစတီးမြို့၌ ဟောကြားတော်မူအပ်သော ဒီယနိကာယ်၊ မဟာဝဂ္ဂသုတ္တန်၌လာရှိသော မဟာသတိပဋ္ဌာနသုတ်တော်မြတ်မှ တစ်စိပ်တစ်ဒေသသော တရားဓမ္မကျင့်စဉ်များကို CD၊ DVD ခွေတို့မှ နာယူ၍ တရားစာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။

CD၊ DVD ခွေမှ စာအုပ်အဖြစ်သို့ ထုတ်ဝေရခြင်းမှာ ဓမ္မမိတ်ဆွေသင်္ဂဟအပေါင်းဖတ်ရှုနိုင်ရန်အလို့ငှာ၊ ဖတ်ရှုနားလည်ပြီး၍ ထိုတရား နှလုံးသွင်း ကျင့်စဉ်များကို အချိန်မရွေး၊ နေရာမရွေး လွယ်လွယ်ကူကူကျင့်သုံးနိုင်စေခြင်း အကျိုးငှာ၊ တရားစစ် တရားမှန်များကို ပြန့်ပွားစေခြင်းအကျိုးငှာ၊ သာသနာတော် သန့်ရှင်စွာဖြင့် အဓွန့်ရှည်စေရန်အလို့ငှာ၊ နိဗ္ဗာန် ရောက်ကြောင်းနည်းလမ်းကောင်းများရစေခြင်း အကျိုးငှာ ရည်သန်၍ ဓမ္မမိတ်ဆွေများထံသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေရန် ရည်ရွယ်ရေးသားခဲ့ပါသည်။

သို့ပါ၍ ကျွန်မအနေဖြင့် မိမိဉာဏ်မီသလောက် နာယူရေးသားထားပါသော်လည်း ပရိယတ္တိ ပဋိပတ္တိအရာတွင် လွန်စွာကျွမ်းကျင်ပြည့်စုံလှသော ဆရာတော်၏ ဟောကြားအပ်သော တရားတော်မှာ လွန်စွာနက်နဲသည့် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ တရားစစ် တရားမှန်များ ဖြစ်ပါသဖြင့် ပါဠိ၊ အနက် စကားလုံးများ အမှားအယွင်းပါရှိခဲ့ပါက ထိုအမှားအယွင်းသည် ဆရာတော်ဘုရားကြီးနှင့် သက်ဆိုင်မှု မရှိပါဘဲ ၊ ကျွန်မ၏ ဉာဏ်မမီမှု၊ စိစစ်ရာတွင် ပေါ့လျော့မှုကြောင့်သာ ဖြစ်ပါ၍ ထိုတရားစာအုပ်ကို ဖတ်ရှုသူတို့အနေဖြင့် မေတ္တာဖြင့် ခွင့်လွှတ်ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

ထို့အပြင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေးသားပေးသော ဆရာမဒေါ်ခင်ခင်ဝင်း (ဓမ္မဗျူဟာ)နှင့်တကွ ကွန်ပျူတာစာစီပေးသော ဓမ္မမိတ်ဆွေများ၊ ပသုံးလုံးဝိပဿနာပညာတက္ကသိုလ်မှ အမှုဆောင်များဖြစ်ကြသော ကိုရဲဝင်း၊ ကိုစိန်လှဝင်းနှင့် ကွန်ပျူတာစာချောစီပေးသော ကိုခင်မောင်ဦး၊ စာအုပ်ဖြစ်မြောက်ရေးအတွက် မ,တည်လှူဒါန်းသော အလှူရှင်များနှင့် ကျေးဇူးတင်သင့် တင်ထိုက်သူအားလုံးတို့ကို ကျေးဇူး ဥပကာရ တင်ရှိပါသည်။

ဤစာအုပ်ကို ဓမ္မဒါနအဖြစ် ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဒေါ်ယဉ်ယဉ် (ပသုံးလုံး ဝိပဿနာတက္ကသိုလ် သင်တန်းသူ)